ဆဋ္ဌသံဂါယနာတတိယသန္နိပါတနှင့်

စတုတ္ထသန္နိပါတ

ဒုတိယ

အဘိဓမ္မပိဋကတ

ခုဒ္ဒကနိကာယ်

သံဂါယနာအဖေးအဖြေ

အဘိဓမ္မာ ခုနစ်ကျမ်းလုံး၏

အမေး, အဖြေများ ပါဝင်သည်။



မြန်မာနိုင်ငံ ဗုဒ္ဓသာသနာဘဏ္ဍာ

ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ-၂၅၁၁ ကောဇော-၁၃၂၉ စက်တင်ဘာလ-၁၉၆၇-ခု၊

၁၀၁၅

ဆဋ္ဌသံဂါယနာတတိယသန္နိပါတနှင့်

စတုတ္ထသန္နိပါတ

အဘိဓမ္မပိဋကတ်

ခုဒ္ဒကနိကာယ်

သံဂါယနာအဖေးအဖြေ

အဘိဓမ္မာ ခုနစ်ကျမ်းလုံး၏

အဖေး, အဖြေများ ပါဝင်သည်။



မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့
ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ-၂၅၁၁ ကောဇာ-၁၃၂၉ စက်တင်ဘာလ-၁၉၆၇-ခု၊

ရန်ကုန်မြို့ ကမ္ဘာအေးစာတိုက်—ပြည်ထောင်စုမြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်၌
အတွင်းရေးမှူး (အုပ်ချုပ်ရေးအရာရှိချုပ်) ဦးလှမောင် M.A., M.S., B.L.
(မှတ်ပုံတင်အမှတ် ဝဂ၇၉/ဝ၅၂၂)က ပုံနှိပ်ထုတ်ဝေသည်။

အဘိဓမ္မပိဋကသံဂါယနာအပေးအဖြေ

မာတိကာ

အကြောင်းအရာ				စာမျက်နှာ
စကားချီး	....	....	....	၁
သုတ္တန်မှာအကျဉ်း အဘိဓမ္မာမှာအကျယ်			....	၃
အဘိဓမ္မာတရား ထိုးထွင်းသိခြင်း			....	၅
အဘိဓမ္မာသုံးသပ်ဆင်ခြင်သောအခြင်း			....	၅
အဘိဓမ္မာဟောကြားသည့်အခြင်း			....	၇
အဘိဓမ္မာကို လူပြည်သို့ ဆောင်ယူလာသူ			....	၈
ရှင်သာရိပုတ္တရာက တဖန်ဟောခြင်း			....	၁၀
အဘိဓမ္မာ၌ ကျင့်ဆဲပုဂ္ဂိုလ်ရှစ်ပါး			....	၁၁
အဘိဓမ္မာ၌ ကျင့်ပြီးသောပုဂ္ဂိုလ်			....	၁၁
အဘိဓမ္မာဆောင်သောပုဂ္ဂိုလ်	....	....	....	၁၂
အဘိဓမ္မာသည် ဘုရား၏စကား	....	....	....	၁၂
အဘိဓမ္မာဆောင် ပုဂ္ဂိုလ်ဆက်မျှား			....	၁၃
ဓမ္မသင်္ဂဏီကျမ်း	....	....	....	၁၄
ကာမာဝစရကုသိုလ်			....	၁၆
ရူပါဝစရကုသိုလ်	....	....	....	၁၈
အရူပါဝစရကုသိုလ်			....	၂၀
လောကုတ္တရာကုသိုလ်			....	၂၁
အကုသိုလ	....	....	....	၂၃
အဗျာကတ	....	....	....	၂၃
ဝိဘင်းကျမ်း	....	....	....	၂၆
ခန္ဓဝိဘင်း	....	....	....	၂၆
အာယတနဝိဘင်း	....	....	....	၂၈

အကြောင်းအရာ				စာမျက်နှာ
ဓာတုဝိဘင်း	....	....	....	၂၉
သစ္စဝိဘင်း	....	....	....	၃၁
ဣန္ဒြိယဝိဘင်း	....	....	....	၃၂
ပဋိစ္စသမုပ္ပါဒ်ဝိဘင်း		....	....	၃၃
သတိပဋ္ဌာနဝိဘင်း		....	....	၄၄
သမ္မပ္ပဓာနဝိဘင်း	....	....	....	၄၅
ဣဒ္ဓိပါဒဝိဘင်း	....	....	....	၄၆
ဈာန်ဝိဘင်း	....	....	....	၄၇
မဂ္ဂင်ဝိဘင်း	....	....	....	၅၀
စျာနဝိဘင်း	....	....	....	၅၀
အပ္ပမညာဝိဘင်း	....	....	....	၅၁
သိက္ခာပဒဝိဘင်း	....	....	....	၅၂
ပဋိသမ္ဘိဒါဝိဘင်း	....	....	....	၅၃
ဉာဏဝိဘင်း	....	....	....	၅၄
ခုဒ္ဒကဝတ္ထုဝိဘင်း	....	....	....	၅၅
ဓမ္မဟဒယဝိဘင်း	....	....	....	၅၆
ဓာတုကထာကျမ်း		....	....	၅၂
ပုဂ္ဂလပညတ်ကျမ်း		....	....	၅၄
ကထာဝတ္ထုကျမ်း		....	....	၅၆
ကထာဝတ္ထုဒုဒ္ဒသကျယ်		....	....	၅၇
ကထာပေါင်း ၂၂၇-ပါး		....	....	၆၂
ပုဂ္ဂလကထာ	....	....	....	၆၃
အညာဏကထာ	....	....	....	၆၄
အသညကထာ	....	....	....	၆၇
ဆဠဘိဉ်ပထဝီဓာတုသနိဒဿနာတိအာဒိကထာ		....	....	၇၂
အန္ဓကာဝကထာ....		....	....	၇၅
သဠာယတနုပ္ပတ္တိကထာ		....	....	၈၀

	စာမျက်နှာ
အကြောင်းအရာ	
ယမိုက်ကျမ်း	ဂ၅
မူလယမိုက်	ဂ၆
ခန္ဓယမိုက်	ဂဂ
အာယတနယမိုက်	ဂ၉
ဓာတုယမိုက်	၉၀
သစ္စယမိုက်	၉၂
သင်္ခါရယမိုက်	၉၃
အနုသယယမိုက်	၉၅
စိတ္တယမိုက်	၉၆
ဓမ္မယမိုက်	၉ဂ
ဂ္ဂန္ဒြိယ ယမိုက်	၉၉
ပဋ္ဌာန်းကျမ်း	၁၀၉
ဓမ္မာနုလောမတိကပဋ္ဌာန်း	၁၁၆
ကုသလတိက် ပဋ္ဌိစ္စဝါရ	၁၁၇
ကုသလတိက် သဟေတုဝါရ....	၁၁၉
ကုသလတိက် ပစ္စယဝါရ	၁၂၁
ပဉ္စဝါရ	၁၂၃
ဝိဿဇ္ဇနာဝါရ ဟေတုပစ္စယဝိဘင်း	၁၂၆
အာရမ္မဏပစ္စယဝိဘင်း	၁၂၉
အဓိပတိပစ္စယဝိဘင်း	၁၃၃
အနန္တရပစ္စယဝိဘင်း	၁၃၇
သဟေတပစ္စယဝိဘင်း	၁၃ဂ
ဥပနိဿယပစ္စယဝိဘင်း	၁၄၀
ပုရေဇာတပစ္စယဝိဘင်း	၁၄၄
ကမ္မပစ္စယဝိဘင်း	၁၄၇
အာဟာရပစ္စယဝိဘင်း	၁၅၀
ဣန္ဒြိယပစ္စယဝိဘင်း	၁၅၁
သမ်္ပယုတ်ဝါရ	၁၅၄

အကြောင်းအရာ			စာမျက်နှာ
ဝေဒနာတိက်စသည့် ပဋိစ္စဝါရ....	....	....	၁၅၆
ဒုကပဋ္ဌာန်း	....	....	၁၅၈
ဒုကတိကပဋ္ဌာန်းမှ ဒုကဒုကပဋ္ဌာန်းထိ		....	၁၆၀
ဓမ္မပစ္စနီယပဋ္ဌာန်း	....	....	၁၆၃
ဓမ္မာနုလောမ ပစ္စနီယပဋ္ဌာန်း	....	....	၁၆၅
ဓမ္မပစ္စနီယာနုလောမပဋ္ဌာန်း	....	....	၁၆၇

အဘိဓမ္မပိဋကဿ သင်္ဂါယနာ အမေးအဖြေ

မာတိကာ ပြီး၏။

အဘိဓမ္မပိဋက

(ခုဒ္ဒကနိကာယ်ဝင်)

သံဂါယနာအဓိပ္ပာယ်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

စကားချီး

ပု။ ။ပဌမမဟာသံဂီတိကာလေ အာဝုသော ဓမ္မသံဂါဟကာ မဟာကဿပါဒယော မဟာထေရဝရာ ပေါရာဏသံဂီတိကာရာ ပဌမံ ဝိနယပိဋကံ သံဂါယိတ္ဝာ သုတ္တန္တပိဋကေ စ ဒီဃမဇ္ဈိမသံယုတ္တအင်္ဂုတ္တရသံခါတေ စတ္တာရော မဟာနိကာယေ သံဂါယိတ္ဝာ တဒနန္တရံ ကိံ နာမ ပါဝစနံ သံဂါယိံသု။

ဝိ။ ။ပဌမမဟာသံဂီတိကာလေ ဘဂ္ဂေ ဓမ္မသံဂါဟကာ မဟာကဿပါဒယော မဟာထေရဝရာ ပေါရာဏသံဂီတိကာရာ ပဌမံ ဝိနယပိဋကံ သံဂါယိတ္ဝာ သုတ္တန္တပိဋကေ စ ဒီဃမဇ္ဈိမသံယုတ္တအင်္ဂုတ္တရသံခါတေ စတ္တာရော နိကာယေ သံဂါယိတ္ဝာ တဒနန္တရံ အဘိဓမ္မပိဋကံ နာမ ပါဝစနံ သံဂါယိံသု။

မေး။ ။မြတ်စွာဘုရား ပရိနိဗ္ဗာန်စံယူတော်မူပြီးသည့်နောက် သုံးလကျော်၍ လေးလအတွင်းသို့ရောက်သောအခါ ရာဇဂြိုဟ်ပြည်အနီး စရည်းပင်ရောက်ရာ ဝေဘာရတောင်ဝှမ်းဌ အဇာတသတ်မင်းဆောက်လုပ်၍ လှူဒါန်းသော သံဂါယနာ မဟာဓမ္မသဘင်မဏ္ဍပ်ကြီး၌ မဟာကဿပမထေရ် အမှူးရှိသော ငါးရာသော ရှေးသံဂါယနာတင် မထေရ်မြတ်တို့သည် မြတ်စွာဘုရားဟောကြားတော်မူခဲ့သော တရားတော်တို့ကို စုရုံး၍ သံဂါယနာတင်တော်မူ

ကြကုန်၏။ ထိုသို့ ရှေးဦးစွာ စ၍ သံဂါယနာတင်ရာ ကာလ၌ ရှင်မဟာ-
ကဿပ ဒဿဓိရသော ရှေးသံဂါယနာတင် မဟာထေရ်မြတ်တို့သည် ရှေးဦးစွာ
ဝိနည်းပိဋကတော်ကို သံဂါယနာတင်တော်မူကြပြီးလျှင် ထို့နောင် သုတ္တန်
ပိဋကာ၌ ဒီဃနိကာယ်, မဇ္ဈိမနိကာယ်, သံယုတ္တနိကာယ်, အင်္ဂုတ္တရနိကာယ် ဟု
ဆိုအပ်သော လေးပါးသော နိကာယ်ကြီးတို့ကို သံဂါယနာတင်တော်မူကြပြီး
လျှင် ထို့၏ အခြားမဲ့၌ အဘိဓမ္မပိဋကာ မြတ်စွာဘုရား၏ စကားတော်ကို
သံဂါယနာတင်တော်မူခဲ့ကြပါကုန်သနည်း ငါ့ရှင်။

ဖြေ။ ။ပဋ္ဌသတိုက အမည်ရသော ပဌမသံဂါယနာသဘင် ယင်ရာ
ကာလဝယ် မဟာကဿပမထေရ် အမှူးရှိသော ငါးရာ အတိုင်းအရှည်ရှိသော
ရှေးသံဂါယနာဘင် ဓမ္မသံဂါဟကမထေရ်သူမြတ်တို့သည် ရှေးဦးစွာ ဝိနည်း
ပိဋကတော်ကို သံဂါယနာတင်တော်မူကြပြီး၍ သုတ္တန်ပိဋကာ၌လည်း ဒီဃ
နိကာယ်, မဇ္ဈိမနိကာယ်, သံယုတ္တနိကာယ်, အင်္ဂုတ္တရနိကာယ် ဟု ဆိုအပ်
သော နိကာယ်ကြီးလေးရပ် ဘုရားစကားတော်မြတ်တို့ကို နှုတ်လွတ်ပီပြင်
သံဂါယနာတင်တော်မူကြပြီး၍ ထိုဝိနည်းပိဋကနှင့်တကွ နိကာယ်ကြီး လေး
ရပ် ဘုရားစကားတော်မြတ်တို့ကို သံဂါယနာတင်တော်မူကြပြီးသည်၏
အခြားမဲ့၌ အဘိဓမ္မပိဋကာ အမည်ရသော သမ္မုဒ္ဓဘာသိတမြတ်စွာဘုရား၏
စကားတော်မြတ်ကို နှုတ်လွတ်ပီပြင် သံဂါယနာဘင်တော်မူကြပါကုန်သည်
အရှင်ဘုရား။

ပု။ ။ကျွမ်းသမျှ အာဝုသော ဆဋ္ဌသံဂီတိယံ သကလံ စေဝ ဝိနယပိဋကံ
သံဂီတံ၊ တေ စ စတ္တာရော မဟာနိကာယာ။ ကာလော ဒါနိ
အာဝုသော သမ္မတ္တော အဘိဓမ္မပိဋကံ သံဂါယိတုံ၊ တဿာဟံ တံ
တတ္ထ ပုစ္ဆိတဗ္ဗာနိ ပုစ္ဆိဿာမိ။ အဘိဓမ္မော နာမေသ အာဝုသော
ကေနဋ္ဌေန အဘိဓမ္မောတိ ဝုစ္စတိ။

ဝ။ ။ဓမ္မာဘိရေက ဓမ္မဝိသေသဋ္ဌေန ဘန္တေ အဘိဓမ္မောတိ ဝုစ္စတိ။

မေး။ ။ယခုကျင်းပလျက်ရှိသော ဤဆဋ္ဌသံဂါယနာမဟာဓမ္မသဘင်
ကြီး၌လည်း ဒေသနာလုံးစုံသော ဝိနည်းပိဋကတော်ကိုလည်း သံဂါယနာတင်၍
ပြီးခဲ့ပြီ၊ ထိုဆိုအပ်ခဲ့ပြီးသော လေးရပ်သော နိကာယ်ကြီးတို့ကိုလည်း သံဂါ-

ယနာတင်၍ ပြီးခဲ့ပြီ။ ယခုအခါ အဘိဓမ္မပိဋကကို သံဂါယနာတင်ရန် အချိန်ကျရောက်၍ လာပြီ။ သို့ဖြစ်၍ ထိုအဘိဓမ္မာဋ္ဌ မေးသင့် မေးထိုက်သော အချက်အလက်တို့ကို ငါ့ရှင်အား မေးမြန်းပေအံ့၊ အဘိဓမ္မာမည်သော အလွန်ရှည်လျား ကျယ်ဝန်းစွာသော ဒေသနာအစဉ်ကို အဘယ်သို့သော ဂုဏ်သဘာတ်အနက်ကြောင့် "အဘိဓမ္မ" ဟူ၍ ခေါ်ဆိုပညတ် သမုတ်အပ်ပါသနည်း ငါ့ရှင်။

ဖြေ။ ။အဘိဓမ္မဟူ၍ ခေါ်ယူပညတ် သမုတ်အပ်သော ဒေသနာတော်အစဉ်ကို "ဓမ္မာတိရေကဓမ္မဝိသေသဋ္ဌေန" ဟူ၍ အဋ္ဌကထာဆရာ မဟာထေရ်မြတ်တို့ ဖွင့်ပြတော်မူအပ်သည့် အားလျော်စွာ လွန်ကဲသောတရားထူးချွန်သော တရားတို့ကို ခဲ့ခြမ်းစိတ်ဖြာ အကျယ်တဝင့် လွန်လွန်ကဲကဲ ထူးထူးချွန်ချွန် ဝေဘန်ရာဖြစ်သောကြောင့် "အဘိဓမ္မ" ဟူ၍ ခေါ်ဆိုအပ်ပါသည်။

သုတ္တန်မှာအကျဉ်း အဘိဓမ္မာမှာအကျယ်

အနည်းငယ်မျှ ဖွင့်ပြလျောက်ထားလိုပါသည်—

သုတ္တန်ပိဋကသို့ ရောက်သောအခါ သဗ္ဗညုမြတ်စွာဘုရားသည် ခန္ဓာငါးပါးကို ဟောတော်မူလိုလတ်သည်ရှိသော် "ရူပက္ခန္ဓော ဝေဒနာက္ခန္ဓော သညာက္ခန္ဓော သင်္ခါရက္ခန္ဓော ဝိညာဏက္ခန္ဓော" အစရှိသည်ဖြင့် ခန္ဓာငါးပါးတို့ကို အကျဉ်းအားဖြင့်သာ သပ်ဒေသ အကြွင်းထား၍ ဟောကြားတော်မူအပ်ခဲ့ပါသည်။

အဘိဓမ္မပိဋကသို့ ရောက်တော်မူသောကာလ၌ကား ထိုခန္ဓာငါးပါးဒေသနာတရားကို ဟောဆိုတော်မူခွင့် ကြုံလတ်သည်ရှိသော် သုတ္တန်လို ဝေဘန်သော သုတ္တန္တဘာဇနီယနည်း, အဘိဓမ္မာလို ဝေဘန်သော အဘိဓမ္မဘာဇနီယနည်း, ထိုခန္ဓာငါးပါးကိုပင်လျှင် အဘိဓမ္မာ၌လာရှိသောတရားသုံးစုပြု၍ ဟောရာဖြစ်သော တိကဒေသနာ,ပရမတ္ထတရားတို့ကို နှစ်စုပြု၍ ဟောရာဖြစ်သော ဒုကဒေသနာ, ဒုက်ပေါင်း တရာ, တိက်ပေါင်း နှစ်ဆယ့်နှစ်တိက်တို့ဖြင့် တတိက်စီ တတိက်စီ တဒုက်စီ တဒုက်စီ အကျယ်ဝေဘန်၍ မေးမြန်းဖြေဆိုရာဖြစ်သော ပဥ္စာပုစ္ဆကနည်း ဤနည်းသုံးမျိုးတို့ဖြင့် ကဲကဲချွန်ချွန် လွန်လွန်ထူးထူး ဟောကြားတော်မူအပ်ပါသည်။

ထို့အတူပင်လျှင် သုတ္တန်ပိဋကဌ် အာယတနဒေသနာကို ဟောတော်မူသောအခါ ဓာတုဒေသနာကို ဟောတော်မူသောအခါ သစ္စဒေသနာကို ဟောတော်မူသောအခါ အာယတနတဆယ့်နှစ်ပါး, ဓာတ် တဆယ့်ရှစ်ပါး, သစ္စာလေးပါးတို့ကို အကျဉ်းအားဖြင့်သာလျှင် သပ္ပဒေသ အကြောင်းထား၍ ဟောကြားတော်မူအပ်ပါသည်။

အဘိဓမ္မာဒေသနာသို့ ရောက်တော်မူသောအခါကာလဌ်ကား ထို အာယတန တဆယ့်နှစ်ပါး,ဓာတ်တဆယ့်ရှစ်ပါး, သစ္စာလေးပါး တရားတို့ကို သုတ္တန်လို ဝေဘန်သော သုတ္တန္တဘာဇနီယနည်း, အဘိဓမ္မာလို ဝေဘန်သော အဘိဓမ္မဘာဇနီယနည်း, နှစ်ဆယ့်နှစ်ပါးသောတိုက်, တရာသောဒုက်တို့ဌ် ထို အာယတနတဆယ့်နှစ်ပါး,ဓာတ်တဆယ့်ရှစ်ပါး,သစ္စာလေးပါးတို့ကိုတတိုက်စီ တတိုက်စီ, တဒုက်စီ တဒုက်စီ အကျယ်ဝေဘန် မေးမြန်းဖြေဆိုရာဖြစ်သော ပဥ္စာပုစ္ဆကနည်းအားဖြင့် နည်းသုံးမျိုးထား၍ အကျယ်တဝင့် ဖွင့်ပြဟောကြားတော်မူအပ်ပါသည်။

ဤနည်းအတူပင်လျှင် ဣန္ဒြေနှစ်ဆယ့်နှစ်ပါး, ပဋိစ္စသမုပ္ပါဒ်တရား, သဘိပဋ္ဌာန်, သမ္မပ္ပဓာန်, ဣဒ္ဓိပါဒ်, ဗိုလ်, ဗောဇ္ဈင် အစရှိသော ထိုထို ဟာဆိုသင့်သမျှသော သဘာဝဓမ္မတို့ကို သုတ္တန်ပိဋကထက် ထူးခြန်၍ အကျယ်တဝင့်ဖွင့်ပြဟောကြားတော်မူအပ်ပါသည်။

သို့ဖြစ်ရကား တမ်းခွန်ပေါင်း များစွာရှိသည့်အနက် အဆင်းအရွယ် ပမာဏ စသည်ဖြင့် လွန်ကဲသောတမ်းခွန်ကို **အတိဓဇ**ဟု ခေါ်ဆိုအပ်သကဲ့သို့ ၎င်း, မင်းသားပေါင်း မြောက်မြားစွာ စုဝေးရာဌာန၌ အဆင်းအရှိန်အဝါ အကျော်အစော အစိုးရခြင်းအစရှိသော ဂုဏ်သတင်းဖြင့် လွန်ကဲသော မင်းသားကို "အတိဂုမာရ" ဟု ခေါ်ဆိုရသကဲ့သို့၎င်း, မင်းအပေါင်းများစွာ နတ်အပေါင်းများစွာ ဗြဟ္မာအပေါင်းများစွာ စည်းဝေးရာ၌ ဂုဏ်ရှိယစသည်ဖြင့် လွန်ကဲသောမင်း,လွန်ကဲသောနတ်, လွန်ကဲသောဗြဟ္မာကို "အတိရာဇ,အတိဒေဝ,အတိဗြဟ္မ" ဟု ခေါ်ဆိုပညတ်သမုတ်အပ်သကဲ့သို့၎င်း ထို့အတူပင်လျှင် သုတ္တန်ပိဋကဌ် ဟောတော်မူပုံ ဒေသနာအစဉ်ထက် လွန်လွန်ကဲကဲ ထူးထူးခြားခြား ခန္ဓာအစရှိသောဘရားတို့ကို သုတ္တန္တဘာဇနီယ,အဘိဓမ္မဘာဇနီယ, ပဥ္စာပုစ္ဆက အစရှိသော ထိုထိုနည်းမျိုးစုံတို့ဖြင့် နောက်ထပ်တဖန် အကျယ်

တဝင့် ဖွင့်ပြဖွယ်မကျန်ရအောင် လွန်လွန်ကျူးကျူး ထူးထူးခြန်ခြန် ဝေဘန်ရာ ဖြစ်သော အနက်သဘောကြောင့် ဤမြတ်စွာဘုရား၏ဒေသနာတော်အစဉ် တည်းဟူသော စကားတော်မြတ်ကို "အဘိဓမ္မပိဋကဟူ၍ပညတ်ခေါ်ဆိုအပ်ပါသည် အရှင်ဘုရား။

အဘိဓမ္မာတရား ထိုးထွင်းသိချိန်

ပု။ ။သော ပနေသ အာဝုသော အဘိဓမ္မော ကေန ကတ္ထ ကဒါ စ အဓိဂတော။

ဝိ။ ။သော ခေါ ဘန္တေ အဘိဓမ္မော သမ္ဗုဒ္ဓေန မဟာဗောဓိမဏ္ဍမူလေ ဝေသာခပုဏ္ဏမိယံ ယထာဘူတံ အဓိဂတော။

မေး။ ။ထိုအဘိဓမ္မာဒေသနာတရားတော်မြတ်ကို အဘယ်မည်သော ပုဂ္ဂိုလ်သည် အဘယ်မည်သော အရပ်ဒေသ အဘယ်မည်သော အချိန် အခါကာလ၌ ရှေးဦးစွာ ထိုးထွင်း၍ သိမြင်တော်မူအပ်ပါသနည်း ငါ့ရှင်။

ဖြေ။ ။ထို အဘိဓမ္မာမည်သော ဒေသနာပဗန္ဓ-ဒေသနာတော်အစဉ် စကားတော်အစဉ်ကို ယံဝါ တံဝါ-ဟူးဟူးညားညား တစုံတယောက်သော နတ်လူဗြဟ္မာ သတ္တဝါသည် ရှေးဦးစွာ သိမြင်အပ်သည်မဟုတ်ပါ၊ စင်စစ်မှာမူ လေးအသင်္ချေ ကမ္ဘာတသိန်း ကာလပတ်လုံး ပါရမီစာဂ စရိယာတို့ကို ပြည့်ဝကုန်စင် ဖြည့်ကျင့်တော်မူခဲ့ပြီးသဖြင့် သမ္ဗညုစင်စစ် ဘုရားအဖြစ်သို့ ရောက်တော်မူသော သမ္ဗညုဗုဒ္ဓအမည်ရသည့် လောကထွဋ်ထား မြတ်စွာဘုရားသည် မဟာဗောဓိမဏ္ဍိုင်၏အနီး အပရာဇိတ ပလ္လင်မြဲ မဟာသက္ကရာဇ် ၁၀၃-ခု ကဆုန်လပြည့်နေ့အခါဝယ် ဆရာမကူ သယမ္ဘူဉာဏ်ဖြင့် ကိုယ်တော်တိုင်ပင် ရှေးဦးစွာ ထိုးထွင်းသိမြင်အပ်ခဲ့ပါသည် အရှင်ဘုရား။

အဘိဓမ္မာသုံးသပ် ဆင်ခြင်သောအချိန်

ပု။ ။ကတ္ထ ပနေသ အာဝုသော အဘိဓမ္မော ဘဂဝတာ ကဒါ စ ဝိဓိတော။

ဝိ။ ။သော ခေါ ဘန္တေ အဘိဓမ္မော ဘဂဝတာ မဟာဗောဓိမဏ္ဍေ ရတနဃရသတ္တာဟေ ဝိဓိတော။

မေး။ ။ထို အဘိဓမ္မာ ဒေသနာတရားတော်မြတ်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်မည်သော အချိန်အခါကာလဝယ် သုံးသပ်ဆင်ခြင်တော်မူခဲ့ပါသနည်း ငါ့ရှင်။

ဖြေ။ ။ထို အဘိဓမ္မာဒေသနာတော်မြတ်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူပြီးသည်မှ ပလ္လင်္ကသတ္တာဟ, အနိမိသသတ္တာဟ, စင်္ကမသတ္တာဟ တည်းဟူသော သတ္တာဟသုံးလီ လွန်မြောက်၍ လေးခုမြောက်ဖြစ်သော တရားရတနာတို့ကို သုံးသပ်သည့် နေရာဌာနဖြစ်သောကြောင့် ရတနဃရ အမည်ရသော မဟာဗောဓိပင်၏အနီး အနောက်မြောက်အရပ်ဌာနဝယ် တရားရတနာတို့ကို သုံးသပ်ရာဌာနဖြစ်ခြင်းကြောင့် "ရတနဃရသတ္တာဟ" ဟူ၍ ခေါ်ယူပညတ် သမုတ်အပ်သည့် စတုတ္ထသတ္တာဟ အချိန်ကာလဝယ် ဓမ္မသင်္ဂဏီကျမ်းကို ရှေးဦးစွာ သုံးသပ်တော်မူပါသည်၊ ထို့နောင် ဝိဘင်းကျမ်း, ထို့နောင် ဓာတုကထာကျမ်း, ထို့နောင် ပုဂ္ဂလပညတ်ကျမ်း, ထို့နောင် ကထာဝတ္ထုကျမ်း, ထို့နောင် ယမိုက်ကျမ်းကို သုံးသပ်ဆင်ခြင်တော်မူလတ်ပါသည်။

ဤဆိုအပ်ပြီးသော အောက်အဘိဓမ္မာခြောက်ကျမ်းတို့ကို သဗ္ဗညုတဉာဏ်ဖြင့် သုံးသပ်ဆင်ခြင်တော်မူလတ်သောအခါ သဗ္ဗညုတဉာဏ်တော်ကား လွန်စွာကျယ်ဝန်းကြီးမား၍ ကျက်စားရာဒေသနာတော်အာရုံကား ကျဉ်းမြောင်းလှသဖြင့် သဗ္ဗညုတဉာဏ်တော်သည် ကျက်စားမြူးကွန့်ခွင့်ကို မရရှိခဲ့ပါ။

ခုနစ်ခုမြောက်ဖြစ်သောပဋ္ဌာန်းဒေသနာတော်မြတ်ကို သုံးသပ်ဆင်ခြင်သောအခါကာလတိုင်ရောက်မှ ဒေသနာတော်ကလည်း အနန္တနယ, သဗ္ဗညုတရှေဉာဏ်တော်ကလည်း အနန္တဝိသယဖြစ်သဖြင့် ဒေသနာတော်နှင့် ဉာဏ်တော် လွန်စွာလွန်စွာ လိုက်လျောညီညွတ်လှသဖြင့် တရားတော်များကလည်း သုံးသပ်ဆင်ခြင်၍ မကုန်နိုင်အောင် ကျယ်ဝန်း၊ သဗ္ဗညုတရှေဉာဏ်တော်ကလည်း ဥေ ယျာမမှ အာရုံတရားရှိသမျှကို ထိုးထွင်းစွာ သိမြင်နိုင်သော အစွမ်းသတ္တိနှင့်ပြည့်စုံသဖြင့် ကိုယ်တော်မြတ်၏ သွေးတော်အစဉ် ကြည်လင်

တော်မူလတ်ပါသည်၊ သွေးတော် စသည် ကြည်လင် တောက်ပခြင်းကြောင့် သဗ္ဗညုမြတ်စွာဘုရား ကိုယ်တော်မြတ်မှ နီလ, ပီတ, လောဟိတ, ဩဒါတ, မဇ္ဇိဋ္ဌ,ပဘဿရ တည်းဟူသော ညိုသောရောင်ခြည်တော်,ရွှေသောရောင်ခြည်တော်, နီမြန်းသောရောင်ခြည်တော်, ဖြူဖွေးသောရောင်ခြည်တော်,မောင်းသောရောင်ခြည်တော်, ပြိုးပြိုးပြက်ပြက် တခဲနက်သော ရောင်ခြည်တော် တည်းဟူသော ရောင်ခြည်တော်ကွန်ရက်တို့ အောက်အထက်လေးမျက်နှာ အနန္တစကြဝဠာသို့ ယခုနေ့ ယခုညတိုင်အောင် ကွန့်မြူးပြန့်ပွားလျက် ဥိုကြပါကုန်သည်။

ဤသို့ လျှောက်ဆိုအပ်ပြီးသော အတိုင်း ဤအဘိဓမ္မ အမည်ရသော ဒေသနာတော်အစဉ်ကို သဗ္ဗညုဘုရား ဖြစ်ပြီးသည်မှ လေးခုမြောက် ရတန-ဃရသဘ္ဘာဟ အခါန်ကာလဝယ် မဟာဗောဓိပင်၏ အနီးဖြစ်သော အနောက်မြောက်ထောင့် ရာဇာယတန ဇေရုဋ္ဌာနဌာန် သီဟာသနပေါ်တွင် သဗ္ဗညုမြတ်စွာဘုရား သုံးသပ်ဆင်ခြင်တော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

အဘိဓမ္မာ ဟောကြားသည့် အခါန်

ပု။ ။ကတ္ထ ပနေသ အာဝုသော အဘိဓမ္မော ဘဂဝတာ ကဒါ ကဿ တ္ထာယ စ ဒေသိတော။

ဝိ။ ။သော ခေါ ဘဂ္ဂေ အဘိဓမ္မော ဘဂဝတာ ဒေဝေသု တာဝတိံသေသု ပါရိစ္ဆတ္တကမူလမ္ပိ ပဏ္ဍုကမ္ဗလသိလာယံ အဘိသမ္ဗောဓိတော သတ္တမေ ဝဿေ မာတရံ ပမုခံ ကတ္ဝာ ဒသဟိ စက္ကဝါဠသဟ-သေဟိ အာဂမ္မ သန္နိသိန္နာနံ ဒေဝတာနံ စတုရောဃနိတ္ထရဏတ္ထာယ အန္တော ဝဿံ ဒေသိတော။

မေး။ ။ထို အဘိဓမ္မာဒေသနာ တရားတော်မြတ်ကို ဘုန်းတော် ခြောက်ပါးနှင့်ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ် အရပ်ဒေသ၌ အဘယ်မည်သော အခါကာလဝယ် အဘယ်မည်သော ပုဂ္ဂိုလ်၏ အကျိုးငှါ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

ဖြေ။ ။ထိုအဘိဓမ္မာအမည်ရှိသောဒေသနာတော်အစဉ်ကိုလျှောက်ဆိုအပ်ပြီးသောအတိုင်း ဘုရားဖြစ်တော်မူပြီးစ ရတနဃရ စတုတ္ထသတ္တာဟ

ဝယ် အဘိဓမ္မာ ဒေသနာတော်ကို စိတ်တော်ဖြင့် ပိုင်းခြား မှတ်သား၍ ဟောကြားတော်မူခြင်းတည်းဟူသော မနသာဝဇ္ဇာပိတ ဒေသနာအမှု ပြုတော်မူခဲ့ပြီးသည့်နောက် သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူပြီး သည်မှ ခုနစ်ဝါမြောက် ရောက်သောကာလဝယ် တာဝတိံသာနတ်ပြည် ပင်လယ်ကသစ်ပင်ရင်း ခင်းထားအပ်သော အလျားယူဇနာ ခြောက်ဆယ်, အထုယူဇနာ တဆယ့်ငါး, အနံယူဇနာကား ငါးဆယ် ပြန့်ကျယ်လှစွာသော ပဏ္ဍုကမ္ဗလာ မြကျောက်ဖြာထက်ဝယ် ထက်ဝယ်ဖွဲ့ခွေ့ စံနေတော်မူပြီးမှ မယ်တော်ဖြစ်ခဲ့ဘူးသော သန္တုသိတ နတ်သားကို အကြီးအမှူးအဦးထား၍ တသောင်းသော စကြဝဠာတိုက်တို့မှ ညီညာဖြဖြ စည်းဝေး ရောက်လာကြကုန်သော များစွာသော နတ် ဗြဟ္မာ အပေါင်းတို့အား ကာမောဃ, ဘဝေါဃ, ဒိဋ္ဌောဃ, အဝိဇ္ဇောဃ တည်းဟူသော ဩဃလေးသွယ် သံသရာရေပင်လယ်ကြမ်းမှ ကူးသန်းထုတ်ချောက် နိဗ္ဗာန်တည်းဟူသော ကမ်းတဖက် သို့ရောက်စေရန် အလို့ငှါ ခုနစ်ခုမြောက်သော ဝါတွင်းသုံးလ ကာလပတ်လုံး ကောင်းကင်မြစ်ကြီး ယိုစီးသည့်ပမာ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

အဘိဓမ္မာကို လူ့ပြည်သို့ ဆောင်လာသူ

ပု။ ။ကေနေသ အာဝုသော အဘိဓမ္မော ပဌမံ မနုဿလောကေ ပတိဂ္ဂဟိတော၊ ကဿ စ ပုန တေန ဒေသိတော။

ဝိ။ ။အာယသ္မတာ ဘန္တေ သာရိပုတ္တတ္ထေရေန ဓမ္မသေနာပတိနာ သေအဘိဓမ္မော ပဌမံ မနုဿလောကေ ပတိဂ္ဂဟိတော၊ တေနေဝ ဘန္တေ အာယသ္မတာ သာရိပုတ္တတ္ထေရေန အတ္တနော သဒ္ဓိဝိဟာရိကာနံ ပဉ္စန္နံ ဘိက္ခုသတာနံ ဒေသိတော။

မေး။ ။ထိုအဘိဓမ္မာဒေသနာတရားတော်မြတ်ကို လူ့ပြည်လောကဌ အဘယ်မည်သောပုဂ္ဂိုလ်သည် ရှေးဦးစွာ နာခံမှတ်သားရပါသနည်း။ ထို ရှေးဦးစွာ နာခံမှတ်သားရသော ပုဂ္ဂိုလ်က အဘယ်မည်သော ပုဂ္ဂိုလ်အား တဆင့်ထပ်မံ၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

ဖြေ။ ။ထို အဘိဓမ္မာ ဒေသနာတော်မြတ်ကို လူ့ပြည်လောကဌ် ဓမ္မသေနာပတိ တရားစစ်မှူးဖြစ်တော်မူသော အရှင်သာရိပုတ္တရာမထေရ်သူမြတ်သည် ရှေးဦးစွာ နာခံမှတ်သားအပ်ပါသည်။ ထို့ဓမ္မသေနာပတိ တရားစစ်မှူး ဖြစ်တော်မူသော အရှင်သာရိပုတ္တရာ မထေရ်သူမြတ်သည် မိမိ၏ သဒ္ဓိဝိဟာရိက တပည့်ဖြစ်သော ရဟန်းတော် ငါးရာတို့အား တဖန် ဟောကြားတော်မူအပ်ပါသည်။

အနည်းငယ်မျှ ဖွင့်ပြလျှောက်ထားလိုပါသည်—

သဗ္ဗညူ မြတ်စွာဘုရားသည် ခုနစ်ဝါမြောက် ရောက်သော ကာလဝယ် တာဝတိံသာ နတ်တို့ရှာဌ် ခုနစ်ခုမြောက်သော ဝါကပ်တော်မူ၍ အဘိဓမ္မာ ဒေသနာတော်ကို ဟောတော်မူသောကာလဝယ် အချိန်အခါ ကာလကို သိတော်မူသည့် ပဂ္ဂိုလ်မြတ်ပီပီ လူ့ပြည်လောကဌ် ဆုမ်းခံရန် အချိန်ကာလ ကို ပိုင်းခြား မှတ်သားတော်မူပြီးလျှင် ကိုယ်တော်စား နိမ္မိတဘုရားကို ဖန်ဆင်းတော်မူ၍ “နိမ္မိတ ရုပ်ပွါး ငါ၏ကိုယ်စားဖြစ်သောဘုရားသည် ဤရွှေ ဤမျှသော တရားတို့ကို ဟောရစ်စေ” ဟု အဓိဋ္ဌာန်တော်မူပြီးသော အခါ လူ့ပြည်သို့ သက်ဆင်း၍ ဥတ္တရကုရုကျွန်းသို့ ကြွတော်မူကာ ဆုမ်းခံ တော်မူပြီးလျှင် အနဝတတ်အိုင်ဌ် ဆုမ်းကိစ္စပြီးစေတော်မူ၍ ထိုအနဝတတ် အိုင်၏အနီး စန္ဒကူးတောဝယ် နေ့သန့်စင်တော်မူခဲ့ပါသည်။

ထိုအခါ အရှင်သာရိပုတ္တရာမထေရ်သူမြတ်သည် သဗ္ဗညူမြတ်စွာဘုရား ထံမှောက် ဆည်းကပ်၍ ဝတ်ကြီးဝတ်ငယ်တို့ကို ပြုခဲ့ပါသည်။ ဘုန်းတော် ကြီးမြတ်တော်မူလှသော သဗ္ဗညူမြတ်စွာဘုရားသည် ဓမ္မစစ်မှူး ပဌမသာဝက ဖြစ်တော်မူသော အရှင်သာရိပုတ္တရာ မထေရ်သူမြတ်အား.... **“ချစ်သား သာရိပုတ္တရာ... ငါဘုရားသည် ယနေ့အခါဝယ် ဤရွှေဤမျှသော အဘိဓမ္မာ ဒေသနာတော်ကို ဟောကြား၍ ပြီးအပ်ခဲ့ပြီ”** ဟု အလွန်အလွန် ကျဉ်း မြောင်းလှသော အတိသံခေပဒေသနာအားဖြင့် အရှင်သာရိပုတ္တရာမထေရ် အား သဗ္ဗညူမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည်။

ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညူမြတ်စွာဘုရား သည် သာဝတ္ထိပြည်သူ လူအပေါင်းတို့ တရားနာချိန်ကာလဝယ် နေ့သန့်ရာမှ

ထတော်မူ၍ တာဝတိံသာနတ်ပြည်သို့ ကြွတော်မူပြီးလျှင် ပဏ္ဍုကမ္မလာမြကျောက်ဖြာဆောက်ဝယ် နိမ္မိတရုပ်ပွါး ကိုယ်တော်စားကို ပယ်ရှားရုပ်သိမ်းစေတော်မူပြီးလျှင် ပကာဘိကိုယ်တော်အသွင်ဖြင့် နိမ္မိတရုပ်ပွါး ရှင်တော်ဘုရားဟောကြားတော်မူသော တရားအဆက်မပျင် တဆူတည်းသော ဘုရားသည်ပင် ဟောတော်မူသကဲ့သို့ ထင်မှတ်လောက်အောင် ဆက်၍လျှင် အဘိဓမ္မာဒေသနာတရားကို ဟောကြားတော်မူပါသည်။

ရှင်သာရိပုတ္တရာက တဖန်ဟောခြင်း

ဓမ္မစစ်မှုး ဖြစ်တော်မူသော အရှင်သာရိပုတ္တရာ မထေရ်သူမြတ်သည်လည်း ထိုအနုဝတ်အိုင် စန္ဒကူးတောမှ သဗ္ဗညူမြတ်စွာဘုရားအား ဝတ်ပြု၍ ပြန်ခဲ့ပြီးလျှင် မိမိ၏ သဒ္ဓိဝိဟာရိက ဥပဇ္ဈာယ်ယူ တပည့်ဖြစ်သော ရှေးကဿပမြတ်စွာဘုရား လက်ထက်တော်အခါကာလဝယ် လင်းနို့ငယ်ငါးရာဖြစ်ခဲ့ဘူး၍ ရဟန်းတော်နှစ်ပါး တခုသော လိုဏ်ဂူအတွင်းဝယ် အဘိဓမ္မာတရားဆွေးနွေးသရဇ္ဈာယ်ကြသည်ကို တရားတော်ဟူ၍ပင် မသိသော်လည်း တရားတော်၏ ချို့မြိန်ကောင်းမြတ်သောအသံ၌ သဒ္ဒနိမိတ်ကို အာရုံပြု၍ စုတိပြာဘ်ကြွေ သေလွန်သည်မှ နောက်ကာလဝယ် ကဿပမြတ်စွာဘုရားနှင့် ဤဂေါတမမြတ်စွာဘုရားတို့၏ အကြား တကြိမ်တဖန် တရံတခါမျှ ဒေါပါယ်သို့ မလားမူ၍ လူ့ရပ်နတ်ရွာ စုန်ဆန်သွားလာ ချမ်းသာတခုမှ ချမ်းသာတခုသို့ ပြောင်းရွှေ့ခံစားပြီးလျှင် ဤ ဘုရားမြတ်စွာ လက်ထက်တော်အခါ၌ သာသနာတော်ဝန်ထမ်း ရှင်သာရိပုတ္တရာမထေရ်သူမြတ်ဆံ ဥပဇ္ဈာယ်ပြု၍ ရဟန်းပြုခဲ့ကြသော လင်းနို့သားဖြစ်ခဲ့ဘူးသည့် ငါးရာသော သဒ္ဓိဝိဟာရိက တပည့်ရဟန်းတော်အရှင်သူမြတ်တို့အား မကျဉ်းလွန်း မကျယ်လွန်းသော နာတိဝိတ္ထာရနာတိသင်္ခေပနည်းအားဖြင့် ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညူမြတ်စွာဘုရား ဝါကျတ်တော်မူ၍ အဘိဓမ္မာဒေသနာ ပြီးဆုံးသောကာလ အရှင်သာရိပုတ္တရာ မထေရ်သူမြတ်သည်လည်း ထိုငါးရာသော သဒ္ဓိဝိဟာရိက တပည့်သားတို့အား မကျဉ်းလွန်းမကျယ်လွန်းသော နာတိ-ဝိတ္ထာရ နာတိသင်္ခေပ အဘိဓမ္မာဒေသနာတော်ကို ဟောဆို၍ ပြီးဆုံးပါသည်၊ ဒေသနာအဆုံးဝယ် ထိုငါးရာသော ရဟန်းတော်တို့ အရဟတ္တဖိုလ်ပေါက် ရောက်တော်မူခဲ့ကြပါသည်။

ဤသို့လျှင် လျှောက်ဆိုအပ်ပြီးသော အခြင်းအရာဖြင့် ဤအဘိဓမ္မာအမည်ရသော ဒေသနာတော်အစဉ်ကို ဓမ္မသေနာပတိ တရားစစ်မှူးဖြစ်တော်မူသော ပဌမအဂ္ဂသာဝကအရှင်သာရိပုတ္တရာမထေရ်သူမြတ်ကြီးသည် လူ့ပြည်လောကဌ္ဌ ရှေးဦးစွာ နာယူရသော ပုဂ္ဂိုလ်ဖြစ်ပါသည်။ ထို့အရှင် သာရိပုတ္တရာအရှင်သူမြတ်သည်ပင်လျှင် မိမိ၏ သဒ္ဓိဝိဟာရိကဥပဇ္ဈာယ်ယူတပည့်ဖြစ်ကြသော ငါးရာသော ရဟန်းတော်အရှင်သူမြတ်တို့အား နာတိ-ဝိတ္ထာရနာတိသင်္ခေပ မကျယ်လွန်း မကျဉ်းလွန်းသော ဒေသနာတော်နည်းအားဖြင့် စိတ်ဖြာခွဲခြား တဖန်ထပ်၍ ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

အဘိဓမ္မာဌ္ဌ ကျင့်ဆဲပုဂ္ဂိုလ် ရှစ်ပါး

ပု။ ။ကေ အာဝုသော သိက္ခန္တိ။

ဝိ။ ။သေခါ စ ဘဒန္တေ ပုထုဇ္ဇနာ ကလျာဏကာ စ သိက္ခန္တိ။

မေး။ ။ အဘယ်ပုဂ္ဂိုလ်တို့သည် ထိုအဘိဓမ္မာဒေသနာတော်မြတ်ဆိုင်ရာ အကျင့်သိက္ခာတို့ကို ကျင့်ဆဲပုဂ္ဂိုလ်တို့ ဖြစ်ပါကုန်သနည်း ငါ့ရှင်။

ဖြေ။ ။မင်္ဂဠာတည်သော ပုဂ္ဂိုလ်လေးယောက်, အောက်ဗိုလ်ဌ တည်သောပုဂ္ဂိုလ်သုံးယောက် တည်းဟူသော သေက္ခပုဂ္ဂိုလ် ခုနစ်ပါး, ကလျာဏပုထုဇဉ်အရှင်သူမြတ်အားဖြင့် ဤရှစ်ပါးသော ပုဂ္ဂိုလ်သူမြတ်တို့သည် ထို့အဘိဓမ္မပိဋကဌ္ဌ လာသော သိက္ခာ၊ အထူးအားဖြင့် အဓိပညာသိက္ခာကို ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူကြဆဲဖြစ်ပါသည် အရှင်ဘုရား။

အဘိဓမ္မာဌ္ဌ ကျင့်ပြီးသောပုဂ္ဂိုလ်

ပု။ ။ကေ အာဝုသော သိက္ခိတသိက္ခာ။

ဝိ။ ။အရဟန္တော ဘဒန္တေ သိက္ခိတသိက္ခာ။

မေး။ ။ အဘယ်ပုဂ္ဂိုလ်တို့သည် ထိုအဘိဓမ္မပိဋကဆိုင်ရာ အကျင့်သိက္ခာကို ကျင့်ပြီးသော ပုဂ္ဂိုလ်တို့ ဖြစ်ကြပါသနည်း ငါ့ရှင်။

ဖြေ။ ။အာသဝေါကုန်ခန်း ရဟန္တာအရှင်သခင်သူမြတ်တို့သည် ထို အဘိဓမ္မပိဋကတော်လာ အဓိပညာသိက္ခာကို အပြီးအဆုံး ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူကြပြီးသော ပုဂ္ဂိုလ်သူမြတ်တို့ ဖြစ်ပါသည် အရှင်ဘုရား။

အဘိဓမ္မာဆောင်သောပုဂ္ဂိုလ်

ပု။ ။ကော အာဝုသော ဓာရေန္တိ။

ဝိ။ ။ယေသံ ဘန္တေ ဝတ္တတိ၊ တေ ဓာရေန္တိ။

မေး။ ။အဘယ်ပုဂ္ဂိုလ်တို့သည် ထို အဘိဓမ္မာဒေသနာတော်ကို ဆောင်ထားသော ပုဂ္ဂိုလ်တို့ ဖြစ်ပါကုန်သနည်း ငါ့ရှင်။

ဖြေ။ ။အကြင်သို့သဘောရှိသော အဘိဓမ္မဘာဏကက ဖြစ်တော်မူကြသော အရှင်သူမြတ်တို့ကဲ့သို့သော ပုဂ္ဂိုလ်သူမြတ်တို့၏ နှုတ်ဖျားဝယ်ဤ အဘိဓမ္မပိဋကတော်သည် မပြတ်လှည့်လည် ကျင်လည်ကျက်စားရှိနေပါ၏၊ ထို့သို့သဘောရှိသော အဘိဓမ္မဘာဏကဖြစ်တော်မူကြသော ပုဂ္ဂိုလ်သူမြတ်တိသည် ဤအဘိဓမ္မပိဋကကို နှုတ်လွတ်ပီပြင် ဆောင်တော်မူကြသော ပုဂ္ဂိုလ်တို့ ဖြစ်ပါသည် အရှင်ဘုရား။

အဘိဓမ္မာသည် ဘုရား၏စကား

ပု။ ။ကဿ အာဝုသော ဝစနံ။

ဝိ။ ။ဘဂဝတော ဘန္တေ ဝစနံ အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

မေး။ ။ဤ အဘိဓမ္မာဒေသနာတော်မြတ်သည် အဘယ်ပုဂ္ဂိုလ်၏ စကားဖြစ်ပါသနည်း ငါ့ရှင်။

ဖြေ။ ။နတ်လူဗြဟ္မာ သတ္တဝါတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်သော မဖောက်မပြန် သယမ္ဘူဉာဏ်ဖြင့် ဥယျဓံငါးပါး သိသင့်သမျှတရား တို့ကို ပိုင်းခြားကုန်စင် အကြွင်းမဲ့သိမြင်တော်မူသော ဣဿရိယအစရှိသော ဘုန်းတော်ခြောက်ဖုံ ကျေးဇူးဂုဏ်နှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရား၏ စကားတော်စင်စစ် ဖြစ်ပါသည် အရှင်ဘုရား။

အဘိဓမ္မာဆောင် ပုဂ္ဂိုလ်ဆက်မျှး

ပု။ ။ကေနာဝုသော အာဘာတံ။

ဝိ။ ။ပရိုပရာယ ဘန္တေ အာဘာတံ။

မေး။ ။ဤအဘိဓမ္မာ ဒေသနာတော်မြတ်ကို အဘယ်ပုဂ္ဂိုလ်သည် မပျောက်မပျက်ရအောင် ဆောင်ရွက်လာခဲ့ပါသနည်း ငါ့ရှင်။

ဖြေ။ ။ဤအဘိဓမ္မာဒေသနာတော်မြတ်ကို ဘုရားမြတ်စွာ လက်ထက်တော်အခါဝယ် ဓမ္မသေနာပတိ တရားစစ်မှူးဖြစ်တော်မူသော အရှင်သာရိပုတ္တရာမထေရ်သူမြတ်, ထိုအရှင်သူမြတ် ပရိနိဗ္ဗာန်ဝင်စံတော်မူသော ကာလမှ နောက်အခါဝယ် ထိုမထေရ်သူမြတ်၏ တပည့်ဖြစ်သော အရှင်ဘဒ္ဒဇိ အမှူးရှိသော မထေရ်သူမြတ်တို့သည်၎င်း, ထိုမထေရ်သူမြတ်တို့ လွန်တော်မူသောကာလဝယ် အရှင်သောဘိတမထေရ်အမှူးရှိသော မထေရ်သူမြတ်တို့သည်၎င်း ဤသို့စသည်ဖြင့် ယခုဆဋ္ဌသံဂါယနာတင်ရာကာလ သံဂီတိနာယက သံဂီတိပါမောက္ခ သံဂီတိကာရကမထေရ်သူမြတ်တို့တိုင်အောင် အဆက်ဆက်သော ထေရဝါဒဂိုဏ်းဝင် ဆရာတော် သံဃာတော်အရှင်တို့သည် ဤအဘိဓမ္မပိဋကတော် တည်းဟူသော သဗ္ဗညုမြတ်စွာဘုရား၏ စကားတော်အစဉ် တရားရတနာတော်မြတ်တို့ကို မပျောက်မပျက်ရအောင် စောင့်ရှောက်တော်မူခဲ့ကြပါသည် အရှင်ဘုရား။

ဓမ္မသင်္ကီကျမ်း

ပု။ ။သော ပနေသ အာဝုသော အဘိဓမ္မော ဓမ္မသင်္ကီဝိဘင်္ဂါဒိပကရဏ-
ပရိစ္ဆေဒဝသေန သတ္တဝိဓော။ ဟေသု ပဌမံ ဘဂဝတာ ကတရံ
ပကရဏံ ဒေသိတံ။

ဝိ။ ။ပဌမံ ဘန္တေ ဓမ္မသင်္ကီပကရဏံ ဘဂဝတာ ဒေသိတံ။

မေး။ ။ဤအဘိဓမ္မာဒေသနာတော်မည်သည်မှာ ဓမ္မသင်္ကီကျမ်း,
ဝိဘင်းကျမ်း အစရှိသော ကျမ်းအပိုင်းအခြားအားဖြင့် ခုနစ်ကျမ်းအပြား
ရှိ၏၊ ထိုခုနစ်ပါးသောကျမ်းတို့တွင် အဘယ်မည်သောကျမ်းကို ဘုရားမြတ်
စွာသည် ရှေးဦးစွာ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

ဖြေ။ ။ဓမ္မသင်္ကီ, ဝိဘင်း, ဓာတုကထာ,ပုဂ္ဂလပညတ်,ကထာဝတ္ထု,
ယမိုက်,ပဋ္ဌာန်း အဘိဓမ္မာခုနစ်ကျမ်းရှိသည့်အနက် ဘုန်းတော်ခြောက်ပါးနှင့်
ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် ပရမတ္ထဓမ္မတို့ကို သုံးပုံပြု၍
နှစ်ပုံပြု၍ တိကဒေသနာ, ဒုကဒေသနာအားဖြင့် အကျဉ်းချုပ်ငုံ၍ ဟောရာ
ဖြစ်သောကြောင့် "ဓမ္မသင်္ကီ" အမည်ရှိသော ဤအဘိဓမ္မာကျမ်းကို
ရှေးဦးစွာ ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ပု။ ။ဓမ္မသင်္ကီယံ အာဝုသော အတ္ထိ မာတိကာ၊ အတ္ထိ ပဒဘာဇနီယံ။
တေသု မာတိကံ နိက္ခိပန္တေန ဘဂဝတာ ကတံ နိက္ခိတ္တာ။

ဝိ။ ။မာတိကံ ဘန္တေ နိက္ခိပန္တေန ဘဂဝတာ "ကုသလာ ဓမ္မာ အကုသလာ
ဓမ္မာ အဗျာကတာ ဓမ္မာ။ သုခါယ ဝေဒနာယ သမ္မယုတ္တာ ဓမ္မာ
ဒုက္ခာယ ဝေဒနာယ သမ္မယုတ္တာ ဓမ္မာ အဒုက္ခမသုခါယ ဝေဒနာယ
သမ္မယုတ္တာ ဓမ္မာ။ဝိပါကာ ဓမ္မာ ဝိပါကဓမ္မဓမ္မာ နေဝဝိပါကနဝိပါက-
ဓမ္မဓမ္မာ" တိ ဧဝမာဒိနာ ဒ္ဝါဒိသတိယာ တိကာနံ ဝသေန။ "ဟေတူ
ဓမ္မာ နဟေတူ ဓမ္မာ။ သဟေတုကာ ဓမ္မာ အဟေတုကာ ဓမ္မာ။

ဟေတုသမ္ပယုတ္တာ ဓမ္မာ ဟေတုဝိပ္ပယုတ္တာ ဓမ္မာ။ ဟေတူ စေဝ ဓမ္မာ သဟေတုကာ စ သဟေတုကာ စေဝ ဓမ္မာ နု စ ဟေတူ။ ဟေတူ စေဝ ဓမ္မာ ဟေတုသမ္ပယုတ္တာ စ ဟေတုသမ္ပယုတ္တာ စေဝ ဓမ္မာ နု စ ဟေတူ။ နု ဟေတူ ခေါ ပန ဓမ္မာ သဟေတုကာပိ အဟေတု-ကာပိ” တိ ဧဝမာဒိနာ ဒုကသတာနဉ္စ ဝသေန မာတိကာ နက္ခေတ္တာ။

မေး။ ။ဓမ္မသင်္ဂဏီကျမ်း၌ အကျဉ်းချုပ်မာတိကာ ဒေသနာတော်လည်း ရှိ၏၊ အကျယ်ဝေဘန်သော ပဒဘာဇနီဒေသနာတော်လည်းရှိ၏။ ထိုနှစ်မျိုးတို့တွင် အကျဉ်းချုပ်မာတိကာ ဒေသနာတော်ကို ထားတော်မူသော မြတ်စွာဘုရားသခင်သည် ထိုမာတိကာဒေသနာတော်ကို အဘယ်သို့လျှင် ဟောကြား၍ ထားတော်မူခဲ့ပါသနည်း ငါ့ရှင်။

ဖြေ။ ။ထို ဓမ္မသင်္ဂဏီကျမ်း၌ အကျဉ်းပြသည့် မာတိကာ, အကျယ်ဝေဘန်ရာ ပဒဘာဇနီအားဖြင့် နှစ်ပါးတို့ရှိသည့်အနက် အကျဉ်းမာတိကာကို ထားတော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် “ကုသလာ ဓမ္မာ အကုသလာ ဓမ္မာ အဗျာကတာ ဓမ္မာ” အစရှိသည်ဖြင့်ကုသိုလ်မည်သောတရားသည်လည်း ရှိ၏၊အကုသိုလ်မည်သောတရားသည်လည်းရှိ၏၊အဗျာကတမည်သောတရား သည်လည်းရှိ၏။ သုခဝေဒနာနှင့်ယှဉ်သောတရား,ဒုက္ခဝေဒနာနှင့်ယှဉ်သော တရား, ဥပေက္ခာဝေဒနာနှင့် ယှဉ်သောတရား။ အကျိုးဝိပါက်မည်သော တရား, အကျိုးကို ဖြစ်စေသောတရား, အကျိုးလည်းမဟုတ် အကျိုးကို ဖြစ်စေတတ်သည်လည်း မဟုတ်သောတရား· ဤသို့ အစရှိသည်ဖြင့် ပရမတ္ထ-တရားတို့ကို သုံးစု သုံးပုံပြု၍ ဝေဘန်ရာ တိုက်ပေါင်း နှစ်ဆယ့်နှစ်ပါး၏အစွမ်း အားဖြင့်ရင်း, “ဟေတူ ဓမ္မာ နု ဟေတူ ဓမ္မာ သဟေတုကာ ဓမ္မာ” အစရှိသည် ဖြင့် ဟိတ်မည်သော ပရမတ္ထတရား, ဟိတ်မမည်သော ပရမတ္ထတရား, ယှဉ်ဘက်ဟိတ်ရှိသော ပရမတ္ထတရား, ယှဉ်ဘက်ဟိတ်မရှိသော ပရမတ္ထတရား, ဟိတ်နှင့်ယှဉ်သော ပရမတ္ထတရား, ဟိတ်နှင့်မယှဉ်သော ပရမတ္ထတရား·ဤသို့ အစရှိသည်ဖြင့် ပရမတ္ထဘရားတို့ကို နှစ်စု နှစ်ပုံပြု၍ ဟောရာ တရာသောဒုက်တို့၏အစွမ်းအားဖြင့်ရင်း ဤဓမ္မသင်္ဂဏီကျမ်း၏ မာတိကာကို သဗ္ဗညုမြတ်စွာဘုရား ထားတော်မူအပ်ပါသည် အရှင်ဘုရား။

ကာမာဝစရကုသိုလ်

ပု။ ။အဘိဓမ္မပိဋကေ အာဝုသော ဓမ္မသင်္ဂဏိယံ ပဒဘာဇနီယေ စိတ္တုပ္ပါဒ-
ကဏ္ဍေ ကုသလာ ဓမ္မာတိ ပဒဿ အတ္ထံ ဝိဘဇန္တေန ဘဂဝတာ ဂဃဏံ
ကာမာဝစရကုသလံ ဝိတ္ထာရတော ဝိဘတ္တံ ဒေသိတံ။

ဝိ။ ။အဘိဓမ္မပိဋကေ ဘန္တေ ဓမ္မသင်္ဂဏိပကရဏေ စိတ္တုပ္ပါဒကဏ္ဍေ
ကုသလာ ဓမ္မာတိပဒဿ အတ္ထံ ဝိဘဇန္တေန ဘဂဝတာ "ကတမေ
ဓမ္မာ ကုသလာ။ ယသ္မိံ သမယေ ကာမာဝစရံ ကုသလံ စိတ္တံ ဥပ္ပန္နံ
ဟောတိ သောမနဿသဟဂတံ ဉာဏသမ္ပယုတ္တံ ရူပါရမ္မဏံ ဝါ
သဒ္ဒါရမ္မဏံ ဝါ ဂန္ဓာရမ္မဏံ ဝါ ရသာရမ္မဏံ ဝါ ဖောဋ္ဌဗ္ဗာရမ္မဏံ ဝါ
ဓမ္မာရမ္မဏံ ဝါ ယံ ဃံ ဝါ ပနာရဗ္ဘ။ တသ္မိံ သမယေ ဖဿော ဟောတိ
ဝေဒနာ ဟောတိ သညာ ဟောတိ စေတနာ ဟောတိ စိတ္တံ ဟောတိ
ဝိတက္ကော ဟောတိ ဝိစာရော ဟောတိ ပီတိ ဟောတိ သုခံ ဟောတိ
စိတ္တဿေကဂ္ဂတာ ဟောတိ" တိ ဧဝမာဒိနာ ကာမာဝစရကုသလံ
တိဟိ မဟာဝါရေဟိ ဝိဘတ္တံ ဒေသိတံ။

မေး။ ။အဘိဓမ္မပိဋက ဓမ္မသင်္ဂဏီကျမ်း၌ ပဒဘာဇနီ စိတ္တုပ္ပါဒကဏ္ဍ
ဝယ် "ကုသလာ ဓမ္မာ" ဟူသော မာတိကာပုဒ်၏ အနက်အဓိပ္ပါယ်ကို အကျယ်
ဝေဘန်ဖွင့်ပြတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် ကာမာဝစရ
ကုသိုလ်တရားကို အဘယ်သို့သျှင် အကျယ်အားဖြင့် ဝေဘန်၍ ဟောကြား
တော်မူခဲ့ပါသနည်း ငါ့ရှင်။

ဖြေ။ ။အဘိဓမ္မပိဋက ဓမ္မသင်္ဂဏီကျမ်း စိတ္တုပ္ပါဒကဏ္ဍဝယ် "ကုသ-
လာ ဓမ္မာ" ဟူသော မာတိကာပုဒ်၏ အကျယ်ဝိတ္ထာရ ပဒဘာဇနီကို ဖွင့်ပြ
ဝေဘန်တော်မူလိုသော သဗ္ဗညုမြတ်စွာဘုရားသည် "ကတမေ ဓမ္မာ ကုသ-
လာ။ ယသ္မိံ သမယေ ကာမာဝစရံ ကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ" အစရှိသည်
ဖြင့် ကုသိုလ်ဘရားဘို့ ဟူသည် အဘယ်တရားတို့နည်း၊ အကြင်အခါ၌ ရူပါရုံ
ကို အာရုံပြု၍ ဖြစ်စေ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံကို
အာရုံပြု၍ ဖြစ်စေ အမှတ်မထင် အံ့ကြင်တပါးပါးသော အာရုံကို အာရုံ
ပြု၍ ဉာဏသမ္ပယုတ်ဖြစ်သော သောမနဿသဟဂုတ် ကာမာဝစရကုသိုလ်

စိတ်သည် ဖြစ်၏။ ထိုသို့ ပဌမကာမာဝစရမဟာကုသိုလ်စိတ်ဖြစ်သော အခါ၌ တွေ့ထိမှု ဖဿသဘောသည်၎င်း, ခံစားမှုဝေဒနာသဘောသည်၎င်း, မှတ်သားမှု သညာသဘောသည်၎င်း, စေ့ဆော်တိုက်တွန်းမှု စေတနာသဘောသည်၎င်း, အာရုံကိုပိုင်းဖြတ်စွာသိမှု စိတ်ဝိညာဉ်သဘောသည်၎င်း ဖြစ်၏။ ဝိတက်သည်၎င်း, ဝိစာရသည်၎င်း, ပီတိသည်၎င်း, သုခသည်၎င်း, စိတ်၏ တည်ကြည်ခြင်း ဧကဂ္ဂတာသည်၎င်း ဖြစ်၏။ ဤသို့ အစရှိသည်ဖြင့် ဓမ္မုဒ္ဒေသဝါရဝယ် ပုစ္ဆာ, သမယနိဒ္ဒေသ, ဓမ္မုဒ္ဒေသ,အပ္ပနာတည်းဟူသော အပိုင်းကြီးလေးပိုင်းတို့ဖြင့်၎င်း၊ ထိုဓမ္မုဒ္ဒေသ ဝါရ၌လာသော ငါးဆယ့်ခြောက်ပါး ပရောပက္ခာသ ငါးဆယ်အလွန်ရှိသော ဓမ္မတို့ကို တပါးတပါး၏ အကျယ်ပဒဘာဇနီကို စိတ်ဖြာဝေဘန်၍၎င်း ရှေးဦးစွာသော ဓမ္မဝဝတ္ထာန အမည်ရှိသော ဝါရကို ဟောတော်မူပါသည်။

ထို ဓမ္မဝဝတ္ထာန အမည်ရှိသောဝါရကို ဟောကြားတော်မူပြီးသည်၏ အခြားမဲ့၌ "တသ္မိံ သမယေ စတ္တာရော ခန္ဓာ ဟောန္တိ ဒွေယတနာနိ ဟောန္တိ ဒွေ ဓာတုယော ဟောန္တိ" အစရှိသည်ဖြင့် ထိုပဌမကာမာဝစရကုသိုလ်စိတ် ဖြစ်ပေါ်သော အခါ၌ ခန္ဓာလေးပါးတို့ဖြစ်ကြသည်၊ အာယတန နှစ်ပါးတို့ဖြစ်ကြသည်၊ ဓာတ်နှစ်ပါးတို့ ဖြစ်ကြသည် အစရှိသည်ဖြင့် နှစ်ဆယ့်သုံးပါးသော မာတိကာပဒတို့ဖြင့်၎င်း, ထိုနှစ်ဆယ့်သုံးပါးသော မာတိကာပုဒ်အဝင်အပါ ဖြစ်သောပရောပက္ခာသ ငါးဆယ်ကျော်သော တရားတို့ကို အသီးအသီး ပဒဘာဇနီ ပြုတော်မူ၍၎င်း၊ သင်္ဂဟဝါရ တနည်းအားဖြင့် ကောဋ္ဌာသဝါရ အမည်ရသော ဒုတိယဝါရဖြင့်လည်း ပဌမကာမာဝစရကုသိုလ်စိတ်ကို အကျယ်ဝေဘန်၍ ပြတော်မူပြန်ပါသည်။

ထိုသင်္ဂဟဝါရ ကောဋ္ဌာသဝါရ၏အခြားမဲ့၌ "တသ္မိံ ခေါ ပန သမယေ ဓမ္မာ ဟောန္တိ ခန္ဓာ ဟောန္တိ အာယတနာနိ ဟောန္တိ ဓာတု ဟောန္တိ" အစရှိသည်ဖြင့် ထိုပဌမကာမာဝစရကုသိုလ်စိတ် ဖြစ်ပေါ်သော အခါ၌ ပဋိလ်သတ္တဝါ ငါ သူတပါးတို့ ဖြစ်ပုံသည်မဟုတ်၊ နိဿတ္တ နိဇ္ဇီဝဖြစ်သော သဘာဝဓမ္မတို့သည်သာလျှင် ဖြစ်ကြောင်း၊ ခန္ဓာ အာယတန ဓာတ် အာဟာရ ဣန္ဒြေ မဂ္ဂင် စျာန်အစရှိသော သဘာဝဓမ္မတို့သည်သာလျှင် ဖြစ်ကြောင်းကို နှစ်ဆယ့်လေးပါးသော ကောဋ္ဌာသအစုတို့ဖြင့် မာတိကာထား၍ ထိုမာတိကာ နှစ်ဆယ့်လေးပါး၌ အဝင်အပါဖြစ်သော ငါးဆယ့်ခြောက်ပါးသော

တရားတို့ကို တပါးစီ တပါးစီ ပဒဘာဇနီ အကျယ်ဝိတ္ထာရ ဝေဘန်တော်မူ၍ သုညတဝါရ အမည်ရသော ဝါရကိုလည်း ဟောကြားတော်မူပါသည်။

ဤသို့လျှင် ပဌမမဟာကုသိုလ်စိတ်, ပဌမကာမာဝစရကုသိုလ်စိတ်ကို ဓမ္မဝဝတ္ထာနဝါရ, သင်္ဂဟဝါရ, သုညတဝါရ တည်းဟူသော သုံးပါးသော ဝါရကြီးတို့ဖြင့် ခွဲစိတ်၍ ဟောကြားတော်မူသည့်နည်းအတူ ဒုတိယ ကာမာဝစရကုသိုလ်စိတ် အစရှိသော ကျန်သော ခုနစ်ပါးသော ကုသိုလ်စိတ်တို့ကိုလည်း ထို့အတူပင် ဓမ္မဝဝတ္ထာနဝါရ, သင်္ဂဟဝါရ, သုညတဝါရ တည်းဟူသော ဝါရကြီးသုံးပါးတို့ဖြင့် ခွဲခြမ်းစိတ်ဖြာ ဟောကြားတော်မူအပ်ပါသည်။

ဤသို့လျှင် "ကုသလာ ဓမ္မာ" ဟူသော မာတိကာပုဒ်၏ အကျယ်ဝိတ္ထာရ ပဒဘာဇနီကို ဝေဘန်ဖွင့်ပြတော်မူသော ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် ကာမာဝစရကုသိုလ်စိတ်ကို သုံးပါးသုံးပါးစီသော ဓမ္မဝဝတ္ထာနဝါရ, သင်္ဂဟဝါရ, သုညတဝါရတို့ဖြင့် အသီးအသီး ဝေဘန်၍ စိဘ်ဖြာခွဲခြားဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ရူပါဝစရကုသိုလ်

ပု။ ။အဘိဓမ္မပိဋကေ အာဝုသော ဓမ္မသင်္ဂဏိပါဠိယံ စိတ္တုပ္ပါဒကဏ္ဍေ ကုသလာ ဓမ္မာတိ ပဒဿ အတ္ထံ ဝိဘဇန္တေန ဘဂဝတာ ကထံ ရူပါဝစရကုသလံ စ အရူပါဝစရကုသလံ စ ဝိတ္ထာရတော ဝိဘတ္တာ ဒေသိတံ။

ဝိ။ ။ရူပါဝစရကုသလဉ္စ အရူပါဝစရကုသလဉ္စ ဘန္တေ "ကတမေ ဓမ္မာ ကုသလာ။ ယသ္မိံ သမယေ ရူပဉ်ပဟတ္တိယာ မဂ္ဂံ ဘာဝေတိ ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ သဝိတက္ကံ သဝိစာရံ ဝိဝေကဇံ ပီတိသုခံ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ ပထဝီကသိဏ"န္တိ ဇေမာဒိနာ ဘဂဝတာ ဝိတ္ထာရတော ဒေသိတံ။

မေး။ ။အဘိဓမ္မပိဋကဓမ္မသင်္ဂဏိပါဠိတော်၌ စိတ္တုပ္ပါဒကဏ္ဍဝယ် "ကုသလာ ဓမ္မာ"ဟူသော မာတိကာပုဒ်၏ အနက်အဓိပ္ပါယ်ကို အကျယ်တဝင့် ဖွင့်ပြဝေဘန်တော်မူသော ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်

မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် ရူပါဝစရကုသိုလ်တရားကိုဎင်း, အရူပါဝစရကုသိုလ် တရားကိုဎင်း အဘယ်သို့လျှင် အကျယ်အားဖြင့် ဝေဘန်၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

ဖြေ။ ။ရူပါဝစရကုသိုလ်စိတ်ကို သဗ္ဗညုမြတ်စွာဘုရား ဝေဘန်တော် မူရာ၌ ကသိဏာယတနစျာန်, အဘိဘာယတနစျာန်,ဝိမောက္ခာယတနစျာန်, ဗြဟ္မဝိဟာရစျာန် , အသုဘာရမ္မဏပဌမစျာန်ဟူ၍ အပိုင်းကြီးငါးပိုင်း ထား၍ ဝေဘန်တော်မူခဲ့ပါသည်။

ရှေးဦးစွာသောကသိဏာယတနစျာန်၌“ယသ္မိံ သမယေ ရူပူပပတ္တိယာ မဂ္ဂံ ဘာဝေတိ ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ သဝိတက္ကံ သဝိစာရံ ဝိဝေကဇံ ပီတိသုခံ ပဌမံ စျာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ ပထဝီကသိဏံ”အစရှိသည်ဖြင့် ပဋိပဒါ အာရုံတို့နှင့် မရောမယှက် ပထဝီ ကသိဏဖြစ်သော ပဌမစျာန်, ဒုတိယစျာန်, တတိယစျာန်, စတုတ္ထစျာန်, ပဉ္စမစျာန်၊ စတုက္ကနည်းအားဖြင့် ပဌမစျာန်, ဒုတိယစျာန်, တတိယစျာန်, စတုတ္ထစျာန် အားဖြင့် ကိုးပါးသောစျာန်တို့ကို ဓမ္မဝဝတ္ထာနဝါရ, သင်္ကဟဝါရ, သုညတဝါရ တည်းဟူသော ဝါရကြီး သုံးပါးစီတို့ဖြင့် စိတ်ဖြာခဲ့ခြား ဟောကြားတော်မူခဲ့ပါသည်။

သုဒ္ဓိကဖြစ်သော စျာန်ကိုးပါးကို ဝေဘန်တော်မူပြီးသည်၏ အခြားမဲ့၌ ပဋိပဒါစတုက္ကဟူသော အမည်ဖြင့် စျာန်တပါးတပါးလျှင် ဒုက္ခပဋိပဒါ ဒန္ဓာဘိညဉ်,ဒုက္ခပဋိပဒါ ခိပ္ပါဘိညဉ်,သုခပဋိပဒါ ဒန္ဓာဘိညဉ်,သုခပဋိပဒါခိပ္ပါဘိညဉ် တည်းဟူသော ပဋိပဒါလေးပါးနှင့် တဖန်ထပ်၍ သုံးဝါရ သုံးဝါရစီ ခဲ့ခြားဟောကြားတော်မူအပ်ပြန်ပါသည်။

ထို၏အခြားမဲ့၌ အာရမ္မဏ စတုက္ကဟူသော အမည်ဖြင့် စျာန်တပါးတပါးလျှင် ပရိတ္တပရိတ္တာရမ္မဏစျာန်, ပရိတ္တအပ္ပမာဏာရမ္မဏစျာန်, အပ္ပမာဏပရိတ္တာရမ္မဏစျာန်, အပ္ပမာဏ အပ္ပမာဏာရမ္မဏစျာန် ဟူသော အာရုံ၏ အမည်သို့လိုက်၍ လေးပါး လေးပါးစီအားဖြင့် စျာန်ကိုးပါးလုံး တို့ကို သုံးဝါရစီ သုံးဝါရစီ စိတ်ဖြာခဲ့ခြား ဟောကြားတော်မူအပ်ပါသည်။

ထို၏ အခြားမဲ့၌ သောဋ္ဌသက္ခတ္တုက ဟူသော အမည်ဖြင့် ပဋိပဒါနှင့် အာရုံတို့ကို ရောယှက်၍ စျာန်တပါးတပါးလျှင် တဆယ့်ခြောက်ကြိမ်

တဆယ့်ခြောက်ကြိမ်စီ တဆယ့်ခြောက်မျိုးစီ ဝေဘန်၍ သုံးဝါရုစီ သုံးဝါရစီဖြင့် ဟောကြားတော်မူအပ်ပါသည်။

ပထဝီကသိဏစျာန်၌ ဟောတော်မူသည့်နည်းအတူ အာပေါကသိဏစျာန်, တေဇောကသိဏစျာန်, ဝါယောကသိဏစျာန်, နီလကသိဏစျာန် ပီတကသိဏစျာန်, လောဟိတ, ဩဒါတကသိဏစျာန် တည်းဟူသော ကြွင်းသော ကသိဏစျာန်တို့၌လည်း ဟောကြားတော်မူအပ်ပါသည်။

ကသိဏာယတနစျာန်ကို ဟောကြားတော်မူပြီးသည်၏ အခြားမဲ့၌ အဘိဘာယတနစျာန်ကို အဘိဘာယတန ရှစ်ပါးတို့ဖြင့် စျာန်တပါးတပါး ဝယ် ရသင့်ရထိုက်သော သုဒ္ဓိက,ပဋိပဒါ, အာရမ္မဏ,ပဋိပဒါအာရမ္မဏ နှစ်ပါး စုံရောသည့် အဋ္ဌကတ္တာက ဒေသနာအားဖြင့် ရှေးနည်းအတူ ဝေဘန်ဟောပြတော်မူအပ်ပါသည်။

ထို့နောက်ဝယ် ဝိမောက္ခစျာန် သုံးပါးကို အရင်းထား၍ သုဒ္ဓိက,ပဋိ-ပဒါ, အာရမ္မဏ, ပဋိပဒါအာရမ္မဏမိဿက သောဋ္ဌသကတ္တာက ဒေသနာအားဖြင့် ဟောကြားတော်မူပါသည်။

ထို့နောင် ဗြဟ္မဝိဟာရစျာန်ဟူသော အမည်ဖြင့် ဗြဟ္မဝိဟာရ တရားလေးပါးတို့၌ ရသင့်ရထိုက်သော ပဌမစျာန် ဒုတိယစျာန် တတိယစျာန် စတုတ္ထစျာန် ပဉ္စမစျာန်တို့ကို ရသင့်သလိုဖွင့်ပြ၍ သောဋ္ဌသကတ္တာက ဒေသနာအားဖြင့် ဟောကြားတော်မူပြီးလျှင် အသုဘာရမ္မဏ ပဌမစျာန်အရာ၌ အသုဘအာရုံတို့ကို အာရုံအရာ၌ထားပြီးလျှင် သုဒ္ဓိက, ပဋိပဒါ, အာရမ္မဏ စတုက္က, ပဋိပဒါအာရမ္မဏမိဿက သောဋ္ဌသကတ္တာက ဒေသနာအားဖြင့် ဟောကြားတော်မူပါသည်။

အရူပါဝစရကုသိုလ်

ထို့နောင် အရူပါဝစရ ကုသိုလ်ကိုလည်း "ကတမေ ဓမ္မာ ကုသလာ။ ယသ္မိံ သမယေ အရူပ္ပပဋိပတ္တိယာ မဂ္ဂံ ဘာဝေတိ သဗ္ဗေသာ ရူပသညာနံ သမတိက္ကမာ ပဋိဃသညာနံ အတ္ထင်္ဂမာ နာနတ္တသညာနံ အမနသိကာရာ" အစရှိသည်ဖြင့် သုဒ္ဓိကစျာန်လေးပါး, ပဋိပဒါအားဖြင့် စျာန်တဆယ့်ခြောက်ပါး, အာရမ္မဏ အားဖြင့် တဆယ့်ခြောက်ပါး, ပဋိပဒါအာရမ္မဏ နှစ်ပါးစုံရော

၍ အရူပစျာန် တပါးတပါးလျှင် တဆယ့်ခြောက်ကြိမ်စီ တဆယ့်ခြောက်ကြိမ်စီ ဟောကြားတော်မူအပ်ပါသည်။

ဤသို့လျှင် ဓမ္မသင်္ကီပါဠိတော် စိတ္တုပ္ပါဒကဏ္ဍဝယ် "ကုသလာ ဓမ္မာ" ဟူသော မာတိကာတိက်ပုဒ်၏ အနက် အဓိပ္ပါယ်ကို အကျယ်ဖွင့်ပြ ပဒ-ဘာဇနီ ပြုတော်မူသော သဗ္ဗညူ မြတ်စွာဘုရားသည် ရူပါဝစရကုသိုလ်ကို ၎င်း, အရူပါဝစရ ကုသိုလ်ကို၎င်း လျှောက်ဆိုအပ်ပြီးသော အခြင်းအရာဖြင့် အကျယ်ဖွင့်ပြ ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

လောကုတ္တရာကုသိုလ်

ပု။ ။အဘိဓမ္မပိဋကေ အာဝုသော ဓမ္မသင်္ကီပါဠိယံ စိတ္တုပ္ပါဒကဏ္ဍေ ကုသလာ ဓမ္မာတိ ပဒဿ အတ္ထံ ဝိဘာဇန္တေန ဘဂဝတာ ကထံ လောကုတ္တရကုသလံ ဝိတ္ထာရတော ဝိဘဇိတ္ဘာ ဒေသိတံ။

ဝိ။ ။အဘိဓမ္မပိဋကေ ဘန္တေ ဓမ္မသင်္ကိယံ စိတ္တုပ္ပါဒကဏ္ဍေ ကုသလာ ဓမ္မာတိ ပဒဿ အတ္ထံ ဝိဘဇန္တေန ဘဂဝတာ "ကတမေ ဓမ္မာ ကုသလာ။ ယသ္မိံ သမယေ လောကုတ္တရံ စျာနံ ဘာဝေတိ နိယျာ-နိကံ အပစယဂါမိံ ဒိဋ္ဌဂတာနံ ပဟာနာယ ပဋိမာယ ဘူမိယာ ပတ္တိယာ ဝိဝိစ္စေဝ ကာမေဟိ။ပ။ ပဋိမံ စျာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ ဒုက္ခပဋိပဒံ ဒန္ဓာဘိညာ"န္တိ ဧဝမာဒိနာ ဘဂဝတာ လောကုတ္တရ-ကုသလံ ဝိတ္ထာရတော ဝိဘဇိတ္ဘာ ဒေသိတံ။

မေး။ ။အဘိဓမ္မပိဋကေ ဓမ္မသင်္ကီပါဠိတော်၌ စိတ္တုပ္ပါဒကဏ္ဍဝယ် "ကုသလာ ဓမ္မာ" ဟူသော မာတိကာပုဒ်၏ အနက်အဓိပ္ပါယ်ကို အကျယ်တဝင့် ဖွင့်ပြဝေဘန်တော်မူသော ဘုရားမြတ်စွာသည် လောကုတ္တရာကုသိုလ် တရားကို အဘယ်သို့လျှင် အကျယ်အားဖြင့် ဝေဘန်၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

ဖြေ။ ။အဘိဓမ္မပိဋကေ ဓမ္မသင်္ကီပါဠိတော် စိတ္တုပ္ပါဒကဏ္ဍဝယ် "ကုသလာ ဓမ္မာ" ဟူသော မာတိကာပုဒ်၏ အနက်အဓိပ္ပါယ် အကျယ်ဝိတ္ထာရ ပဒဘာဇနီကို ဖွင့်ပြတော်မူသော ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညူမြတ်စွာဘုရားသည် လောကုတ္တရာကုသိုလ်စိတ်လေးပါးတို့ ရှိ

သည့်အနက် တပါးတပါးလျှင်“လောကုတ္တရံ စျာနံ ဘာဝေတိ၊ လောကုတ္တရံ မဂ္ဂံ ဘာဝေတိ၊ လောကုတ္တရံ သဘိပဉ္ဉာနံ ဘာဝေတိ၊ သမ္မပ္ပဓာနံ၊ ဣဒ္ဓိပါဒံ၊ ဣန္ဒြိယံ၊ ဗောဇ္ဈင်္ဂံ ဘာဝေတိ။ လောကုတ္တရံ သစ္စံ ဘာဝေတိ, လောကုတ္တရံ သမထံ ဘာဝေတိ” အစရှိသည်ဖြင့် စျာန,မဂ္ဂ အစရှိသော ဝါရကြီးနှစ်ဆယ် စီ နှစ်ဆယ်စီထား၍ ဝေဘန်တော်မူအပ်ပါသည်။

ထို့ဝါရကြီးနှစ်ဆယ်စီတို့တွင် ရှေးဦးစွာသော စျာနဝါရ စျာနနယဋ္ဌ လောကုတ္တရာမင်္စိတ်တပါး တပါးလျှင် ဒုက္ခပဋိပဒါ ဒန္ဓာဘိညာ, ဒုက္ခပဋိပဒါ ခိပ္ပါဘိညာ, သုခပဋိပဒါ ဒန္ဓာဘိညာ,သုခပဋိပဒါ ခိပ္ပါဘိညာ တည်းဟူသော ပဋိပဒါလေးပါးတို့ဖြင့် ဖော်ပြအပ်သည့် သုဒ္ဓိကပဋိပဒါဝါရ,သုညတဟူသော အမည်ဖြင့် ဟောပြတော်မူအပ်သည့် သုဒ္ဓိကသုညတဝါရ,သုညတကို အရင်းခံ၍ ပဋိပဒါလေးပါးတို့ကို အကျယ်ဖွင့်ပြသည့် သုညတမူလကပဋိပဒါဝါရ, သုဒ္ဓိကအပ္ပဏိဟိတဝါရ, အပ္ပဏိဟိတမူလကပဋိပဒါဝါရတည်းဟူသော လေးဝါရတို့ဖြင့် ဝေဘန်တော်မူပြီးသည့်နောက် ဆန္ဒာဓိပတေယျ,ဝီရိယာဓိပတေယျ,စိတ္တာဓိပတေယျ, စိတ္တာဓိပတေယျ, ဝီမံသာဓိပတေယျ တည်းဟူသော အဓိပတိလေးပါးတို့ဖြင့် ဝါရကြီးနှစ်ဆယ်စီထား၍ ရှေးနည်းအတူပင် ဝေဘန်တော်မူအပ်ပါသည်။

လောကုတ္တရာ ဒုတိယကုသိုလ်စိတ်, တတိယကုသိုလ်စိတ်, စတုတ္ထကုသိုလ်စိတ်ဖြစ်သော သကဒါဂါမိမဂ်စိတ်, အနာဂါမိမဂ်စိတ်, အရဟတ္တမဂ်စိတ်ဘို့ကိုလည်း ရှေးနည်းအတူ ဝေဘန်တော်မူအပ်ပါသည်။

ဤသို့လျှင် လောကုတ္တရာကုသိုလ်တရားကိုအကျယ်တဝင့်ဖွင့်ပြဝေဘန်တော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် လျှောက်ဆိုအပ်ပြီးသောအခြင်းအရာဖြင့် လောကုတ္တရာကုသိုလ်စိတ်တပါး တပါးဝယ် စျာနဝါရ,မဂ္ဂဝါရ အစရှိသော နှစ်ဆယ်စီသော ဝါရကြီးတို့ဖြင့်ငင်း၊ တပါးပါးသော ဝါရဋ္ဌ သုဒ္ဓိကပဋိပဒါ, သုဒ္ဓိကသုညတ, သုညတမူလကပဋိပဒါ, သုဒ္ဓိကအပ္ပဏိဟိတ, အပ္ပဏိဟိဘ မူလကပဋိပဒါ တည်းဟူသော ငါးပါးသော အစိတ်ဝါရတို့ဖြင့်ငင်း၊ ဆန္ဒာဓိပတေယျ,ဝီရိယာဓိပတေယျ,စိတ္တာဓိပတေယျ, ဝီမံသာဓိပတေယျ တည်းဟူသော လေးပါးသော ဝါရတို့ဖြင့်ငင်း၊ဤဆိုအပ်ပြီးသောအခြင်းအရာဖြင့် လောကုတ္တရာကုသိုလ် စိတ္တုပ္ပါဒ်တရားကို သဗ္ဗညုမြတ်စွာဘုရားအကျယ်အားဖြင့် ဖွင့်ပြဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

အကုသိုလ်

ပု။ ။တတ္ထဝ အာဝုသော အကုသလာ ဓမ္မာတိ မာတိကာပဒဿ အတ္ထံ ဝိဘဇန္တေန ဘဂဝတာ ကထံ အကုသလံ ဝိတ္ထာရတော ဝိဘတ္တာ ဒေသိတံ။

ဝ။ ။တတ္ထဝ ဘန္တေ အကုသလာ ဓမ္မာတ မာတကာပဒဿ အတ္ထ ဝိဘဇန္တေန ဘဂဝတာ "ကတမေ ဓမ္မာ အကုသလာ။ ယသ္မိံ သမယေ အကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ သောမနဿသဟဂတံ ဒိဋ္ဌဂတသမ္ပယုတ္တံ ရူပါရမ္မဏံ ဝါ သဒ္ဒါရမ္မဏံ ဝါ ဂန္ဓာရမ္မဏံ ဝါ ရသာရမ္မဏံ ဝါ ဖောဋ္ဌဗ္ဗာရမ္မဏံ ဝါ ဓမ္မာရမ္မဏံ ဝါ ယံ ယံ ဝါ ပနာရဗ္ဘ။ တသ္မိံ သမယေ ဖဿော ဟောတိ ဝေဒနာ ဟောတိ သညာ ဟောတိ စေတနာ ဟောတိ စိတ္တံ ဟောတိ" တိ ဧဝမာဒိနာ အကုသလံ ဝိတ္ထာရတော ဝိဘဇိတ္ဝာ ဒေသိတံ။

မေး။ ။ထိုအဘိဓမ္မပိဋကတ ဓမ္မသင်္ဂဏိပါဠိတော် စိတ္တုပ္ပါဒကဏ္ဍ၌ပင် လျှင် "အကုသလာ ဓမ္မာ" ဟူသော မာတိကာပုဒ်၏ အနက်အဓိပ္ပါယ်ကို အကျယ်တဝင့် ဖွင့်ပြဝေဘန်တော်မူသော သဗ္ဗညု မြတ်စွာဘုရားသည် အကုသိုလ်တရားကို အဘယ်သို့သော အခြင်းအရာဖြင့် အကျယ်ဝေဘန်၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

ဖြေ။ ။ထိုအဘိဓမ္မပိဋကတ ဓမ္မသင်္ဂဏီ ပါဠိတော် စိတ္တုပ္ပါဒကဏ္ဍဝယ် ကုသလတိက် ဒုတိယပုဒ်ဖြစ်သော "အကုသလာ ဓမ္မာ" ဟူသော မာတိကာပုဒ်၏ အနက် အဓိပ္ပါယ်ကို အကျယ်ဖွင့်ပြ ပဒဘာဇနီ ဝေဘန်တော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် "ကဘမေ ဓမ္မာ အကုသလာ။ယသ္မိံ သမယေ အကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ" အစရှိသည်ဖြင့် အကုသိုလ်စိတ် တဆယ့် နှစ်ပါးတို့ ရှိသည့်အနက် တပါးတပါးသော အကုသိုလ်စိတ်ကို ဓမ္မဝဝတ္ထာ-နဝါရ, သင်္ဂဟဝါရ, သုညတဝါရတည်း ဟူသော သုံးဝါရုစီ သုံးဝါရစီတို့ဖြင့် အကျယ်တဝင့် ဖွင့်ပြဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

အဗျာကတ

ပု။ ။အဘိဓမ္မပိဋကေ အာဝုသော ဓမ္မသင်္ဂဏိပါဠိယံ စိတ္တုပ္ပါဒကဏ္ဍရူပ-ကဏ္ဍေသု အဗျာကတာ ဓမ္မာတိ မာတိကာပဒဿ အတ္ထံ ဝိဘ-

ဇန္တုနာ ဘဂဝတာ ကထံ အဗျာကတာ ဓမ္မာ ဝိတ္ထာရတော ဝိဘဇိတ္ဗာ ဒေသိတာ။

ဝိ။ ။အဘိဓမ္မပိဋကေ ဘန္တေ ဓမ္မသင်္ဂဏိယံ အဗျာကတာ ဓမ္မာတိ ပဒဿ အတ္ထံ ဝိဘဇန္တေန ဘဂဝတာ "ကတမေ ဓမ္မာ အဗျာကတာ။ ယသ္မာ သမယေ ကာမာဝစရဿ ကုသလဿ ကမ္မဿ ကတတ္တာ ဥပစိတတ္တာ ဝိပါကံ စက္ခုဝိညာဏံ ဥပ္ပန္နံ ဟောတိ ဥပေက္ခာသဟဂတံ ရူပါရမ္မဏံ။ တသ္မိံ သမယေ ဖဿော ဟောတိ ဝေဒနာ ဟောတိ သညာ ဟောတိ စေတနာ ဟောတိ စိတ္တံ ဟောတိ" တိ ဧဝမာဒိနာ စ စိတ္တုပ္ပါဒကဏ္ဍေ၊ ရူပကဏ္ဍေ စ "ကတမေ ဓမ္မာ အဗျာကတာ။ ကုသလာကုသလာနံ ဓမ္မာနံ ဝိပါကာ ကာမာဝစရာ ရူပါဝစရာ အရူပါဝစရာ အပရိယာပန္နာ ဝေဒနာက္ခန္ဓော သညာက္ခန္ဓော သခ်ါရက္ခန္ဓော ဝိညာဏက္ခန္ဓော။ ယေ စ ဓမ္မာ ကိရိယာ နေဝ ကုသလာ နာကုသလာ န စ ကမ္မဝိပါကာ။ သဗ္ဗေ ရူပံ အသခ်္ခတာ စ ဓာတု။ ဣမေ ဓမ္မာ အဗျာကတာ" တိ ဧဝမာဒိနာ စ အဗျာကတာ ဓမ္မာ ဝိတ္ထာရတော ဝိဘဇိတ္ဗာ ဒေသိတာ။

မေး။ ။အဘိဓမ္မပိဋက ဓမ္မသင်္ဂဏိပါဠိတော် စိတ္တုပ္ပါဒကဏ္ဍနှင့် ရူပကဏ္ဍတို့၌ "အဗျာကတာ ဓမ္မာ" ဟူသော ကုသလတိက်၏ သုံးခုမြောက် ဖြစ်သော ပုဒ်၏ အနက်အဓိပ္ပါယ်ကို အကျယ်တဝင့် ဖွင့်ပြတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဗျာကတ တရားတို့ကို အဘယ်သို့လျှင် အကျယ်ဝေဘန်၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

ဖြေ။ ။အဘိဓမ္မပိဋက ဓမ္မသင်္ဂဏိပါဠိတော်ဝယ် "အဗျာကတာ ဓမ္မာ" ဟူသော မာတိကာ တိက်ပုဒ်၏ အကျယ်ဝိတ္ထာရ ပဒဘာဇနီကိုဖွင့်ပြ ဝေဘန်တော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် စိတ္တုပ္ပါဒကဏ္ဍဝယ် "ကတမေ ဓမ္မာ အဗျာကတာ" အစရှိသည်ဖြင့် ဝိပါက်စိတ် သုံးဆယ့်ခြောက်ပါးတို့ကိုဂုဏ်း, နှစ်စုထား၍ ဝေဘန်သောနည်း တရား့လေးပါးဖြင့်ဂုဏ်း,ရုပ်အဗျာကတကို သုံးစုထား၍ ဝေဘန်သောနည်းပေါင်း တရား့သုံးနည်းဖြင့်ဂုဏ်း,ရုပ်အဗျာကတကို လေးစုထား၍ ဝေဘန်သောနည်းပေါင်းနှစ်ဆယ့်နှစ်နည်းဖြင့်ဂုဏ်း, ရုပ်အဗျာကတကို ငါးစုငါးပုံ, ခြောက်စုခြောက်ပုံ, ခုနစ်စုခုနစ်ပုံ,ရှစ်စု

ရှစ်ပုံ, ကိုးစုကိုးပုံ, ဆယ်စုဆယ်ပုံ, ဆယ့်တစုဆယ့်တပုံထား၍ ဝေဘန်သောနည်း တပါးစီအားဖြင့်ရင်း ဤလျှောက်ဆိုအပ်ပြီးသော အခြင်းအရာဖြင့် အဗျာကတ အမည်ရသော ကိရိယာစိတ်နှစ်ဆယ်တို့ကိုရင်း တပါးတပါးလျှင် ဓမ္မဝဝတ္ထာနဝါရ, သင်္ဂဟဝါရ, သုညတဝါရ တည်းဟူသော ဝါရကြီးသုံးပါးတို့ဖြင့် အကျယ်ဖွင့်ပြဝေဘန်တော်မူအပ်ပါသည်။

ရူပကဏ္ဍ၌လည်း "ကတမေ ဓမ္မာ အဗျာကတာ။ ကုသလာကုသလာနံ ဓမ္မာနံ ဝိပါကာ ကာမာဝစရာ ရူပါဝစရာ အရူပါဝစရာ အပရိယာပန္နာ" အစရှိသည်ဖြင့် အဗျာကတမည်သော ဝိပါက် ကိရိယာ ရုပ် နိဗ္ဗာန်တို့ကို အကျဉ်းချုပ်သံဒိတ္တဖြစ်ပုံပြပြီးလျှင် "သဗ္ဗံ ရူပံ နု ဟေတုကမေဝ အဟေတုကမေဝ" အစရှိသည်ဖြင့် ရုပ် အဗျာကတကို တပါးစီ တပါးစီ ဝေဘန်သောနည်း ငါးဆယ့်လေးပါးဖြင့်ရင်း ရုပ်အဗျာကတကို ဝိပါက် နာမကွန္ဓာ, ကိရိယာ နာမကွန္ဓာ, ရုပ်,နိဗ္ဗာန်တရားတို့ကို သဗ္ဗညုမြတ်စွာဘုရား အကျယ်အားဖြင့် ဝေဘန်ဟောကြားတော်မူအပ်ပါကုန်သည် အရှင်ဘုရား။

ဓမ္မသင်္ကိတိကျမ်း အမေးအဖြေ ပြီး၏။

အဘိဓမ္မဘာဇနီယနည်းအားဖြင့်ဂုဏ်း "ပဥ္စန္နံ ခန္ဓာနံ ကတိ ကုသလာ ကတိ အကုသလာ ကဘိ အဗျာကတာ" အစရှိသည်ဖြင့် ခန္ဓာ ငါးပါးတို့ကို တိက်နှစ်ဆယ့်နှစ်ပါး ဒုက်တရာတို့ဖြင့် ဝေဘန်၍ ဤမည် ဤမည်သော ခန္ဓာစုကား အဗျာကတာ၊ ဤမည် ဤမည်သော ခန္ဓာစုကား ကုသိုလ် အကုသိုလ် စသည်ဖြင့် ဖော်ပြရာဖြစ်သော ပဥ္စာပုစ္ဆကနည်းအားဖြင့်ဂုဏ်း ဤဆိုအပ်ပြီးသော သုတ္တန္တဘာဇနီယနည်း, အဘိဓမ္မဘာဇနီယနည်း, ပဥ္စာပုစ္ဆကနည်းတည်းဟူသော သုံးပါးသောနည်းကြီးတို့ဖြင့် ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် ခန္ဓာငါးပါးတို့ကို အကျယ်တဝင့် ဖွင့်ပြဟောကြားတော်မူအပ်ပါကုန်သည် အရှင်ဘုရား။

အာယတနဝိဘင်း

ပု။ ။ဒုတိယေ ပန အာဝုသော အာယတနဝိဘင်္ဂေ ဘဂဝတာ ကထံ အာယဘနာနိ ဝိတ္ထာရတော ဝိဘတ္တာ ဒေသိတာနိ။

ဝိ။ ။ဒုတိယေ ဘန္တေ အာယဘနဝိဘင်္ဂေ "ဒ္ဝါဒသာယတနာနိ စက္ခာယတနံ ရူပါယတနံ သောတာယတနံ သဒ္ဒါယတနံ ဃာနာယတနံ ဂန္ဓာယတနံ ဇိဝှါယတနံ ရသာယတနံ ကာယာယတနံ ဖောဋ္ဌဗ္ဗာယတနံ မနာယတနံ ဓမ္မာယတနံ။ စက္ခုံ အနိစ္စံ ဒုက္ခံ အနတ္တာ ဝိပရိဏာမဓမ္မံ၊ ရူပါ အနိစ္စာ ဒုက္ခာ အနတ္တာ ဝိပရိဏာမဓမ္မာ" တိ ဧဝမာဒိနာ ဘဂဝတာ သုတ္တန္တဘာဇနီယအဘိဓမ္မဘာဇနီယပဥ္စာပုစ္ဆကသင်္ခါတေဟိ တီဟေဝ နယေဟိ အာယတနာနိ ဝိတ္ထာရတော ဝိဘတ္တာ ဒေသိတာနိ။

မေး။ ။နှစ်ခုမြောက်ဖြစ်သော အာယတနဝိဘင်းဌ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အာယတန မည်သောတရားတို့ကို အဘယ်သို့သောအခြင်းအရာအားဖြင့် အကျယ်ဝေဘန်၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

ဖြေ။ ။နှစ်ခုမြောက်ဖြစ်သော အာယတနဝိဘင်းဌ "ဒ္ဝါဒသာယတနာနိ စက္ခာယတနံ သောတာယတနံ" အစရှိသည်ဖြင့် အာယတန တဆယ့်နှစ်ပါးတို့ကို ဒ္ဝါရ, အာရုံ အဘဲလိုက်အစုံလိုက် ရှေးဦးစွာ မာတိကာထား၍ "စက္ခုံ

အနိစ္စံ ဒုက္ခံ အနတ္တာ ဝိပရိဏာမဓမ္မံ”အစရှိသည်ဖြင့် တဆယ့်နှစ်ပါးသော အာယတနတို့၌ ဝိပဿနာကာရ ဝိပဿနာ၏ ဖြစ်ပုံကို ဖော်ပြ၍ သုတ္တန္တ-ဘာဇနီယနည်းအားဖြင့်ရင်း “ဒ္ဝါဒသာယတနာနိ စက္ခာယတနံ သောတာ-ယတနံ ဃာနာယတနံ ဇိဝှါယတနံ ကာယာယတနံ မနာယတနံ ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ ဓမ္မာယတနံ”အစရှိသည်ဖြင့် အာယတန တဆယ့်နှစ်ပါးတို့ကို အဇ္ဈတ္တိက,ဗာဟိရ အားဖြင့် သီးခြား မာတိကာ ထုတ်ဖော်၍ အောက်ဓမ္မသင်္ဂဏိကျမ်း၌ လာသောအတိုင်း အာယဘနတပါးတပါးကို အကျယ်တဝင့် ဖွင့်ပြဝေဘန်သော အဘိဓမ္မဘာ-ဇနီယနည်းအားဖြင့်ရင်း “ဒ္ဝါဒသန္နံ အာယတနာနံ ကတိ ကုသလာ ကတိ အကုသလာ” အစရှိသည်ဖြင့် ပုစ္ဆာထုတ်၍ မေးမြန်းတော်မူပြီးလျှင်“ဒသာ-ယတနာ အဗျာကတာ၊ ဒ္ဝါယတနာ သိယာ ကုသလာ သိယာ အကုသလာ သိယာ အဗျာကတာ” အစရှိသည်ဖြင့် အာယတန တဆယ့်နှစ်ပါးတို့ကို နှစ်ဆယ့်နှစ်ပါးသော တိက်, တရာသောဒုက်တို့၌ ရသင့်သလို ဝေဘန်ဖော်ပြရာဖြစ်သော ပဋ္ဌာပုစ္ဆကနည်းအားဖြင့်ရင်း ဤဆိုအပ်ပြီးသော သုတ္တန္တ-ဘာဇနီယနည်း, အဘိဓမ္မဘာဇနီယနည်း, ပဋ္ဌာပုစ္ဆကနည်း တည်းဟူသော နည်းသုံးပါးတို့ဖြင့်ပင်လျှင် ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် အာယတနတဆယ့်နှစ်ပါးတို့ကို အကျယ်တဝင့် ဖွင့်ပြဟောကြားတော်မူအပ်ပါကုန်သည် အရှင်ဘုရား။

ဓာတုဝိဘင်း

ပု။ ။အဘိဓမ္မပိဋကေ အာဝုသော ဝိဘင်္ဂပကရဏေ တတိယေ ဓာတု-ဝိဘင်္ဂေ ဘဂဝတာ ကထံ ဓာတုယော ဝိတ္ထာရေန ဝိဘဇိတ္ဘာ ဒေသိတာ။

ဝိ။ ။တတိယေ ဘဒ္ဒန္တေ ဓာဘုဝိဘင်္ဂေ “ဆ ဓာတုယော ပဏ္ဍိတာတု အာပေါဓာတု တေဇောဓာတု ဝါယောဓာတု အာကာသဓာတု ဝိညာဏဓာတု”တိ ဝေမာဒိနာ ဘဒ္ဒန္တေ သုတ္တန္တဘာဇနီယအဘိဓမ္မ-ဘာဇနီယပဋ္ဌာပုစ္ဆကသင်္ခါတေဟိ တီဟိ မဟာနယေဟိ ဘဂဝတာ ဓာတုယော ဝိတ္ထာရတော ဝိဘဇိတ္ဘာ ဒေသိတာ။

မေး။ ။အဘိဓမ္မပိဋကဝိဘင်းပါဠိတော်ဝယ် သုံးခုမြောက်ဖြစ်သော ဓာတုဝိဘင်းဠ် ဘုန်းတော်ခြောက်ပါးနှင့်ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် ဓာဇ်ဘရားဘို့ကို့ အဘယ်သို့သော အခြင်းအရာအားဖြင့် အကျယ်ဝေဘန်၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

ဖြေ။ ။သုံးခုမြောက်ဖြစ်သော ဓာတုဝိဘင်းကျမ်းဠ်"ဆ ဓာတုယော ပထဝီဓာတု အာပေါဓာတု တေဇောဓာတု ဝါယောဓာတု အာကာသဓာတု ဝိညာဏဓာတု" အစရှိသည်ဖြင့် ပထဝီ, အာပေါ, တေဇော, ဝါယော, အာကာသ, ဝိညာဏ တည်းဟူသော ဓာတ်ခြောက်ပါးတို့ကို အကျယ်ဝေဘန်၍ ဟောပြခြင်း "အပရာပိ ဆ ဓာတုယော သုခဓာတု ဒုက္ခဓာတု သောမနဿဓာတု ဒေါမနဿဓာတု ဥပေက္ခာဓာတု အဝိဇ္ဇာဓာတု" အစရှိသည်ဖြင့် သုခ, ဒုက္ခ, သောမနဿ, ဒေါမနဿ, ဥပေက္ခာ, အဝိဇ္ဇာတည်းဟူသော ဓာတ်ခြောက်ပါးတို့ကို အကျယ်ဝေဘန်၍ပြခြင်း "အပရာပိ ဆ ဓာဘုယော ကာမဓာတု ဗျာပါဒဓာတု ဝိဟိံသာဓာတု နေက္ခမ္မဓာတု အဗျာပါဒဓာတု အဝိဟိံသာဓာတု" အစရှိသည်ဖြင့် ကာမဓာတ်အစရှိသော ဓာတ်ခြောက်ပါးတို့ကို အကျယ်ဝေဘန်၍ ပြခြင်းအားဖြင့် သုတ္တန္တ-ဘာဇနီယနည်းအားဖြင့်ရင်း "အဋ္ဌာရသ ဓာတုယော စက္ခုဓာတု ရူပဓာတု စက္ခုဝိညာဏဓာတု သောတဓာတု သဒ္ဒဓာဘုသောတဝိညာဏဓာတု ဃာန-ဓာတု ဂန္ဓဓာတု ဃာနဝိညာဏဓာတု" အစရှိသည်ဖြင့် တဆယ့်ရှစ်ပါးသော ဓာတ်တို့ကို အောက်ဓမ္မသင်္ဂဏီဠ်လာသော အတိုင်း အကျယ်ဝေဘန်၍ ဖော်ပြရာ အဘိဓမ္မဘာဇနီယနည်းအားဖြင့်ရင်း "အဋ္ဌာရသန္နံ ဓာတူနံ ကတိ ကုသလာ ကတိ အကုသလာ ကတိ အဗျာကတာ" အစရှိသည်ဖြင့် တဆယ့်ရှစ်ပါးသော ဓာတ်တို့ကို နှစ်ဆယ့်နှစ်ပါးသော တိက်, တရုသော ဒုက်တို့ဝယ် ဖြစ်သင့်သလိုဝေဘန်ဖော်ပြသောပဋ္ဌာပုစ္ဆကနည်းအားဖြင့်ရင်း ဤသို့လျှင် သုတ္တန္တဘာဇနီယ, အဘိဓမ္မဘာဇနီယ, ပဋ္ဌာပုစ္ဆကဟူဆိုအပ်သော နည်းကြီးသုံးပါးတို့ဖြင့် ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် ဓာတ်ခြောက်ပါး, ဓာတ် တဆယ့်ရှစ်ပါးတို့ကို အကျယ်အားဖြင့် ဖွင့်ပြဟောကြားတော်မူအပ်ပါကုန်သည် အရှင်ဘုရား။

သစ္စဝိဘင်း

ပု။ ။စတုတ္ထ ပန အာဝုသော သစ္စဝိဘင်္ဂေ ဘဂဝတာ ကထံ သစ္စာနိ ဝိတ္ထာရတော ဝိဘဇိတ္ဘာ ဒေသိတာနိ။

ဝိ။ ။စတုတ္ထ ဘန္တေ သစ္စဝိဘင်္ဂေ "စတ္တာရိ အရိယသစ္စာနိ ဒုက္ခံ အရိယသစ္စံ၊ ဒုက္ခသမုဒယံ အရိယသစ္စံ၊ ဒုက္ခနိရောဓံ အရိယသစ္စံ၊ ဒုက္ခနိရောဓဂါမိနိ ပဋိပဒါ အရိယသစ္စံ။ တတ္ထ ကတမံ ဒုက္ခံ အရိယသစ္စံ၊ ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ မရဏမ္ပိ ဒုက္ခံ၊ သောကပရိဒေဝဒုက္ခဒောမနဿုပါယာသာပိ ဒုက္ခာ၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယမ္ပိစ္ဆံ န လဘတိ၊ တမ္ပိ ဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ" တိ ဧဝမာဒိနာ သုတ္တန္တဘာဇနီယအဘိဓမ္မဘာဇနီယပဉ္စာပုစ္ဆကသင်္ခါတေဟိ တီဟိ မဟာနယေဟိ ဘဂဝတာ သစ္စာနိ ဝိတ္ထာရတော ဝိဘဇိတ္ဘာ ဒေသိတာနိ။

မေး။ ။လေးခုမြောက်ဖြစ်သော သစ္စဝိဘင်းဌ် ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် သစ္စာတရားတို့ကို အဘယ်သို့သော အခြင်းအရာအားဖြင့် အကျယ်ဝေဘန်၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

ဖြေ။ ။လေးခုမြောက်ဖြစ်သော သစ္စဝိဘင်းဌ် "စတ္တာရိ အရိယသစ္စာနိ" အစရှိသည်ဖြင့် မဟာသတိပဋ္ဌာနသုတ္တန် သစ္စာခဏ်းဌ်လာရှိသော အတိုင်း ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာတို့ကို အကျယ်ဝေဘန်၍ ဖော်ပြရာဖြစ်သော သုတ္တန္တဘာဇနီယနည်းအားဖြင့်ရင်း "စတ္တာရိ သစ္စာနိ ဒုက္ခံ ဒုက္ခသမုဒယော ဒုက္ခနိရောဓော ဒုက္ခနိရောဓဂါမိနိ ပဋိပဒါ" အစရှိသည်ဖြင့် အဘိဓမ္မာနည်းအားဖြင့် ဒုက္ခ, သမုဒယ, နိရောဓ, မဂ္ဂဘည်းဟူသော သစ္စာလေးပါးတို့ကို အကျယ်ဝေဘန်၍ ပြရာဖြစ်သော အဘိဓမ္မဘာဇနီယ နည်းအားဖြင့်ရင်း "စတုန္နံ အရိယသစ္စာနံ ကတိ ကုသလာ ကတိ အကုသလာ ကတိ အဗျာကတာ" အစရှိသည်ဖြင့် သစ္စာလေးပါး တရားတို့ကို နှစ်ဆယ့်နှစ်ပါးသောတိုက်, တရားသောဒုက်တို့ဌ် "သမုဒယသစ္စံ အကုသလံ၊ မဂ္ဂသစ္စံ ကုသလံ၊ နိရောဓသစ္စံ အဗျာကတံ၊ ဒုက္ခ-

သစ္စံ သိယာ ကုသလံ သိယာ အကုသလံ သိယာ အဗျာကတံ”အစရှိသည်ဖြင့် ဖြစ်သင့်သလိုဝေဘန်၍ ဖော်ပြသော ပဥ္စာပုစ္ဆကနည်းအားဖြင့်ဂုဏ် ဤဆို အပ်ပြီးသော နည်းကြီးသုံးပါးဘို့ဖြင့် သစ္စာလေးပါးတို့ကို ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် အကျယ်ဝေဘန်၍ ဟောကြားတော်မူအပ်ပါကုန်သည် အရှင်ဘုရား။

ဤနှိုင်းဝိဘင်း

ပု။ ။ပဋ္ဌမေ ပန အာဝုသော ဤနှိုင်းဝိဘင်းဝိဘင်၏ ဘဂဝတာ ကထံ ဤနှိုင်းယာနိ ဝိတ္ထာရဝေါ ဝိဘဇိတ္ဗာ ဒေသိတာနိ။

ဝိ။ ။ပဋ္ဌမေ ပန ဘန္တေ ဤနှိုင်းဝိဘင်း “ဗာဝိသတိနှိုင်းယာနိ စကွဝတ္တိနှိုင်း သောဘိနှိုင်း ဃာနုနှိုင်း ဇိဝှိနှိုင်း ကာယိနှိုင်း မနိနှိုင်း ။ပ။ အညာတာဝိနှိုင်း” နှိ ဧဝမာဒိနာ အဘိဓမ္မဘာဇနီယပဥ္စာပုစ္ဆက-သင်္ဂါတေဟိ ဒ္ဝိဟိ မဟာနယေဟိ ဘဂဝတာ ဤနှိုင်းယာနိ ဝိတ္ထာရ-တော ဝိဘဇိတ္ဗာ ဒေသိတာနိ။

မေး။ ။ငါးခုမြောက်ဖြစ်သော ဤနှိုင်းဝိဘင်း၌ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် ဤနှေ့တရား တို့ကို အဘယ်သို့သော အခြင်းအရာအားဖြင့် အကျယ်ဝေဘန်၍ဟောကြား တော်မူခဲ့ပါသနည်း ငါ့ရှင်။

ဖြေ။ ။ငါးခုမြောက်ဖြစ်သော ဤနှိုင်းဝိဘင်း၌ “ဗာဝိသတိနှိုင်းယာနိ စကွဝတ္တိနှိုင်း သောတိနှိုင်း” အစရှိသည်ဖြင့် ဤနှေ့နှစ်ဆယ့်နှစ်ပါးတို့ကို အဘိ-ဓမ္မာ၌ လာသောအတိုင်း အောက်ဓမ္မသင်္ကိ၌ လာသောအတိုင်း ဝေဘန်၍ ဖော်ပြရာဖြစ်သော အဘိဓမ္မဘာဇနီယ နည်းအားဖြင့်ဂုဏ် “ဗာဝိသတိနံ ဤနှိုင်းယာနံ ကတိ ကုသလာ ကတိ အကုသလာ ကတိ အဗျာကတာ”အစရှိ သည်ဖြင့် ဤနှေ့နှစ်ဆယ့်နှစ်ပါးတို့ကို တိက်ပေါင်း နှစ်ဆယ့်နှစ်ပါး, ဒုက် ပေါင်းတရာတို့၌ ဖြစ်သင့်သလို ဝေဘန်ဖော်ပြသော ပဥ္စာပုစ္ဆက နည်းအား ဖြင့်ဂုဏ် ဤဆိုအပ်ပြီးသော အဘိဓမ္မဘာဇနီယ, ပဥ္စာပုစ္ဆက နည်းကြီး

နှစ်ပါးတို့ဖြင့် ကွန်ဒြနှစ်ဆယ့်နှစ်ပါးတို့ကို ဘုန်းတော်ခြောက်ပါးနှင့်ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် အကျယ်တဝင့် ဖွင့်ပြဟောကြားတော်မူအပ်ပါကုန်သည် အရှင်ဘုရား။

ပဋ္ဌိစ္စသမုပ္ပါဒ်ဝိဘင်း

ပု။ ။အဘိဓမ္မပိဋကေ အာဝုသော ဝိဘင်္ဂပ္ပကရဏေ ဆဋ္ဌေ ပဋိစ္စသမုပ္ပါဒဝိဘင်္ဂေ ဘဂဝတာ ကထံ ပဋိစ္စသမုပ္ပါဒေါ ဝိတ္ထာရေန ဝိဘတ္တာ ဒေသိတော။

ဝိ။ ။ဆဋ္ဌေ ဘန္တေ ပဋိစ္စသမုပ္ပါဒဝိဘင်္ဂေ "အဝိဇ္ဇာပစ္စယာ သင်္ခါရာ။ပ။ သမုဒယော ဟောတီ"တိ ဇေမာဒိနာ ဘဂဝတာ ပဋိစ္စသမုပ္ပါဒေါ သုတ္တန္တဘာဇနီယအဘိဓမ္မဘာဇနီယသင်္ခေါတေဟိ ဒ္ဝီဟိ မဟာနယေဟိ ဝိတ္ထာရတော ဝိဘတ္တာ ဒေသိတော။

မေး။ ။အဘိဓမ္မပိဋကက ဝိဘင်းကျမ်း၌ ခြောက်ခုမြောက်ဖြစ်သော ပဋိစ္စသမုပ္ပါဒ် ဝိဘင်းဝယ် ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် ပဋိစ္စသမုပ္ပါဒ်တရားကို အဘယ်သို့သော အခြင်းအရာအားဖြင့် အကျယ်ဝေဘန်၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

ဖြေ။ ။ခြောက်ခုမြောက်ဖြစ်သော ပဋိစ္စသမုပ္ပါဒဝိဘင်း၌ "အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ" အစရှိသည်ဖြင့် ပဋိစ္စသမုပ္ပါဒ်တရားတို့ကို ရှေးဦးစွာ မာတိကာထား၍ ထို မာတိကာပုဒ်အပေါင်း၌ ပါရှိသော အဝိဇ္ဇာ, သင်္ခါရ, ဝိညာဉ်, နာမ်ရုပ်, သဠာယတန အစရှိသော အစိတ်အစိတ်ဖြစ်သော တရားတို့ကို တပါးစီ တပါးစီ အကျယ်ပဒဘာဇနီ ဝေဘန်ဖွင့်ပြသော သုတ္တန္တဘာဇနီယ နည်းအားဖြင့်ရင်း, ထိုသုတ္တန္တဘာဇနီယ နည်း၏ အခြားမဲ့၌ "အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမံ၊ နာမပစ္စယာ ဆဋ္ဌာယတနံ" အစရှိသည်ဖြင့် ပစ္စယစတုက္က, ဟေတုစတုက္က, သမ္ပယုတ္တစတုက္က, အညမညစတုက္က တည်းဟူသော စတုက္ကလေးပါးတို့ဖြင့် တန်းဆာဆင်လျက် ကုသိုလ်, အကုသိုလ်, ဝိပါက်ကြိယာ အဗျာကတ ဖြစ်သော

ပရမတ္ထတရား ပဋ္ဌိစ္စသမုပ္ပါဒ် ရသင့်သောတရားတို့ကို အကျယ်ဝေဘန်၍ ဖော်ပြရာဖြစ်သော အဘိဓမ္မဘာဇနီယ နည်းအားဖြင့်ဂုဏ်း ဤ ဆိုအပ်ပြီးသော သုတ္တန္တဘာဇနီယ, အဘိဓမ္မဘာဇနီယ နည်းကြီးနှစ်ပါးတို့ဖြင့် ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညူ မြတ်စွာဘုရားသည် ပဋ္ဌိစ္စသမုပ္ပါဒ်တရားတော်ကို အကျယ်ဖွင့်ပြ ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

သတိပဋ္ဌာနဝိဘင်း

ပု။ ။သတ္တမေ ပန အာဝုသော သတိပဋ္ဌာနဝိဘင်္ဂေ ဘဂဝတာ ကထံ သတိပဋ္ဌာနာ ဝိတ္ထာရေတာ ဝိဘဇိတ္ဗာ ဒေသိတာ။

ဝိ။ ။သတ္တမေ ဘန္တေ သတိပဋ္ဌာနဝိဘင်္ဂေ "စတ္တာရော သတိပဋ္ဌာနာ ဣဓ ဘိက္ခု အဇ္ဈတ္တံ ကာယေ ကာယာနုပဿီ ဝိဟရတိ၊ ဗဟိဒ္ဓါ ကာယေ ကာယာနုပဿီ ဝိဟရတိ၊ အဇ္ဈတ္တဗဟိဒ္ဓါ ကာယေ ကာယာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေ-ယျ လောကေ အဘိဇ္ဈာဒေါမနဿ"န္တိ ဧဝမာဒိနာ သုတ္တန္တ-ဘာဇနီယအဘိဓမ္မဘာဇနီယပဋိပါဋိကသဒ်ါတေဟိ တိဟိ မဟာ-နယေဟိ ဘဂဝတာ သတိပဋ္ဌာနာ ဝိတ္ထာရေတာ ဝိဘဇိတ္ဗာ ဒေသိတာ။

မေး။ ။ခုနစ်ခုမြောက်ဖြစ်သော သတိပဋ္ဌာန ဝိဘင်း၌ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညူမြတ်စွာဘုရားသခင်သည် သတိပဋ္ဌာန်တရားတို့ကို အဘယ်သို့သော အခြင်းအရာအားဖြင့် အကျယ်ဝေဘန်၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

ဖြေ။ ။ခုနစ်ခုမြောက်ဖြစ်သော သတိပဋ္ဌာန ဝိဘင်း၌ "စတ္တာရော သတိပဋ္ဌာနာ ဣဓ ဘိက္ခု အဇ္ဈတ္တံ ကာယေ ကာယာနုပဿီ ဝိဟရတိ" အစရှိသည်ဖြင့် ကာယာနုပဿနာ သတိပဋ္ဌာန်, ဝေဒနာနုပဿနာ, စိတ္တာ-နုပဿနာ, ဓမ္မာနုပဿနာ သတိပဋ္ဌာန်တည်းဟူသော သတိပဋ္ဌာန် လေးပါးတရားတို့ကို မာတိကာထား၍ သုတ္တန်နည်းအားဖြင့် ဝေဘန်ဖော်ပြရာဖြစ်သော သုတ္တန္တဘာဇနီယနည်း, အဘိဓမ္မာနည်းအားဖြင့် ဝေဘန်ဖော်

ပြရာဖြစ်သော အဘိဓမ္မဘာဇနီယနည်း "စတုန္နံ သတိပဋ္ဌာနာနံ ကတိ ကုသ-လာ ကတိ အကုသလာ ကတိ အဗျာကတာ။ပ။ ကတိ သရဏာ ကတိ အရဏာ"ဟု တိက်နှစ်ဆယ့်နှစ်ပါး, ဒုက်တရာတို့ဖြင့် မေးမြန်းပြီးသည်၏ အခြားမဲ့၌ "သိယာ ကုသလာ သိယာ အဗျာကတာ" အစရှိသည်ဖြင့် သတိပဋ္ဌာန်လေးပါး တရားတို့ကို ရသင့်သည်အားလျော်စွာ နှစ်ဆယ့်နှစ်ပါးသော တိက်, တရာသောဒုက်တို့ဖြင့် ဝေဘန်ဖော်ပြရာဖြစ်သော ပဥ္စာပုစ္ဆကနည်း ဤဆိုအပ်ပြီးသော သုတ္တန္တဘာဇနီယ, အဘိဓမ္မဘာဇ-နီယ, ပဥ္စာပုစ္ဆကနည်းကြီးသုံးပါးတို့ဖြင့် သတိပဋ္ဌာန်ဘရားတို့ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် အကျယ်ဖွင့်ပြ ဟောကြားတော်မူအပ်ပါကုန်သည် အရှင်ဘုရား။

သမ္မပ္ပဓာနဝိဘင်း

ပု။ ။အဋ္ဌမေ ပန အာဝုသော သမ္မပ္ပဓာနဝိဘင်္ဂေ ဘဂဝတာ ကထံ သမ္မပ္ပဓာနာ ဝိတ္ထာရတော ဝိဘတ္တာ ဒေသိတာ။

ဝိ။ ။အဋ္ဌမေ ဘန္တေ သမ္မပ္ပဓာနဝိဘင်္ဂေ "စတ္တာရော သမ္မပ္ပဓာနာ ဣဓ ဘိက္ခု အနုပ္ပန္နာနံ ပါပကာနံ အကုသလာနံ ဓမ္မာနံ အနုပ္ပါဒါယ ဆန္ဒံ ဇနေတိ ဝါယမတိ ဝီရိယံ အာရဘတိ စိတ္တံ ပဂ္ဂဏှာတိ ပဒဟတိ၊ ဥပ္ပန္နာနံ ပါပကာနံ အကုသလာနံ ဓမ္မာနံ ပဟာနာယ ဆန္ဒံ ဇနေတိ ဝါယမတိ ဝီရိယံ အာရဘတိ စိတ္တံ ပဂ္ဂဏှာတိ ပဒဟတိ၊ အနုပ္ပန္နာနံ ကုသလာနံ ဓမ္မာနံ ဥပ္ပါဒါယ ဆန္ဒံ ဇနေတိ ဝါယမတိ ဝီရိယံ အာရဘတိ စိတ္တံ ပဂ္ဂဏှာတိ ပဒဟတိ၊ ဥပ္ပန္နာနံ ကုသလာနံ ဓမ္မာနံ ဌိတိယာ အသမ္မောသာယ ဘိယ္ယောဘာဝါယ ဝေပုလ္လာယ ဘာဝနာယ ပါရိပူရိယာ ဆန္ဒံ ဇနေတိ ဝါယမတိ ဝီရိယံ အာရဘတိ စိတ္တံ ပဂ္ဂဏှာတိ ပဒဟတိ"တိ ဇဝမာဒိနာ ဘဂဝတာ သမ္မပ္ပဓာနာ ဝိတ္ထာရတော ဝိဘတ္တာ ဒေသိတာ။

မေး။ ။ရှစ်ခုမြောက် ဖြစ်သော သမ္မပ္ပဓာနဝိဘင်း၌ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရား သခင်သည် သမ္မပ္ပဓာန်တရားတို့ကို အဘယ်သို့သော အခြင်းအရာအားဖြင့် အကျယ် ဝေဘန်၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

ဖြေ။ ။ရှစ်ခုမြောက် ဖြစ်သော သမ္မပ္ပဓာနဝိဘင်းဌ် "စတ္တာရော သမ္မပ္ပဓာနာ" အစရှိသည်ဖြင့် သမ္မပ္ပဓာန်လေးပါး တရားတို့ကို ရှေးဦးစွာ မာတိကာထား၍ ထိုမာတိကာဌ် ပါဝင်သော ပုဒ်အမည်တို့ကို အစဉ်အတိုင်း ဟောကြားဖွင့်ပြရာ ဖြစ်သော သုတ္တန္တဘာဇနီယနည်းအားဖြင့်ဂင်း, ထိုသမ္မပ္ပဓာန်လေးပါးတို့ကို ထိုနည်းအတူ မာတိကာထား၍ လောကုတ္တရာစျာန်လေးပါး ငါးပါးတို့ဖြင့် အကျယ်ဝေဘန်ဖော်ပြရာ ဖြစ်သော အာဘိဓမ္မဘာဇနီယ နည်းအားဖြင့်ဂင်း "စတုန္နံ သမ္မပ္ပဓာနာနံ ကတိ ကုသလာ ကတိ အကုသလာ ကတိ အဗျာကတာ ။ပ။ ကတိ သရဏာ ကတိ အရဏာ'ဟု ရှေးဦးစွာ ပုစ္ဆာကို ထုတ်ပြီးလျှင် "ကုသလာယေဝ၊ သိယာ သုခါယ ဝေဒနာယ သမ္ပယုတ္တာ၊ သိယာ အဒုက္ခမသုခါယ ဝေဒနာယ သမ္ပယုတ္တာ" အစရှိသည်ဖြင့် တိက် နှစ်ဆယ့်နှစ်ပါး, ဒုက်တရာတို့ဝယ် ရသင့်ဖြစ်သင့်သည် အားလျော်စွာ ဝေဘန်ဖော်ပြရာ ဖြစ်သော ပဥ္စာပုစ္ဆကနည်း ဤဆိုအပ်ပြီးသော သုတ္တန္တဘာဇနီယ, အာဘိဓမ္မဘာဇနီယ, ပဥ္စာပုစ္ဆကတည်းဟူသော နည်းကြီး သုံးပါးတို့ဖြင့် သမ္မပ္ပဓာန်လေးပါး ဝိရိယ တရားတို့ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် အကျယ်အားဖြင့် ဖွင့်ပြဟောကြားတော်မူအပ်ပါကုန်သည် အရှင်ဘုရား။

ဣဒ္ဓိပါဒဝိဘင်း

ပု။ ။နဝမေ ပန အာဝုသော ဣဒ္ဓိပါဒဝိဘင်ေ ဘာ၀တာ ကထံ ဣဒ္ဓိပါဒါ ဝိတ္ထာရတော ဝိဘဇိတ္ဗာ ဒေသိတာ။

ဝိ။ ။နဝမေ ဘန္တေ ဣဒ္ဓိပါဒဝိဘင်ေ "စတ္တာရော ဣဒ္ဓိပါဒါ ဣဓ ဘိက္ခု ဆန္ဒသမာဓိပဓာနသင်ခါရသမန္နာဂတံ ဣဒ္ဓိပါဒံ ဘာ၀ေတိ ။ပ။ ဝီမံသာသမာဓိပဓာနသင်ခါရသမန္နာဂတံ ဣဒ္ဓိပါဒံ ဘာ၀ေတိ" တိ ဧ၀မာဒိနာ တိဟိ မဟာနယေဟိ ဘဂ၀တာ ဣဒ္ဓိပါဒါ ဝိတ္ထာရတော ဝိဘဇိတ္ဗာ ဒေသိတာ။

မေး။ ။ကိုးခုမြောက်ဖြစ်သော ဣဒ္ဓိပါဒဝိဘင်းဌ် ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် ဣဒ္ဓိပါဒ်တရားတို့ကို အဘယ်သို့သော အခြင်းအရာအားဖြင့် အကျယ်ဝေဘန်၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

ဖြေ။ ။ကိုးခုမြောက် ဣဒ္ဓိပါဒဝိဘင်းဌ် "စတ္တာရော ဣဒ္ဓိပါဒါ" အစရှိသည်ဖြင့် ဣဒ္ဓိပါဒ်လေးပါး တရားတို့ကို ရှေးဦးစွာ မာတိကာ အကျဉ်းထား၍ သုတ္တန်နည်းအားဖြင့် အကျယ်ဝေဘန်ဖော်ပြရာ ဖြစ်သော သုတ္တန္တ-ဘာဇနီယနည်း, ထိုဣဒ္ဓိပါဒ်လေးပါး တရားတို့ကို လောကုတ္တရာ ကုသိုလ် ဖြစ်သော စျာန်လေးပါး စျာန်ငါးပါးတို့ဌ် ရသင့်သည်အားလျော်စွာ ဝေဘန် ဖော်ပြရာဖြစ်သော အဘိဓမ္မဘာဇနီယနည်း "စတုန္နံ ဣဒ္ဓိပါဒါနံ ကတိ ကုသလာ ကတိ အကုသလာ ကတိ အဗျာကတာ ။ပ။ ကတိ သရဏာ ကတိ အရဏာ" ဟု ဣဒ္ဓိပါဒ်လေးပါးတို့အတွက် တိက် နှစ်ဆယ့်နှစ်ပါး, ဒုက်တရာတို့ဖြင့် ပုစ္ဆာကို ရှေးဦးစွာ ဖော်ပြ၍ "ကုသလာယေဝ၊ သိယာ သုခါယ ဝေဒနာယ သမ္ပယုတ္တာ၊ သိယာ အဒုက္ခမသုခါယ ဝေဒနာယ သမ္ပယုတ္တာ" အစရှိသည်ဖြင့် နှစ်ဆယ့်နှစ်ပါးသောတိက်, တရားသော ဒုက်တို့ဝယ် ဖြစ်သင့်သလို ဝေဘန်ဖော်ပြ ဖြေဆိုတော်မူခဲ့သော ပဥ္စာပုစ္ဆကနည်း ဤနည်းကြီး သုံးပါးတို့ဖြင့် ဣဒ္ဓိပါဒ်လေးပါး တရားတို့ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညု မြတ်စွာဘုရားသည် အကျယ်အားဖြင့် ဖွင့်ပြ ဟောကြားတော်မူအပ်ပါကုန်သည် အရှင်ဘုရား။

ပေါဇ္ဈင်္ဂဝိဘင်း

ပု။ ။အဘိဓမ္မပိဋကေ အာဝုသော ဝိဘင်္ဂပ္ပကရဏေ ဒသမေ ပေါဇ္ဈင်္ဂ-ဝိဘင်္ဂေ ဘဂဝတာ ကထံ ပေါဇ္ဈင်္ဂါ ဝိတ္ထာရတော ဝိဘတ္တာ ဒေသိတာ။

ဝိ။ ။ဒသမေ ဘန္တေ ပေါဇ္ဈင်္ဂဝိဘင်္ဂေ "သတ္တ ပေါဇ္ဈင်္ဂါ သတိ-သမ္ဗောဇ္ဈင်္ဂေါ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂေါ ဝီရိယသမ္ဗောဇ္ဈင်္ဂေါ ပီတိ-သမ္ဗောဇ္ဈင်္ဂေါ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂေါ သမာဓိသမ္ဗောဇ္ဈင်္ဂေါ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂေါ။ တတ္ထ ကတမော သတိသမ္ဗောဇ္ဈင်္ဂေါ၊ ဣဓ ဘိက္ခု သတိမာ ဟောတိ ပရမေန သတိနေပက္ကေန သမန္နာ-ဂတော စိရကတမ္ပိ စိရဘာသိတမ္ပိ သရိတာ ဟောတိ အနုဿရိတာ၊ အယံ ဝုစ္စတိ သတိသမ္ဗောဇ္ဈင်္ဂေါ" တိ ဧဝမာဒိနာ ဘဂဝတာ သုတ္တန္တဘာဇနီယအဘိဓမ္မဘာဇနီယပဥ္စာပုစ္ဆကသင်္ခါတေဟိ တီဟိ နယေဟိ ပေါဇ္ဈင်္ဂါ ဝိတ္ထာရတော ဝိဘတ္တာ ဒေသိတာ။

မေး။ ။အဘိဓမ္မပိဋကဝိဘင်းပါဠိတော်ဝယ် ဆယ်ခုမြောက်ဖြစ်သော ပေါဇ္ဈင်္ဂဝိဘင်း၌ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညူ မြတ်စွာဘုရားသခင်သည် ပေါဇ္ဈင်္ဂတရားတို့ကို အဘယ်သို့သော အခြင်းအရာအားဖြင့် အကျယ်ဝေဘန်၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

ဖြေ။ ။ဆယ်ခုမြောက်ဖြစ်သော ပေါဇ္ဈင်္ဂဝိဘင်း၌ "သတ္တ ပေါဇ္ဈင်္ဂါ သတိသမ္ဗောဇ္ဈင်္ဂါ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂါ" အစရှိသည်ဖြင့် ပေါဇ္ဈင်ခုနစ်ပါးတို့ကို ရှေးဦးစွာ မာတိကာထားပြီးမှ သတိသမ္ဗောဇ္ဈင်ကို အစပြု၍ ကြွင်းသော ဓမ္မဝိစယ, ဝီရိယ, ပီတိ, ပဿဒ္ဓိ, သမာဓိ, ဥပေက္ခာတည်းဟူသော ပေါဇ္ဈင်ခုနစ်ပါးတို့ အကြောင်းအကျိုးဆက်သွယ်၍ ဖြစ်ပုံကိုဂင်း, ပေါဇ္ဈင်ခုနစ်ပါးတို့ကို တပါးစီဝေဘန်၍ ဖော်ပြသောအားဖြင့်ဂင်း သုတ္တန္တဘာဇနီယနည်းအားဖြင့် ပေါဇ္ဈင်ခုနစ်ပါးတို့ကို ဝေဘန်တော်မူပြီးလျှင် ထို့အတူပင် "သတ္တ ပေါဇ္ဈင်္ဂါ သတိသမ္ဗောဇ္ဈင်္ဂါ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂါ" အစရှိသည်ဖြင့် ပေါဇ္ဈင်ခုနစ်ပါးတို့ကို မာတိကာထား၍ လောကုတ္တရာမက်စိတ် ဖိုလ်စိတ်တို့၌ ပေါဇ္ဈင်ခုနစ်ပါးတို့ဖြစ်ပုံကို အပေါင်းအားဖြင့်ဂင်း, အစိတ်အားဖြင့်ဂင်း ဖော်ပြရာ အဘိဓမ္မဘာဇနီယနည်း၊ "သတ္တန္နံ ပေါဇ္ဈင်္ဂါနံ ကတိ ကုသလာ ကတိ အကုသလာ ကတိ အဗျာကတာ" အစရှိသည်ဖြင့် ပေါဇ္ဈင်ခုနစ်ပါးတို့ကို နှစ်ဆယ့်နှစ်ပါးသောတိက်, တရားသောဒုက်တို့ဖြင့် မေးမြန်းပြီးမှ ထိုနှစ်ဆယ့်နှစ်ပါးသောတိက်, တရားသော ဒုက်တို့၌ ရသင့်သလို ဝေဘန်ဖော်ပြရာဖြစ်သော ပဥ္စာပုစ္ဆကနည်းဤဆိုအပ်ပြီးသော သုတ္တန္တဘာဇနီယ, အဘိဓမ္မဘာဇနီယ, ပဥ္စာပုစ္ဆကတည်းဟူသော နည်းကြီးသုံးပါးတို့ဖြင့် ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညူမြတ်စွာဘုရားသည် ပေါဇ္ဈင်ခုနစ်ပါး တရားတို့ကို အကျယ်ဖွင့်ပြ ဝေဘန် ဟောကြားတော်မူအပ်ပါကုန်သည် အရှင်ဘုရား။

မဂ္ဂင်္ဂဝိဘင်း

ပု။ ။ကောဒသမေ ပန အာဝုသော မဂ္ဂင်္ဂဝိဘင်္ဂေ ဘဂဝတာ ကတိ မဂ္ဂင်္ဂါ ဝိတ္ထာရတော ဝိဘတ္တာ ဒေသိတာ။

ဝိ။ ။ကောဒသမေ ဘန္တေ မဂ္ဂင်္ဂဝိဘင်္ဂေ "အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။ သေယျထိဒံ၊ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ"တိ ဧဝမာဒိနာ ဘဂဝတာ သုတ္တန္တဘာဇနီယ-အဘိဓမ္မဘာဇနီယပဉ္ဉာပုစ္ဆကသင်္ခါတေဟိ တီဟိ မဟာနယေဟိ မဂ္ဂင်္ဂါ ဝိတ္ထာရတော ဝိဘဇိတ္ဝာ ဒေသိတာ။

မေး။ ။တဆယ့်တခုမြောက်သော မဂ္ဂင်္ဂဝိဘင်းဌ် ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညု မြတ်စွာဘုရားသည် မဂ္ဂင်တရား တို့ကို အဘယ်သို့သော အခြင်းအရာအားဖြင့် အကျယ်ဝေဘန်၍ ဟော ကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

ဖြေ။ ။တဆယ့်တခုမြောက်ဖြစ်သော မဂ္ဂင်္ဂဝိဘင်းဌ် "အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ"အစရှိသည်ဖြင့် မဂ္ဂင်ရှစ်ပါး တရားတို့ကို ရှေးဦးစွာ မာတိကာထားပြီးမှ မဟာသတိပဋ္ဌာန သုတ္တန်ဌ် လာရှိသောအတိုင်း တပါးစီ တပါးစီကို အကျယ်ဝေဘန်၍ ပြရာဖြစ်သော သုတ္တန္တဘာဇနီယ နည်းအား ဖြင့်ရင်း "အဋ္ဌင်္ဂိကော မဂ္ဂေါ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ"အစရှိသည်ဖြင့် မဂ္ဂင်ရှစ်ပါးတို့ကို ရှေးနည်းအတူ မာတိကာထားပြီးမှ လောကုတ္တရာမဂ် စိတ် ဖိုလ်စိတ်တို့ဌ် အဋ္ဌင်္ဂိကမဂ် ပဉ္စင်္ဂိကမဂ်တို့ဖြစ်ပုံကို အကျယ်တဝင့် ဖော်ပြရာဖြစ်သော အဘိဓမ္မ ဘာဇနီယနည်းအားဖြင့်ရင်း "အဋ္ဌန္နံ မဂ္ဂင်္ဂါနံ ကတိ ကုသလာ ကတိ အကုသလာ ကတိ အဗျာကတာ"အစရှိသည်ဖြင့် မဂ္ဂင်ရှစ်ပါးတရားတို့ကို နှစ်ဆယ့်နှစ်ပါးသောတိုက်, တရားသောဒုက်တို့ဖြင့် မေးမြန်းပြီးမှ "သိယာ ကုသလာ သိယာ အဗျာကတာ"အစရှိသည်ဖြင့် မဂ္ဂင်ရှစ်ပါး တရားတို့ကို နှစ်ဆယ့်နှစ်ပါးသောတိုက်, တရားသောဒုက်တို့ဌ် ရာသင့်သည်အားလျော်စွာ ဝေဘန်ဖော်ပြရာဖြစ်သော ပဉ္ဉာပုစ္ဆကနည်း ဤဆိုအပ်ပြီးသော သုတ္တန္တဘာဇနီယ, အဘိဓမ္မဘာဇနီယ, ပဉ္ဉာပုစ္ဆက နည်းကြီး သုံးပါးတို့ဖြင့် ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် မဂ္ဂင်ရှစ်ပါး တရားတော်မြတ်တို့ကို အကျယ် တဝင့် ဖွင့်ပြပိုင်းခြား ဟောကြားတော်မူအပ်ပါကုန်သည် အရှင်ဘုရား။

ဈာနဝိဘင်း

ပု။ ။ဒွါဒသမော ပန အာဝုသော ဈာနဝိဘင်္ဂါဘဂဝတာ ကထံ ဝိတ္ထာ-ရေန ဝိဘဇိတ္ဝာ ဒေသိတော၊။

ဝိ။ ။ဒွါဒသမော ဘန္တေ ဈာနဝိဘင်္ဂါ "ဣဓ ဘိက္ခု ပါတိမောက္ခ-သံဝရသံဝုတော ဝိဟရတိ အာစာရဂေါစရသမ္ပန္နော အဏုမတ္တေသု ဝဇ္ဇေသု ဘယဒဿာဝီ သမာဒါယ သိက္ခတိ သိက္ခာပဒေသု ဣန္ဒြိ-ယေသု ဂုတ္တဒ္ဝါရော ဘောဇနေ မတ္တညူ ပုဗ္ဗရတ္တာပရရတ္တံ ဇာဂ-ရိယာနုယောဂမနုယုတ္တော" တိ ဧဝမာဒိနာ ဘဂဝတာ ဝိတ္ထာ-ရတော ဝိဘဇိတ္ဝာ ဒေသိတော၊။

မေး။ ။တဆယ့်နှစ်ခုမြောက် ဖြစ်သော ဈာနဝိဘင်းကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညူ မြတ်စွာဘုရားသခင်သည် အာဘယ်သို့သော အခြင်းအရာအားဖြင့် အကျယ်ဝေဘန်၍ ဟောကြား တော်မူခဲ့ပါသနည်း ငါ့ရှင်။

ဖြေ။ ။တဆယ့်နှစ်ခုမြောက် ဖြစ်သော ဈာနဝိဘင်းကို "ဣဓ ဘိက္ခု ပါတိမောက္ခသံဝရသံဝုတော ဝိဟရတိ အာစာရဂေါစရသမ္ပန္နော" အစရှိသည်ဖြင့် ဘိက္ခုမည်မှတ် ရဟန်းတော် အရှင်သူမြတ်၏ ပါတိမောက္ခ သံဝရသီလ, ဣန္ဒြိယ သံဝရ, အာဇီဝပါရိသုဒ္ဓိ, ပစ္စယသန္နိဿိတ, ဘောဇနေမတ္တ-ညုတာ, ဇာဂရိယာနုယောဂ တည်းဟူသော တရားတို့နှင့် ပြည့်စုံပုံ၊ ထို့နောက် သတိသမ္ပဇည တရားနှင့် ပြည့်စုံပုံ၊ ထို့နောက် ဆိတ်ငြိမ်ရာ အရပ်သို့ကပ်၍ နီဝရဏတရားတို့ကို ပယ်ရှားပုံ၊ ထို့နောက် ပဌမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်, အာကာသာနဉ္စာယတန, ဝိညာဏဉ္စာယတန, အာကိဉ္စညာယတန, နေဝသညာနာသညာယတနဈာန် တည်းဟူသော သမာပတ်ရှစ်ပါးတို့ကို အစဉ်အတိုင်း ရပုံကို အကျဉ်းချုပ် မာတိကာထား၍ ထိုမာတိကာဌီလာသော ပုဒ်တို့ကို အစဉ်အတိုင်း ဝေဘန်ဖော်ပြရာ ဖြစ်သော သုတ္တန္တဘာဇနီယနည်း "စတ္တာရိ ဈာနာနိ" အစရှိသည်ဖြင့် ပဌမဈာန်, ဒုတိယဈာန်,တတိယဈာန်, စတုတ္ထဈာန်တို့ကို မာတိကာထား၍ မဟဂ္ဂုတ် လောကုတ္တရာစိတ်တို့၌ ထိုဈာန်လေးပါးတို့

ဖြစ်ပုံကို အကျယ်ဖေဘ်ပြရာဖြစ်သော အဘိဓမ္မဘာဇနီယနည်း, ထိုစျာန်လေးပါး,စျာန် ငါးပါးတို့ကို နှစ်ဆယ့်နှစ်ပါးသောတိက်, တရာသောဒုက်တို့၌ ဖြစ်သင့်ရာရာ ဝေဘန်ဖေဘ်ပြရာဖြစ်သော ပဋ္ဌာပုဋ္ဌကနည်း ဤနည်းကြီးသုံးပါးတို့ဖြင့် ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညူ မြတ်စွာဘုရားသည် စျာနဝိဘင်းကို အကျယ်ဖွင့်ပြ ပိုင်းခြား ဟောကြားတော်မူအပ်ပါသည့် အရှင်ဘုရား။

အပ္ပမညာဝိဘင်း

ပု။ ။တေရသမေ ပန အာဝုသော အပ္ပမညာဝိဘင်ေ ဘဂဝတာ ကထံ အပ္ပမညာယော ဝိတ္ထာရတော ဝိဘဇိတ္ဗာ ဒေသိတာ။

ဝိ။ ။တေရသမေ ဘန္တေ အပ္ပမညာဝိဘင်ေ "စတသော အပ္ပမညာယော ဣမ ဘိက္ခု မေတ္တာသဟဂတေန စေတသာ ကေ ဒိသံ ဖရိတ္ဗာ ဝိဟရတိ၊ တထာ ဒုတိယံ။ တထာ တတိယံ။ တထာ စတုတ္ထံ။ ဣတိ ဥဒ္ဓမဓော တိရိယံ သဗ္ဗဓိ သဗ္ဗတ္ထတာယ သဗ္ဗာဝန္တံ လောကံ မေတ္တာသဟဂတေန စေတသာ ဝိပုလေန မဟဂ္ဂတေန အပ္ပမာဏေန အဝေရေန အဗျာပဇ္ဇေန ဖရိတ္ဗာ ဝိဟရတိ" တိ ဇေမာဒိနာ ဘဂဝတာ သုတ္တန္တဘာဇနီယအဘိဓမ္မဘာဇနီယပဋ္ဌာပုဋ္ဌကသခ်ါတေဟိ တိဟိ မဟာနယေဟိ အပ္ပမညာယော ဝိတ္ထာရတော ဝိဘဇိတ္ဗာ ဒေသိတာ။

မေး။ ။တဆယ့်သုံးခုမြောက်ဖြစ်သော အပ္ပမညာဝိဘင်း၌ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညူ မြတ်စွာဘုရားသခင်သည် အပ္ပမညာတရားတို့ကို အဘယ်သို့သော အခြင်းအရာအားဖြင့် အကျယ်ဝေဘန်၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

ဖြေ။ ။တဆယ့်သုံးခုမြောက် ဖြစ်သော အပ္ပမညာဝိဘင်း၌ "ဣမ ဘိက္ခု မေတ္တာသဟဂတေန စေတသာ ကေ ဒိသံ ဖရိတ္ဗာ ဝိဟရတိ" အစရှိသည်ဖြင့် မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာတည်း ဟူသော အပ္ပမညာလေးပါးတို့ဖြစ်ပုံ မာတိကာ အစဉ်ထားတော်မူပြီးမှ ထိုမာတိကာအတွင်းပါသော ပုဒ်တို့ကို အစဉ်သဖြင့် ဝေဘန်ဖေဘ်ပြရာ ဖြစ်သော သုတ္တန္တ-

ဘာဇနီယနည်း "စတဿော အပုမညာယော မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာ" ဟူ၍ အပုမညာလေးပါးတို့ကို မာတိကာထားပြီးမှ ထိုအပုမညာလေးပါးတို့ကို ရူပါဝစရ ပဌမစျာန် ဒုတိယစျာန် တတိယစျာန် စတုတ္ထစျာန် တို့၌ ရသင့်သည်အားလျော်စွာ အကျယ်ဝေဘန်ရာ ဖြစ်သော အဘိဓမ္မဘာဇနီယနည်း, ထိုအပုမညာလေးပါးတို့ကို နှစ်ဆယ့်နှစ်ပါးသောတိက်, တရားသောဒုက်တို့၌ ရှေးဦးစွာ ပုစ္ဆာထားတော်မူပြီးမှ ထိုပုစ္ဆာအားလျော်စွာ "သိယာ ကုသလာ သိယာ အဗျာကတာ" အစရှိသည်ဖြင့် နှစ်ဆယ့်နှစ်ပါးသောတိက်, တရားသောဒုက်တို့ ကုန်အောင် အကျယ်ဝေဘန်ဖော်ပြရာဖြစ်သော ပဥ္စာပုစ္ဆကနည်း ဤနည်းကြီးသုံးပါးတို့ဖြင့် ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညူ မြတ်စွာဘုရားသည် အပုမညာလေးပါး ဗြဟ္မဝိဟာရတရားတို့ကို အကျယ်အားဖြင့် ဖွင့်ပြ ပိုင်းခြား ဟောကြားတော်မူအပ်ပါကုန်သည် အရှင်ဘုရား။

သိက္ခာပဒဝိဘင်း

ပု။ ။အဘိဓမ္မပိဋကော အာဝုသော ဝိဘင်္ဂပ္ပကရဏော စုဒ္ဒသမေ သိက္ခာပဒဝိဘင်္ဂေ ဘဂဝတာ ကထံ သိက္ခာပဒါနိ ဝိတ္ထာရတော ဝိဘဇိတ္ဘာ ဒေသိတာနိ။

ဝိ။ ။စုဒ္ဒသမေ ဘန္တေ သိက္ခာပဒဝိဘင်္ဂေ "ပဉ္စ သိက္ခာပဒါနိ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ၊ အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ၊ ကာမေသုမိစ္ဆာစာရာ ဝေရမဏီ သိက္ခာပဒံ၊ မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ၊ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ။ တတ္ထ ကတမံ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ၊ ယသ္မိံ သမယေ ကာမာဝစရံ ကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ သောမနဿသဟဂတံ ဉာဏသမ္ပယုတ္တံ ပါဏာတိပါတာ ဝိရမန္တဿ သာ" တိ ဝေမာဒိနာ အဘိဓမ္မဘာဇနီယပဉ္စာပုစ္ဆကသင်္ခါတေဟိ ဒ္ဝိဟိ မဟာနယေဟိ ဘဂဝတာ သိက္ခာပဒါနိ ဝိတ္ထာရတော ဝိဘဇိတ္ဘာ ဒေသိတာနိ။

မေး။ ။အဘိဓမ္မပိဋက ဝိဘင်းကျမ်းဝယ် တဆယ့်လေးခုမြောက်သော ဝိဘင်းကျမ်းဌ် ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညူ

မြတ်စွာဘုရားသခင်သည် သိက္ခာပုဒ်တရားတို့ကို အဘယ်သို့သော အခြင်း အရာအားဖြင့် အကျယ်ဝေဘန်၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

ဖြေ။ ။တဆယ့်လေးခုမြောက်ဖြစ်သော သိက္ခာပဒဝိဘင်းပါဠိတော်၌ "ပဉ္စ သိက္ခာပဒါနိ ပါဏာတိပါတာ ဝေရမဏိ သိက္ခာပဒံ" အစရှိသည်ဖြင့် သိက္ခာပုဒ်ငါးပါးတို့ကို ရှေးဦးစွာ မာတိကာထားပြီးမှ ထိုသိက္ခာပုဒ်ငါးပါးတို့ကို ရသင့်ရထိုက်ရာဖြစ်သော မဟာကုသိုလ်စိတ် ရှစ်ပါးတို့ဝယ် တပါးတပါး၌ ဝိရတီသိက္ခာပဒ, စေတနာသိက္ခာပဒ, သမ္မယုတ္တဓမ္မသိက္ခာပဒ တည်းဟူသော သိက္ခာပဒသုံးပါးတို့ကို အကျယ်တဝင့် ဖွင့်ပြဟောကြားရာ ဖြစ်သော အဘိဓမ္မဘာဇနီယနည်း "ပဉ္စန္နံ သိက္ခာပဒါနံ ကတိ ကုသလာ ကတိ အကုသလာ ကတိ အဗျာကတာ။ပ။ ကတိ သရဏာ ကတိ အရဏာ" ဟု ငါးပါးသောသိက္ခာပုဒ်တို့ကို နှစ်ဆယ့်နှစ်ပါးသောတိုက်, တရားသောဒုက်တို့ဖြင့် ရှေးဦးစွာ အမေးပုစ္ဆာပြဿနာထုတ်ပြီးမှ "ကုသလာ-ယေဝ။ သိယာ သုခါယ ဝေဒနာယ သမ္မယုတ္တာ၊ သိယာ အဒုက္ခမသုခါယ ဝေဒနာယ သမ္မယုတ္တာ" အစရှိသည်ဖြင့် နှစ်ဆယ့်နှစ်ပါးသောတိုက်, တရားသောဒုက်တို့ဖြင့် ရသင့်ရာ တိုက်ပုဒ် ဒုက်ပုဒ်တို့၌ ဝေဘန်ဖော်ပြရာဖြစ်သော ပဥ္စာပုစ္ဆကနည်း ဤနှစ်ရပ်သော အဘိဓမ္မဘာဇနီယနည်း, ပဥ္စာပုစ္ဆကနည်းတို့ဖြင့် ငါးပါးသောသိက္ခာပုဒ်တို့ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် အကျယ်တဝင့် ဖွင့်ပြပိုင်းခြား ဟောကြားတော်မူအပ်ပါကုန်သည် အရှင်ဘုရား။

ပဋိသမ္ဘိဒါဝိဘင်း

ပု။ ။ပန္နရသမေ ပန အာဝုသော ပဋိသမ္ဘိဒါဝိဘင်္ဂေ ဘဂဝတာ ကတံ ပဋိသမ္ဘိဒါယော ဝိတ္ထာရတော ဝိဘင်္ဂတ္တာ ဒေသိတာ။

ဝိ။ ။ပန္နရသမေ ဘန္တေ ပဋိသမ္ဘိဒါဝိဘင်္ဂေ "စတသော ပဋိသမ္ဘိဒါ အတ္ထပဋိသမ္ဘိဒါ ဓမ္မပဋိသမ္ဘိဒါ နိရုတ္တိပဋိသမ္ဘိဒါ ပဋိဘာနပဋိသမ္ဘိဒါ။ အတ္ထေ ဉာဏံ အတ္ထပဋိသမ္ဘိဒါ၊ ဓမ္မေ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ၊ တတြ ဓမ္မနိရုတ္တာဘိလာပေ ဉာဏံ နိရုတ္တိပဋိသမ္ဘိဒါ၊ ဉာဏေသု ဉာဏံ ပဋိဘာနပဋိသမ္ဘိဒါ" တိ ဝေမာဒိနာ ဘဂဝတာ စတသော ပဋိသမ္ဘိဒါယော သုတ္တန္တဘာဇနီယာအဘိဓမ္မဘာဇနီယ-

ပဥ္စာပုစ္ဆကသဒ်ါတေဟိ တီဟိ မဟာနယေဟိ ဝိတ္ထာရတော ဝိဘဇိတ္ဗာ ဒေသိတာ။

မေး။ ။တဆယ့်ငါးခုမြောက်ဖြစ်သော ပဋ္ဌိသမ္ဘိဒါဝိဘင်း၌ ဘုန်းတော် ခြောက်ပါးနှင့်ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် ပဋ္ဌိသမ္ဘိဒါမည်သော ဉာဏ်အထူးတရားတို့ကို အဘယ်သို့သော အခြင်းအရာ အားဖြင့် အကျယ်ဝေဘန်၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

ဖြေ။ ။တဆယ့်ငါးခုမြောက်ဖြစ်သော ပဋ္ဌိသမ္ဘိဒါဝိဘင်း၌ "စတသော ပဋ္ဌိသမ္ဘိဒါ အတ္ထပဋ္ဌိသမ္ဘိဒါ ဓမ္မပဋ္ဌိသမ္ဘိဒါ နိရုတ္တိပဋ္ဌိသမ္ဘိဒါ ပဋိဘာန-ပဋ္ဌိသမ္ဘိဒါ" အစရှိသည်ဖြင့် ပဋ္ဌိသမ္ဘိဒါလေးပါး ဉာဏ်အပြားတို့ကို မာတိကာထားတော်မူပြီးသောကာလဝယ် သဗ္ဗညုဘုရားသခင်ကိုယ်တိုင်ကပင်လျှင်, သစ္စဝါရ, ဟေတုဝါရ အစရှိသော ငါးပါးသော ဝါရတို့ဖြင့် တန်းဆာဆင်၍ အကျယ်တဝင့် ဖွင့်ပြဟောကြားရာဖြစ်သော သုတ္တန္တဘာဇနီယနည်း, ထို့အတူ ပဋ္ဌိသမ္ဘိဒါ လေးပါးတို့ကို မာတိကာအကျဉ်းထားတော်မူ၍ ကုသိုလ်စိတ် တပါးတပါး၌ ရသင့်သော ပဋ္ဌိသမ္ဘိဒါလေးပါး, ဝိပါက်ကိရိယာစိတ်တို့၌ ရသင့်သော အတ္ထပဋ္ဌိသမ္ဘိဒါ, နိရုတ္တိပဋ္ဌိသမ္ဘိဒါ, ပဋိဘာနပဋ္ဌိသမ္ဘိဒါ တည်းဟူသော ပဋ္ဌိသမ္ဘိဒါသုံးပါးတို့ကို အကျယ်တဝင့် တပါးစီ တပါးစီ ဖွင့်ပြဝေဘန်ရာ ဖြစ်သော အဘိဓမ္မဘာဇနီယနည်း, ထို့အတူ ပဋ္ဌိသမ္ဘိဒါလေးပါး ဉာဏ် အပြားတို့ကို မာတိကာအကျဉ်းထားတော်မူပြီးမှ တိက်နှစ်ဆယ့်နှစ်ပါး, တရားသောဒုက်တို့ဖြင့် အကျယ်တဝင့် ဖွင့်ပြဝေဘန်ရာဖြစ်သော ပဉ္စာပုစ္ဆကနည်း ဤနည်းကြီးသုံးပါးတို့ဖြင့် ပဋ္ဌိသမ္ဘိဒါလေးပါး ဉာဏ်အပြားတို့ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် အကျယ်တဝင့် ဖွင့်ပြပိုင်းခြား ဟောကြားတော်မူအပ်ပါကုန်သည် အရှင်ဘုရား။

ဉာဏဝိဘင်း

ပု။ ။သောဋ္ဌသမေ ပန အာဝုသော ဉာဏဝိဘင်္ဂေ ဘဂဝတာ ကထံ ဉာဏာနိ ဝိတ္ထာရတော ဝိဘဇိတ္ဗာ ဒေသိတာနိ။

ဝိ။ ။သောဋ္ဌသမေ ဘန္တေ ဉာဏဝိဘင်္ဂေ "ကေဝိဓေန ဉာဏဝတ္ထု ပဉ္စဝိညာဏာ နဟေတူ၊ အဟေတုကာ၊ ဟေတုဝိပ္ပယုတ္တာ၊

သပ္ပစ္စယာ၊ သန်္ခတာ၊ အရူပါ၊ လောကိယာ၊ သာသဝါ”တိ ဧဝမာဒိနာ နေကတော ပဒဗျာယ ယာဝ ဒသကာ ဘဂဝတာ ဉာဏာနိ ဝိတ္ထာရတော ဝိဘဇိတ္ဗာ ဒေသိတာနိ။

မေး။ ။တဆယ့်ခြောက်ခုမြောက်ဖြစ်သော ဉာဏဝိဘင်းဌ် ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညု မြတ်စွာဘုရားသခင်သည် ဉာဏ်တရားတို့ကို အဘယ်သို့သော အခြင်းအရာအားဖြင့် အကျယ်ဝေဘန်၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

ဖြေ။ ။တဆယ့်ခြောက်ခုမြောက်ဖြစ်သော ဉာဏဝိဘင်းဌ် “ကေ-ဝိဓေန ဉာဏဝတ္ထု ပဉ္စဝိညာဏာနာ ဟေတူ၊အဟေတုကာ”အစရှိသည်ဖြင့်၎င်း “ဒုဝိဓေန ဉာဏဝတ္ထု လောကိယာ ပညာ၊လောကုတ္တရာ ပညာ” အစရှိသည်ဖြင့်၎င်း “တိဝိဓေန ဉာဏဝတ္ထု စိန္တာမယာ ပညာ၊ သုတမယာ ပညာ၊ ဘာဝနာမယာ ပညာ”အစရှိသည်ဖြင့်၎င်း, တပါး တပါးသောဉာဏ် အစုကိုဂုဏ်း, နှစ်ပါး နှစ်ပါးစီသော ဉာဏ်အစုကိုဂုဏ်း, သုံးပါး သုံးပါးစီသော ဉာဏ်အစု, လေးပါး လေးပါးစီသော ဉာဏ်အစုကိုဂုဏ်း, ငါးပါးသော ဉာဏ်အစု, ခြောက်ပါး, ခုနစ်ပါး, ရှစ်ပါး, ကိုးပါး, ဆယ်ပါးသော ဉာဏ်အစုတို့ကိုဂုဏ်း ဤသို့ ဉာဏ်တပါး တပါးအစုမှသည် ဉာဏ်ဆယ်ပါး အစုသို့တိုင်ရောက်အောင် များစွာသော ဉာဏ်ပညာအပြားတို့ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညု မြတ်စွာဘုရားသည် အကျယ်တဝင့် ဖွင့်ပြ ပိုင်းခြား ဟောကြားတော်မူအပ်ပါကုန်သည် အရှင်ဘုရား။

ခုဒ္ဒကဝတ္ထုဝိဘင်း

ပု။ ။အဘိဓမ္မပိဋကေ အာဝုသော ဝိဘင်္ဂပ္ပကရဏေ သတ္တရသမော ခုဒ္ဒကဝတ္ထုဝိဘင်္ဂေါ ဘဂဝတာ ကထံ ဒေသိတော။

ဝ။ ။အဘိဓမ္မပိဋကေ ဘန္တေ ဒုတိယေ ဝိဘင်္ဂပ္ပကရဏေ သတ္တ-ရသမော ခုဒ္ဒကဝတ္ထုဝိဘင်္ဂေါ “ဇာတိမဒေါ၊ ဂေါတ္တမဒေါ၊ အာ-ရောဂျမဒေါ၊ ယောဗ္ဗနမဒေါ၊ ဇီဝိတမဒေါ”တိ ဧဝမာဒိနာ နေ-နကတော ပဒဗျာယ ယာဝ အဒ္ဓသတတဏ္ဍာဝိစရိတံ ဘဂဝတာ ဝိတ္ထာရတော ဝိဘဇိတ္ဗာ ဒေသိတော။

မေး။ ။အဘိဓမ္မပိဋက ဝိဘင်းကျမ်း၌ တဆယ့်ခုနစ်ခုမြောက် ခုဒ္ဒက ဝတ္ထုဝိဘင်းကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညူ မြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် အကျယ် ဝေဘန်၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

ဖြေ။ ။အဘိဓမ္မပိဋကဝိဘင်းကျမ်း၌ တဆယ့်ခုနစ်ခုမြောက်ဖြစ်သော သေးနုပ်သော အကုသိုလ်တရားတို့ကို အကျယ်ဝေဘန်၍ ဖော်ပြရာ ဖြစ်သော ခုဒ္ဒကဝတ္ထုဝိဘင်းကို ဇာတိမဒေါ, ဂေါတ္တမဒေါ, အာရောဂျ-မဒေါ, ယောဗ္ဗနမဒေါ, ဇီဝိတမဒေါ အစရှိသည်ဖြင့် အမျိုးကိုစွဲ၍ဖြစ်သော ဇာတိမာန်, အနွယ်ကိုစွဲ၍ဖြစ်သော ဂေါတ္တမာန်, အနာကင်းခြင်းကိုစွဲ၍ ဖြစ်သော အာရောဂျမာန်, အရွယ် အဆင်း နုပျိုခြင်းကိုစွဲ၍ ဖြစ်သော ယောဗ္ဗနမာန်, အသက်ရှည်ခြင်းကိုစွဲ၍ ဖြစ်သော ဇီဝိတမာန် အစရှိသော တပါးစု အကုသိုလ်တရားတို့ကိုဂင်း, ကောဓ ဥပနာဟ မက္ခ ပလာသ အစရှိသော နှစ်ပါးအစု အကုသိုလ်တရားတို့ကိုဂင်း, လောဘ ဒေါသ မောဟတည်းဟူသော အကုသလမူသုံးပါး, ကာမဝိတက် ဗျာပါဒဝိတက် ဝိဟိံသာဝိတက် တည်းဟူသော ဝိတက်သုံးပါး ဤသို့ အစရှိသော သုံးပါးစု အကုသိုလ်တရားတို့ကိုဂင်း, အာသဝလေးပါး ဩဃလေးပါး အစရှိသော လေးပါးစု အကုသိုလ်တရား, ဩဃရမ္ဘာဂိယ သံယောဇဉ် ငါးပါး ဥဒ္ဓံဘာဂိယ သံယောဇဉ်ငါးပါး အစရှိသော ငါးပါးစု အကုသိုလ်တရား, ခြောက်ပါးစု အကုသိုလ်တရား, ခုနစ်ပါး, ရှစ်ပါး, ကိုးပါး, ဆယ်ပါးစု အကုသိုလ်တရားတို့မှသည် တရာ့ရှစ်ပါးသော တဏှာဝိစရိုက် တရားတို့တိုင်အောင် များစွာသော သေးငယ်နုပ်ဖဲ့သော အကုသိုလ်တရား အစုတို့ကို ဖော်ပြရာဖြစ်သော ဤခုဒ္ဒကဝတ္ထု ဝိဘင်းကို ဘုန်းတော်ခြောက် ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် အကျယ်တဝင့် ဖွင့်ပြပိုင်းခြား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ဓမ္မဟဒယဝိဘင်း

ပု။ ။တတ္ထ အာဝုသော အဋ္ဌာရသမော ဓမ္မဟဒယဝိဘင်္ဂေါ ဘဂဝတာ ကထံ ဝိဘတ္တော ဒေသိတော။

ဝိ။ ။အဋ္ဌာရသမော ဘန္တေ ဓမ္မဟဒယဝိဘင်္ဂေါ် "ကတိ ခန္ဓာ၊ ကတိ အာယတနာနိ၊ ကတိ ဓာတုယော၊ ကတိ သစ္စာနိ၊ ကတိ ဣန္ဒြိယာနိ၊ ကတိ ဟေတူ၊ ကတိ အာဟာရာ၊ ကတိ ဖဿာ၊ ကတိ ဝေဒနာ၊ ကတိ သညာ၊ ကတိ စေတနာ၊ ကတိ စိတ္တာနိ။ ပဋ္ဌာန္ဓာ၊ ဒ္ဝါဒသာယတနာနိ၊ အဋ္ဌာရသ ဓာတုယော၊ စတ္တာရော အာဟာရာ၊ သတ္တ ဖဿာ၊ သတ္တ ဝေဒနာ၊ သတ္တ သညာ၊ သတ္တ စေတနာ၊ သတ္တ စိတ္တာနိ" တိ ဧဝမာဒိနာ သဗ္ဗသင်္ဂါဟကာဒိဟိ ဒသဟိ ဝါရေဟိ ဘဂဝတာ ဝိတ္ထာရေန ဝိဘဇိတ္ဝာ ဒေသိတော။

မေး။ ။ထိုဝိဘင်းကျမ်း၌ တဆယ့်ရှစ်ခုမြောက်ဖြစ်သော ဓမ္မဟဒယဝိဘင်းမည်သော နောက်ဆုံးဖြစ်သော ဝိဘင်းကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အာဘယ်သို့သော အခြင်းအရာအားဖြင့် အကျယ်ဝေဘန်၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

ဖြေ။ ။တဆယ့်ရှစ်ခုမြောက် နောက်ဆုံးဖြစ်သော ဓမ္မဟဒယ ဝိဘင်းကို "ကတိ ခန္ဓာ၊ ကတိ အာယတနာနိ၊ ကတိ ဓာတုယော" အစရှိသည်ဖြင့် ခန္ဓာ, အာယတန, ဓာတ်, သစ္စာ, ဣန္ဒြေ, ဟိတ်, အာဟာရ, ဖဿ, ဝေဒနာ, သညာ, စေတနာ, စိတ်တည်းဟူသော တဆယ့်နှစ်ပါးတို့ကို အကျဉ်းအားဖြင့် မေး, အကျဉ်းအားဖြင့် ဖြေ၍ ဖော်ပြရာဖြစ်သော သဗ္ဗသင်္ဂါဟကဝါရ ဤသို့ အစရှိသော ဆယ်ပါးသောဝါရတို့ဖြင့် ထိုဓမ္မဟဒယ အမည်ရှိသော နောက်ဆုံးဝိဘင်းကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် အကျယ်တဝင့် ဖွင့်ပြပိုင်းခြား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ပု။ ။ကထဉ္စာဝုသော တတ္ထ ဘဂဝတာ ဥပ္ပါဒကကမ္မအာယူပ္ပမာဏဝါရော ဝိတ္ထာရေန ဝိဘဇိတ္ဝာ ဒေသိတော။

ဝိ။ ။ဒါနံ ဒတ္ဝာ သီလံ သမာဒိယိတ္ဝာ ဥပေါသထကမ္မံ ကတ္ဝာ ကတ္ထ ဥပပဇ္ဇန္တိ။ ဒါနံ ဒတ္ဝာ၊ သီလံ သမာဒိယိတ္ဝာ ဥပေါသထကမ္မံ

ကတ္ထာ အပ္ပေကစ္စေ ခတ္တိယမဟာသာလာနံ သဟဗျတံ ဥပပဇ္ဇန္တိ၊ အပ္ပေကစ္စေ ဗြာဟ္မဏမဟာသာလာနံ၊ အပ္ပေကစ္စေ ဂဟပတိ-မဟာသာလာနံ၊ အပ္ပေကစ္စေ စာတုမဟာရာဇိကာနံ ဒေဝါနံ၊ အပ္ပေကစ္စေ တာဝတိံသာနံ ဒေဝါနံ၊ အပ္ပေကစ္စေ ယာမာနံ ဒေဝါနံ၊ အပ္ပေကစ္စေ တုသိတာနံ ဒေဝါနံ သဟဗျတံ ဥပပဇ္ဇန္တိတိ ဧဝမာဒိနာ ဘန္တေ တတ္ထ ဘဂဝတာ ဥပ္ပါဒကကမ္မအာယုပ္ပမာဏ-ဝါရော ဝိတ္ထာရေန ဝိဘဇိတ္ဘာ ဒေသိတော။

မေး။ ။ထိုခမ္မဟဒယ ဝိဘင်း၌ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် ထိုထိုဘဝကို ဖြစ်စေတတ်သောကံနှင့် ထိုထိုဘဝ၌ အသက်အတိုင်းအရှည်ကို ဖေါ်ပြရာဖြစ်သော ကြောင့် ဥပ္ပါဒကကမ္မအာယုပ္ပမာဏဝါရမည်သော ဒေသနာတော်ကို အာဘယ်သို့သော အခြင်းအရာအားဖြင့် အကျယ်ဝေဘန်၍ ဟောကြား တော်မူခဲ့ပါသနည်း ငါ့ရှင်။

ဖြေ။ ။ထိုခမ္မဟဒယဝိဘင်း၌ အစိတ်ဝါရပေါင်း ဆယ်ပါးရှိသည့် အနက် ထိုထိုဘဝပဋိသန္ဓေကို ဖြစ်စေတတ်သောကံ၊ ထိုကံကြောင့် ဖြစ်ရာ ဘဝတို့၌ အာယုပ္ပမာဏ အသက်အတိုင်းအရှည်ကို ဖေါ်ပြရာဖြစ်သော ဥပ္ပါဒကကမ္မအာယုပ္ပမာဏဝါရ အမည်ရှိသော တရားဒေသနာကို “ဒါနံ ဒတ္ဘာ သီလံ သမာဒိယိတ္ဘာ ဥပေါသထကမ္မံ ကတ္ဘာ” အစရှိသည်ဖြင့် အလှူ အတန်းကို ပေးကမ်း၍ သီလကို ကျင့်သုံး၍ ဥပုသ်ကို ဆောက်တည်၍ အဘယ်မည်သော ဘဝဂတိ၌ ဘဝပဋိသန္ဓေ ကပ်ရောက်၍ နေရသနည်းဟု အမေးပုစ္ဆာဆင်ထုတ်ပြီးလျှင် “ဒါနံ ဒတ္ဘာ သီလံ သမာဒိယိတ္ဘာ ဥပေါ-သထကမ္မံ ကတ္ဘာ အပ္ပေကစ္စေ ခတ္တိယမဟာသာလာနံ သဟဗျတံ ဥပပဇ္ဇန္တိ” အစရှိသည်ဖြင့် အလှူ။ဒါန ပေးကမ်းခြင်းကြောင့်, သီလသီတင်း စောင့်သုံးခြင်းကြောင့်, ဥပုသ်ကျင့်သုံးခြင်းကြောင့် အခြို့သော ပုဂ္ဂိုလ်တို့သည် များသောဥစ္စာနှစ်ရှိသော မင်းမျိုး၊ အခြို့သော ပုဂ္ဂိုလ်တို့သည် များသောဥစ္စာနှစ်ရှိသော ပုဏ္ဏားမျိုး၊ အခြို့သော ပုဂ္ဂိုလ်တို့သည် များသောဥစ္စာနှစ်ရှိသော သူကြွယ်တို့၏ အပေါင်းအသင်းအဖြစ်သို့ ကပ်ရောက်ကြရကုန်၏၊ အခြို့သော ပုဂ္ဂိုလ်တို့သည် စတုမဟာရာဇ်နတ်။ပ။ အခြို့သော ပုဂ္ဂိုလ်တို့သည် ပရနိမ္မိတဝသဝတ္တီနတ်တို့၏ အပေါင်းအသင်း

အဖြစ်သို့ ရောက်ကြကုန်၏ဟူ၍၎င်း, ထိုကာမသုဂတိ ခုနစ်ဘုံတို့အနက် လူ့ပြည်သို့ရောက်သော ပုဂ္ဂိုလ်တို့၏အသက်ကား အလွန်ဆုံး တရာ၊ ထို့ထက်အနည်းငယ်မျှသာ ပိုလွန်နိုင်ကြောင်းကိုဎ၎င်း, စတုမဟာရာဇ် နတ်ပြည်၌ဖြစ်သော နတ်တို့၏အသက်တမ်းကား လူတို့၏ အနှစ်ငါးဆယ်သည် စတုမဟာရာဇ်နတ်တို့၏ တရက်၊ ထိုရက်ပေါင်းသုံးဆယ်သည် တလ၊ ထိုလပေါင်းဆယ့်နှစ်လသည် တနှစ်၊ ထိုနှစ်တို့၏ အရေအတွက်အားဖြင့် အနှစ်ငါးရာ အသက်ရှည်ကြောင်း၊ အထက်ဖြစ်သော တာဝတိံသာ,ယာမာ,တုသိတာ, နိမ္မာနရတိ, ပရနိမ္မိတဝသဝတ္တိတည်းဟူသော နတ်ပြည်ငါးထပ်တို့၌ ထို စတုမဟာရာဇ်နတ်သက်မှသည် လေးဆတက်, လေးဆတက်စီ အသက်ရှည်ကြောင်း။

ရူပါဝစရဗြဟ္မာတို့အတွက်လည်း "ပဌမဈာနံ ပရိတ္တံ ဘာဝေတ္ဝာ ကတ္ထ ဥပပဇ္ဇန္တိ" အစရှိသည်ဖြင့် ပဌမစျာန်ကို နည်းသော အာနုဘော်ရှိအောင် ပွါးများ၍ အဘယ်ဘုံ၌ ဘဝပဋိသန္ဓေ တည်နေရသနည်းဟု မေးမြန်းတော်မူပြီးလျှင် "ပဌမဈာနံ ပရိတ္တံ ဘာဝေတ္ဝာ ဗြဟ္မပါရိသဇ္ဇာနံ သဟဗျတံ ဥပပဇ္ဇန္တိ" အစရှိသည်ဖြင့် ပဌမစျာန်ကို နည်းသော အာနုဘော်ရှိအောင် ပွါးများခြင်းကြောင့် ဗြဟ္မပါရိသဇ္ဇာဗြဟ္မာတို့၏ အပေါင်းအသင်းအဖြစ်သို့ ရောက်ရကြောင်း၊ ထိုဗြဟ္မာတို့၏ အသက်အပိုင်းအခြားကား အသင်္ခ်ေယျကပ်၏ သုံးဘိုဘဘိုရှိကြောင်း၊ ပဌမစျာန်ကို အလယ်အလတ် ပွါးများသည်ရှိသော် ဗြဟ္မပုရောဟိတာ ဗြဟ္မာတို့၏ အပေါင်းအသင်းအဖြစ်သို့ ရောက်ရကြောင်း၊ ထိုဗြဟ္မာတို့၏ အသက်တမ်းကား အသင်္ခ်ေယျကပ်ထက်ဝက် အသက်တမ်းရှည်ကြောင်း၊ ပဌမစျာန်ကို မွန်မြတ်သော လွန်ကဲသောတန်ခိုးရှိအောင် ပွါးများခြင်းကြောင့် မဟာဗြဟ္မာခေါ်သော ဗြဟ္မာတို့၏ အပေါင်းအသင်းသို့ ရောက်ရကြောင်း၊ ထိုဗြဟ္မာတို့၏ အသက်တမ်းကား အသင်္ခ်ေယျကပ် တကပ် အသက်ရှည်ကြောင်း။ ထို့အတူ ဒုတိယစျာန်ကို ပရိတ္တ, မဇ္ဈိမ, အပ္ပမာဏ-သုံးထွေသုံးစားပွါး၍ ပရိတ္တာဘာ, အပ္ပမာဏာဘာ, အာဘာဿရာဘာ ဗြဟ္မာသုံးမျိုးတို့၏ အပေါင်းအသင်း၏ အဖြစ်သို့ ရောက်ရကြောင်း၊ ထိုဗြဟ္မာတို့၏ အသက်တမ်းမှာ မဟာကပ်နှစ်ကပ်, မဟာကပ်လေးကပ်, မဟာကပ်ရှစ်ကပ် အသက်ရှည်ကြောင်း။ တတိယစျာန်ကို ထို့အတူ ပရိတ္တ, မဇ္ဈိမ, အပ္ပမာဏ သုံးထွေသုံးစား သုံးမျိုး

ပဋိးများသည်ရှိသော် ပရိတ္တာသုဘာ, အပ္ပမာဏာသုဘာ, သုဘကိဏ္ဍဟူသော တတိယစျာန်သုံးဘုံတို့၌ ဘဝပဋိသန္ဓေတည်နေရကြောင်း၊ ထို တတိယစျာန်သုံးဘုံတို့၌ မဟာကပ် တဆယ့်ခြောက်ကပ်, မဟာကပ် သုံးဆယ့်နှစ်ကပ်, မဟာကပ်ခြောက်ဆယ့်လေးကပ်အသက်ရှည်ရကြောင်း။ စတုတ္ထစျာန်ကို အာရုံအမျိုးမျိုး အဓိမုတ္တိအမျိုးမျိုး နှလုံးသွင်းအမျိုးမျိုး ဆန္ဒအမျိုးမျိုး ပဋိးသည်ရှိသော် အခြို့ကား ဝေဟပ္ဖိုလ်ဘုံ၌ ဘဝပဋိသန္ဓေကပ်ငြိရကြောင်း၊ အခြို့ကား အဝိဟာ, အခြို့ကား အတပ္ပါ, အခြို့ကား သုဒဿာ, အခြို့ကား သုဒဿီ, အခြို့ကား အကနိဋ္ဌတည်းဟူသော သုဒ္ဓါဝါသ ဗြဟ္မာဘုံတို့၌ ဘဝပဋိသန္ဓေကပ်ရောက်၍ နေရကြောင်း။

စတုတ္ထစျာန်ပင် အမည်ရှိသော အရူပါဝစရစျာန်ကို ပဋိးများသော ပဂ္ဂိုလ်တို့အား အရူပ လေးဘုံတို့၌ အစဉ်အတိုင်းဖြစ်ကြောင်း၊ ထိုအရူပ လေးဘုံတို့ဝယ် အထက်ဆုံးဖြစ်သော နေဝသညာနာသညာယတနဘုံ၌ ဖြစ်သော ဗြဟ္မာတို့၏ အသက်တမ်းကား မဟာကပ် ရှစ်သောင်း လေးထောင်ပင် အသက်ရှည်ကြောင်း အကျယ်တဝင့်ဖွင့်ပြ ဟောကြား တော်မူပြီးလျှင် ကုသိုလ်ကံအရှိန် ထောက်ပင့်၍ ဘဝဂ်ဘုံသို့ပင် ရောက်နေသော်လည်း ပုထုဇဉ်ပဂ္ဂိုလ်သည် ကံအရှိန်ကုန်လတ်သော် အောက်အပါယ် ဒုဂ္ဂတိသို့ ကျရောက်နိုင်ကြောင်း။

ယင်းသို့ ဘဝဂ်ခေါ်သော နေဝသညာနာသညာယတန ဗြဟ္မာ့ပြည်၌ အသက် ရှည်ပင်ရှည်သော်လည်း ဇီဝိတိန္ဒြေ ကုန်ချိန်ကျက စုတိပြတ်ကြွေသေလွန်ရကြောင်း၊ တစုံတခုသော ဘဝမှာမှ မြဲသောဟူ၍မရှိကြောင်း သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ကြောင်း။ ထို့ကြောင့်ပင် နှုးညံ့သိမ်မွေ့သော အကြောင်းအကျိုးကို ကြံစည်တတ်သော ဉာဏ်ပညာနှင့် ပြည့်စုံသော ပဂ္ဂိုလ်တို့သည် အိုခြင်းတရား, သေခြင်းတရားတို့မှ လွတ်မြောက်ရန်အတွက် အဋ္ဌင်္ဂိကမဂ္ဂင်တရားကို ပဋိးများအားထုတ်ကြကြောင်း၊ နိဗ္ဗာန်သို့ရောက်ကြောင်း ကောင်းမြတ်သော အဋ္ဌင်္ဂိကမဂ္ဂင်တရားကို ပဋိးများအားထုတ်တော်မူခြင်း ဟူသော အကြောင်းကြောင့် အာသဝေါကုန်ခန်း ရဟန္တာ ဖြစ်တော်မူကြပြီးလျှင် အလုံးစုံသော ကိလေသာဇာတ်သိမ်း ဘဝဇာတ်သိမ်း၍ ငြိမ်းတော်မူကြကြောင်းကို ဖော်ပြရာ—

ဥက္ခိတ္တာ ပုဉ္ဇတေဇေန၊ ကာမရူပဂတိ ဂတာ။
ဘဝဂ္ဂတမိ သမ္ဗတ္တာ၊ ပုနာဂစ္ဆန္တိ ဒုဂ္ဂတိ —

အစရှိသော လေးဂါထာတို့ဖြင့် ဒေသနာတော် အထွဋ်တပ်၍ ဤဥပါဒကကမ္မ အာယုပ္ပမာဏ အမည်ရသော ခြောက်ခုမြောက် ဝါရကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် လျှောက်ဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် အကျယ်တဝင့် ဖွင့်ပြပိုင်းခြား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ဝိဘင်းကျမ်း အမေးအဖြေ ပြီး၏။

ဓာတုကထာကျမ်း

ပု။ ။တေနာဝုသော ဘဂဝတာ အဌာရသဟိ ဗုဒ္ဓဓမ္မေဟိ သမန္နာ-
ဂတေန အဘိဓမ္မေ အဌာရသဟိ ဝိဘင်္ဂေဟိ ပဋိမဏ္ဍိတံ ဒုတိယံ
ဝိဘင်္ဂပ္ပကရဏံ ဒေသေတ္ဝာ တဒနန္တရံ ဓာတုကထံ နာမ တတိယံ
ပကရဏံ ကထံ ဝိဘဇိတ္ဝာ ဒေသိတံ။

ဝိ။ ။တတိယံ ဘန္တေ ဓာတုကထံ နာမ အဘိဓမ္မပိဋကံ "သင်္ဂဟော
အသင်္ဂဟော၊ သင်္ဂဟိတေန အသင်္ဂဟိတံ၊ အသင်္ဂဟိတေန သင်္ဂ-
ဟိတံ၊ သင်္ဂဟိတေန သင်္ဂဟိတံ၊ အသင်္ဂဟိတေန အသင်္ဂဟိတံ။
သမ္မယောဂေါ ဝိပ္ပယောဂေါ၊ သမ္မယုတ္တေန ဝိပ္ပယုတ္တံ၊ ဝိပ္ပယုတ္တေန
သမ္မယုတ္တံ၊ သမ္မယုတ္တေန သမ္မယုတ္တံ၊ ဝိပ္ပယုတ္တေန ဝိပ္ပယုတ္တံ။
သင်္ဂဟိတေန သမ္မယုတ္တံ ဝိပ္ပယုတ္တံ၊ သမ္မယုတ္တေန သင်္ဂဟိတံ အသင်္ဂ-
ဟိတံ၊ အသင်္ဂဟိတေန သမ္မယုတ္တံ ဝိပ္ပယုတ္တံ၊ ဝိပ္ပယုတ္တေန သင်္ဂဟိတံ
အသင်္ဂဟိတ" န္တိ ဝေမာဒိနာ ပဋ္ဌမာတိကာယော ပဌမံ နိက္ခိပိတ္ဝာ
သင်္ဂဟာသင်္ဂဟာဒိဟိ စုဒ္ဒသဟိ နယေဟိ ဘဂဝတာ ဝိတ္ထာရတော
ဝိဘဇိတ္ဝာ ဒေသိတံ။

မေး။ ။တဆယ့်ရှစ်ပါးသော ဗုဒ္ဓဂုဏ်ကျေးဇူး တရားတို့နှင့် ပြည့်
စုံတော်မူသော ထိုသဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘိဓမ္မပိဋကဉ် တဆယ့်
ရှစ်ရပ်သော ဝိဘင်းတို့ဖြင့် တန်းဆာဆင်အပ်သော နှစ်ခုမြောက်ဖြစ်သော
ဝိဘင်းကျမ်းကို ဟောကြားတော်မူပြီးလျှင် ထို၏ အခြားမဲ့၌ ဓာတုကထာ
မည်သော သုံးခုမြောက်ဖြစ်သော အဘိဓမ္မာကျမ်းကို အဘယ်သို့သော
အခြင်းအရာအားဖြင့် အကျယ်ဝေဘန်၍ ဟောကြားတော်မူခဲ့ပါသနည်း
ငါ့ရှင်။

ဖြေ။ ။ဝိဘင်းကျမ်း၏ အခြားမဲ့ဖြစ်သော သုံးခုမြောက်ဖြစ်သော
ဓာတုကထာကျမ်းကို "သင်္ဂဟော အသင်္ဂဟော" အစရှိသည်ဖြင့် နယမာ-
တိကာ, အဗ္ဘန္တရမာတိကာ, နယမုခမာတိကာ, လက္ခဏမာတိကာ, ဗာဟိရ-
မာတိကာအားဖြင့် ငါးပါးသော မာတိကာတို့ကို ရှေးဦးစွာချထားပြီးမှ

"ရူပက္ခန္ဓော ကတိဟိ ခန္ဓေဟိ ကတိဟာယဃတနေဟိ ကတိဟိ ဓာတူဟိ သင်္ဂဟိတော၊ ရူပက္ခန္ဓော ကေန ခန္ဓေန ကောဒသဟာယဃတနေဟိ ကောဒသဟိ ဓာတူဟိ သင်္ဂဟိတော" အစရှိသည်ဖြင့် ခန္ဓာအစရှိသော ဟောပုဒ် တိက်ပုဒ် ခြောက်ဆဲ့ခြောက်ပါး, နှစ်ရာသောဒုက်ပုဒ်တည်း ဟူသော ဟောပုဒ် အပေါင်းတို့ကို "သင်္ဂဟာသင်္ဂဟ" အစရှိသော တဆယ့် လေးပါးသော နည်းကြီးတို့ဖြင့် ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် အကျယ်တဝင့် ဖွင့်ပြပိုင်းခြား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ဓာတုကထာကျမ်း အမေးအဖြေ ပြီး၏။

ပုဂ္ဂလပညတ်ကျမ်း

ပု။ ။တေနာဝုသော ဘဂဝတာ သဗ္ဗဓာတုကုသလေန အဘိဓမ္မပိဋကေ တတိယံ ဓာတုကထာပကရဏံ ဒေသေတွာ တဒနန္တရံ စတုတ္ထံ ပုဂ္ဂလပညတ္တိပ္ပကရဏံ ကထံ ဝိဘဇိတွာ ဇေသိတံ။

ဝိ။ ။အဘိဓမ္မပိဋကေ ဘန္တေ စတုတ္ထံ ပုဂ္ဂလပညတ္တိပ္ပကရဏံ "ဆ ပညတ္တိ-ယော ခန္ဓပညတ္တိ အာယတနပညတ္တိ ဓာတုပညတ္တိ သစ္စပညတ္တိ ဣန္ဒြိယပညတ္တိ ပုဂ္ဂလပညတ္တိ။ ကိတ္တာဝတာ ခန္ဓာနံ ခန္ဓပညတ္တိ၊ ယာဝတာ ပဉ္စက္ခန္ဓာ၊ ရူပက္ခန္ဓော ဝေဒနာက္ခန္ဓော သညာက္ခန္ဓော သင်္ခါရက္ခန္ဓော ဝိညာဏက္ခန္ဓော။ ဧတ္တာဝတာ ခန္ဓာနံ ခန္ဓပညတ္တိ" တိ ဧဝမာဒိနာ ခန္ဓာယတနဓာတုသစ္စဣန္ဒြိယပညတ္တိယော သံခိတ္တေန ဥဒ္ဒိသိတွာ ပုဂ္ဂလပညတ္တိံ စ ဧကကဒုကတိကစတုက္ကပဉ္စကဆက္က-သတ္တကအဋ္ဌကနဝကဒသကဝသေန ဝိတ္ထာရတော ဝိဘဇိတွာ ဘဂဝတာ ဒေသိတာ။

မေး။ ။ခပ်သိမ်းကုန်သော ဓာတ်သဘောတို့၌ အကြွင်းမဲ့ ကျမ်းကျင်လိမ်မာတော်မူသော ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော ထို သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘိဓမ္မပိဋကဋ္ဌ သုံးခုမြောက်ဖြစ်သော ဓာတုကထာကျမ်းကို ဟောကြားတော်မူပြီးလျှင် ထိုဓာတုကထာကျမ်း၏ အခြားမဲ့၌ လေးခုမြောက်ဖြစ်သော ပုဂ္ဂလပညတ်မည်သော အဘိဓမ္မာကျမ်းကို အဘယ်သို့သော အခြင်းအရာအားဖြင့် အကျယ်ဝေဘန်၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

ဖြေ။ ။အဘိဓမ္မပိဋကဋ္ဌ၌ လေးခုမြောက်ဖြစ်သော ပုဂ္ဂလပညတ်အမည်ရသော ကျမ်းကို "ဆပညတ္တိယော ခန္ဓပညတ္တိ အာယတနပညတ္တိ" အစရှိသည်ဖြင့် ပညတ်အမျိုးအစားသည် ခန္ဓပညတ်,အာယတနပညတ်,ဓာတုပညတ်, သစ္စပညတ်, ဣန္ဒြိယပညတ်, ပုဂ္ဂလပညတ်ဟူ၍ ခြောက်ပါးရှိကြောင်း မာတိကာ အကျဉ်းထား၍ ခန္ဓာ, အာယတန,ဓာတ်,သစ္စာ,ဣန္ဒြေတည်းဟူသော ပညတ်ငါးမျိုးတို့ကို အောက်ဖြစ်သော ဝိဘင်းကျမ်း၌ အကျယ်တဝင့် ဖွင့်ပြဟောကြားပြီး ဖြစ်သောကြောင့် ဤ ပုဂ္ဂလပညတ်ကျမ်း၌

အကျဉ်းဥဒ္ဒေသမျှ ဖေါ်ပြတော်မူပြီးလျှင် ပုဂ္ဂလပညတ်ကိုကား "ကိတ္တာဝတာ ပုဂ္ဂလာနံ ပုဂ္ဂလပညတ္တိ" အစရှိသည်ဖြင့် ပုဂ္ဂိုလ်အမျိုးအစားတို့ကို တပါးစုပုဂ္ဂိုလ်, နှစ်ပါးစုပုဂ္ဂိုလ်, သုံးပါးစုပုဂ္ဂိုလ်, လေးပါးစု, ငါးပါးစု, ခြောက်ပါးစု,ခုနစ်ပါးစု, ရှစ်ပါးစု, ကိုးပါးစု, ဆယ်ပါးစုပုဂ္ဂိုလ်တို့၏ အစွမ်းအားဖြင့် ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညု မြတ်စွာဘုရားသည် အကျယ်တဝင့် ဖွင့်ပြဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

ပုဂ္ဂလပညတ်ကျမ်း အမေးအဖြေ ပြီး၏။

ကထာဝတ္ထုကျမ်း

ပုဂ္ဂလပညတ်ကျမ်းကို ဟောကြားတော်မူပြီးလျှင် ထိုပုဂ္ဂလပညတ်ကျမ်း၏ အခြားမဲ့၌ ငါးခုမြောက်ဖြစ်သော ကထာဝတ္ထုကျမ်းကို အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

ဖြေ။ ။အလုံးစုံသော ပရမတ်တရား, အလုံးစုံသော ပညတ်တရားတို့၌ သူမတူတန် ကျမ်းကျင်လိမ်မာတော်မူပေသော လောကသုံးပါး၌ အတုမရှိ အမြတ်ဆုံး ပုဂ္ဂိုလ်ဖြစ်တော်မူသောဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် အဘိဓမ္မပိဋကတ်၌ လေးခုမြောက် ပုဂ္ဂလပညတ်ကျမ်းကို ခဲခြမ်းစိတ်ဖြာ ဟောကြားတော်မူပြီးသည်၏ အခြားမဲ့၌ ကထာဝတ္ထုကျမ်းကို ဟောဘို့ရန် အလှည့်အကြိမ်ရောက်လတ်သည်ရှိသော်

ပုဂ္ဂလပညတ်ကျမ်းကို ဟောကြားတော်မူပြီးလျှင် ထိုပုဂ္ဂလပညတ်ကျမ်း၏ အခြားမဲ့၌ ငါးခုမြောက်ဖြစ်သော ကထာဝတ္ထုကျမ်းကို အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

ဖြေ။ ။အလုံးစုံသော ပရမတ်တရား, အလုံးစုံသော ပညတ်တရားတို့၌ သူမတူတန် ကျမ်းကျင်လိမ်မာတော်မူပေသော လောကသုံးပါး၌ အတုမရှိ အမြတ်ဆုံး ပုဂ္ဂိုလ်ဖြစ်တော်မူသောဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် အဘိဓမ္မပိဋကတ်၌ လေးခုမြောက် ပုဂ္ဂလပညတ်ကျမ်းကို ခဲခြမ်းစိတ်ဖြာ ဟောကြားတော်မူပြီးသည်၏ အခြားမဲ့၌ ကထာဝတ္ထုကျမ်းကို ဟောဘို့ရန် အလှည့်အကြိမ်ရောက်လတ်သည်ရှိသော်

ဝိ။ ။သဗ္ဗပရမတ္ထပညတ္တိဓမ္မကုသလေန ဘန္တေ ဘဂဝတာ လောကေ အဂ္ဂပုဂ္ဂလေန အဘိဓမ္မပိဋကေ စတုတ္ထံ ပုဂ္ဂလပညတ္တိပ္ပကရဏံ ဒေသေတွာ တဒနန္တရံ ကထာဝတ္ထုဒေသနာယ ဝါရေ သမ္ပတ္တေ "အနာဂတေ မမ သာဝကော မောဂ္ဂလိပုတ္တတိဿတ္ထေရော နာမ ဥပ္ပန္နံ သာသနမလံ သောဓေတွာ တတိယသင်္ဂီတိံ ကရောန္တော ဘိက္ခုသံဃဿ မဇ္ဈေ နိသိန္နော သကဝါဒေ ပဉ္စ သုတ္တသတာနိ ပရဝါဒေ ပဉ္စာတိ သုတ္တသဟဿံ သမောဓာနေတွာ, ဣမံ ပကရဏံ ဘာဇေဿတီ" တိ တဿောကာသံ ကရောန္တေန ပုဂ္ဂလဝါရေ အဒ္ဓမုခါ ဝါဒယုတ္တိံ အာဒိံ ကတွာ သဗ္ဗကထာမဂ္ဂံသု အသမ္ပုဏ္ဏ-ဘာဏဝါရတ္ထာယ တန္တိယာ မာတိကာ နိက္ခေပမတ္တေန ပဉ္စမံ ကထာဝတ္ထုပ္ပကရဏံ သံခေပတော ဒေသိတံ။

မေး။ ။အလုံးစုံသော ပရမတ်တရား, ပညတ်တရားတို့၌ အကြွင်းမဲ့ လိမ်မာတော်မူသော ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော ထို မြတ်စွာဘုရားသခင်သည် အဘိဓမ္မပိဋကဋ္ဌ လေးခုမြောက် ဖြစ်သော ပုဂ္ဂလပညတ်ကျမ်းကို ဟောကြားတော်မူပြီးလျှင် ထိုပုဂ္ဂလပညတ်ကျမ်း၏ အခြားမဲ့၌ ငါးခုမြောက်ဖြစ်သော ကထာဝတ္ထုကျမ်းကို အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

ဤသာသနာတော်ဝယ် နောက်အနာဂတ် အနှစ် နှစ်ရာတဆယ့်ရှစ်နှစ် မြောက်၌ ငါ၏ တပည့်သား သာဝကဖြစ်ပေသော ကြီးသောပညာနှင့် ပြည့်စုံသော မောဂ္ဂလိပုဏ္ဏား၏ ရင်သွေးသည်းချာ တိသ အမည်ရှိသော မထေရ်သည် ဤသာသနာတော်၌ ဖြစ်ပေါ်၍နေသော သာသနာ အညစ် အကြေးတို့ကို ဆေးကြော သုတ်သင်စေပြီးလျှင် သုံးခုမြောက်ဖြစ်သော ဓမ္မသံဂါယနာသဘင် တင်စေလျက် ခြောက်သန်း အတိုင်းအရှည်ရှိသော ရဟန်းတို့၏ အလယ်ဝယ် သကဝါဒဘက်၌ သုတ်ပေါင်းငါးရာ, ပရဝါဒဘက်၌ သုတ်ပေါင်းငါးရာအားဖြင့် တထောင်သော သုတ်တို့ကို စုရုံးကာဖော်ပြ၍ ဤကထာဝတ္ထုကျမ်းကို အကျယ်တဝင့်ဖွင့်ပြ ဟောကြားရစ်လိမ့်မည်ဟု နှလုံးသွင်းတော်မူလတ်ပြီးလျှင် ထိုအရှင် မောဂ္ဂလိပုတ္တတိသ မထေရ်မြတ်အား အကျယ်တဝင့် ဟောကြားတော်မူရန် အခွင့်တော်ပြုတော်မူသောအားဖြင့် ကထာဝတ္ထုကျမ်းဝယ်လာရှိသော ကထာမျှားစွာအနက် ရှေးဦးစွာသော ပုဂ္ဂလဝါရ, ပုဂ္ဂလကထာဝယ် ရှစ်ပါးအပြားရှိသော နယ-မုခဝါဒယုတ္တိအစရှိသည်ကို အစအဦးအမှူးပြု၍ အလုံးစုံသောကထာစဉ်တို့၌ ပင်လျှင် တဘာဏဝါရမျှမပြည့်သော ပါဠိတော်အစဉ်ဖြင့် ဤကထာဝတ္ထုကျမ်းလာ ကထာတို့၏ မာတိကာအစဉ်ကို ပြတော်မူသောအားဖြင့် ငါးခုမြောက်ဖြစ်သောကထာဝတ္ထုကျမ်းကို သဗ္ဗညုမြတ်စွာဘုရား အကျဉ်းအားဖြင့် ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

ကထာဝတ္ထုအကျယ်

ပု။ ။အဓုနာ ပါကဋံ ပနာဝုသော ဝိတ္ထာရံ ကထာဝတ္ထုပ္ပကရဏံ ကဒါ
ကေန ကတ္ထ ကထဉ္စ ဝိတ္ထာရတော ဝိဘဇိတ္ဝာ ဒေသိတံ။

ဝ
။ ။တံ ခေါ ဘဒ္ဒန္တေ ဘဂဝတော နယမုခံ နိဿာယ အာယသ္မတော မဟာမောဂ္ဂလိပုတ္တတိဿတ္ထေရေန တတိယသံဂီတိကာလေ ပါဋလိ-ပုတ္တေ အသောကာရာမေ သင်္ဂဟိကွဒသတသဟဿာနံ သမာဂမေ ဘဂဝတာ ဒိန္နနယဝသေန တထာဂတေန ဌပိတမာတိကံ ဝိဘဇန္တေန သကဝါဒေ ပဉ္စသုတ္တသတာနိ ပရဝါဒေ ပဉ္စာတိ သုတ္တသဟဿံ အာဟရိတ္ဝာ ဣဒံ ပရဝါဒမထနံ အဓုနာ ပါကဋံ ကထာဝတ္ထုပ္ပကရဏံ ဝိတ္ထာရတော ဝိဘဇိတ္ဝာ ဒေသိတံ။

မေး။ ။ယခုအခါကာလ၌ ထင်ရှားတည်ရှိသော အကျယ်ဖြစ်သော ကထာဝတ္ထုကျမ်းကို အဘယ်အခါကာလဝယ် အဘယ်မည်သောပုဂ္ဂိုလ်က အဘယ်အရပ်ဒေသ၌ အဘယ်သို့သောအခြင်းအရာအားဖြင့် အကျယ် ဝေဘန်၍ ဟောကြားခဲ့ပါသနည်း ငါ့ရှင်။

ဖြေ။ ။ယခုအခါ၌ ထင်ရှားရှိသော အကျယ်ဖြစ်သော ကထာ ဝတ္ထုကျမ်းကို တတိယသံဂါယနာသဘင် တင်ခါနီးကာလဝယ် မဟာ-မောဂ္ဂလိပုတ္တတိဿမထေရ်သူမြတ်သည် ပါဠလိပုတ်ပြည့် အသောကာရုံ ကျောင်း၌ အကျယ်တဝင့် ဖွင့်ပြဟောကြားတော်မူအပ်ပါသည်။

ဒါနည်းငယ်မျှ ဖွင့်ပြလျှောက်ထားလိုပါသည်—

သဗ္ဗညုမြတ်စွာဘုရား နိဗ္ဗာန်လားတော်မူသောနှစ်မှာပင် မဟာ-ကဿပထေရ်အမှူးပြုသော ငါးရာသော ရဟန္တာသခင် အရှင်သူမြတ်တို့ ပဌမသံဂါယနာသဘင် ယင်တော်မူပြီးသည့်နောက် အနှစ်တရာမြောက်၌ ဝေသာလီပြည်အရပ်၌ ဝဇ္ဇီတိုင်းသား ရဟန်းတို့သည် ဆယ်ပါးသော အဓမ္မဝတ္ထုတို့ကို ဤသာသနာတော်၌ ပြကြပါကုန်သည်။

ထိုဝဇ္ဇီတိုင်းသား ရဟန်းများကို ကာကဏ္ဍကပုတ္တား၏သား အရှင် ယသမထေရ်အမှူးပြုသော ခုနစ်ရာသော ရဟန္တာမထေရ်သူမြတ်တို့သည် ဒုတိယသံဂါယနာသဘင် ယင်တော်မူကြပြီးကာ နှိမ်နင်းတော်မူခဲ့ကြပါ ကုန်သည်။

ဒုတိယသံဂါယနာသဘင်၌ အရှင်မဟာယသအမှူးပြုသော ခုနစ်ရာ သော ရဟန္တာမထေရ်သူမြတ်တို့ ဓမ္မဝိနယကို ထင်စွာဖော်ပြ၍ နှိမ်နင်း အပ်သော ဝဇ္ဇီတိုင်းသား ရဟန်းများတို့သည် မိမိတို့နှင့် ဝါဒဟူရာ အသင်းအပင်းကိုရှာကြပြီးလျှင် **မဟာသံဃိက** ဟူသော အမည်ဖြင့် ဂိုဏ်း ကြီး သီးသန့်ဖွဲ့ကြပါကုန်သည်။

တိုအဓမ္မဝါဒီ မဟာသံဃိကဂိုဏ်းမှ ဆင့်ကာဆင့်ကာ ငါးပါးသော အာစရိယဝါဒ အဓမ္မဂိုဏ်းကြီးတို့ ဖြစ်ထွန်းခဲ့ပြန်ပါသည်။ မူလဖြစ်သော ထေရဝါဒမှလည်း ဆင့်ကာဆင့်ကာ အဓမ္မဝါဒီဂိုဏ်းတို့ အနှစ်နှစ်ရာ အတွင်းဝယ် တဆယ့်တပါးတိုင်တိုင် ထေရဝါဒအဓမ္မဝါဒီဂိုဏ်းတို့ ဖြစ်ထွန်း ခဲ့ပြန်ပါသည်။

ယင်းသို့လျှင် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသည်မှ နောက်ကာလ အနှစ်နှစ်ရာတဆယ့်ရှစ်နှစ်တိုင် ရောက်သောအခါကာလဝယ် ဤသာသနာတော်၌ မဟာသံဃိကဂိုဏ်းမှ ဂိုဏ်းပွါးနှင့်တကွသော ခြောက်ဂိုဏ်းတို့သည်၎င်း, ထေရဝါဒဂိုဏ်းမှ ဂိုဏ်းပွါးဖြစ်သော တဆယ့်တဂိုဏ်းနှင့်တကွ ထေရဝါဒဂိုဏ်းပါ တဆယ့်နှစ်ဂိုဏ်းတို့၎င်း ဤတဆယ့်ရှစ်ပါးသောဂိုဏ်းတို့သည် ဤသာသနာတော်၌ ထင်ရှားရှိနေကြပါကုန်သည်။

ဘုရားပရိနိဗ္ဗာန်စံတော်မူပြီးသည်မှနောက် အနှစ် နှစ်ရာတဆယ့်ရှစ်နှစ် မြောက်ကာလဝယ် ပါဋလိပုတ်ပြည် အသောကမင်းတရားသည် ဘဝ ဟောင်းက ဆွမျိုးဖြစ်ခဲ့သော နိဂြောဓသာမဏေ တည်းဟူသော ကလျာဏမိတ်ကောင်းကို အမှီရသဖြင့် ဤသာသနာဝယ် သက်ဝင်ယုံကြည် လတ်ပြီးလျှင် နေ့စဉ်တစေ ဘုရားအတွက် တသိန်းသောအသပြာ, တရား တော်အတွက် တသိန်းသောအသပြာ, သံဃာတော်အတွက် တသိန်းသော အသပြာ, မိမိ၏ဆရာဖြစ်ပေသော နိဂြောဓသာမဏေအတွက် တသိန်း သောအသပြာ, မြို့တံခါးလေးမျက်နှာ၌ ဆေးပစ္စည်းအလို့ငှါ တသိန်းသော အသပြာ ဤသို့လျှင် နေ့စဉ်နေ့စဉ် ငါးသိန်းငါးသိန်းသော အသပြာတို့ကို ကုန်စေ၍ ဤသာသနာတော်ဝယ် ကြီးစွာသော အလှူဒါနကို ပြုခဲ့ပါသည်။ မျှားစွာသော သာသနာပြင်ပ တိတ္ထိတို့သည် ပယ်ရှားအပ်ပြီးသော လာဘ် လာဘရှိကြကုန်သည်ဖြစ်၍ ဤသာသနာတော်အတွင်းသို့ ဘယာပဗ္ဗဇိတ အဖြစ်ဖြင့် တခွါ ဝင်ရောက်, ရဟန်းသာမဏေအဖြစ်ကို မရသော အခွါသော တိတ္ထိတို့သည်လည်း မိမိတို့ဘာသာ ဆံမုတ်ဆိတ်ကို ပယ်၍ ဖန်ရည်စွန်းသော အဝတ်ကို ဝတ်ရုံပြီးလျှင် ရဟန်းသာမဏေ၏ အသွင်ကို ယူဆောင်၍ ဤမြတ်စွာဘုရားသာသနာတွင်းဝယ် မိမိတို့၏ မူလရင်းဖြစ် သော သဿတဝါဒ, ဥစ္ဆေဒဝါဒ, ဧကစ္စသဿတဝါဒ အစရှိကုန်သော မိစ္ဆာဝါဒတို့ကို ထင်စွာ ပြကြပါသည်။

ထိုအခါ ထေရဝါဒီဂိုဏ်းဝင် မထေရ်မြတ် မထေရ်မှန်တို့က ဓမ္မဝိနယ ဟုတ်မှန်သောတရား ဟုတ်မှန်သောဝိနည်းကို ထင်စွာပြ၍ ဩဝါဒအဆုံး အမ ပြုအပ်ပါသော်လည်း မနာယူကြသဖြင့် အသောကာရုံကျောင်းတိုက် အတွင်းဝယ် တဆယ့်နှစ်နှစ်ပတ်လုံးပင် ဥပုသ်ကံ ဆိတ်သုဉ်းခဲ့ပါသည်။

အသောကမင်းတရားသည် ယင်းသို့သော သံဃာကဲ့ပြားမှုကို ညီညွတ်အောင် ပြုလုပ်အံ့ဟူ၍ လုံလကြိုးကုတ် အားထုတ်ပါသော်လည်း အကျိုးမရှိ အချည်းနှီးဖြစ်ရုံသာမက မလိမ်မာသော အမတ်၏ အစီမံ ညံ့ဖျင်းမှုကြောင့် သာသနာအတွင်းဝယ် များစွာသော ထေရဝါဒီ ရဟန္တာအရှင်သခင်သူမြတ်တို့ အသက်ကုန်ဆုံးခြင်းသို့ ရောက်ခဲ့ကြရပါသည်။

ယင်းသည့် မကောင်းမှုအကုသိုလ်ကံကြောင့် အသောကမင်းတရားအား ကြီးမားသော နှလုံးမသာယာမှုဖြစ်ပြီးလျှင် မိမိ၏ နှလုံးမသာယာမှုကို ပယ်ဖျောက်နိုင်သော အရှင်ကောင်း အရှင်မြတ်ကို ရှာကြံ စူးစမ်း စုံစမ်းလတ်သည်ရှိသော် အဟောဂင်္ဂါတောင်၌ သီတင်းသုံးနေတော်မူသော မဟာမောဂ္ဂလိပုတ္တတိဿမထေရ်သူမြတ်ကို ရဟန်းတော်တို့ ညွှန်ကြားသဖြင့် ထိုမဟာမောဂ္ဂလိပုတ္တတိဿ မထေရ်သူမြတ်ကို ရှိသေစွာ သာသနာ၄ရး အတွက်ပင့်ဖိတ်ပြီးလျှင် ဣဒ္ဓိပါဋိဟာရိယဖြင့် ငါ၏နှလုံး မသာယာခြင်းကို ဤအရှင်သူမြတ်သည် ပယ်ဖျောက်ခြင်းငှါ စွမ်းနိုင်ရာ၏ဟု ယုံမှားမဲ့ကြည်ညိုပြီးလျှင် မိမိ၏ နှလုံးမသာယာခြင်းကို လျှောက်ထား၍ အရှင်မောဂ္ဂလိပုတ္တတိဿ မထေရ်သူမြတ်သည်လည်း တိတ္တိရစ္ဆာတ်ဖြင့် အသောကမင်းတရား၏ နှလုံးမသာယာမှုကို ပယ်ရှားတော်မူခဲ့ပါသည်။

ယင်းသို့ပယ်ရှားပြီးလျှင် အသောကမင်းတရား၏ ဥယျာဉ်အတွင်း၌ အသောက မင်းတရားသည် ခုနစ်ရက်ပတ်လုံး ဤသာသနာတော်ဝယ် အယူဝါဒ သမယကို သင်ကြားခဲ့ပါသည်၊ ဤသာသနာတော်၌ အယူဝါဒကို တတ်မြောက်လတ်သောအခါ အသောကမင်းတရားသည် တင်းထိမ်ကန့်လန့်ကာ၏အတွင်း၌ နေထိုင်ပြီးလျှင် ဤသာသနာတော်၌ ဝါဒတူသော ရဟန်းတော်တို့ကို တစုတည်း တပေါင်းတည်း အစုလိုက် အစုလိုက် နေစေပြီးလျှင် အစုလိုက် အစုလိုက်ပင့်ခေါ်၍ "ကိံဝါဒီ ဘန္တေ သမ္မာသမ္ဗုဒ္ဓါ= အရှင်ဘုရား....မြတ်စွာဘုရားသည် အဘယ်သို့သော အယူဝါဒ ရှိပါသနည်း" ဟု မေးမြန်းလတ်ပါသည်။

ထိုအခါ သဿတဝါဒရှိသော ရဟန်းအပေါင်းတို့က "သဿတဝါဒီ မဟာရာဇ=မြတ်သောမင်းကြီး....သဗ္ဗညုမြတ်စွာဘုရားသည် သဿတဝါဒ ရှိပါသည်"ဟု အလဲလဲအမှားမှားမိမိတို့ယူရင်းစွဲ ဝါဒအတိုင်း ဖြေကြားကြပါသည်၊ ဥစ္ဆေဒဝါဒရှိကြသော ရဟန်းတို့ကလည်း "ဥစ္ဆေဒဝါဒီ မဟာရာဇ=

မြတ်သောမင်းကြီး....သဗ္ဗညုမြတ်စွာဘုရားသည် ဥစ္ဆေဒဝါဒ ရှိပါသည်”ဟု ဖြေကြားကြပါသည်၊ ကေစ္စသဿတဝါဒ,အန္တာနန္တိကဝါဒ, အမရာဝိက္ခေပိကဝါဒ အစရှိသော မိမိတို့ဆိုင်ရာ အယူဝါဒရှိကြကုန်သော ရဟန်းအစုတို့သည်လည်း မိမိတို့ယူရာ မိမိတို့ဝါဒကိုကိုင်၍ပင်လျှင် သဗ္ဗညုမြတ်စွာဘုရားသည် ကေစ္စသဿတဝါဒ ရှိပါသည်၊ အန္တာနန္တိကဝါဒရှိပါသည်၊ အမရာဝိက္ခေပဝါဒ ရှိပါသည် အစရှိသည်ဖြင့် ဖြေကြားကြပါသည်။

ထိုအခါ အသောကမင်းတရားသည် “ဤပုဂ္ဂိုလ်တို့သည်ကား သဗ္ဗညုမြတ်စွာဘုရား၏ တပည့်သားတို့ မဟုတ်ကုန်၊ စင်စစ်မူ ဤသာသနာပြင်ပ အညတိတ္ထိယ ပုဂ္ဂိုလ်တို့တည်း”ဟု အဝတ်ဖြူကိုပေးအပ်၍ လူဝတ်လဲစေခဲ့ပါသည်။

ယင်းသို့ အသောကမင်းတရား လူဝတ်လဲစေခဲ့ရသော သာသနာတော်ကို သုတ်သင်ရှင်းလင်းခဲ့ရသော အဓမ္မဝါဒီတိတ္ထိ အပေါင်းတို့ကား ခြောက်သောင်းမျှ ရှိကြပါကုန်သည်။

ထို့နောက် ကြွင်းကျန်သော သံဃာတော်အစုအဝေးကို ပင့်ဘိတ်၍ “ကိံ ဝါဒီ ဘန္တေ သမဏာသမ္မုဒ္ဓေါ= အရှင်ဘုရားတို့....သဗ္ဗညုမြတ်စွာဘုရားသည် အဘယ်ဝါဒရှိပါသနည်း”ဟု မေးမြန်း လျှောက်ထားလတ်သောအခါ ထေရဝါဒီ မထေရ်သူမြတ်တို့က “ဝိဘဇ္ဇဝါဒီ မဟာရာဇ=မြတ်သောမင်းကြီး....ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် သစ္စာလေးပါး တရားတို့ကို ခွဲခြမ်းစိတ်ဖြာ ဟောကြားတော်မူလေ့ရှိပေသည်”ဟု ဖြေကြားတော်မူလတ်ပါသည်။

ထိုအခါ အသောကမင်းတရားသည် မဟာမောဂ္ဂလိပုတ္တတိဿမထေရ်သူမြတ်ကို ခုံတင်၍ ဤအဖြေသည် မှန်ကန်သောအဖြေပင်ဖြစ်ကြောင်း၊ ဤရဟန်းတော် အရှင်သူမြတ်တို့သည် သဗ္ဗညုမြတ်စွာဘုရား၏ တပည့်သားသာဝကတို့ စင်စစ်ဖြစ်ကြကြောင်း ကောင်းစွာသိရှိပြီးလျှင် “အရှင်ဘုရားတို့....သာသနာတော် အညစ်အကြေးကား ကင်းစင်လတ်ပါပြီ၊ ဥပုသ်ပြုတော်မူကြပါ” ဟု ရိုသေစွာ တောင်းပန်၍ နန်းတော်သို့ပြန်ခဲ့ပါသည်။

ထိုနေ့မှာပင် မဟာမောဂ္ဂလိပုတ္တတိဿမထေရ် အမှူးပြုသော ခြောက်သန်းသော ရဟန်းတော် အရှင်သူမြတ်တို့သည် ပါဋလိပုတ်ပြည် အသော-

ကာရုံကျောင်းတိုက်အတွင်းဝယ် သံဃသာမဂ္ဂီ ဥပုသ်ပြုတော်မူကြပြီးလျှင် ထိုခြောက်သန်းမျှသော သံဃာအစုအဝေးဌာ မဟာမောဂ္ဂလိပုတ္တတိဿမထေရ်သူမြတ်သည် သဗ္ဗညုမြတ်စွာဘုရား ပေးအပ်သော နည်း၏ အစွမ်းအားဖြင့် သဗ္ဗညုမြတ်စွာဘုရား ထားတော်မူခဲ့သော ကထာစဉ် မာတိကာကို အကျယ်တဝင့် ဖွင့်ပြတော်မူသောအားဖြင့် သကဝါဒ ဘက်ဆိုင်ရာဌာ သုတ်ပေါင်းငါးရာ, ပရဝါဒ ဘက်ဆိုင်ရာဌာ သုတ်ပေါင်းငါးရာ ဤသို့ တထောင်သောသုတ်တို့ကို ဆောင်တော်မူ၍ ထိုခြောက်သန်းသော ရဟန်းတော်တို့၏ အစည်းအဝေးဌာ ပရဝါဒမထန သာသနာပြင်ပ ဗာဟိရဝါဒကို နှိမ်နှင်းကြောင်းဖြစ်သော ဤ ယခုအခါ ထင်ရှားသော အကျယ်ဖြစ်သော ကထာဝတ္ထုကျမ်းကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် မဟာ-မောဂ္ဂလိပုတ္တတိဿမထေရ် သူမြတ်သည် မြတ်စွာဘုရား ပရိနိဗ္ဗာန်လားတော်မူသည်မှ နောက်ကာလ အနှစ် နှစ်ရာ့တဆယ့်ရှစ်နှစ် မြောက်ဝယ် ပါဋလိပုတ်ပြည် အသောကာရုံကျောင်းအရပ်၌ ခြောက်သန်းသော ရဟန်းတော်တို့၏ အစည်းအဝေးဝယ် တတိယ သံဂါယနာသဘင် ယင်အံ့ဆဲကာလ၌ စိတ်ဖြာခဲ့ခြား အကျယ်တဝင့် ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

ကထာပေါင်း ၂၂၇-ပါး

ပု။ ။ကတိ အာဝုသော တတ္ထ ကထာယော တေန အာယသ္မတာ မဟာမောဂ္ဂလိပုတ္တတိဿတ္ထေရေန ဝိတ္ထာရတော ဝိဘဇိတ္ဝာ ကထိတာ။

ဝိ။ ။တတ္ထ ဘန္တေ ဝါစနာမဂ္ဂတော ဒ္ဝေ စ သတာနိ သတ္တဝိသတိ စ ကထာယော အာယသ္မတာ မဟာမောဂ္ဂလိပုတ္တတိဿတ္ထေရေန ဝိတ္ထာရတော ဝိဘဇိတ္ဝာ ကထိတာ။

မေး။ ။ထိုကထာဝတ္ထုကျမ်း၌ ထိုအရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်သည် အဘယ်မျှ မျှားပြားသောကထာတို့ကို အကျယ်ဝေဘန်၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

ဖြေ။ ။ထို ကထာဝတ္ထုကျမ်း၌ အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်သူမြတ်သည် ပုဂ္ဂလကထာအစ အပရိနိပ္ဖန္နကထာအဆုံး နှစ်ရာ့

နှစ်ဆယ့်ခုနစ်ပါးသော ကထာတို့ကို ဝါစနာမဂ္ဂ ချပို့ရိုးအစဉ်အားဖြင့် အကျယ်တဝင့် ဖွင့်ပြပိုင်းခြား ဟောကြားတော်မူအပ်ခဲ့ပါသည့် အရှင်ဘုရား။။

ပဋ္ဌလကထာ

ပု။ ။ကထဉ္စာဝုသော တတ္ထ ပဌမာ ပဋ္ဌလကထာ အာယသ္မတာ မဟာမောဂ္ဂလိပုတ္တတိဿတ္ထေရေန ဝိတ္ထာရတော ဝိဘဇိတ္ဝာ ကထိတာ။။

ဝိ။ ။ပဋ္ဌလော ဥပလဗ္ဘတိ သစ္စိကဋ္ဌပရမတ္ထေနာတိ၊ အာမန္တာ။။ ယော သစ္စိကဋ္ဌော ပရမတ္ထော၊ တတော သော ပဋ္ဌလော ဥပလဗ္ဘတိ သစ္စိကဋ္ဌပရမတ္ထေနာတိ၊ နဲ ဟေဝံ ဝတ္တဗ္ဗေ။။ အာဇာနာဟိ နိဂ္ဂဟံ ဟဉ္ဆိ ပဋ္ဌလော ဥပလဗ္ဘတိ သစ္စိကဋ္ဌပရမတ္ထေန၊ တေန ဝတ ရေ ဝတ္တဗ္ဗေ “ယော သစ္စိကဋ္ဌော ပရမတ္ထော၊ တတော သော ပဋ္ဌလော ဥပလဗ္ဘတိ သစ္စိကဋ္ဌပရမတ္ထေနာ”တိ။။ ယံ တတ္ထ ဝဒေသိ “ဝတ္တဗ္ဗေ ခေါ ‘ပဋ္ဌလော ဥပလဗ္ဘတိ သစ္စိကဋ္ဌ-ပရမတ္ထေန’၊ နော စ ဝတ္တဗ္ဗေ ‘ယော သစ္စိကဋ္ဌော ပရမတ္ထော၊ တတော သော ပဋ္ဌလော ဥပလဗ္ဘတိ သစ္စိကဋ္ဌပရမတ္ထေနာ”တိ၊ မိစ္ဆာတိ ဧဝမာဒိနာ ဘန္တေ တတ္ထ ပဌမာ ပဋ္ဌလကထာ ပဋ္ဌဘာဏဝါရမတ္တာယ တန္တိယာ အာယသ္မတာ မဟာမောဂ္ဂလိပုတ္တ-တိဿတ္ထေရေန ဝိတ္ထာရတော ဝိဘဇိတ္ဝာ ကထိတာ။။

မေး။ ။ထိုကထာဝတ္ထုကျမ်း၌ နှစ်ရာ့နှစ်ဆယ့်ခုနစ်ပါးသော ကထာတို့တွင် ရှေးဦးစွာသော ပဋ္ဌလကထာကို အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်သည် အဘယ်သို့သောအခြင်းအရာအားဖြင့် အကျယ်ဝေဘန်၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

ဖြေ။ ။ထို ကထာဝတ္ထုကျမ်းလာ နှစ်ရာ့နှစ်ဆယ့်ခုနစ်ပါးသော ကထာတို့တွင် “ပဋ္ဌလော ဥပလဗ္ဘတိ သစ္စိကဋ္ဌပရမတ္ထေနာတိ၊ အာမန္တာ” အစရှိသည်ဖြင့် ရှေးဦးစွာသော ပဋ္ဌိလ်သတ္တဝါ ထင်ရှားရှိ၏ဟူ၍ မိစ္ဆာဝါဒ ပရဝါဒ ဖောက်ပြန်သော မိစ္ဆာအယူဝါဒကို နှိမ်နင်းဖယ်ရှားရာဖြစ်သော

ပုဂ္ဂလကထာကို ဘာဏဝါရအရေအတွက်အားဖြင့် ငါးဘာဏဝါရ အတိုင်း အရှည်ရှိသော ပါဠိတော်အစဉ်ဖြင့် အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ် သူမြတ်သည် အကျယ်တဝင့် ဖွင့်ပြပိုင်းခြား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

အညာဏကထာ

ပု။ ။အဘိဓမ္မပိဋကေ အာဝုသော ကထာဝတ္ထုပ္ပကရဏေ ဒုတိယဝဂ္ဂေ ဒုတိယာ အညာဏကထာ အာယသ္မတာ မဟာမောဂ္ဂလိပုတ္တ-တိဿတ္ထေရေန ကထံ ဝိတ္ထာရတော ဝိဘဇိတ္ဝာ ကထိတာ။

ဝိ။ ။အဘိဓမ္မပိဋကေ ဘဒ္ဒန္တေ ပဉ္စမေ ကထာဝတ္ထုပ္ပကရဏေ ဒုတိယ-ဝဂ္ဂေ ဒုတိယာ အညာဏကထာ "အတ္ထိ အရဟတော အညာ-ဏန္တိ၊ အာမန္တာ။ အတ္ထိ အရဟတော အဝိဇ္ဇာ အဝိဇ္ဇောဃော အဝိဇ္ဇာယောဂါ အဝိဇ္ဇာနုသယော အဝိဇ္ဇာပရိယုဋ္ဌာနံ အဝိဇ္ဇာ-သံယောဇနံ အဝိဇ္ဇာနိဝရဏန္တိ၊ န ဟေဝံ ဝတ္တဗ္ဗေ။ နတ္ထိ အရဟ-တော အဝိဇ္ဇာ အဝိဇ္ဇောဃော အဝိဇ္ဇာယောဂါ အဝိဇ္ဇာနုသယော အဝိဇ္ဇာပရိယုဋ္ဌာနံ အဝိဇ္ဇာသံယောဇနံ အဝိဇ္ဇာနိဝရဏန္တိ၊ အာမန္တာ။ ဟဉ္စိ နတ္ထိ အရဟတော အဝိဇ္ဇာ အဝိဇ္ဇောဃော အဝိဇ္ဇာယောဂါ အဝိဇ္ဇာနုသယော အဝိဇ္ဇာပရိယုဋ္ဌာနံ အဝိဇ္ဇာ-သံယောဇနံ အဝိဇ္ဇာနိဝရဏံ၊ နော စ ဝတ ရေ ဝတ္တဗ္ဗေ "အတ္ထိ အရဟတော အညာဏ"န္တိ ဝေမာဒိနာ အာယသ္မတာ မဟာ-မောဂ္ဂလိပုတ္တတိဿတ္ထေရေန ဝိတ္ထာရတော ဝိဘဇိတ္ဝာ ဘာသိတာ။

မေး။ ။အဘိဓမ္မပိဋက ကထာ၀တ္ထုကျမ်း ဒုတိယဝဂ်၌ နှစ်ခုမြောက် ဖြစ်သော အညာဏကထာကို အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်မြတ် သည် အဘယ်သို့သော အခြင်းအရာအားဖြင့် အကျယ် ဝေဘန်၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

ဖြေ။ ။အဘိဓမ္မပိဋကဉ် ငါးခုမြောက် ဖြစ်သော ကထာဝတ္ထု ကျမ်းဝယ် နှစ်ခုမြောက်ဖြစ်သော အညာဏကထာကို "အတ္ထိ အရဟတော ။ပ။ န ဟေဝံ ဝတ္တဗ္ဗေ" အစရှိသည်ဖြင့် ဟောကြားတော်မူအပ်ပါသည်။

အနည်းငယ်မျှ ဖွင့်ပြ လျှောက်ထားလိုပါ့သည်၊ ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာ ဤသစ္စာလေးပါးကို မသိခြင်း မောဟတရားကို အညာဏဟူ၍ဂင်း အဝိဇ္ဇာဟူ၍ဂင်း အဝိဇ္ဇောဃ ဟူ၍ဂင်း အဝိဇ္ဇာယောဂ ဟူ၍ဂင်း အဝိဇ္ဇာနုသယဟူ၍ဂင်း အဝိဇ္ဇာပရိယုဋ္ဌာန် အဝိဇ္ဇာသံယောဇဉ် အဝိဇ္ဇာနီဝရဏဟူ၍ဂင်း ခေါ်ဆိုအပ်ပါသည်။လောကဝေါဟာရပညတ်မျိုးဖြစ်သော ထိုထို မိန်းမယောကျ်ား၏ အမည်အမျိုး အနွယ် အစရှိသည်ကို မသိခြင်းကိုကား အညာဏဟူ၍ မခေါ်အပ်ပါ၊ မောဟဟူ၍လည်း မခေါ်ဆိုအပ်ပါ၊ အဝိဇ္ဇာ, အဝိဇ္ဇောဃ, အဝိဇ္ဇာယောဂ, အဝိဇ္ဇာနုသယ, အဝိဇ္ဇာပရိယုဋ္ဌာန်, အဝိဇ္ဇာသံယောဇဉ်, အဝိဇ္ဇာနီဝရဏဟူ၍ မခေါ်ဆိုအပ်ပါ။

ပရဝါဒီပုဂ္ဂိုလ်၏အလိုမှာ ထိုထိုမိန်းမယောကျ်ား အစရှိသောပုဂ္ဂိုလ်တို့၏ အမည်အမျိုးအစရှိသော ပညတ်ကို မသိခြင်းတရားကို အညာဏ မောဟဟူ၍ ခေါ်ဆိုသည်ဟု ယူမှားပြီးလျှင် အချိုအချိုသော ရဟန္တာသခင် အရှင်သူမြတ်တို့သည် ထိုထိုမိန်းမယောကျ်ားတို့၏ အမည် အမျိုး အနွယ်ပညတ်စသည်ကို မသိကြကုန်၊ သို့ရကား ထိုရဟန္တာသခင် အရှင်သူမြတ်တို့အား မသိခြင်း အညာဏ မောဟတရားသည် ရှိ၏ဟူ၍ အယူမှား ရှိကြပါကုန်သည်။

ယင်းသို့ ရဟန္တာအရှင်သခင်သူမြတ်တို့၌ မသိခြင်း အညာဏတရားရှိ၏ဟူ၍ ယူမှားကြသောပရဝါဒီ ပုဂ္ဂိုလ်တို့၏ မိစ္ဆာဝါဒကို နှိမ်နင်းတော်မူအံ့သောငှါ“အတ္ထိ အရဟတော အညာဏံ”ဟူ၍ သကဝါဒီပုဂ္ဂိုလ်က——

အရှင် ပရဝါဒီ....ရဟန္တာသခင် အရှင်သူမြတ်အား အညာဏ-မသိခြင်း မောဟတရား ရှိပါသလောဟု မေးမြန်းလတ်ပါသည်။

ထိုအခါ ပရဝါဒီပုဂ္ဂိုလ်က“အာမန္တာ”ဟူ၍ရဟန္တာသခင်အရှင်သူမြတ်၏ အချိုအချိုသော မိန်းမယောကျ်ားတို့၏ အမည်အမျိုးအနွယ်စသောပညတ်ကို မသိခြင်းကို အစဲပြု၍ ရဟန္တာပုဂ္ဂိုလ်အား အညာဏ-မသိခြင်း မောဟရှိကြောင်း“အာမန္တာ”ဟူ၍ ဝန်ခံလိုက်ပါသည်။

ထိုအခါ သကဝါဒီပုဂ္ဂိုလ်က ရဟန္တာသခင် အရှင်သူမြတ်အား အညာဏမသိခြင်း မောဟတရား အကယ်၍ ရှိခဲ့ပါမူ မသိခြင်း မောဟတရားနှင့်

တရားကိုယ် အသီးအခြား တပါးမဟုတ် တရားကိုယ် တူညီသော အဝိဇ္ဇာ, အဝိဇ္ဇာဃ ။ပ။ အဝိဇ္ဇာနီဝရဏ—ဤတရားတို့ ရှိပါသလော ဟု မေးမြန်း အံ့သောငှါ အဝိဇ္ဇာ, အဝိဇ္ဇောဃော, အဝိဇ္ဇာယောဂေါ, အဝိဇ္ဇာနုသယော, အဝိဇ္ဇာပရိယုဋ္ဌာနံ, အဝိဇ္ဇာသံယောဇနံ, အဝိဇ္ဇာနီဝရဏံ ဟု မေးမြန်းလတ် သောအခါပရဝါဒီပုဂ္ဂိုလ်က ရဟန္တာသခင်အရှင်သူမြတ်တို့အား အရဟတ္တ မဂ်ဉာဏ် အာသဝက္ခယဉာဏ်သို့ ရောက်တော်မူသော ကာလဝယ် အဝိဇ္ဇာ-ဝိဟတာ ဝိဇ္ဇာဥပ္ပန္နာအစရှိသည်ဖြင့် အဝိဇ္ဇာကို အကြွင်းမဲ့ပယ်ရှားအပ်ပြီး ဖြစ်ကြောင်း သဗ္ဗညုမြတ်စွာဘုရား ဟောထားတော်မူချက် ရှိသဖြင့် ထို ပါဠိတော်မျှားနှင့် ဆန့်ကျင်မည်စိုးသဖြင့်—

နှ ဟေဝံ ဝတ္တဗ္ဗေ။

အို-သကဝါဒီဆရာ....ရဟန္တာသခင် အရှင်သူမြတ်အား အဝိဇ္ဇာ ။ပ။ အဝိဇ္ဇာနီဝရဏတို့ကား ရှိ၏ဟူ၍ မဆိုအပ်ပါဟူ၍ ဖြေဆိုပယ်မြစ်ခဲ့ပြန်ပါသည်။

တဖန် သကဝါဒီ ပုဂ္ဂိုလ်က "နတ္ထိ အရဟာတော အဝိဇ္ဇာ ။ပ။ အဝိဇ္ဇာ-နီဝရဏံ" ဟု အိုအချင်း ပရဝါဒီပုဂ္ဂိုလ်.... ရဟန္တာပုဂ္ဂိုလ်အရှင်သခင်သူမြတ် အား အဝိဇ္ဇာတရား, အဝိဇ္ဇောဃခေါ်သောတရား, ။ပ။ အဝိဇ္ဇာနီဝရဏ တရား မရှိဘူးလော?ဟု မေးမြန်းလတ်ပါသည်။

ထိုအခါပရဝါဒီပုဂ္ဂိုလ်က"အာမန္တာ"ဟူ၍ ရဟန္တာပုဂ္ဂိုလ်အား အဝိဇ္ဇာ ။ပ။ အဝိဇ္ဇာနီဝရဏတရားတို့ မရှိကြောင်း ဝန်ခံပြန်ပါသည်။

ထိုအခါ သကဝါဒီ ပုဂ္ဂိုလ်က ပရဝါဒီ၏ မူလအယူဖြစ်သော ရဟန္တာ ပုဂ္ဂိုလ်အား အညာဏ မသိခြင်း မောဟတရားနှင့် အဝိဇ္ဇာ, အဝိဇ္ဇောဃ, ။ပ။ အဝိဇ္ဇာနီဝရဏ တရားတို့သည် တရားကိုယ်သီးခြား တပါးစီမဟုတ်၊ တခုတည်းပင်ဖြစ်သောကြောင့် ရဟန္တာသခင် အရှင်သူမြတ်အား အဝိဇ္ဇာ, ။ပ။ အဝိဇ္ဇာနီဝရဏ တရားတို့ အကယ်၍ မရှိလတ်ပါမူ ရဟန္တာပုဂ္ဂိုလ်အား မသိခြင်း အညာဏ မောဟတရားရှိ၏ ဟူ၍ အချင်း ပရဝါဒီ ပုဂ္ဂိုလ် သည် မဆိုထိုက်ဟူ၍ "ဟဉ္စိ နတ္ထိ အရဟာတော အဝိဇ္ဇာ အဝိဇ္ဇောဃော

အဝိဇ္ဇာယောဂေါ အဝိဇ္ဇာနုသယော အဝိဇ္ဇာပရိယုဋ္ဌာနံ အဝိဇ္ဇာသံယောဇနံ အဝိဇ္ဇာနိဝရဏံ၊ နော စ ဝတ ရေ ဝတ္တဗ္ဗေ အတ္ထိ အရဟတော အညာဏံ'' အစရှိသည်ဖြင့် ရဟန္တာသခင် အရှင်သူမြတ်တို့အား အညာဏခေါ်သော မောဟတရားတို့ လုံးဝမရှိကြောင်းကို တည်စေရာ တည်စေကြောင်းဖြစ်သော ဤအညာဏကထာမည်သော ကထာစကားကို တတိယသံဂါယနာမှူး ဖြစ်တော်မူသော အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ် သူမြတ်သည် လျှောက်ဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် အကျယ်တဝင့် ဖွင့်ပြ ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

အသညကထာ

ပု။ ။အဘိဓမ္မပိဋကေ အာဝုသော ပဋ္ဌမေ ကထာဝတ္ထုပ္ပကရဏေ တတိယဝဂ္ဂေ ကောဒသမာ အသညကထာ အာယသ္မတာ မဟာမောဂ္ဂလိပုတ္တတိဿတ္ထေရေန ကထံ ဝိတ္ထာရတော ဝိဘဇိတ္ဝာ ကထိတာ။

ဝိ။ ။အဘိဓမ္မပိဋကေ ဘန္တေ ပဋ္ဌမေ ကထာဝတ္ထုပ္ပကရဏေ တတိယဝဂ္ဂေ ကောဒသမာ အသညကထာ "အသညသတ္တေသု သညာ အတ္ထီတိ၊ အာမန္တာ။ သညာဘဝေါ သညာဂတိ သညာသတ္တာဝါသော သညာသံသာရော သညာယောနိ သညတ္တဘာဝပဋိလာဘောတိ၊ န ဟေဝံ ဝတ္တဗ္ဗေ" တိ ဧဝမာဒိနာ အာယသ္မတာ မဟာမောဂ္ဂလိပုတ္တတိဿတ္ထေရေန ဝိတ္ထာရတော ဝိဘဇိတ္ဝာ ကထိတာ။

မေး။ ။အဘိဓမ္မပိဋကင်းခုမြောက်ဖြစ်သော ကထာဝတ္ထုကျမ်းဝယ် သုံးခုမြောက်ဖြစ်သော ဝဂ်၌ တဆယ့်တခုမြောက်ဖြစ်သော အသညကထာကို အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်သည် ဘယ်သို့သော အခြင်းအရာအားဖြင့် အကျယ်ဝေဘန်၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

ဖြေ။ ။အဘိဓမ္မပိဋကင်းခုမြောက်ဖြစ်သော ကထာဝတ္ထုကျမ်းဝယ် တတိယဝဂ်၌ တဆယ့်တခုမြောက်ဖြစ်သော အသညကထာကို "အသည-

သတ္တောသု သညာ အတ္ထိတိ၊ အာမန္တာ” အစရှိသည်ဖြင့် အရှင်မဟာမောဂ္ဂလိ-ပုတ္တတိဿမထေရ်သူမြတ် အကျယ်တဝင့် ဖွင့်ပြ ဟောကြားတော်မူအပ်ပါသည်။

အနည်းငယ်မျှ လျှောက်ထားလိုပါသည်—

အန္ဓကဆရာတို့ကဲ့သို့သော အချို့သော အဓမ္မဝါဒီ, ပရဝါဒီပုဂ္ဂိုလ်တို့သည် “သခ်ါရပစ္စယာ ဝိညာဏံ”ဟူ၍ မြတ်စွာဘုရား ဟောတော်မူသောကြောင့်၎င်း, “သန္တိ ဘိက္ခဝေ အသညသတ္တာ နာမ ဒေဝါ သည္ဂပါဒါ စ ပန၊ တေ ဒေဝါ တမှာ ကာယာ စဝန္တိ”ဟု သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်သောကြောင့်၎င်း အသညသတ်ဘုံ၌ ဖြစ်သော သတ္တဝါတို့သည်လည်း ရူပါဝစရပဉ္စမစျာန် တည်းဟူသော ပုညာဘိသခ်ါရကြောင့် ဖြစ်ကြသော သတ္တဝါတို့မှန်ရကား ထိုအသညသတ်ဘုံ၌ဖြစ်သော သတ္တဝါတို့သည် “သခ်ါရပစ္စယာ ဝိညာဏံ” ဟူသော ပဋိစ္စသမုပ္ပါဒပါဠိတော်အရ ဝိညာဉ်နှင့်မကင်းနိုင်၊ ဝိညာဉ်နှင့် မကင်းနိုင်ပါကလည်း ထိုအသညသတ် ဗြဟ္မာတို့အား သညာတရားလည်းရှိ၏ ဟူ၍၎င်း, “သည္ဂပါဒါ စ ပန တေ ဒေဝါ တမှာ ကာယာ စဝန္တိ” ဟူသော ပါဠိတော်အရ သညာတရား ဖြစ်ပွါးခြင်းကြောင့် ထိုအသညသတ် ဗြဟ္မာတို့သည် အသညသတ် ဗြဟ္မာ့ပြည်မှ စုတေကြကုန်သည်ဟု ဟောတော်မူအပ်ရကား ထို အသညသတ် ဗြဟ္မာတို့ဝယ် စုတေခါနီးကာလ၌ သညာတရားဖြစ်၏ ဟူ၍၎င်း ဖောက်ပြန် မှားယွင်းစွာ ယူကြပြီးလျှင် အသညသတ်ဗြဟ္မာတို့၌ သညာတရားရှိ၏ဟူ၍ မှားယွင်းချက်ချော်သော ဝါဒစကားကို ပြောကြားကြပါကုန်သည်။

ထိုသို့ ဖောက်ပြန်မှားယွင်းသော မိစ္ဆာဝါဒကို ပယ်ရှားတော်မူဘို့ရန် အလို့ငှါ ဤအသညကထာမည်သော ကထာစကားရပ်၌ သကဝါဒီပုဂ္ဂိုလ်သူမြတ်က—

အသညသတ္တောသု သညာ အတ္ထိ။

အခြင်း ပရဝါဒီ.... အသညသတ်သတ္တဝါတို့၌ သညာတရားရှိသလော? ဟု မေးမြန်းလတ်ပါသည်။

ပရဝါဒီပုဂ္ဂိုလ်က မိမိမူလယူဆရင်းအတိုင်း အသညသတ်ဘုံ၌ ပဋိသန္ဓေအခါ စုတေအခါကာလဝယ် သညာရှိ၏ဟု ယူဆပြီးလျှင် "အာမန္တာ" ဟု ဖြေမှားခဲ့ပါသည်။

ထိုအခါ သကဝါဒီ ပုဂ္ဂိုလ်က——

သညာဘဝေါ သညာဂတိ သညာသတ္တာဝါသော သညာသံသာရော သညာယောနိ သညတ္တဘာဝပဋိလာဘောဝါ။

အချင်း ပရဝါဒီ....အသညသတ် ဗြဟ္မာတို့၌ သညာရှိခဲ့သော် ထို အသညသတ်ဘုံသည် သညာဘဝမျိုးလော?၊ သညာဂတိမျိုးလော?၊ သညာရှိသောဘဝ, သညာရှိသောဂတိ, သညာရှိသော သတ္တာဝါသ, သညာရှိသော သံသရာ, သညာရှိသော ယောနိ, သညာရှိသော အတ္တဘောကို ရခြင်းမျိုးလော? ဟု မေးမြန်းတော်မူလတ်သောအခါ ပရဝါဒီ ပုဂ္ဂိုလ်သည်——

နော ဟေဝံ ဝတ္တဗ္ဗေ။

အို သကဝါဒီဆရာ.... ဤသို့ အသညသတ်ဘုံကို သညာဂတိ, သညာသတ္တာဝါသ, သညာသံသာရ, သညာယောနိ, သညာအတ္တဘာဝပဋိလာဘ ဟူ၍ကား မဆိုအပ်ပါဟု ပယ်ရှားပြန်ပါသည်။

ထိုအခါ သကဝါဒီ ပုဂ္ဂိုလ်က——

နနု အသညဘဝေါ အသညဂတိ အသညသတ္တာဝါသော အသညသံသာရော အသညယောနိ အသညတ္တဘာဝပဋိလာဘောဝါ။

အချင်း ပရဝါဒီ.... အသညသတ်ဘုံသည် သညီဘဝ, အသညီဘဝ, နေဝသညီ နာသညီ ဘဝတည်းဟူသော ဘဝသုံးမျိုးတို့တွင် အသညီဘဝပင် မဟုတ်ပါလော?၊ အသညီဂတိပင် မဟုတ်ပါလော?၊ သညာမရှိသော သတ္တာဝါသ, သညာမရှိသော သံသရာ, သညာမရှိသော ယောနိ, သညာမရှိသည့် အတ္တဘောကိုရခြင်းပင် မဟုတ်ပါလော? ဟု မေးမြန်းတော်မူလတ်ပါသည်။

ပရဝါဒီပုဂ္ဂိုလ်က ထိုအတိုင်းမှန်ပါကြောင်း "အာမန္တာ" ဟု ဝန်ခံသည်တွင် သကဝါဒီပုဂ္ဂိုလ်က——

ဟဠို အသညာဝေါ အသညကတိ အသညသတ္တာဝါသော အသညသံသာရော အသညယောနိ အသညတ္တဘာဝပဋိလာဘော၊ နော စ ဝတရေ ဝတ္တမ္မေ အသညသတ္တောသု သညာ အတ္ထိ။

အချင်း ပရဝါဒီ.... အကယ်၍ အသညသတ်ဘုံသည် အသညကတိမျိုး, အသညဘဝမျိုး, အသညယောနိ, အသညသတ္တာဝါသ, အသညသံသရာမျိုးဖြစ်ခဲ့လျှင် "အသညသတ္တောသု သညာ အတ္ထိ = အသညသတ်ဗြဟ္မာတို့၌ သညာရှိ၏"ဟူ၍ အချင်း ပရဝါဒီသည် မဆိုသင့်ဟူ၍ ပယ်ရှားပြန်ပါသည်။

တဖန်ထပ်၍ သကဝါဒီက —

အသညသတ္တောသု သညာ အတ္ထိ။

အချင်း ပရဝါဒီ....**အ**သညသတ်ဗြဟ္မာတို့၌ သညာရှိ၏ဟူ၍ အယူရှိပါသေးသလော? ဟု မေးမြန်းပါသည်။

ပရဝါဒီပုဂ္ဂိုလ်က မိမိမူလယူရင်းအယူကို မစွန့်ဘဲ "အာမန္တာ" ဟု သညာရှိကြောင်း ဝန်ခံပြန်ပါသည်။

ထိုအခါ သကဝါဒီပုဂ္ဂိုလ်က—

ပဥ္စဝေါကာရဘဝေါ ဂတိ သတ္တာဝါသော သံသာရော ယောနိ အတ္တဘာဝပဋိလာဘော။

အချင်း ပရဝါဒီ.... အကယ်၍ အသညသတ်ဗြဟ္မာတို့၌ သညာရှိခဲ့သော် ရူပက္ခန္ဓာသာလျှင် မဟုတ်၊ ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ တည်းဟူသော ခန္ဓာငါးမျိုးပင် ရှိရလိမ့်မည်။ ရူပက္ခန္ဓာနှင့် တကွ ဝေဒနာက္ခန္ဓာ။ပ။ ဝိညာဏက္ခန္ဓာဟူ၍ ခန္ဓာငါးမျိုးပင် ရှိရလိမ့်မည်။ ယင်းသို့ဖြစ်လျှင် အသညသတ်ဘုံသည် ပဥ္စဝေါကာရ ခန္ဓာငါးမျိုးရှိသော ဘုံဖြစ်သလောဟု မေးမြန်းပါသည်။

ပရဝါဒီပုဂ္ဂိုလ်က ဤအချက်ကို လက်မခံနိုင်သဖြင့် "နော ဟေဝံ ဝတ္တမ္မေ= ဤသို့ အသညသတ်ဘုံကို ပဥ္စဝေါကာရခန္ဓာငါးပါးရှိသော ဘုံဟူ၍ကား မဆိုထိုက် မဆိုသင့်"ဟု ပယ်ရှားခဲ့ပြန်ပါသည်။

ထိုအခါ သကဝါဒီပုဂ္ဂိုလ်က—

နနု ကေဝါကာရဘဝေါ ဂတိ သတ္တာဝါသော သံသာရော ယောနိ အတ္တဘာဝပဋိလာဘောဝါ။

အချင်း ပရဝါဒီ.... အသညသတ်ဘုံသည် ခန္ဓာတမျိုးသာရှိသည့်ဘုံ, ခန္ဓာတမျိုးသာရှိသည့် ဂတိ, ခန္ဓာတမျိုးသာရှိသည့် သတ္တာဝါသ, ခန္ဓာတမျိုးသာရှိသည့် သံသရာ, ခန္ဓာတ့မျိုးသာရှိသည့် ယောနိ, ခန္ဓာတမျိုးသာရှိသည့် အတ္တဘာဝပဋိလာဘမျိုးပင် မဟုတ်ပါလော? ဟု မေးမြန်းပြန်ပါသည်။

ပရဝါဒီပုဂ္ဂိုလ်က "အာမန္တာ"ဟူ၍ ခန္ဓာတမျိုးသာ ရှိသည့် ကေဝါကာရဘုံ ဖြစ်ကြောင်း ဝန်ခံသောအခါ သကဝါဒီပုဂ္ဂိုလ်က—

ဟဉ္စိ ကေဝါကာရဘဝေါ ဂတိ သတ္တာဝါသော သံသာရော ယောနိ အတ္တဘာဝပဋိလာဘောဝါ၊ နော စ ဝတ ရေ ဝတ္တဗ္ဗေ အသညသတ္တောသုသညာ အတ္ထီ။

အချင်း ပရဝါဒီ.... အကယ်၍ အသညသတ်ဘုံသည် ရူပက္ခန္ဓာ တမျိုးသာရှိသည့် ဘဝမျိုး, ရူပက္ခန္ဓာတမျိုးသာရှိသည့် ဂတိမျိုး, သတ္တာဝါသမျိုး, သံသရာ, ယောနိ, အတ္တဘာဝပဋိလာဘမျိုး အသင်ပြောသည့်အတိုင်း မှန်ကန်ပါလျှင် အသညသတ်ဘုံ၌ သညာရှိ၏ဟူ၍ အချင်း ပရဝါဒီပုဂ္ဂိုလ်သည် မဆိုထိုက်မဆိုသင့်ဟူ၍ ပရဝါဒီ၏ အယူဝါဒကို ပယ်ရှားပြန်ပါသည်။

ဤသို့ အစရှိသည်ဖြင့် အသညသတ် ဗြဟ္မာ့ပြည်၌ အသညသတ် ဗြဟ္မာတို့၏ သန္တာန်၌ သညာရှိ၏ဟူ၍ အယူမှား ဖောက်ပြန် ခွါယွင်းသော အယူဝါဒကို ပယ်ရှားရာဖြစ်သော ဤအသညကထာကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာဖြင့် တတိယ သံဂါယနာမှူးဖြစ်တော်မူသော မဟာမောဂ္ဂလိပုတ္တတိဿမထေရ် သူမြတ်သည် အကျယ်တဝင့် ဖွင့်ပြပိုင်းခြားဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ဆဋ္ဌဝဂ်

ပထဝီဓာတုသနိဒဿနာတိအာဒိကထာ

ပု။ ။ဆဋ္ဌဝဂ္ဂေ ပန အာဝုသော အဋ္ဌမာ ပထဝီဓာတု သနိဒဿနာတိ-အာဒိကထာ အာယသ္မတာ မဟာမောဂ္ဂလိပုတ္တတိဿတ္ထေရေန ကထံ ဝိတ္ထာရတော ဝိဘင်္ဂတ္ထာ ကထိတာ။

ဝိ။ ။ဆဋ္ဌဝဂ္ဂေ ဘဂ္ဂေ အဋ္ဌမာ ပထဝီဓာတု သနိဒဿနာတိအာဒိ-ကထာ "ပထဝီဓာတု သနိဒဿနာတိ အာမန္တာ။ ရူပံ ရူပါယတနံ ရူပဓာတု နီလံ ပီတကံ လောဟိတကံ ဩဒါတံ စက္ခုဝိညေယ္ယံ စက္ခုသမ္ဖဿပဋိဟညတိ စက္ခုဿ အာပါထံ အာဂစ္ဆတီတိ၊ န ဟေဝံ ဝတ္တဗ္ဗေ"တိ ဧဝမာဒိနာ အာယသ္မတာ မဟာမောဂ္ဂလိပုတ္တတိဿ-တ္ထေရေန ဝိတ္ထာရတော ဝိဘင်္ဂတ္ထာ ကထိတာ။

မေး။ ။ဆဋ္ဌဝဂ်၌ ရှစ်ခုမြောက်ဖြစ်သော ပထဝီဓာတ်ကို မြင်ကောင်း၏ဟု ယူသော အယူဝါဒတို့ ပယ်မြစ်ရာဖြစ်သော ပထဝီဓာတုသနိဒဿန ကထာ အစရှိသော ကထာလေးရပ်ကို အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်သည် အာဘယ်သို့သောအခြင်းအရာဖြင့် အကျယ်ဝေဘန်၍ ဟောကြား တော်မူခဲ့ပါသနည်း ငါ့ရှင်။

ဖြေ။ ။ဆဋ္ဌဝဂ်၌ ရှစ်ခုမြောက်ဖြစ်သော ပထဝီဓာတ်ကို မြင်ကောင်း သည်၊ အာပေါဓာတ်ကို မြင်ကောင်းသည်၊ တေဇောဓာတ်ကို မြင်ကောင်း သည်၊ ဝါယောဓာတ်ကို မြင်ကောင်းသည်ဟူ၍ ဖောက်ပြန်မှားယွင်းသော အယူဝါဒကို ပယ်ရှားရာဖြစ်သော ပထဝီဓာတုသနိဒဿန အစရှိသောကထာ လေးမျိုးကို "ပထဝီဓာတု သနိဒဿနာတိ အာမန္တာ" အစရှိသည်ဖြင့် မဟာ မောဂ္ဂလိပုတ္တတိဿ မထေရ်သူမြတ် အကျယ်ဖွင့်ပြ ဟောကြားတော် မူအပ်ပါသည်။

အနည်းငယ်မျှ လျှောက်ထားလိုပါသည် —

အခြို့သော အန္ဓကဆရာဂိုဏ်းကဲ့သို့သော ပုဂ္ဂိုလ်မျိုးက ပကတိ သဿတာရမြဲကြီး, ပကတိသဿတာရရေ, ပကတိသဿတာရမီး, ပကတိ

သသမ္ဘာရလေတိုက်ခတ်သဖြင့် သစ်ပင်သစ်ကိုင်းစသည်တို့၏ လှုပ်ရှားမှုကို မြင်ရသဖြင့် ပထဝီဓာတ်ကို မျက်စိဖြင့် မြင်ကောင်းသည်၊ အာပေါဓာတ်ကို မျက်စိဖြင့် မြင်ကောင်းသည်၊ တေဇောဓာတ်ကို မျက်စိဖြင့် မြင်ကောင်းသည်၊ ပါယောဓာတ်ကို မျက်စိဖြင့် မြင်ကောင်းသည်ဟူ၍ ဖောက်ပြန်မှားယွင်းစွာ အယူရှိကြပါကုန်သည်။

စင်စစ်သော်ကား ပထဝီဓာတ်, တေဇောဓာတ်, ဝါယောဓာတ်တို့သည် ပရမတ္ထအားဖြင့် ဖောဋ္ဌဗ္ဗရုပ်တို့သာလျှင် ဖြစ်သောကြောင့် ပရမတ်ဖြစ်သော ပထဝီဓာတ်, တေဇောဓာတ်, ဝါယောဓာတ်တို့ကို မျက်စိဖြင့် မြင်ကောင်းသည်မဟုတ်၊ ကာယဒွါရဖြင့်သာ တွေ့ထိကောင်းသော အရာတို့ဖြစ်ပါသည်။ အာပေါဓာတ်မှာလည်း ဓမ္မာရုံမျိုးဖြစ်သဖြင့် မျက်စိဖြင့် မြင်ကောင်းသောအရာမဟုတ်၊ စိတ်ဖြင့်သာလျှင် သိအပ်ကောင်းသော အရာဖြစ်ပါသည်။

ပရဝါဒီ ပုဂ္ဂိုလ်သည်ကား ပရမတ္ထ ပထဝီ, သသမ္ဘာရပထဝီ၊ ပရမတ္ထအာပေါ, သသမ္ဘာရ အာပေါ၊ ပရမတ္ထတေဇော, သသမ္ဘာရတေဇော၊ ပရမတ္ထဝါယော,သသမ္ဘာရဝါယောဟူ၍ ပထဝီ,အာပေါ,တေဇော,ဝါယောတို့ကို ခဲခြမ်းစွာ မသိနိုင်ဘဲ ပထဝီ, အာပေါ, တေဇော, ဝါယောဓာတ်ကို မျက်စိဖြင့် မြင်ကောင်းသည် ဟူ၍ ဖောက်ပြန်မှားယွင်းစွာ ပြောဆိုခဲ့ပါသည်။

ယင်းသို့ ပထဝီ,အာပေါ, တေဇော, ဝါယောတည်းဟူသော ဓာတ်ကြီးလေးပါးကို မြင်ကောင်းသည့် သနိဒဿနတရားတို့ ဖြစ်သည်ဟူ၍ ပြောဆိုသော ပရဝါဒီ မိစ္ဆာဝါဒီ ပုဂ္ဂိုလ်အား နှိမ်နင်းရန်အလို့ငှါ သကဝါဒီ ပုဂ္ဂိုလ်က ရှေးဦးစွာ ပရဝါဒီ၏ အလိုအတိုင်း---

ပထဝီဓာတု သနိဒဿနာ။

အချင်း ပရဝါဒီ....ပထဝီဓာတ်သည် မြင်အပ်သော သဘောနှင့် တကွဖြစ်သော တရားမျိုးလော?ဟု မေးမြန်းပါသည်။

ပရဝါဒီပုဂ္ဂိုလ်က မိမိ၏အယူဝါဒအတိုင်း "အာမန္တာ"ဟူ၍ မြင်အပ်သော သဘောနှင့်တကွဖြစ်ကြောင်း ဝန်ခံမှားခဲ့ပါသည်။

ထိုအခါ သကဝါဒီပုဂ္ဂိုလ်က ''ရူပံ ရူပါယတနံ ရူပဓာတု နီလံ ပီတကံ ဩဒါတံ''အစရှိသည်ဖြင့် အချင်းပရဝါဒီ.... ပထဝီဓာတ်ကို မျက်စိဖြင့် မြင်ကောင်း၏ဟူလျှင် ရူပါရုံလော?၊ ရူပါယတနလေလော?၊ ရူပဓာတ်လေလော?၊ အည်ိလော?၊ အရှေလော?၊ အဖြူလော?၊ အနီလော?၊ ပထဝီဓာတ်သည် စက္ခုဝိညေယျ တရားလေလော?၊ ပထဝီဓာတ်သည် စက္ခုဒ္ဒါရဋ္ဌ ထိခိုက်သော တရားလော?၊ ပထဝီဓာတ်သည် စက္ခုအာဒး ထင်ခြင်းသို့ ရောက်သလော? ဟု မေးမြန်းလတ်ပါသည်။

ထိုအခါ ပရဝါဒီပုဂ္ဂိုလ်က ''န ဟေဝံ ဝတ္တဗ္ဗေ=ဤသို့သော်ကား မဆို ရပါ''ဟု ပယ်ရှားပြန်ပါသည်။

တဖန် သကဝါဒီပုဂ္ဂိုလ်က ''ပထဝီဓာတု သနိဒဿနာ''ဟူ၍ အချင်း ပရဝါဒီ....ပထဝီဓာတ်ကို မြင်ကောင်းပါသလော?ဟု မေးမြန်းပြန်ပါသည်။

ပရဝါဒီကလည်း ရှေးနည်းအတူပင် ''အာမန္တာ''ဟူ၍ မြင်ကောင်း ကြောင်း ဝန်ခံပြန်ပါသည်။

ထိုအခါ သကဝါဒီပုဂ္ဂိုလ်က——

စက္ခုဥ္စ ပဋိစ္စ ပထဝီဓာတုဥ္စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။

အချင်းပရဝါဒီ....ပထဝီဓာတ်ကို မြင်ကောင်းသည်ဟူလျှင် စက္ခုပသာဒ စက္ခုဒ္ဒါရကိုဌင်း, ပထဝီဓာတ်ကိုဌင်း နှစ်ပါးကို အစဲပြု၍ စက္ခုဝိညာဉ် ဖြစ်နိုင်ပါသလောဟု ပရမတ္ထစစ်စစ်ကို ကိုင်၍မေးမြန်းသောအခါ——

''န ဟေဝံ ဝတ္တဗ္ဗေ''ဟု ပရဝါဒီပုဂ္ဂိုလ်က''စက္ခုဥ္စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ''အစရှိသော သုတ္တန်တိုနှင့် ဆန့်ကျင်မည့် အရေးကို မြင် သဖြင့် ဤသို့ စက္ခုဒ္ဒါရနှင့် ပထဝီဓာတ် နှစ်ပါးကိုစဲ၍ စက္ခုဝိညာဉ် ဖြစ်သည်ကား မဟုတ်ပါဟူ၍ ပယ်ရှားလတ်ပြန်ပါသည်။

ထိုအခါ သကဝါဒီပုဂ္ဂိုလ်က တဖန်ထပ်၍ ''စက္ခုဥ္စ ပဋိစ္စ ပထဝီဓာတုဥ္စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ''ဟု အချင်းပရဝါဒီ....စက္ခုဒ္ဒါရနှင့် ပထဝီဓာတ်နှစ်ပါး ကိုစဲ၍ မြင်မှု စက္ခုဝိညာဉ်ဖြစ်ပါသလော? ဟု တဖန်ထပ်၍ မေးမြန်းလတ် သောအခါ ပရဝါဒီပုဂ္ဂိုလ်သည် ဇွတ်အတင်းပင် ပရမတ္ထတရား, သုတ္တန်တို့ကို မထောက်ထားနိုင်တော့ဘဲ ''အာမန္တာ''ဟူ၍ ဝန်ခံမှားပြန်ပါသည်။

ထိုအခါ သကဝါဒီပုဂ္ဂိုလ်က ယင်းသို့ဖြစ်လျှင် "စက္ခုဠု ပဋိစ္စ ပထဝီ-ဓာတုဠု ဥပဇ္ဈတိ စက္ခုဝိညာဏံ"ဟု မြတ်စွာဘုရား ပါဠိတော်မျှား ရှိပါသလော? ဟု မေးမြန်းလတ်သောအခါ ယင်းသို့ မရှိပါကြောင်း ပရဝါဒီဖြေကြားသည်တွင်—

အချင်း ပရဝါဒီ....မြတ်စွာဘုရား ဟောကြားတော်မူအပ်သော စကား တော်၌ "စက္ခုဠု ပဋိစ္စ ရူပေ စ ဥပဇ္ဈတိ စက္ခုဝိညာဏံ"ဟု စက္ခုဒ္ဒါရနှင့် ရူပါရုံ နှစ်ပါးကိုစွဲ၍ မြင်မှု စက္ခုဝိညာဉ်ဖြစ်ကြောင်း ဟောကြားသော ပါဠိသာ ရှိသည် မဟုတ်လော? ဟု မေးမြန်းပါသည်။

ထိုအခါ ပရဝါဒီပုဂ္ဂိုလ်က "အာမန္တာ"ဟူ၍ ဝန်ခံလတ်ပါသည်။

ပရဝါဒီ ဝန်ခံသည်တွင် သကဝါဒီပုဂ္ဂိုလ်က—

တေန ဟိ နဝတ္တဗ္ဗံ စက္ခုဠု ပဋိစ္စ ပထဝီဓာတုဠု ဥပဇ္ဈတိ စက္ခုဝိညာဏံ။

အချင်း ပရဝါဒီ....သင့်သည်မြတ်စွာဘုရား ဟောကြားတော်မူသော စကားတော်၌ "စက္ခုဠု ပဋိစ္စ ရူပေ စ ဥပဇ္ဈတိ စက္ခုဝိညာဏံ"ဟု စက္ခုဒ္ဒါရနှင့် ရူပါရုံနှစ်ပါးကိုစွဲ၍ မြင်မှု စက္ခုဝိညာဉ်ဖြစ်ကြောင်းသာ မြတ်စွာဘုရား ဟောကြားသော ပါဠိရှိပါလျှင် အချင်းပရဝါဒီ ပြောဆိုသည့်အတိုင်း စက္ခုဒ္ဒါရနှင့် ပထဝီဓာတ်နှစ်ပါးစုံကို စွဲ၍ မြင်မှု စက္ခုဝိညာဉ် ဖြစ်၏ဟူ၍ အသင်ပရဝါဒီပုဂ္ဂိုလ်သည် မဆိုသင့် မဆိုထိုက်ချေဟူ၍ ပရဝါဒီပုဂ္ဂိုလ်အား နှိမ်နင်းခဲ့ပါသည်။

အာပေါဓာတ်, တေဇောဓာတ်, ဝါယောဓာတ် ဤဓာတ်ကြီးတို့၌လည်း ထို့အတူပင် မေးမြန်းဖြေဆိုမှု ပြုခဲ့ပါသည်။

ဤသို့ အစရှိသည်ဖြင့် "ပထဝီဓာတု သနိဒဿနာ" အစရှိသော ကထာ လေးမျိုးကို တတိယသံဂါယနာမှူးဖြစ်တော်မူသော အရှင်မဟာမောဂ္ဂလိ-ပုတ္တတိဿ မထေရ်သူမြတ်သည် အကျယ်တဝင့် ဖွင့်ပြပိုင်းခြား ဟောကြား တော်မူအပ်ပါသည်အရှင်ဘုရား။

အန္တရာဘဝကထာ

ပု။ ။အဘိဓမ္မပိဋကေ အာဝုသော ပဋ္ဌမေ ကထာဝတ္ထုပ္ပကရဏေ အဋ္ဌမဝဂ္ဂေ ဒုတိယာ အန္တရာဘဝကထာ အာယသ္မတာ မဟာ-

မောဂ္ဂလိပုတ္တတိဿတ္ထေရေန ကထံ ဝိတ္ထာရတော ဝိဘဇိတ္ဝာ ကထိတာ၁။

ဝိ။ ။အဘိဓမ္မပိဋကေ ဘဇန္တေ ပဥ္စမေ ကထာဝတ္ထုပ္ပကရဏေ အဋ္ဌမဝဂ္ဂေ ဒုတိယာ အန္ဓကာဘဝကထာ "အတ္ထိ အန္ဓကာဘဝေါတိ၊ အာမန္တာ။ ကာမဘဝေါတိ၊ န ဟေဝံ ဝတ္တဗ္ဗေ။ ပ ။ အတ္ထိ အန္ဓကာဘဝေါတိ၊ အာမန္တာ။ ရူပဘဝေါတိ၊ န ဟေဝံ ဝတ္တဗ္ဗေ။ ပ ။ အတ္ထိ အန္ဓကာဘဝေါတိ၊ အာမန္တာ။ အရူပဘဝေါတိ၊ န ဟေဝံ ဝတ္တဗ္ဗေ"တိ ဝေဖာဒိနာ အာယသ္မတာ မဟာမောဂ္ဂလိပုတ္တတိဿတ္ထေရေန ဝိတ္ထာရတော ဝိဘဇိတ္ဝာ ကထိတာ၁။

မေး။ ။အဘိဓမ္မပိဋကဉ် ငါးခုမြောက်ဖြစ်သော ကထာဝတ္ထုကျမ်း ဝယ် အဋ္ဌမဝဂ်ဉ် နှစ်ခုမြောက်ဖြစ်သော အန္ဓကာဘဝကထာကို အရှင်မဟာ-မောဂ္ဂလိပုတ္တတိဿ အရှင်သူမြတ်သည် အာဘယ်သို့သော အခြင်းအရာအား ဖြင့် အကျယ်ဝေဘန်၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

ဖြေ။ ။အဘိဓမ္မပိဋက ငါးခုမြောက်ဖြစ်သော ကထာဝတ္ထုကျမ်းဉ် ရှစ်ခုမြောက်ဖြစ်သောဝဂ်ဉ် နှစ်ခုမြောက်ဖြစ်သော အန္ဓကာဘဝကထာကို "အတ္ထိ အန္ဓကာဘဝေါတိ၊ အာမန္တာ။ ကာမဘဝေါတိ၊ န ဟေဝံ ဝတ္တဗ္ဗေ" အစရှိသည်ဖြင့် အရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်သူမြတ် အကျယ် ဖွင့်ပြ ဟောကြားတော်မူအပ်ပါသည်။

အနည်းငယ်မျှ အကျယ်ဖွင့်ပြ လျှောက်ထားလိုပါသည်—

ယထာဘူတ ဧကန်ဟုတ်မှန်သော သဘာဝ အနက်အားဖြင့် ထိုထို သို့သော သတ္တဝါတို့သည် စုတိပြတ်ကြွေ သေလွန်သည်မှ နောက်ကာလဝယ် ဤဘဝစုတိမှ အခြားမရှိဘဲ ထိုထို ကံပစ်ချရာ ကာမဘဝ, ရူပဘဝ, အရူပ ဘဝတို့၌ ပဋိသန္ဓေတည်နေ ကပ်စွဲကြပါကုန်သည်။

ထို့ကြောင့်ပင် ဤဘဝ၌ဖြစ်သော စုတိစိတ်သည် ထိုထိုဘဝ၌ဖြစ်သော ပဋိသန္ဓေစိတ်အား အခြားမရှိ ကျေးဇူးပြုသောကြောင့် အနန္တရပစ္စည်း, သမနန္တရပစ္စည်းဖြစ်၍ နေပါသည်။

သဗ္ဗညူ မြတ်စွာဘုရားက အနာဂါမ်ငါးမျိုးကို ဟောဆိုတော်မူရာဝယ် အန္တရာပရိနိဗ္ဗာယီ အနာဂါမ်ဟူသော ပဌမအနာဂါမ်ကို ဟောဆိုတော်မူရာ၌ သဗ္ဗညူမြတ်စွာဘုရား၏ အလိုတော်မှာ ထိုထိုသို့သော ရူပဘဝ, အရူပဘဝ၌ ဘဝပဋိသန္ဓေတည်နေကြသော အနာဂါမ် ပုဂ္ဂိုလ်တို့အနက် ပဋိသန္ဓေ တည်နေပြီးသည်၏ အခြားမဲ့၌ဖြစ်စေ, ထိုထိုဘဝ၏ အာယု-ပရိစ္ဆေဒ အသက်အပိုင်းအခြား၏ အလယ်သို့ မရောက်မီဖြစ်စေ ဤအတွင်း ဝယ် အရဟတ္တမဂ် အရဟတ္တဖိုလ်ပေါက်ရောက်၍ ကိလေသာခပ်သိမ်း ငြိမ်းစံတော်မူသော ကိလေသပရိနိဗ္ဗာန်စံလွန်သည့် ပုဂ္ဂိုလ်ကို အန္တရာ-ပရိနိဗ္ဗာယီ အနာဂါမ်ဟူ၍ သဗ္ဗညူမြတ်စွာဘုရား ဟောကြားတော်မူ အပ်ပါသည်။

သဗ္ဗညူမြတ်စွာဘုရား ဟောကြားတော်မူလိုရင်းဖြစ်သော ဤအနက် အဓိပ္ပါယ်ကို မသိ မမြင်ကြသော ပရဝါဒီပုဂ္ဂိုလ်တို့က "အန္တရာပရိနိဗ္ဗာယီ" ဟူသော စကားဝယ် "အကြား၌ ပရိနိဗ္ဗာန်စံသော ပုဂ္ဂိုလ်" ဟု အပေါ်ယံ အနက်မျှ ယူပြီးလျှင် ထိုထို ဘဝန္တစ်ခုတို့၏ အကြားဝယ် အန္တရာဘဝဟူ၍ ရုပ်, ဝေဒနာ ,သညာ, သင်္ခါရ, ဝိညာဉ် မရစကောင်းသော အကြား ဘဝ တခု ရှိသေးသည် ဖြစ်သေးသည်။ ယင်း အကြားဘဝ၌ ဖြစ်၍နေသော သတ္တဝါသည် မိမိကိုယ်တိုင်ကပင် တန်ခိုးဣဒ္ဓိပါဒ် မရှိသော်လည်း ဣဒ္ဓိပါဒ် ရှိသော ပုဂ္ဂိုလ်ကဲ့သို့ဌင်း, မိမိကိုယ်တိုင်က ဒိဗ္ဗစက္ခုအဘိညာဉ်နှင့် ပြည့်စုံသူ မဟုတ်သော်လည်း ဒိဗ္ဗစက္ခုအဘိညာဉ်ရှင်ကဲ့သို့ဌင်း ထိုထို မိမိဖြစ်ရမည့် ဘဝဝယ် မိဘနှစ်ပါးတို့၏ ပေါင်းသင်းဆက်ဆံခြင်း မွေးသမိခင် ကျေးဇူး ရှင်၏ ဥတုပန်းပွင့်ခိုန်ကာလကို စောင့်မျှော်လျက် ခုနစ်ရက်သော်ဌင်း, ထိုခုနစ်ရက်ထက် အလွန်သော်ဌင်း ထိုအကြားဘဝ အန္တရာဘဝမှ စောင့် မျှော်၍နေသည်ဟု အယူမှား အမှတ်မှား ရှိကြပါကုန်သည်။

ယင်းသို့ အန္တရာဘဝ အမှတ်မှား အယူမှားရှိနေကြသော ပရဝါဒီ ပုဂ္ဂိုလ်တို့၏ ထိုအန္တရာဘဝ အကြားဘဝ အယူဝါဒကို ပယ်ရှားရန်အလို့ငှါ သကဝါဒီ ပုဂ္ဂိုလ်သူမြတ်က——

အတ္ထိ အန္တရာဘဝေါ။

အချင်းပရဝါဒီ....ထိုထိုဘဝန္တစ်ခုတို့၏ အကြားဝယ် ရုပ်,ဝေဒနာ,သညာ, သင်္ခါရ, ဝိညာဉ်ဟူ၍ ပီပီသသ မရစကောင်းသော အကြားဘဝတခု ရှိပါ

သလော?ဟု ပရဝါဒီ၏အယူကို စုံစမ်းသောအားဖြင့် ရှေးဦးစွာ မေးမြန်းတော်မူလတ်ပါသည်။

ထိုအခါ ပရဝါဒီက မိမိ၏ အယူဝါဒအတိုင်း ထိုအန္တရာဘဝ အကြားဘဝရှိကြောင်း "အာမန္တာ"ဟူ၍ ဝန်ခံခဲ့ပါသည်။

ထိုအခါ သကဝါဒီပုဂ္ဂိုလ်က "ကာမဘဝေါ ရူပဘဝေါ အရူပဘဝေါ" ဟူ၍ အို အချင်း ပရဝါဒီ....အသင် အယူရှိသော အန္တရာဘဝ အကြားဘဝသည် အကယ်၍ ဘဝတခုအနေဖြင့် ထင်ရှားစွာ ရှိသည်ဖြစ်ပါမူကား သဗ္ဗညုမြတ်စွာဘုရားသည် ဘဝကို ကာမဘဝ, ရူပဘဝ, အရူပဘဝဟူ၍ သုံးမျိုးသုံးစားထား၍ ဟောတော်မူအပ်ပါသည်။ အသင် အယူရှိသော အန္တရာဘဝ အကြားဘဝသည် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်သော ဘဝသုံးပါးတို့အနက် ကာမဘဝပင် ဖြစ်လေသလော?၊ ရူပဘဝပင်ဖြစ်လေသလော?၊ အရူပဘဝပင် ဖြစ်လေသလော?ဟု မေးမြန်းတော်မူပါသည်။

ထိုအခါ ပရဝါဒီ ပုဂ္ဂိုလ်က မိမိ၏ အန္တရာဘဝကို ကာမ, ရူပ, အရူပ ဘဝသုံးပါးတို့တွင် အဘယ်ဘဝမှမှ ထည့်သွင်းဖော်ပြနိုင်လောက်သော အကြောင်းမရှိသဖြင့်——

နဟေဝံ ဝတ္တဗ္ဗေ။

အို သကဝါဒီပုဂ္ဂိုလ်....အကျွန်ုပ် ယူဆသည့် အန္တရာဘဝကို ကာမဘဝ ဟူ၍လည်း မဆိုအပ်ပါ၊ ရူပဘဝဟူ၍လည်း မဆိုအပ်ပါ၊ အရူပဘဝဟူ၍ လည်း မဆိုအပ်ပါဟူ၍ ပယ်မြစ်ပြန်ပါသည်။

နောက်ထပ်တဖန် သကဝါဒီ ပုဂ္ဂိုလ်က——

အတ္ထိ အန္တရာဘဝေါ။

အချင်း ပရဝါဒီ....အန္တရာဘဝ အကြားဘဝရှိသည်ဟု အသင်ယူဆပါသလော? ဟု တဖန်ထပ်၍ မေးမြန်းသောအခါ ရှေးနည်းအတူပင် "အာမန္တာ"ဟု ဖြေဆိုပြန်ပါသည်၊ ရှိကြောင်း ဝန်ခံပြန်ပါသည်။

ထိုအခါ သကဝါဒီ ပဂ္ဂိုလ်က—

ကာမဘဝဿ စ ရူပဘဝဿ စ အန္တရေ အတ္ထိ အန္တရာဘဝေါ။

အို ပရဝါဒီပဂ္ဂိုလ်....အကယ်၍ အကြားဘဝရှိသည်ဆိုလျှင် ကာမဘဝ, ရူပဘဝ နှစ်ဘဝတို့၏ အကြားမှာ အသင်၏ အန္တရာဘဝ အကြားဘဝ ရှိပါသလော? ဟု မေးမြန်းလတ်ပါသည်။

ထိုအခါ ပရဝါဒီပဂ္ဂိုလ်က—

နာ ဟေဝံ ဝတ္တဗ္ဗေ။

ဤသို့ အကျွန်ုပ်ယူဆသည့် အန္တရာဘဝ အကြားဘဝသည် ကာမဘဝနှင့် ရူပဘဝနှစ်ခုတို့၏ အကြားဌာ ရှိ၏ဟူ၍ မဆိုသင့်ပါဟု ပယ်မြစ်ပြန်ပါသည်။

ထိုအခါ သကဝါဒီပဂ္ဂိုလ်က တဖန်ထပ်၍—

ရူပဘဝဿ စ အရူပဘဝဿ စ အန္တရေ အတ္ထိ အန္တရာဘဝေါ။

အချင်း ပရဝါဒီ....ကာမဘဝနှင့် ရူပဘဝတို့၏ အကြားမှာ သင်၏ အန္တရာဘဝ အကြားဘဝ မရှိခဲ့လျှင် ရူပဘဝ, အရူပဘဝ နှစ်ခုတို့၏ အကြားမှာ အသင်ယူဆသည့် အန္တရာဘဝ အကြားဘဝ ရှိသလော? ဟု မေးမြန်းလတ်သော အခါလည်း—

"နာ ဟေဝံ ဝတ္တဗ္ဗေ=ဤသို့လည်း မဆိုသင့် မဆိုထိုက် မဆိုကောင်း" ဟူ၍ ပယ်မြစ်ပြန်ပါသည်။

ထိုအခါ သကဝါဒီပဂ္ဂိုလ်က—

ကာမဘဝဿ စ ရူပဘဝဿ စ အန္တရေ နတ္ထိ အန္တရာဘဝေါ။

အချင်းပရဝါဒီ....အသင်ယူဆသော အန္တရာဘဝသည် ကာမဘဝ, ရူပဘဝ, အရူပဘဝမျိုးလည်း မဟုတ်၊ ကာမဘဝ, ရူပဘဝ နှစ်ဘဝတို့၏ အကြားမှာလည်း မရှိသည် မဟုတ်လော?ဟူ၍ မေးမြန်းလတ်သောအခါ "အာမန္တာ" ဟူ၍ပင် ကာမ, ရူပ ဘဝနှစ်ခုအကြား မိမိယူသော အန္တရာဘဝ အကြားဘဝ မရှိကြောင်း ဝန်ခံပြန်ပါသည်။

ထိုအခါ သကဝါဒီပုဂ္ဂိုလ်က—

ဟဋ္ဌိ ကာမဘဝဿ စ ရူပဘဝဿ စ အန္တရေ နတ္ထိ အန္တရာဘဝေါ၊ နော စ ဝတ ရေ ဝတ္တဗ္ဗေ အတ္ထိ အန္တရာဘဝေါ။

အချင်းပရဝါဒီ....အသင်ယူဆသည့် အန္တရာဘဝ ရုပ်နာမ် မပီမသသည့် အကြားဘဝသည် ကာမ,ရူပ,အရူပ ဘဝသုံးမျိုးတို့တွင်လည်း အာဘယ်ဘဝမှ မဟုတ်၊ ကာမဘဝနှင့် ရူပဘဝနှစ်ပါးတို့ အကြား, ရူပဘဝနှင့် အရူပဘဝ နှစ်ပါးတို့၏ အကြားမှာလည်း အသင်ယူဆသော အန္တရာဘဝ ရုပ် နာမ် မပီမသသည့် အကြားဘဝ အကယ်၍ မရှိဘူးပဆိုလျှင် အသင်ယူဆသော အန္တရာဘဝ အကြားဘဝ ရုပ် နာမ် မထင်မရှား မပီမသသည့်ဘဝသည် ထင်ရှားရှိ၏ဟူ၍ အသင်မဆိုသင့် မဆိုထိုက် မဆိုကောင်းဟူ၍ ပရဝါဒီ၏ အန္တရာဘဝ အယူမှားကို ပယ်ရှားတော်မူလတ်ပြန်ပါသည်။

ဤသို့အစရှိသည်ဖြင့် ရုပ် နာမ် ခန္ဓာနှစ်ပါးတို့တွင် ဘယ်ခန္ဓာမှာမှ ထင်ရှားပီသစွာ ရှိသည်ဟု မယူဆနိုင်သော ယူဆရင်းမရှိသော ထိုထိုဘဝ နှစ်ခုတို့၏ အကြားဝယ် အန္တရာဘဝရှိ၏ဟူ၍ ယူမှားသော အမှတ်မှားသော အယူဝါဒကို ပယ်ရှားရာဖြစ်သော ဤအန္တရာဘဝကထာကို လျှောက်ဆို အပ်ပြီးသော အခြင်းအရာအားဖြင့် တတိယသံဂါယနာမူး ဖြစ်တော်မူသော အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်သူမြတ်သည် အကျယ်တဝင့် ဖွင့်ပြ ပိုင်းခြား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

သဋ္ဌာယတနုပပတ္တိကထာ

ပု။ ။အဘိဓမ္မပိဋကေ အာဝုသော ပဋ္ဌမေ ကထာဝတ္ထုပ္ပကရဏေ စုဒ္ဒသမဝဂ္ဂေ ဒုတိယာ သဋ္ဌာယတနုပပတ္တိကထာ အာယသ္မတာ မဟာမောဂ္ဂလိပုတ္တတိဿတ္ထေရေန ကထံ ဝိတ္ထာရတော ဝိဘာဇိတ္ဘာဒေသိတာ။

ဝိ။ ။အဘိဓမ္မပိဋကေ ဘန္တေ ပဋ္ဌမေ ကထာဝတ္ထုပ္ပကရဏေ စုဒ္ဒသမေ ဝဂ္ဂေ ဒုတိယာ သဋ္ဌာယတနုပပတ္တိကထာ "သဋ္ဌာယတနံ အပုဗ္ဗံ အစရိမံ မာတုကုစ္ဆိသိံ သဏ္ဌာတီတိ၊ အာမန္တာ။ သဗ္ဗဉ်ပစ္ဆိဂိံ အဟိနိန္ဒြိယော မာတုကုစ္ဆိသိံ ဩက္ကမတီတိ၊ နု ဟေဝံ ဝတ္တဗ္ဗေ" တိ

ဧဝမာဒိနာ အာယသ္မတာ မဟာမောဂ္ဂလိပုတ္တတိဿတ္ထေရေန ဝိတ္ထာရတော ဝိဘဇိတ္ဘာ ကထိတာ။

မေး။ ။အဘိဓမ္မပိဋကဂါးခုမြောက်ဖြစ်သော ကထာဝတ္ထုကျမ်းဦး ဟာဆယ့်လေးခုမြောက်ဖြစ်သောဝဂ်ဝယ် နှစ်ခုမြောက်ဖြစ်သော သင်္ဂဳယတနုပ္ပတ္တိကထာကို အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် အကျယ်ဝေဘန်၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

ဖြေ။ ။အဘိဓမ္မပိဋကဂါးခုမြောက်ဖြစ်သော ကထာဝတ္ထုကျမ်းဦး ဟာဆယ့်လေးခုမြောက်ဖြစ်သောဝဂ်ဝယ် နှစ်ခုမြောက်ဖြစ်သော သင်္ဂဳယတနုပ္ပတ္တိကထာ အစ္ဆတ္တိကာယတနခြောက်ပါးတို့ ဖြစ်ပုံနှင့်စပ်သောကထာစကားရပ်ကို "သင်္ဂဳယတနံ အပုဗ္ဗံ အစရိမံ မာတုကုစ္ဆိသို့ သဏ္ဌာတိတိ၊ အာဝမန္တာ" အစရှိသည်ဖြင့် အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်သူမြတ်အကျယ်ဖွင့်ပြ ဟောကြားတော်မူအပ်ပါသည်။

အနည်းငယ်မျှ ဖွင့်ပြလျှောက်ထားလိုပါသည်—

ခပ်သိမ်းသောသတ္တဝါတို့အား ဥပပတ်ပဋိသန္ဓေ တည်နေသည်ရှိသော် ပဋိသန္ဓေခဏဝယ် စက္ခာယတန, သောတာယတန, ဃာနာယတန, ဇိဝှါယတန, ကာယာယတန, မနာယတနတည်းဟူသော ဤခြောက်ပါးသော အာယတနတို့သည် ပဋိသန္ဓေစိတ်နှင့် တပြိုင်နက်တည်းသော ခဏဦး ဖြစ်ပါးကြပါကုန်သည်။

အမိဝမ်းခေါင်း ကိန်းအောင်းကြသော ဂဗ္ဘသေယျကသတ္တဝါတို့အား မှာမူ ပဋိသန္ဓေစိတ် ဖြစ်ပေါ်သောခဏ ကလလရေကြည် တည်စဉ်ကာလဝယ် အစ္ဆတ္တိကာယတန ခြောက်ပါးတို့အနက်မှ ကာယာယတနနှင့် မနာယတနခေါ်သောပဋိသန္ဓေစိတ် ဤအစ္ဆတ္တိကာယတန နှစ်ပါးတို့သာလျှင် ပဋိသန္ဓေအခါဦး ဖြစ်ပါးကြပါကုန်သည်။ စက္ခာယတန, သောတာယတန, ဃာနာယတန, ဇိဝှါယတနတည်းဟူသော ဤအစ္ဆတ္တိကာယတန လေးပါးတို့သည်ကား ထိုအမိဝမ်းခေါင်း ကိန်းအောင်းကြသော ဂဗ္ဘသေယျကပုဂ္ဂိုလ်တို့အား ခုနစ်ဆယ့်ခုနစ်ညဉ့်မြောက် တဆယ့်တသတ္တာဟ

မြောက်ကာလဝယ် လေးပါးစုံတပြိုင်နက်တည်း ဖြစ်ကြပါကုန်သည်၊ ဤကား မှန်ကန်သော သမာနဝါဒဖြစ်ပါသည်။

ပုဗ္ဗသေလိယဂိုဏ်းဆရာကြီးတို့ကဲ့သို့သော ပရဝါဒီဆရာကြီးတို့သည်ကား ပဋိသန္ဓေကာလဝယ် အဇ္ဈတ္တိကာယတနချင်း အတူတူဖြစ်သော ကာယာယတန, မနာယတနတို့ကဲ့သို့ပင်လျှင် စက္ခာယတန, သောတာယတန, ဃာနာယတန, ဇိဝှါယတနတည်းဟူသော ဤအဇ္ဈတ္တိကာယတနလေးပါးတို့သည်လည်း တခုတည်းသောကံကြောင့် ဖြစ်သောကြောင့် ကာယာယတန, မနာယတနတို့နှင့်ပြိုင်၍ပင် ပဋိသန္ဓေကာလ၌ တပြိုင်နက်တည်း အဇ္ဈတ္တိကာယတနခြောက်ပါးလုံး ဖြစ်ကြသည်ဟု အယူမှားအမှတ်မှား ဖြစ်ကြပါကုန်သည်။

ယင်းသို့သော ပရဝါဒ အယူမှားအမှတ်မှားကို ပယ်ရှားရန်အလို့ငှါ မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်မြတ်သည် သကဝါဒီ၏မေးပုံကို ရှေးဦးစွာ ဖော်ပြအံ့သောငှါ—

သဇ္ဇာယတနံ အပုဗ္ဗံ အစရိမံ မာတုကုစ္ဆိသ္မိံ သဏ္ဌာတိ။

အိုအချင်း ပရဝါဒီပုဂ္ဂိုလ်....အဇ္ဈတ္တိကာယတနခြောက်ပါးသည် မရှေးမနှောင်း တပြိုင်နက်တည်းပင်လျှင် အမိဝမ်းခေါင်း ကိန်းအောင်းသောကာလ ကလလရေကြည် တည်စဉ်ကာလဝယ် ခြောက်ပါးလုံး တပြိုင်နက်တည်ရှိကြ ဖြစ်ကြပါသလော?ဟု မေးမြန်းလတ်ပါသည်။

ထိုအခါ ပရဝါဒီပုဂ္ဂိုလ်က မိမိယူဆသည့် ဝါဒမှား အတိုင်းပင်လျှင် ပဋိသန္ဓေကာလဝယ် ဂဗ္ဘသေယျက အမိဝမ်းခေါင်း ကိန်းအောင်းသော ပုဂ္ဂိုလ်တို့အား အဇ္ဈတ္တိကာယတန ခြောက်ပါးလုံးပင် တပြိုင်နက် ပဋိသန္ဓေစိတ်နှင့်ပြိုင်၍ ဖြစ်ကြောင်းကို "အာမန္တာ"ဟူ၍ ဝန်ခံပါသည်။

ထိုအခါ သကဝါဒီပုဂ္ဂိုလ်က—

သဗ္ဗဂ်ပစ္စုဂိ အဟိနိန္ဒြိယော မာတုကုစ္ဆိသ္မိံ ဩက္ကမတိ။

အချင်း ပရဝါဒီပုဂ္ဂိုလ်....အကယ်၍ ပဋိသန္ဓေခဏဝယ် စက္ခာယတနရော သောတာယတနပါ ဃာနာယတန, ဇိဝှါယတန, ကာယာယတန, မနာယတနတည်းဟူသော အဇ္ဈတ္တိကာယတန ခြောက်ပါးတို့ မရှေး

မနှောင်း တပေါင်းတည်း တပြိုင်တည်း အကယ်၍ ဖြစ်ကြကုန်သည်ရှိသော် ထိုပဋိသန္ဓေ ကလလရေကြည်တည်နေသော သတ္တဝါသည် အလုံးစုံသော လက်ခြေ အစရှိသော ကိုယ်အင်္ဂါကြီးငယ်နှင့် ပြည့်စုံ၍ မလျော့သော မယုတ်သော စက္ခုအစရှိသော ကျွန်ုတို့နှင့် ပြည့်စုံစွာ အမိဝမ်းခေါင်း ပဋိသန္ဓေခဏဝယ် သက်ရောက်ရမည်ဖြစ်ပါသည်။ ယင်းသို့ ကိုယ်အင်္ဂါကြီးငယ် အလုံးစုံတို့ ပြည့်စုံ၍ ကျွန်ုတို့ မယုတ် မလျော့ဘဲ အမိဝမ်း၌ ပဋိသန္ဓေခဏဝယ် တပြိုင်နက်တည်းဖြစ်၍ သက်နိုင်ပါသလော?ဟု မေးမြန်းလတ်သောအခါ—

နှ ဟေဝံ ဝတ္တဗ္ဗေ။

အို သကဝါဒီပုဂ္ဂိုလ်....ဤသို့ တမူကား မဆိုသင့်ပါဟု ပရဝါဒီပုဂ္ဂိုလ်က ပယ်ရှားပြန်ပါသည်။

ထိုအခါ သကဝါဒီပုဂ္ဂိုလ်က—

ဥပပတ္တိသိယေန စိတ္တေန စက္ခာယတနံ သဏ္ဌာတိ။

အိုအချင်း ပရဝါဒီပုဂ္ဂိုလ်....သင်၏အလိုမှာ ပဋိသန္ဓေစိတ်နှင့်ပြိုင်၍ပင် စက္ခာယတနသည် ဖြစ်သလော?ဟု မေးမြန်းလတ်သောအခါ“အာမန္တာ=ဟုတ်ပေသည်”ဟု ပရဝါဒီပုဂ္ဂိုလ်က ဝန်ခံပြန်ပါသည်။

ထိုအခါ သကဝါဒီပုဂ္ဂိုလ်က—

ဥပပတ္တိသိယေန စိတ္တေန ဟတ္ထာ သဏ္ဌာန္တိ၊ ပါဒါ သဏ္ဌာန္တိ၊ သီသံ သဏ္ဌာတိ၊ ကဏ္ဏာ သဏ္ဌာတိ၊ နာသိကာ သဏ္ဌာတိ၊ မုခံ သဏ္ဌာတိ၊ ဒန္တာ သဏ္ဌာန္တိ။

အို အချင်းပရဝါဒီပုဂ္ဂိုလ်....ပဋိသန္ဓေစိတ်နှင့်ပြိုင်၍ စက္ခာယတန အကယ်၍ တည်ခဲ့သော် ဖြစ်ခဲ့သော် ထိုစက္ခာယတန၏ တည်ရာ ဖြစ်ပုံးရာ ဖြစ်သော ခန္ဓာကိုယ် အထက်ပိုင်း ကိုယ်အင်္ဂါတို့ အပြည့်အစုံဖြစ်ရချိမ့်မည်၊ ပဋိသန္ဓေစိတ်နှင့် တပြိုင်နက်တည်းသော ကာလဝယ် ခြေလက်အင်္ဂါတို့ အပြည့်အစုံ တခဏခြင်း တပေါင်းတည်း တည်ကြပါသလော?၊ မျက်စိ, နား, နှာ, ကိုယ်အင်္ဂါတို့ ဦးခေါင်းနှင့်တကွ ပဋိသန္ဓေစိတ် ခဏဝယ် တည်ကြပါကုန်သလော?၊ ပဋိသန္ဓေစိတ် ခဏဝယ် ခံတွင်းရော သွားပါ တပြိုင်

နက်တည်း ဖြစ်ကြကုန်သလော?ဟု မေးမြန်းလတ်သောအခါ ပရဝါဒိပုဂ္ဂိုလ်က—

နှ ဟေဝံ ဝတ္တဗ္ဗေ။

အချင်း သကဝါဒိပုဂ္ဂိုလ်....ဤသို့သော်ကား မဆိုအပ်ပါဟု ပယ်ရှားလတ်ပြန်ပါသည်။

ဤသို့အစရှိသည်ဖြင့် သင္ဃာယတနုပ္ပတ္တိကထာ အမည်ရသော ပဋိသန္ဓေစိတ် ခဏဝယ် အမိဝမ်းခေါင်း ကိန်းအောင်းကြသည့် ဂဗ္ဘသေယျကပုဂ္ဂိုလ်တို့အား စက္ခု,သောတ,ဃာန,ဇိဝှါတည်းဟူသော အာယတနလေးပါးတို့ ပဋိသန္ဓေခဏ၌ ထင်ရှားမဖြစ်သေးဘဲ တဆယ့်တသတ္တာဟမြောက် ခုနစ်ဆယ့် ခုနစ်ညဉ့်မြောက်သော ကာလမှာမှ ထိုစက္ခု,သောတ,ဃာန, ဇိဝှါတည်းဟူသော အဇ္ဈတ္တိကာယတနလေးပါးတို့ ထင်ရှားဖြစ်ပုံကို ဖော်ပြရာဖြစ်သော ဤသင္ဃာယတနုပ္ပတ္တိကထာကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာဖြင့် တတိယသံဂါယနာမှူး ဖြစ်တော်မူသော အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်သူမြတ်သည် အကျယ်တဝင့် ဖွင့်ပြပိုင်းခြား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ကထာဝတ္ထုကျမ်း အမေးအဖြေ ပြီး၏။

ယမိုက်ကျမ်း

ပုံ။ ။တေနာဝုသော ဘဂဝတာ ယမကပါဋိဟီရဝဝသာနေ တာဝတိံသ-
ဒေဝလောကံ ဂန္ဓွာ ဒသသဟဿလောကဓာတုဟိ အာဂမ္မ သန္နိ-
သိန္နာနံ ဒေဝါနံ အာဘိဓမ္မဒေသနံ ဒေသေန္တေန ပဌမံ အာဘိမ္မေ-
ပိဋကေ ပဋ္ဌပကရဏာနိ ဒေသေတွာ တဒနန္တရံ ဆဋ္ဌံ ယမကပ္ပ-
ကရဏံ ဒေသေန္တေန ကတိ ယမကပ္ပကရဏာနိ ဝိဘဇိတွာ
ဒေသိတာနိ။

ဝိ။ ။ဘဂဝတာ ဘန္တေ ယမဿ ဝိသယာတိတေန ယမကပါဋိဟီရော-
ဝသာနေ တာဝတိံသဒေဝလောကံ ဂန္ဓွာ တတ္ထ ဒသသဟဿ-
လောကဓာတုဟိ အာဂမ္မ သန္နိသိန္နာနံ ဒေဝတာနံ အာဘိဓမ္မပိဋကံ
ဒေသေန္တေန အာဘိဓမ္မပိဋကေ ပဋိမာနိ ပဋ္ဌပကရဏာနိ ဒေသေ-
တွာ တဒနန္တရံ ဆဋ္ဌံ ယမကပ္ပကရဏံ မူလယမကံ ခန္ဓယမကံ
အာယတနယမကံ ဓာတုယမကံ သစ္စယမကံ သင်္ခါရယမကံ အနု-
သယယမကံ စိတ္တယမကံ ဓမ္မယမကံ ဣန္ဒြိယယမကန္တိ ဒသ ယမ-
ကပ္ပကရဏာနိ ဝိတ္ထာရတော ဝိဘဇိတွာ ဒေသိတာနိ။

မေး။ ။ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညု
မြတ်စွာဘုရားသခင်သည် တိတ္ထိတို့ကို နှိမ်နင်းခြင်းငှါ ယမကပါဋိဟာရိယ
မည်သော ရေမီးအစရှိသော အစုံစုံသော တန်ခိုးပြာဋိဟာတို့ကို ပြတော်
မူပြီးသည်၏ အဆုံးဌာ တာဝတိံသာ နတ်ပြည်လောကသို့ ကြွမြန်းတော်
မူပြီးလျှင် ထိုတာဝတိံသာ နတ်ပြည်၌ တသောင်းသော စကြဝဠာတို့က်
တို့မှ တရားနာရအံ့သောငှါ လာရောက်၍ အညီအညွတ် စည်းဝေးနေထိုင်
ကြကုန်သော နတ်ပြဟ္မာအပေါင်းတို့အား အဘိဓမ္မာဒေသနာ တရား
တော်ကို အကျယ် ဝိတ္ထာရအားဖြင့် ဟောကြားတော်မူလတ်သည်ရှိသော်
ရှေးဦးစွာ အဘိဓမ္မပိဋကာ၌ ဓမ္မသင်္ဂဏီ,ဝိဘင်း, ဓာတုကထာ, ပုဂ္ဂလပညတ်,
ကထာဝတ္ထုဟု ဆိုအပ်သော အဘိဓမ္မာငါးကျမ်းတို့ကို ဟောကြားတော်မူ
သည်၏ အခြားမဲ့၌ အစုံစုံသော ပုစ္ဆာဝိဿဇ္ဇနာတို့ဖြင့် တန်းဆာဆင်၍
ဟောရာဖြစ်သော ယမကမည်သော ကျမ်းကို ဟောကြားတော်မူသော

အခါ အဘယ်မျှသော ယမိုက်ကျမ်းတို့ကို အကျယ်အားဖြင့် ဝေဘန်ပိုင်းခြားရ ဟောကြားတော်မူခဲ့ပါသနည်း ငါရှင်။

ဖြေ။ ။အစုံစုံသော ယမိုက်ပြဿဒိဟာသခင် ဖြစ်တော်မူ၍ ယမမည်သော သေမင်း၏ နယ်ပယ်ဖြစ်သော ခန္ဓာငါးပါးတို့ကို လွန်မြောက်တော်မူပြီးသော သဗ္ဗညုမြတ်စွာဘုရားသည် သာဝတ္ထိပြည်၏အနီး ကဏ္ဍာမည်သော ဥယျာဉ်မှူး စိုက်ပျိုးအပ်သော သရက်ဖြူပင်၏ အနီးဝယ် လက်ျာမျက်လုံးတော်မှ ရေအယဉ်, လက်ဝဲမျက်လုံးတော်မှ မီးအလျှံ, တဖန် လက်ဝဲမျက်လုံးတော်မှ ရေအယဉ်, လက်ျာမျက်လုံးတော်မှ မီးအလျှံ ဤသို့စသည် များစွာသော အစုံအစုံသော ယမိုက်ပြဿဒိဟာတို့ကို ပြတော်မူပြီးသော ကာလဝယ် တာဝတိံသာ နတ်ပြည်သို့ ကြွရောက်တော်မူပြီး၍ တသောင်းသော စကြဝဠာတိုက်တို့မှ တညီတညွတ်တည်း လာရောက်၍ တရားနာရန် အလို့ငှါ စည်းဝေးမိကြသော နတ် ဗြဟ္မာအပေါင်းတို့အား အဘိဓမ္မာဒေသနာတော်ကို ဟောကြားတော်မူလတ်သည်ရှိသော် ဓမ္မသင်္ဂဏီ, ဝိဘင်း, ဓာတုကထာ, ပုဂ္ဂလပညတ်, ကထာဝတ္ထုတည်းဟူသော ရှေး အဘိဓမ္မာငါးကျမ်းတို့ကို ခွဲခြမ်းစိတ်ဖြာ ဟောကြားတော်မူပြီးသည်၏ အခြားမဲ့၌ ခြောက်ခုမြောက်ဖြစ်သော အစုံအစုံသော ပုဒ္ဓာဝိသင္ဆနာ တရားတို့ကို ဖော်ပြရာဖြစ်၍ ယမကမည်သော ကျမ်းကို မူလယမိုက်ကျမ်း, ခန္ဓယမိုက်ကျမ်း, အာယတနယမိုက်ကျမ်း, ဓာတုယမိုက်ကျမ်း, သစ္စယမိုက်ကျမ်း, သင်္ခါရယမိုက်ကျမ်း, အနုသယယမိုက်ကျမ်း, စိတ္တယမိုက်ကျမ်း, ဓမ္မယမိုက်ကျမ်း, ဣန္ဒြိယ ယမိုက်ကျမ်းဟူ၍ ဆယ်ပါးသော အပိုင်းအခက်းရှိသော ယမိုက်ကျမ်းကို အကျယ်တဝင့် ဖွင့်ပြ ပိုင်းခြား ဟောကြားတော်မူအပ်ခဲ့ပါကုန်သည် အရှင်ဘုရား။

မူလယမိုက်

ပု။ ။ကထဉ္စာဝုသော တတ္ထ ဘဂဝတာ ပဌမံ မူလယမကံ ဝိတ္ထာရတော ဝိဘဇိတာ ဒေသိတံ။

ဝိ။ ။ယေ ကေစိ ကုသလာ ဓမ္မာ၊ သဗ္ဗေ တေ ကုသလမူလာ။ ယေ ဝါ ပန ကုသလမူလာ၊ သဗ္ဗေ တေ ဓမ္မာ ကုသလာ။ ယေ ကေစိ ကုသလာ ဓမ္မာ၊ သဗ္ဗေ တေ ကုသလမူလေန ကေမူလာ။ ယေ

ဝါ ပန ကုသလမူလေန ကေမူလာ၊ သဗ္ဗေ တေ ဓမ္မာ ကုသလာ။ ယေ ကေစိ ကုသလမူလေန ကေမူလာ ဓမ္မာ၊ သဗ္ဗေ တေ ဓမ္မာ ကုသလမူလေန အညမညမူလာ။ ယေ ဝါ ပန ကုသလမူလေန အညမညမူလာ၊ သဗ္ဗေ တေ ဓမ္မာ ကုသလာတိ ဝေမာဒိနာ ဘန္တေ တတ္ထ ဘဂဝတာ ပဌမံ မူလယမကံ ဗာဝိသတိယာ စ တိကေဟိ ဒုကသတေန စ ဝိတ္ထာရတော ဝိဘဇိတ္ဝာ ဒေသိတံ။

မေး။ ထိုဆယ်ပါးသော ယမိုက်ကျမ်းတို့တွင် ရှေးဦးစွာသော မူလယမိုက်ကျမ်းကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် အကျယ်ဝေဘန်၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

ဖြေ။ ။ရှေးဦးစွာသော မူလယမိုက်ကျမ်းကို "ယေ ကေစိ ကုသလာ ဓမ္မာ၊သဗ္ဗေ တေ ကုသလမူလာ" အစရှိသည်ဖြင့် အောက်ဓမ္မသင်္ဂဏိကျမ်း၌ မာတိကာ အကျဉ်းထားခဲ့သည့် နှစ်ဆယ့်နှစ်ပါးသော တိက်ဝင်တရား, တရားသော ဒုက်ဝင်တရားတို့ကို တတိက်တတိက်, တဒုက် တဒုက်လျှင် မူလဝါရ, ဟေတုဝါရ, နိဒါနဝါရ, သမ္ဘဝဝါရ, ပဘဝဝါရ,သမုဋ္ဌာနဝါရ,အာဟာရဝါရ, အာရမ္မဏဝါရ, ပစ္စယဝါရ, သမုဒယဝါရ တည်းဟူသော ဝါရဆယ်ပါးစီ ဆယ်ပါးစီတို့ဖြင့် တန်းဆာဆင်၍—

ယေ ကေစိ ကုသလာ ဓမ္မာ၊ သဗ္ဗေ တေ ကုသလမူလာ။

ခပ်သိမ်းသော ကုသိုလ်မည်ကုန်သော တရားတို့သည် ကုသိုလ်မူလမည်ကြကုန်သလော ?၊ အကြင်သို့ သဘောရှိသော ကုသိုလ်မူလမည်သော တရားတို့သည် ကုသိုလ်မည်ကြကုန်သလော?။ ဤသို့အစရှိသည်ဖြင့် တိက်ပုဒ် ဒုက်ပုဒ် အာကုန်မေးမြန်းသော ဥဒ္ဒေသဝါရ, ပုစ္ဆာဝါရကို ရှေးဦးစွာ ဖော်ထုတ်ညွှန်ပြတော်မူပြီးမှ—

ယေ ကေစိ ကုသလာ ဓမ္မာ၊ သဗ္ဗေ တေ ကုသလမူလာတိ၊ တိဏ္ဏေ ကုသလမူလာနံ အဝေသသာ ကုသလာ ဓမ္မာ၊ နု ကုသလမူလာ၊ ယေ ဝါ ပန ကုသလမူလာ၊ သဗ္ဗေ တေ ဓမ္မာ ကုသလာတိ၊ အာမန္တာ—

အစရှိသည်ဖြင့် ခပ်သိမ်းသော ကုသိုလ်မည်သော တရားတို့သည် အလုံးစုံပင် ကုသိုလ်မူလ မည်ကုန်သလော?ဟု ဤသို့ မေးမြန်းဘွယ်ရှိလတ်သော် အလောဘ, အဒေါသ, အမောဟ ဤတရားသုံးပါးတို့သည်သာလျှင် ကုသိုလ်လည်းမည်, ကုသိုလ်မူလလည်းမည်ကြ၍ ကြွင်းသော ကုသိုလ်စိတ်နှစ်ဆယ့်တပါး, ထိုကုသိုလ်စိတ် နှစ်ဆယ့်တပါးနှင့် ယှဉ်သော စေတသိက်သုံးဆယ့်ငါးပါးတို့ကား ကုသိုလ်ဓမ္မသာမည်၍ ကုသိုလ်မူလမမည်ပုံ အစရှိသည်ဖြင့် တိက်ပုဒ် ဒုက်ပုဒ်အကုန် တခုတခုသောတိက်ပုဒ် ဒုက်ပုဒ်ဝယ် မူလတရား, ကေမူလတရား, အညမညမူလတရား, မူလနယ, မူလမူလနယ, မူလကနယ, မူလမူလကနယတည်းဟူသော နယလေးပါးစီဖြင့်ဂဏန်း၊ တခုတခုသော နယဝယ် မူလယမက, ကေမူလယမက, အညမညမူလယမကတည်းဟူသော သုံးပါးသုံးပါးစီသော ယမကတို့ဖြင့်ဂဏန်း အကျယ်တဝင့်ဖွင့်ပြ၍ ဤမူလယမကအမည်ရှိသော ရှေးဦးစွာသော ယမိုက်ကျမ်းကို သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

ခန္ဓယမိုက်

ပု။ ။အဘိဓမ္မပိဋကေ အာဝုသော ဆဋ္ဌေ ယမကပဋိကရဏေ ဒုတိယံ ခန္ဓယမကံ ဘဂဝတာ ကထံ ဝိတ္ထာရတော ဝိဘဇိတ္ဝာ ဒေသိတံ။

ဝိ။ ။အဘိဓမ္မပိဋကေ ဘဒ္ဓန္တေ ဆဋ္ဌေ ယမကပဋိကရဏေ ဒုတိယံ ခန္ဓယမကံ “ပဉ္စက္ခန္ဓာ—ရူပက္ခန္ဓော ဝေဒနာက္ခန္ဓော သညာက္ခန္ဓော သင်္ခါရက္ခန္ဓော ဝိညာဏက္ခန္ဓော။ ရူပံ ရူပက္ခန္ဓော၊ ရူပက္ခန္ဓော ရူပံ။ ဝေဒနာ ဝေဒနာက္ခန္ဓော၊ ဝေဒနာက္ခန္ဓော ဝေဒနာ။ သညာ သညာက္ခန္ဓော၊ သညာက္ခန္ဓော သညာ။ သင်္ခါရာ သင်္ခါရက္ခန္ဓော၊ သင်္ခါရက္ခန္ဓော သင်္ခါရာ။ ဝိညာဏံ ဝိညာဏက္ခန္ဓော၊ ဝိညာဏက္ခန္ဓော ဝိညာဏ”န္တိ ဧဝမာဒိနာ ဘဂဝတာ ပဏ္ဏတ္တိဝါရပဝတ္တိဝါရပရိညာဝါရသင်္ခါတေဟိ တီဟိ ဝါရေဟိ ဝိတ္ထာရတော ဝိဘဇိတ္ဝာ ဒေသိတံ။

မေး။ ။အဘိဓမ္မပိဋကဉ် ခြောက်ခုမြောက်ဖြစ်သော ယမိုက်ကျမ်း ဖမ်ဖ် နှစ်ခုမြောက်ဖြစ်သော ခန္ဓယမိုက်ကျမ်းကို ဘုန်းတော်ခြောက်ပါးနှင့်

ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အာဘယ်သို့သော အခြင်းအရာအားဖြင့် အကျယ်ဝေဘန်၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

ဖြေ။ ။အာဘိဓမ္မပိဋကဘွဲ့ ခြောက်ခုမြောက်ဖြစ်သော ယမိုက်ကျမ်း ဝယ် နှစ်ခုမြောက်ဖြစ်သော ခန္ဓယမိုက်ကျမ်းကို "ပဥ္စက္ခန္ဓာ—ရူပက္ခန္ဓော ဝေဒနာက္ခန္ဓော သညာက္ခန္ဓော သင်္ခါရက္ခန္ဓော ဝိညာဏက္ခန္ဓော" အစ ရှိသည်ဖြင့် ခန္ဓာငါးပါးတို့၏ အမည်ပညတ်နှင့် စပ်၍ အစိတ်အစိတ်ဖြစ်သော ပုဒ်တို့၏အနက်, အပေါင်းဖြစ်သော ပုဒ်တို့၏အနက် တူညီပုံကဲ့ပြားပုံကို ဖော်ပြရာ ပဏ္ဏာတ္တိဝါရအားဖြင့်ရင်း၊ ထိုပဏ္ဏာတ္တိဝါရဖြင့် အကျယ်တဝင့်ဖော်ပြခဲ့သော ခန္ဓာငါးပါး ရုပ် နာမ်တရားတို့၏ ဖြစ်ပုံ ချုပ်ပုံ ဖြစ်ချုပ်ပုံနှစ်ပါးကို ဖော်ပြသည့် ဥဒယဗ္ဗယဉာဏ်ကို ရင့်သန်စေနိုင်သော ပဝတ္တိဝါရအားဖြင့် ရင်း၊ ထိုခန္ဓာငါးပါးတို့ကို အရဟတ္တာမဂ် ခဏဝယ် သိခါပတ္တာဖြစ်သော အထွဋ်ရောက် အထိပ်ရောက် သိပုံကို ဖော်ပြရာဖြစ်သော ပရိညာဝါရအားဖြင့်ရင်း ဤဆိုအပ်ပြီးသော ဝါရကြီးသုံးပါးတို့ဖြင့် ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် အကျယ်တဝင့် ဖွင့်ပြပိုင်းခြားဟောကြားတော်မူအပ်ခဲ့ပါသည့် အရှင်ဘုရား။

အာယတနယမိုက်

မူ။ ။အာဘိဓမ္မပိဋကေ အာဝုသော ဆဋ္ဌေ ယမကပ္ပကရဏေ တတိယံ အာယတနယမကံ ဘဂဝတာ ကထံ ဝိတ္ထာရတော ဝိဘဇိတ္ဝာ ဒေသိတံ။

ဝိ။ ။အာဘိဓမ္မပိဋကေ ဘန္တေ ဆဋ္ဌေ ယမကပ္ပကရဏေ တတိယံ အာယတနယမကံ "ဒ္ဝါဒသာယတနာနိ—စက္ခာယတနံ သောတာယတနံ ဃာနာယတနံ ဇိဝှါယတနံ ကာယာယတနံ ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ မနာယတနံ ဓမ္မာယတနံ။ စက္ခု စက္ခာယတနံ၊ စက္ခာယတနံ စက္ခု။ သောတံ သောတာယတနံ၊ သောတာယတနံ သောတ"န္တိ ဧဝံ မာဒိနာ ပဏ္ဏာတ္တိဝါရပဝတ္တိဝါရပရိညာဝါရသင်္ခါတေဟိ တီဟိ ဝါရေဟိ ဘဂဝတာ ဝိတ္ထာရတော ဝိဘဇိတ္ဝာ ဒေသိတံ။

မေး။ ။အဘိဓမ္မပိဋကဝယ် ခြောက်ခုမြောက်ဖြစ်သော ယမိုက်ကျမ်း၌ သုံးခုမြောက်ဖြစ်သော အာယတန ယမိုက်ကျမ်းကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် အဘယ်သို့သော အခြင်းအရာအားဖြင့် အကျယ်ဝေဘန်၍ ဟောကြားတော်မူခဲ့ပါသနည်း ဘုရှင်။

ဖြေ။ ။အဘိဓမ္မပိဋကဘ၌ ခြောက်ခုမြောက်ဖြစ်သော ယမိုက်ကျမ်းဝယ် သုံးခုမြောက်ဖြစ်သော အာယတန ယမိုက်ကျမ်းကို "ဒ္ဝါဒသာယတနာနိ—စက္ခာယတနံ သောတာယတနံ" အစရှိသည်ဖြင့် အာယတနတဆယ့်နှစ်ပါးတို့ကို ရှေးဦးစွာ မာတိကာထားပြီးမှ ထိုအာယတန တဆယ့်နှစ်ပါးတို့ဝယ် အစိတ် အစိတ်ဖြစ်သော ပုဒ်တို့၏အနက်, အပေါင်းဖြစ်သော ပုဒ်တို့၏ အနက် အရတူပုံ အရကဲ့ပုံကို ထင်စွာဖော်ပြရာဖြစ်သော ပဏ္ဏတ္တိဝါရ၊ "ယဿ စက္ခာယတနံ ဥပ္ပဇ္ဇတိ၊ တဿ သောတာယတနံ ဥပ္ပဇ္ဇတိတိ သစက္ခုကာနံ အသောတကာနံ ဥပပဇ္ဇန္တာနံ တေသံ စက္ခာယတနံ ဥပ္ပဇ္ဇတိ၊ နော စ တေသံ သောတာယတနံ ဥပ္ပဇ္ဇတိ" အစရှိသည်ဖြင့် စက္ခာယတန အစရှိသော အာယတန တပါး တပါးတို့ဖြစ်သော ကာလဝယ် ကြွင်းကျန်သော အာယတနတို့ ဖြစ်ပုံ ချုပ်ပုံ ဖြစ်ချုပ်ပုံတို့ကို အကျယ်တဝင့် ဖော်ပြရာဖြစ်သော **ဥဒယဗ္ဗယဉာဏ်အား ကျေးဇူးများစေနိုင်သည့်** ပဝတ္တိဝါရအားဖြင့်ရှင်း၊ ထိုပဝတ္တိဝါရဖြင့် ဥဒယဗ္ဗယဉာဏ် အမြင်သန်၍ ကျင့်ကြံကြိုးကုတ် အားထုတ်သော ပုဂ္ဂိုလ်တို့အား အရိယာမဂ်ဓာဝ်၌ တဆယ့်နှစ်ပါးသော အာယတနတို့ကို ပိုင်းခြားရ၍ သိဆဲ, ပိုင်းခြားရ၍ သိပြီး, ပိုင်းခြားရ၍ သိလတ္တံ့ဖြစ်ပုံ အလုံးစုံတို့ကို အကျယ်ဖော်ပြရာဖြစ်သော ပရိညာဝါရ၊ ဤဆိုအပ်ပြီးသော ပဏ္ဏတ္တိဝါရ,ပဝတ္တိဝါရ,ပရိညာဝါရ သုံးပါးတို့ဖြင့် ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် အကျယ်တဝင့် ဖွင့်ပြ ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ဒေါက္ခယမုက

ပု။ ။အဘိဓမ္မပိဋကေ အာဝုသော ဆဋ္ဌေ ယမကပကရဏေ ဒသသု ယမကေသု စတုတ္ထံ ဓာတုယမကံ ဘဂဝတာ ကထံ ဝိတ္ထာရတော ဝိဘဇိတ္ထာ ဒေသိတံ။

ဝ။ ။အဘိဓမ္မပိဋကေ ဘန္တေ ဆဋ္ဌေ ယမကပဋိကရဏေ ဒသသု ယမ-
ကေသု စတုတ္ထံ ဓာတုယမကံ "အဋ္ဌာရသ ဓာတုယော—စက္ခု-
ဓာတု သောတဓာတု ဃာနဓာတု ဇိဝှါဓာတု ကာယဓာတု
ရူပဓာတု သဒ္ဒဓာတု ဂန္ဓဓာတု ရသဓာတု ဖောဋ္ဌဗ္ဗဓာတု စက္ခု-
ဝိညာဏဓာတု သောတဝိညာဏဓာတု ဃာနဝိညာဏဓာတု ဇိဝှါ-
ဝိညာဏဓာတု ကာယဝိညာဏဓာတု မနောဓာတု မနောဝိညာဏ-
ဓာတု ဓမ္မဓာတု" တိ ဧဝမာဒိနာ ဘဂဝတာ ပဏ္ဏတ္တိဝါရ-
ပဝတ္တိဝါရပရိညာဝါရသင်္ခါတေဟိ တီဟိ မဟာဝါရေဟိ ဝိတ္ထာရ-
တော ဝိဘဇိတ္ဝာ ဒေသိတံ။

မေး။ ။အဘိဓမ္မပိဋက ခြောက်ခုမြောက်ဖြစ်သော ယမိုက်ကျမ်း၌
ယမိုက်ဆယ်ကျမ်း ရှိသည့်အနက် လေးခုမြောက်ဖြစ်သော ဓာတုယမိုက်
ကျမ်းကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညု မြတ်စွာ
ဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် အကျယ်
ဝေဘန်၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

ဖြေ။ ။အဘိဓမ္မပိဋကဉ် ခြောက်ခုမြောက်ဖြစ်သော ယမိုက်
ကျမ်းဝယ် ယမိုက်ဆယ်ကျမ်းတို့ ရှိသည့်အနက် လေးခုမြောက်ဖြစ်သော
ဓာတုယမိုက်ကျမ်းကို "အဋ္ဌာရသ ဓာတုယော—စက္ခုဓာတု သောတဓာတု"
အစရှိသည်ဖြင့် စက္ခုဓာတ် အစရှိသော တဆယ့်ရှစ်ပါးသော ဓာတ်တို့၏
အစိတ် အစိတ်ဖြစ်သော စက္ခု အစရှိသော ပုဒ်တို့၏ ရသင့်ရထိုက်သော
အမည်နာမပညတ် အနက်သဘောကိုဂုဏ်း, အပေါင်းဖြစ်သော စက္ခုဓာတု
သောတဓာတု အစရှိသောပုဒ်တို့၏ နာမပညတ်နှင့်စပ်၍ ရသင့်ရထိုက်သော
ပရမတ္ထတရားအပေါင်းကိုဂုဏ်း ဤသို့ အမည်ပညတ်တို့ကို သုတ်သင်
ရှင်းလင်း၍ ဖော်ပြရာဖြစ်သော ပဏ္ဏတ္တိဝါရ အားဖြင့်ဂုဏ်း, "ယဿ စက္ခု-
ဓာတု ဥပ္ပဇ္ဇတိ၊ တဿ သောတဓာတု ဥပ္ပဇ္ဇတီတိ သစက္ခုကာနံ အသောတ-
ကာနံ ဥပပဇ္ဇန္တာနံ တေသံ စက္ခုဓာတု ဥပ္ပဇ္ဇတိ နော စ တေသံ သော-
တဓာတု ဥပ္ပဇ္ဇတိ" အစရှိသည်ဖြင့် တဆယ့်ရှစ်ပါးသောခေတ်တို့၏ ဖြစ်ပုံ
ချုပ်ပုံ ဖြစ်ချုပ်ပုံကိုဂုဏ်း, တဆယ့်ရှစ်ပါးသော ခေတ်တို့၏ ပုဂ္ဂိုလ်အလိုက်,
ဘုံအလိုက်, ပုဂ္ဂိုလ်နှင့်ဘုံအလိုက် ဖြစ်ပုံ ချုပ်ပုံ ဖြစ်ချုပ်ပုံတို့ကို ဖော်ပြရာ

ဖြစ်သော ဥဒယဗ္ဗယဉာဏ်ကို ရင့်သန် အားကြီးစေတတ်သော ပဝတ္တိဝါရ အားဖြင့်ရင်း, ယင်းသို့ ပဝတ္တိဝါရဖြင့်ပြအပ်သော ဓာတ်တဆယ့်ရှစ်ပါးတို့ ဝယ် ဥဒယဗ္ဗယဉာဏ် ရင့်သန်၍ ဉာဏ်အစဉ်အတိုင်း ပွါးများကြိုးကုတ် အားထုတ်သော ပုဂ္ဂိုလ်တို့အား လောကုတ္တရာမဂ်ဓဇဉ် ရသင့်ရထိုက်သော ပရိညာသုံးပါး တရားတို့ကို အကျယ်တဝင့် ဖော်ပြရာ ဖြစ်သော ပရိညာဝါရအားဖြင့်ရင်း ဤဆိုအပ်ပြီးသော ပဏ္ဏတ္တိဝါရ, ပဝတ္တိဝါရ, ပရိညာဝါရ သုံးပါးတို့ဖြင့် လေးခုမြောက်ဖြစ်သော ဓာတုယမိုက်ကျမ်းကို ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် အကျယ် တဝင့် ဟင့်ပြပိုင်းခြား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

သစ္စယမိုက်

ပု။ ။အဘိဓမ္မပိဋကေ အာဝုသော ဆဋ္ဌေ ယမကပ္ပကရဏေ ဒသသု ယမကေသု ပဉ္စမံ သစ္စယမကံ ဘဂဝတာ ကထံ ဝိတ္ထာရရတော ဝိဘင်္ဂံတ္ထာ ဒေသိတံ။

ဝိ။ ။အဘိဓမ္မပိဋကေ ဘန္တေ ဆဋ္ဌေ ယမကပ္ပကရဏေ ဒသသု ယမကေသု ပဉ္စမံ သစ္စယမကံ "စတ္တာရိ သစ္စာနိ—ဒုက္ခသစ္စံ သမုဒယသစ္စံ နိရောဓသစ္စံ မဂ္ဂသစ္စံ။ ဒုက္ခံ ဒုက္ခသစ္စံ၊ ဒုက္ခသစ္စံ ဒုက္ခံ။ သမုဒယော သမုဒယသစ္စံ၊ သမုဒယသစ္စံ သမုဒယော။ နိရောဓော နိရောဓသစ္စံ၊ နိရောဓသစ္စံ နိရောဓော။မဂ္ဂေါ မဂ္ဂသစ္စံ၊ မဂ္ဂသစ္စံ မဂ္ဂေါ"တိ ဧဝမာဒိနာ ဘဂဝတာ ဝိတ္ထာရရတော ဝိဘင်္ဂံတ္ထာ ဒေသိတံ။

မေး။ ။အဘိဓမ္မပိဋကဉ် ခြောက်ခုမြောက်ဖြစ်သော ယမိုက်ကျမ်းဝယ် ယမိုက်ဆယ်ကျမ်းတို့ရှိသည့်အနက် ငါးခုမြောက်ဖြစ်သော သစ္စယမိုက်ကျမ်းကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် အကျယ်ဝေဘန်၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

ဖြေ။ ။အဘိဓမ္မပိဋကဉ် ခြောက်ခုမြောက်ဖြစ်သော ယမိုက်ကျမ်းဝယ် ယမိုက်အပြား ဆယ်ပါးတို့ရှိသည့်အနက် ငါးခုမြောက်ဖြစ်သော သစ္စ

ယမိုက်ကျမ်းကို "စတ္တာရိ သစ္စာနိ—ဒုက္ခသစ္စံ သမုဒယသစ္စံ နိရောဓသစ္စံ မဂ္ဂ-သစ္စံ" အစရှိသည်ဖြင့် ဒုက္ခသစ္စဟူသောပုဒ်, သမုဒယသစ္စဟူသောပုဒ်, နိရောဓသစ္စဟူသောပုဒ်, မဂ္ဂသစ္စဟူသောပုဒ်တို့၌ အစိတ်စိတ်ဖြစ်သော ဒုက္ခ ဟူသောပုဒ်အရ, သမုဒယဟူသောပုဒ်အရ, နိရောဓဟူသောပုဒ်အရ, မဂ္ဂဟူသောပုဒ်အရ, သစ္စဟူသောပုဒ်အရ, အပေါင်းဖြစ်သော ဒုက္ခသစ္စ, သမုဒယ-သစ္စ, နိရောဓသစ္စ, မဂ္ဂသစ္စဟူသော ပုဒ်တို့၏အရ ဖြစ်သင့် ဖြစ်ထိုက်သော တရားတို့၏ အမည်နာမ ပညတ်ကို သုတ်သင် ရှင်းလင်း၍ ဖော်ပြရာဖြစ်သော ပဏ္ဏတ္တိဝါရအားဖြင့်ဂင်း, "ယဿ ဒုက္ခသစ္စံ ဥပ္ပဇ္ဇတိ၊ တဿ သမုဒယ-သစ္စံ ဥပ္ပဇ္ဇတိတိ သဗ္ဗေသံ ဥပယဇ္ဇန္တာနံ ပဝတ္တေ တက္ကာဝိပ္ပယုတ္တစိတ္တဿ ဥပ္ပါဒက္ခဏေ တေသံ ဒုက္ခသစ္စံ ဥပ္ပဇ္ဇတိ နော စ တေသံ သမုဒယသစ္စံ ဥပ္ပဇ္ဇတိ" အစရှိသည်ဖြင့် ဒုက္ခသစ္စာ, သမုဒယသစ္စာ, မဂ္ဂသစ္စာ တည်းဟူသော သစ္စာသုံးပါးတို့ ဖြစ်ဆဲ ဖြစ်ပြီး ဖြစ်လတ္တံ့သောပုဂ္ဂိုလ်နှင့် ဘုံတို့ကိုဂင်း, ချုပ်ဆဲ ချုပ်ပြီး ချုပ်လတ္တံ့ဖြစ်သောပုဂ္ဂိုလ်နှင့် ဘုံတို့ကိုဂင်း အကျယ်တဝင့် ဖွင့်ပြရာဖြစ်သော ဥဒယဗ္ဗယဉာဏ်ကို ရင့်သန်စေတတ်သည့် ပဝတ္တိဝါရ အားဖြင့်ဂင်း, "ယော ဒုက္ခသစ္စံ ပရိဇာနာတိ၊ သော သမုဒယသစ္စံ ပဇဟတိ" အစရှိသည်ဖြင့် ဒုက္ခသစ္စာ, သမုဒယသစ္စာတို့၌ ဉာတပရိညာ, တီရဏပရိညာ, ပဟာနပရိညာ တည်းဟူသော ပရိညာသုံးပါးတို့ ထင်ရှားဖြစ်ပုံကို အကျယ်တဝင့် ဖွင့်ပြ ဟောပြရာဖြစ်သော ပရိညာဝါရအားဖြင့်ဂင်း ဤဆိုအပ်ခဲ့ပြီးသော ပဏ္ဏတ္တိဝါရ, ပဝတ္တိဝါရ, ပရိညာဝါရ တည်းဟူသော ဝါရသုံးပါးတို့ဖြင့် ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညု မြတ်စွာဘုရားသည် အကျယ်တဝင့် ဖွင့်ပြပိုင်းခြား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

သခ်ါရယမိုက်

ပု။ ။အဘိဓမ္မပိဋကေ အာဝုသော ဆဋ္ဌေ ယမကပဋိကရဏေ ဒသသု ယမကေသု ဆဋ္ဌံ သခ်ါရယမကံ ဘဂဝတာ ကထံ ဝိတ္ထာရတော ဝိဘဇိတ္ဝာ ဒေသိတံ။

ဝိ။ ။အဘိဓမ္မပိဋကေ ဘန္တေ ဆဋ္ဌေ ယမကပဋိကရဏေ ဒသသု ယမ-ကေသု ဆဋ္ဌံ သခ်ါရယမကံ "တယော သခ်ါရာ—ကာယသခ်ါရော

ဝစီသင်္ခါရော၊ စိတ္တသင်္ခါရော။ အဿာသပဿာသာ ကာယ-သင်္ခါရော၊ ဝိတက္ကဝိစာရာ ဝစီသင်္ခါရော၊ သညာ စ ဝေဒနာ စ စိတ္တသင်္ခါရော ဌပေတွာ ဝိတက္ကဝိစာရေ သဗ္ဗေပိ စိတ္တသမုဋ္ဌာနာ ဓမ္မာ စိတ္တသင်္ခါရော” တိ ဝေမာဒိနာ ဘဂဝတာ ပဏ္ဏတ္တိဝါရ-ပဝတ္တိဝါရပရိညာဝါရသင်္ခါတေဟိ တီဟိ မဟာဝါရေဟိ ဝိတ္ထာ-ရတော ဝိဘဇိတ္ဝာ ဒေသိတံ။

မေး။ ။အဘိဓမ္မပိဋကဟူသော ယမိုက်ကျမ်း၌ ယမိုက်ဆယ်ကျမ်းတို့ရှိသည့် အနက် ခြောက်ခုမြောက်ဖြစ်သော သင်္ခါရယမိုက်ကျမ်းကို ဘုန်းတော် ခြောက်ပါးနှင့်ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ် သို့သော အခြင်းအရာအားဖြင့် အကျယ်ဝေဘန်၍ ဟောကြားတော်မူခဲ့ ပါသနည်း ငါ့ရှင်။

ဖြေ။ ။အဘိဓမ္မပိဋကဝယ် ခြောက်ခုမြောက်ဖြစ်သော ယမိုက်ကျမ်း၌ ယမိုက်အပြား ဆယ်ပါးတို့ရှိသည့်အနက် ခြောက်ခုမြောက်ဖြစ်သော သင်္ခါရယမိုက်ကျမ်းကို “တယော သင်္ခါရာ— ကာယသင်္ခါရော ဝစီ-သင်္ခါရော စိတ္တသင်္ခါရော” အစရှိသည်ဖြင့် ကာယ, ဝစီ, မနောသင်္ခါရတည်း ဟူသော သင်္ခါရ သုံးပါးတို့ကို အကျဉ်းအားဖြင့် မာတိကာထားပြီးမှ ထိုသင်္ခါရသုံးပါးတို့၏အရ တရားကိုယ်ကို ဖော်ပြခြင်း, ထိုကာယသင်္ခါရ, ဝစီသင်္ခါရ, စိတ္တသင်္ခါရဟူသော ပုဒ်တို့ဝယ် အစိတ်အစိတ်ဖြစ်သော ကာယ, ဝစီ, စိတ္တဟူသော ပုဒ်တို့နှင့် အပေါင်းဖြစ်သော ကာယသင်္ခါရ, ဝစီသင်္ခါရ, စိတ္တသင်္ခါရဟူသော ပုဒ်တို့၏ အရတရားကိုယ် ထူးခြားကြောင်းကို ဖော်ပြရာဖြစ်သော ပဏ္ဏတ္တိဝါရအားဖြင့်ဌင်း, ထိုပဏ္ဏတ္တိဝါရဖြင့် ဖော်ပြအပ်ပြီးသော ကာယသင်္ခါရ, ဝစီသင်္ခါရ, စိတ္တသင်္ခါရတည်းဟူသော သင်္ခါရ သုံးပါး တရားတို့၏ ထိုထိုသို့သောပုဂ္ဂိုလ်ဘုံတို့၌ သင်္ခါရတပါးဖြစ်၍ အခြား သင်္ခါရ မဖြစ်သော ပုဂ္ဂိုလ်ဘုံ, သင်္ခါရနှစ်ပါးတို့ဖြစ်သော ပုဂ္ဂိုလ်ဘုံ စသည်တို့ကို အကျယ်တဝင့် ဖွင့်ပြဝေဘန်ရာဖြစ်သော ပဝတ္တိဝါရအားဖြင့်ဌင်း, ပဝတ္တိဝါရဖြင့် ပြခဲ့သော ဥဒယဗ္ဗယဉာဏ်၏ အာရုံဖြစ်သော ကာယ, ဝစီ, စိတ္တသင်္ခါရ တရားသုံးပါးတို့ကို ပွါးများကြိုးကုတ် အားထုတ်သဖြင့် လောကုတ္တရာမဂ် ခဏဝယ် ရသင့်ရထိုက်သော ဉာတပရိညာ, တီရဏပရိ-

ညာ, ပဟာနပရိညာ သုံးပါးတို့ကို ပိုင်းခြား၍ ဖော်ပြရာဖြစ်သည့် ပရိ-ညာဝါရအားဖြင့်ရင်း ဤဆိုအပ်ပြီးသော ပဏ္ဏတ္တိဝါရ, ပဝတ္တိဝါရ, ပရိညာ-ဝါရတည်းဟူသော ဝါရကြီးသုံးပါးတို့ဖြင့် ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညူ မြတ်စွာဘုရားသည် အကျယ်တဝင့် ဖွင့်ပြပိုင်းခြားဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

အနုသယယမိုက်

ပု။ ။အဘိဓမ္မပိဋကေ အာဝုသော ဆဋ္ဌေ ယမကပ္ပကရဏေ ဒသသု ယမကေသု သတ္တမံ အနုသယယမကံ ဘဂဝတာ ကထံ ဝိတ္ထာ-ရတော ဝိဘဇိတ္ဘာ ဒေသိတံ။

ဝိ။ ။အဘိဓမ္မပိဋကေ ဘန္တေ ဆဋ္ဌေ ယမကပ္ပကရဏေ ဒသသု ယမကေသု သတ္တမံ အနုသယယမကံ "သတ္တ အနုသယာ—ကာမရာဂါနုသယော ပဋိဃာနုသယော မာနာနုသယော ဒိဋ္ဌာနုသယော ဝိစိကိစ္ဆာ-နုသယော ဘဝရာဂါနုယော အဝိဇ္ဇာနုသယော။ ကတ္ထ ကာမရာဂါ-နုသယော အနုသေတိ၊ ကာမဓာတုယာ ဒ္ဒိသု ဝေဒနာသု ဇတ္ထ ကာမရာဂါနုသယော အနုသေတိ"တိ ဧဝမာဒိနာ ဘဂဝတာ ဥပတ္တိဋ္ဌာနဝါရ အနုသယဝါရ သာနုသယဝါရ ပဇဟနဝါရ ပရိညာ-ဝါရ ပဟီနဝါရ ဥပဋ္ဌာနဝါရ ဓာတုဝါရသင်္ခါတေဟိ အဋ္ဌဟိ မဟာ-ဝါရေဟိ ဝိတ္ထာရတော ဝိဘဇိတ္ဘာ ဒေသိတံ။

မေး။ ။အဘိဓမ္မပိဋကဋ္ဌ ခြောက်ခုမြောက်ဖြစ်သော ယမိုက်ကျမ်း ဝယ် ဆယ်မျိုးသောယမိုက်ကျမ်းတို့ ရှိသည့်အနက် ခုနစ်ခုမြောက်ဖြစ်သော အနုသယ ယမိုက်ကျမ်းကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညူ မြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် အကျယ်ဝေဘန်၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

ဖြေ။ ။အဘိဓမ္မပိဋကဋ္ဌ ခြောက်ခုမြောက်ဖြစ်သော ယမိုက်ကျမ်း ဝယ် ယမိုက်အပြား ဆယ်ပါးရှိကြသည့်အနက် အောက်ဖြစ်သော မူလ ယမက, ခန္ဓယမက, အာယတနယမက, ဓာတုယမက, သစ္စယမက, သင်္ခါရ ယမက တည်းဟူသော ယမက ခြောက်ကျမ်းတို့ဖြင့် ဥတပရိညာ, တီရဏ-

ပရိညာနှစ်ပါး၏ နယ်ပယ်တို့ကို အကျယ်တဝင့် ဟောကြားတော်မူအပ်ပြီးဖြစ်ရကား ပဟာနပရိညာ၏ နယ်ပယ်ဖြစ်သော ခုနစ်ခုမြောက်ဖြစ်သော အနုသယယမိုက်ကျမ်းကို "သတ္တ အနုသယာ—ကာမရာဂါနုသယော ပဋိဃာနုသယော မာနာနုသယော" အစရှိသည်ဖြင့် အနုသယ ခုနစ်ပါးတို့၏ သရုပ်အရေအတွက်ကိုဂုဏ်း, ထိုအနုသယခုနစ်ပါး တရားတို့၏ ကိန်းရာဖြစ်သော ဌာနကိုဂုဏ်း ဖေါ်ပြရာဖြစ်သည့် ဥပပတ္တိဌာနဝါရ အားဖြင့်ဂုဏ်း, "ယဿ ကာမရာဂါနုသယော အနုသေတိ၊ တဿ ပဋိဃာနုသယော အနုသေတိတိ၊ အာမန္တာ" အစရှိသည်ဖြင့် ထိုအနုသယခုနစ်ပါးတို့ကိန်းရာဖြစ်သော ပုဂ္ဂိုလ်, ကိန်းရာဖြစ်သော ဘုံတို့ကို အကျယ်တဝင့် ဖွင့်ပြဝေဘန်ရာဖြစ်သော အနုသယဝါရ အစရှိသော ဝါရကြီးခုနစ်ပါးအားဖြင့်ဂုဏ်း ဤသို့လျှင် လျှောက်ဆိုအပ်ပြီးသော ဥပပတ္တိဌာန ဝါရ, အနုသယဝါရ, သာနုသယဝါရ, ပဇဟနဝါရ, ပရိညာဝါရ, ပဟီနဝါရ, ဥပပဇ္ဇနဝါရ, ဓာတုဝါရတည်းဟူသော ဝါရရှစ်ပါးတို့ဖြင့် ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် ဤခုနစ်ခုမြောက်ဖြစ်သော အနုသယ ယမိုက်ကျမ်းကို စိတ်ဖြာခဲ့ခြင်း အကျယ်တဝင့် ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

စိတ္တယမိုက်

ပု။ ။အဘိဓမ္မပိဋကေ အာဝုသော ဆဋ္ဌေ ယမကပဋိကရဏေ ဒသသု ယမကေသု အဋ္ဌမံ စိတ္တယမကံ ဘဂဝတာ ကထံ ဝိတ္ထာရတော ဝိဘဇိတ္ဗာ ဒေသိတံ။

ဝိ။ ။အဘိဓမ္မပိဋကေ ဘန္တေ ဆဋ္ဌေ ယမကပဋိကရဏေ ဒသသု ယမကေသု အဋ္ဌမံ စိတ္တယမကံ "ယဿ စိတ္တံ ဥပ္ပဇ္ဇတိ နု နိရုဇ္ဈတိ၊ တဿ စိတ္တံ နိရုဇ္ဈိဿတိ နု ဥပ္ပဇ္ဇိဿတိ။ ယဿ ဝါ ပန စိတ္တံ နိရုဇ္ဈိဿတိ နု ဥပ္ပဇ္ဇိဿတိ၊ တဿ စိတ္တံ ဥပ္ပဇ္ဇတိ နု နိရုဇ္ဈတိ" တိ ဇေမဒိနာ ဘဂဝတာ သုဒ္ဓစိတ္တသာမညသုတ္တန္တစိတ္တမိဿကဝိသေသအဘိဓမ္မစိတ္တမိဿကဝိသေသသင်္ခါတေဟိ တီဟိ မဟာနယေတိ ဝိတ္ထာရတော ဝိဘဇိတ္ဗာ ဒေသိတံ။

မေး။ ။အဘိဓမ္မပိဋကဉ် ခြောက်ခုမြောက်ဖြစ်သော ယမိုက်ကျမ်းဝယ် ဆယ်မျိုးသော ယမိုက်ကျမ်းတို့ရှိသည့်အနက် ရှစ်ခုမြောက်ဖြစ်သော

စိတ္တယမိုက်ကျမ်းကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညူ မြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် အကျယ် ဝေဘန်၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

ဖြေ။ ။အဘိဓမ္မပိဋကတ္၌ ခြောက်ခုမြောက် ဖြစ်သော ယမိုက်ကျမ်းဝယ် ယမိုက်အပြား ဆယ်ပါးရှိသည့်အနက် ရှစ်ခုမြောက်ဖြစ်သော စိတ္တယမိုက်ကျမ်းကို "ယဿ စိတ္တံ ဥပ္ပဇ္ဇတိ န နိရုဇ္ဈတိ၊ တဿ စိတ္တံ နိရုဇ္ဈ-ဿတိ န ဥပ္ပဇ္ဇိဿတိ။ ယဿ ဝါပန စိတ္တံ နိရုဇ္ဈိဿတိ န ဥပ္ပဇ္ဇိဿတိ၊ တဿ စိတ္တံ ဥပ္ပဇ္ဇတိ န နိရုဇ္ဈတိ" အစရှိသည်ဖြင့် တဆယ့်လေးပါးသော ဝါရတို့ဖြင့်ငင်း, ပုဂ္ဂလဝါရ, ဓမ္မဝါရ, ပုဂ္ဂလဓမ္မဝါရတည်းဟူသော သုံးပါး သော ဝါရတို့ဖြင့်ငင်း တန်းဆာဆင်၍ သာမညဖြစ်သောစိတ်ကို ဟော ကြားရာဖြစ်သော သုဒ္ဓစိတ္တသာမညနည်း သုဒ္ဓစိတ္တသာမညဝါရ။

ယဿ သရာဂံ စိတ္တံ ဥပ္ပဇ္ဇတိ န နိရုဇ္ဈတိ၊ တဿ သရာဂံ စိတ္တံ နိရုဇ္ဈ-ဿတိ န ဥပ္ပဇ္ဇိဿတိ အစရှိသည်ဖြင့် သရာဂ အစရှိသော တဆယ့်ခြောက် မျိုး အပြားရှိသောစိတ်ကို ပုဂ္ဂလဝါရ, ဓမ္မဝါရ, ပုဂ္ဂလဓမ္မဝါရတည်းဟူသော ဝါရကြီးသုံးပါးတို့ဝယ် တပါး တပါးသောဝါရ၌ ဥပ္ပါဒ, နိရောဓ, ကာလ-သမ္ဗေဒဝါရအစရှိသော တဆယ့်လေးပါးစီသော အစိတ်စိတ်ဝါရတို့ဖြင့် တန်းဆာဆင်၍ ဟောပြရာဖြစ်သော အဘိဓမ္မ စိတ္တမိဿကဝိသေသနည်း အားဖြင့်ငင်း ဤလျှောက်ဆိုအပ်ပြီးသော သုဒ္ဓစိတ္တသာမည, သုတ္တန္တ-စိတ္တမိဿကဝိသေသ, အဘိဓမ္မစိတ္တမိဿကဝိသေသ တည်းဟူသော သုံးပါး သော နည်းကြီးတို့ဖြင့် ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညူ မြတ်စွာဘုရားသည် ဤရှစ်ခုမြောက်ဖြစ်သော စိတ္တယမိုက်ကျမ်းကို အကျယ်တဝင့် ဖွင့်ပြပိုင်းခြား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ဓမ္မယမိုက်

ပု။ ။အဘိဓမ္မပိဋကေ အာဝုသော ဆဋ္ဌေ ယမကပဋိကရဏေ ဒသသု ယမကေသု နဝမေ ဓမ္မယမကေ ဘဂဝတာ ကထေ ဝတ္ထာရဒ္ဓေါ ဝိဘင်္ဂေါ ဒေသိတော။

ဝိ။ ။အဘိဓမ္မပိဋကေ ဘဒ္ဒေ ဆဋ္ဌေ ယမကပဋိကရဏေ ဒသသု ယမကေသု နဝမံ ဓမ္မယမကံ "ကုသလာ ကုသလာ ဓမ္မာ၊ ကုသလာ ဓမ္မာ ကုသလာ။ အကုသလာ အကုသလာ ဓမ္မာ၊ အကုသလာ ဓမ္မာ အကုသလာ။ အဗျာကတာ အဗျာကတာ ဓမ္မာ၊ အဗျာကတာ ဓမ္မာ အဗျာကတာ" တိ ဧဝမာဒိနာ ဘဂဝတာ ပဏ္ဏတ္တိဝါရပဝတ္တိဝါရပရိညာဝါရသင်္ခါတေဟိ တီဟိ မဟာဝါရေဟိ ဝိတ္ထာရတော ဝိဘင်္ဂေါ ဒေသိတော။

မေး။ ။အဘိဓမ္မပိဋကဒ္ဒ် ခြောက်ခုမြောက်ဖြစ်သော ယမိုက်ကျမ်းဝယ် ဆယ်မျိုးသော ယမိုက်ကျမ်းတို့ ရှိသည့်အနက် ကိုးခုမြောက်ဖြစ်သော ဓမ္မယမိုက်ကျမ်းကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အာဘယ်သို့သော အခြင်းအရာအားဖြင့် အကျယ်ဝေဘန်၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

ဖြ။ ။အဘိဓမ္မပိဋကဒ္ဒ် ခြောက်ခုမြောက်ဖြစ်သော ယမိုက်ကျမ်းဝယ် ယမိုက်အပြား ဆယ်ပါးတို့ ရှိကြသည့်အနက် ကိုးခုမြောက်ဖြစ်သော ဓမ္မယမိုက်ကျမ်းကို "ကုသလာ ကုသလာ ဓမ္မာ။ပ။ အဗျာကတာ ဓမ္မာ အဗျာကတာ" အစရှိသည်ဖြင့် နှစ်ဆယ့်နှစ်ပါးသော တိက်,တရာသော ဒုက်တို့ဌ် လာသော ကုသိုလ်, အကုသိုလ်, အဗျာကတ အစရှိသော တရားတို့၏ ထိုထိုသို့သော အမည်နာမ ပညတ်တို့ကို သုတ်သင်ရှင်းလင်း ခွဲခြမ်းဝေဘန်သောအားဖြင့် ဖော်ပြရာဖြစ်သော ပဏ္ဏတ္တိဝါရအားဖြင့်ဂုဏ်း။

ယဿ ကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ တဿ အကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိတိ နော။ ယဿ ဝါ ပန အကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ တဿ ကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိတိ နော အစရှိသည်ဖြင့် ထိုထိုသို့သောပုဂ္ဂိုလ်, ထိုထိုသို့သောတို့, ထိုထိုသို့သော ပုဂ္ဂိုလ်ဘုံတို့ဌ် ကုသိုလ်, အကုသိုလ်, အဗျာကတ တရားတို့

အနက် တပါးသော တရားဖြစ်ခိုက် ကျန်သော နှစ်ပါးသောတရားတို့ ဖြစ်ဆဲ ဖြစ်ပုံ, ဖြစ်ပြီးဖြစ်ပုံ, ဖြစ်လတ္တံ့ဖြစ်ပုံ, ချုပ်ဆဲ, ချုပ်ပြီး, ချုပ်လတ္တံ့ ဖြစ်ပုံ အလုံးစုံတို့ကို အကျယ်တဝင့် ဖွင့်ပြဟောကြားရာဖြစ်သော ပဝတ္တိဝါရ အားဖြင့်ငင်း။

ထိုပဏ္ဏတ္တိဝါရ, ပဝတ္တိဝါရတို့၌ ဖော်ပြအပ်ပြီးသော ကုသိုလ်, အကုသိုလ်, အဗျာကတ အစရှိသော တိက်ဝင် ဒုက်ဝင် တရားတို့ကို လောကုတ္တရာ မဂ်ဓဏ၌ ပရိညာသုံးပါးတို့ဖြင့် ပိုင်းခြား၍ သိပုံကို အကျယ်တဝင့် ဖော်ပြရာ ဖြစ်သော ပရိညာဝါရအားဖြင့်ငင်း—

ဤဆိုအပ်ပြီးသော ပဏ္ဏတ္တိဝါရ, ပဝတ္တိဝါရ, ပရိညာဝါရဟု ဆိုအပ်သော ဝါရကြီး သုံးပါးတို့ဖြင့် ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် ဤကိုးခုမြောက်ဖြစ်သော ဓမ္မယမိုက်ကျမ်းကို အကျယ်တဝင့် ဖွင့်ပြပိုင်းခြားဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ဣန္ဒြိယယမိုက်

ပု။ ။အဘိဓမ္မပိဋကေ အာဝုသော ဆဋ္ဌေ ယမကပဋိကရဏေ ဒသသု ယမကေသု ဒသမံ ဣန္ဒြိယယမကံ ဘဂဝတာ ကထံ ဝိတ္ထာရရတော ဝိဘဇိတ္ဗာ ဒေသိတံ။

ဝိ။ ။အဘိဓမ္မပိဋကေ ဘန္တေ ဆဋ္ဌေ ယမကပဋိကရဏေ ဒသသု ယမကေသု ဒသမံ ဣန္ဒြိယယမကံ "ဗာဝီသတိန္ဒြိယာနိ— စက္ခုန္ဒြိယံ သောတိန္ဒြိယံ ဃာနိန္ဒြိယံ ဇိဝှိန္ဒြိယံ ကာယိန္ဒြိယံ မဏ္ထိန္ဒြိယံ ပုရိသိန္ဒြိယံ ဇီဝိတိန္ဒြိယံ မနိန္ဒြိယံ သုခိန္ဒြိယံ ဒုက္ခိန္ဒြိယံ သောမနဿိန္ဒြိယံ ဒေါမနဿိန္ဒြိယံ ဥပေက္ခိန္ဒြိယံ သဒ္ဓိန္ဒြိယံ ဝီရိယိန္ဒြိယံ သတိန္ဒြိယံ သမာဓိန္ဒြိယံ ပညိန္ဒြိယံ အနညာတညဿာမီတိန္ဒြိယံ အညိန္ဒြိယံ အညာတာဝိန္ဒြိယ"န္တိ ဧဝမာဒိနာ ဘဂဝတာ ပဏ္ဏတ္တိဝါရ ပဝတ္တိဝါရ ပရိညာဝါရသင်္ခါတေဟိ တီဟိ မဟာဝါရေဟိ ဝိတ္ထာရတော ဝိဘဇိတ္ဗာ ဒေသိတာ။

မေး။ ။အဘိဓမ္မပိဋကဉ္စ ခြောက်ခုမြောက်ဖြစ်သော ယမိုက်ကျမ်းဝယ် ဆယ်မျိုးသော ယမိုက်ကျမ်းတို့ ရှိသည့်အနက် ဆယ်ခုမြောက်ဖြစ်

သော ကုန္ဒြိယယမိုက်ကျမ်းကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် အကျယ်ဝေဘန်၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

ဖြေ။ ။အဘိဓမ္မပိဋကဉ် ခြောက်ခုမြောက်ဖြစ်သော ယမိုက်ကျမ်းဝယ် ယမိုက်အပြား ဆယ်ပါးတို့ ရှိကြသည့်အနက် ဆယ်ခုမြောက်ဖြစ်သော ကုန္ဒြိယယမိုက်ကျမ်းကို "ဗာဝိသတိန္ဒြိယာနံ---စက္ခုန္ဒြိယံ သောတိန္ဒြိယံ" ဒေစရှိသည်ဖြင့် ကုန္ဒြေနှစ်ဆယ့်နှစ်ပါးတို့ကို ရှေးဦးစွာ သရုပ်ထုတ်ပြ၍ ထို နှစ်ဆယ့်နှစ်ပါးသော စက္ခုန္ဒြိယ သောတိန္ဒြိယ အစရှိသော ပုဒ်တို့ဝယ် အစိတ် အစိတ်ဖြစ်သော စက္ခု သောတ အစရှိသော ပုဒ်အနက်, အပေါင်းဖြစ်သော စက္ခုန္ဒြိယ သောတိန္ဒြိယ အစရှိသော ပုဒ်အနက်တို့၏ အရတူပုံ ဒေရကဲ့ပြားပုံကို ထင်ရှားစွာ ဖော်ပြရာဖြစ်သော ပဏ္ဏတ္တိဝါရ။

ကုန္ဒြေ နှစ်ဆယ့်နှစ်ပါး တရားတို့၏ ဖြစ်ဆဲ,ဖြစ်ပြီး, ဖြစ်လတ္တံ., ချုပ်ဆဲ, ချုပ်ပြီး, ချုပ်လတ္တံ့ ဖြစ်ပုံ အလုံးစုံတို့ကို ပုဂ္ဂိုလ်အားဖြင့်ရင်း, ဘုံအားဖြင့်ရင်း, ပုဂ္ဂိုလ်ဘုံနှစ်ပါးအားဖြင့်ရင်း အကျယ်တဝင့် ဖွင့်ပြဟောကြားရာဖြစ်သော ပဝတ္တိဝါရ။

ထိုကုန္ဒြေ နှစ်ဆယ့်နှစ်ပါးတို့ကို အရိယာမဂ် ခဏ၌ ထိုက်သည့်အား လျော်စွာ သိသင့် သိထိုက်သော ကုန္ဒြေတို့ကိုသိပုံ, ပယ်သင့်ပယ်ထိုက်သော ကုန္ဒြေတို့ကိုပယ်ပုံ, ပွါးသင့်ပွါးထိုက်သောကုန္ဒြေတို့ကို ပွါးများပုံ, မျက်မှောက်ပြုသင့်ပြုထိုက်သော ကုန္ဒြေတို့ကို မျက်မှောက်ပြုပုံ အလုံးစုံတို့ကို အကျယ်တဝင့် ဖွင့်ပြဟောကြားရာဖြစ်သော ပရိညာဝါရ ဤပဏ္ဏတ္တိဝါရ, ပဝတ္တိဝါရ, ပရိညာဝါရတည်းဟူသော ဝါရအပြား သုံးပါးတို့ဖြင့် ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညု မြတ်စွာဘုရားသည် ဤကုန္ဒြိယ ယမိုက်ကျမ်းကို အကျယ်တဝင့် ဖွင့်ပြဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

အတီတဝါရ

ပုဒ်။ ။အဘိဓမ္မပိဋကေ အာဝုသော ကုန္ဒြိယယမကေ တီသု မဟာဝါရေသု ပဝတ္တိဝါရေ ဥပ္ပါဒအတီတဝါရော ဘဂဝတာ ကထံ ဝိတ္ထာရေန ဝိဘဇိတ္ထာ ဒေသိတော။

ဝိ။ ။အဘိဓမ္မပိဋကေ ဘဇန္တေ ဣန္ဒြိယယမကေ တီသု မဟာဝါရေသု ပဝတ္တိ-ဝါရေ ဥပ္ပါဒအတီတဝါရော "ယဿ စက္ခုန္ဒြိယံ ဥပ္ပဇ္ဇိတ္ထ၊ တဿ သောတိန္ဒြိယံ၊ ဃာနိန္ဒြိယံ၊ ဇိဝှိန္ဒြိယံ၊ ကာယိန္ဒြိယံ၊ ဣတ္ထိန္ဒြိယံ၊ ပုရိသိန္ဒြိယံ၊ ဇီဝိတိန္ဒြိယံ၊ သောမနဿိန္ဒြိယံ၊ ဥပေက္ခိန္ဒြိယံ၊ သဒ္ဓိန္ဒြိယံ၊ ဝီရိယိန္ဒြိယံ၊ သတိန္ဒြိယံ၊ သမာဓိန္ဒြိယံ၊ ပညိန္ဒြိယံ၊ မနိန္ဒြိယံ၊ ဥပ္ပဇ္ဇိတ္ထာတိ၊ အာမန္တာ။ ယဿ ဝါ ပန မနိန္ဒြိယံ ဥပ္ပဇ္ဇိတ္ထ၊ တဿ စက္ခုန္ဒြိယံ ဥပ္ပဇ္ဇိတ္ထာတိ၊ အာမန္တာ"တိ ဧဝမာဒိနာ ဘဂဝတာ ဝိဘဇိတ္ဝာ ဒေသိတော။

မေး။ ။အဘိဓမ္မပိဋကဉ် ဣန္ဒြိယယမိုက်ကျမ်းဝယ် ပဏ္ဏတ္တိဝါရ, ပဝတ္တိဝါရ, ပရိညာဝါရဟူ၍ ဝါရကြီးသုံးပါးတို့ ရှိသည်အနက် ပဝတ္တိဝါရ ဥပ္ပါဒအတီတဝါရကို "ယဿ စက္ခုန္ဒြိယံ ဥပ္ပဇ္ဇိတ္ထ၊ တဿ သောတိန္ဒြိယံ၊ ဃာနိန္ဒြိယံ ဥပ္ပဇ္ဇိတ္ထာတိ၊ အာမန္တာ။ ယဿ ဝါ ပန ဃာနိန္ဒြိယံ ဥပ္ပဇ္ဇိတ္ထ၊တဿ စက္ခုန္ဒြိယံ ဥပ္ပဇ္ဇိတ္ထာတိ၊ အာမန္တာ" အစရှိသည်ဖြင့် အကြင်သို့သဘောရှိသောပုဂ္ဂိုလ်အား စက္ခုန္ဒြေဖြစ်ခဲ့ဘူးလေပြီ၊ ထိုစက္ခုန္ဒြေ ဖြစ်ခဲ့ဘူးသော ပုဂ္ဂိုလ်အား သောတိန္ဒြေဖြစ်ခဲ့ဘူးပြီလော။ ဃာနိန္ဒြေ, ဇိဝှိန္ဒြေ, ကာယိန္ဒြေ, ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ, ဇီဝိတိန္ဒြေ, သောမနဿိန္ဒြေ,ဥပေက္ခိန္ဒြေ, သဒ္ဓိန္ဒြေ, ဝီရိယိန္ဒြေ, သတိန္ဒြေ, သမာဓိန္ဒြေ, ပညိန္ဒြေ, မနိန္ဒြေတို့ဖြစ်ခဲ့ဘူးပြီလောဟူ၍ အမေးပုစ္ဆာ ပြဿနာ ပေါ်ပေါက်လတ်သည်ရှိသော် အနုမတဂ္ဂမသိအပ်သော အစရှိသော အစမထင် သံသရာတခွင်၌ မည်သည့် တစုံတယောက်သော နတ်လူပြဟ္မာ သတ္တဝါမှာမှ စက္ခုန္ဒြေ, သောတိန္ဒြေ, ဃာနိန္ဒြေ, ဇိဝှိန္ဒြေ, ကာယိန္ဒြေ, ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ, ဇီဝိတိန္ဒြေ, သောမနဿိန္ဒြေ, ဥပေက္ခိန္ဒြေ, သဒ္ဓိန္ဒြေ, ဝီရိယိန္ဒြေ, သတိန္ဒြေ, သမာဓိန္ဒြေ, ပညိန္ဒြေ, မနိန္ဒြေတည်းဟူသော ဣန္ဒြေတရားတို့ မဖြစ်ဘူးသော ပုဂ္ဂိုလ်မည်သည် မရှိ၊

ဖြစ်ဘူးကြလေသောကြောင့် စက္ခုန္ဒြေ ဖြစ်ဘူးသောပုဂ္ဂိုလ်အား သော-တိန္ဒြေအစ မနိန္ဒြေတိုင်အောင်သော ဣန္ဒြေတို့ ဖြစ်ဘူးပြီလား ဟု မေးမြန်းလတ်သည်ရှိသော် "အာမန္တာ = ဖြစ်ဘူးပြီ" ဟူ၍သာလျှင် ဝန်ခံ၍ ဖြေဆိုရမည်ဟူ၍ဂုဏ်း။

"အကြင်ပုဂ္ဂိုလ်အားကား မနိန္ဒြေဖြစ်ဘူးပြီ၊ ထိုမနိန္ဒြေ ဖြစ်ဘူးသော ပုဂ္ဂိုလ်အား စက္ခုန္ဒြေ ဖြစ်ဘူးပြီလော" ဟု တစုံတခု အမေးပုစ္ဆာပြဿနာ ပေါ်ပေါက်လာသည်ရှိသော် အစမထင် သံသရာတခွင်၌ မနိန္ဒြေဖြစ်ဘူးကြသော ပုဂ္ဂိုလ်မှန်သမျှအား စက္ခုန္ဒြေမဖြစ်ဘူးသောမည်သည် မရှိ၊ ဖြစ်ဘူးသည်သာလျှင် ဖြစ်သောကြောင့် မနိန္ဒြေဖြစ်ဘူးသော ပုဂ္ဂိုလ်အား စက္ခုန္ဒြေဖြစ်ဘူးပြီလား ဟု မေးမြန်းလတ်သည်ရှိသော် "အာမန္တာ = ဖြစ်ဘူးပြီ" ဟူ၍သာလျှင် ဖြေဆိုရမည် ဟူ၍ဂုဏ်း။

ယဿ ဣတ္ထိန္ဒြိယံ ဥပ္ပဇ္ဇတ္ထ၊ တဿ ပုရိသိန္ဒြိယံ ဥပ္ပဇ္ဇတ္ထာတိ၊ အာမန္တာ။ ယဿ ဝါ ပန ပုရိသိန္ဒြိယံ ဥပ္ပဇ္ဇတ္ထ၊ တဿ ဣတ္ထိန္ဒြိယံ ဥပ္ပဇ္ဇတ္ထာတိ၊ အာမန္တာ အစရှိသည်ဖြင့် "အကြင်ပုဂ္ဂိုလ်အား ဣတ္ထိန္ဒြေဖြစ်ခဲ့ဘူးပြီ၊ ထိုဣတ္ထိန္ဒြေဖြစ်ခဲ့ဘူးသော ပုဂ္ဂိုလ်အား ပုရိသိန္ဒြေ ဖြစ်ခဲ့ဘူးပြီလော" ဟူ၍ တစုံတခု အမေးပုစ္ဆာ ပြဿနာ ပေါ်ပေါက်လတ်သည်ရှိသော် အစမထင် သံသရာတခွင်၌ ဣတ္ထိန္ဒြေ မဖြစ်ဘူးသော ပုရိသိန္ဒြေ မဖြစ်ဘူးသော တစုံတယောက်သော နတ် လူ ဗြဟ္မာ သတ္တဝါဟူ၍မျှ မရှိ၊ ခပ်သိမ်းသော သတ္တဝါတို့အားပင်လျှင် အစမထင် သံသရာတခွင်က ဣတ္ထိန္ဒြေလည်း ဖြစ်ခဲ့ဘူး ပုရိသိန္ဒြေလည်း ဖြစ်ခဲ့ဘူးလှပြီဖြစ်သောကြောင့် "အကြင်ပုဂ္ဂိုလ်အား ဣတ္ထိန္ဒြေဖြစ်ဘူးပြီ၊ ထိုဣတ္ထိန္ဒြေ ဖြစ်ဘူးသောပုဂ္ဂိုလ်အား ပုရိသိန္ဒြေ ဖြစ်ဘူးပြီလော" ဟု အမေးပုစ္ဆာ ပြဿနာ ပေါ်ပေါက်လတ်သည်ရှိသော် "အာမန္တာ = ဖြစ်ဘူးခဲ့ပြီ" ဟူ၍သာလျှင် ဝန်ခံ၍ ဖြေဆိုရမည် အစရှိသည်ဖြင့်ဂုဏ်း — ဤသို့အစရှိသည်ဖြင့် ဣန္ဒြေတရားတို့၏ ထိုထိုပုဂ္ဂိုလ်၌ ဖြစ်ဘူးသောအခြင်းအရာ, ထိုထို ဘုံတို့၌ဖြစ်ဘူးသော အခြင်းအရာ, ထိုထိုပုဂ္ဂိုလ်ဘုံတို့၌ ဖြစ်ဘူးသော အခြင်းအရာတို့ကို အကျယ်တဝင့် ဖွင့်ပြဟောကြားတော်မူလျက် ဤဥပါဒအတိတဝါရ အမည်ရသောမဟာဝါရကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညူ မြတ်စွာဘုရားသည် လျှောက်ဆိုအပ်ပြီးသော အခြင်းအရာဖြင့် အကျယ်တဝင့် ဖွင့်ပြပို်င်းခြားဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ဥပ္ပါဒအနာဂတဝါရ

ပု။ ။အဘိဓမ္မပိဋကေ အာဝုသော ကုန္ဒြိယယမကေ တီသု မဟာ-
ဝါရေသု ပဝတ္တိဝါရေ ဥပ္ပါဒအနာဂတဝါရော ဘဂဝတာ ကထံ
ဝိတ္ထာရေန ဝိဘဇိတ္ဘာ ဒေသိတော။

ဝိ။ ။အဘိဓမ္မပိဋကေ ဘန္တေ ကုန္ဒြိယယမကေ တီသု မဟာဝါရေသု
ပဝတ္တိဝါရေ ဥပ္ပါဒအနာဂတဝါရော "ယဿ စက္ခုန္ဒြိယံ ဥပ္ပဇ္ဇိဿတိ၊
တဿ သောတိန္ဒြိယံ ဥပ္ပဇ္ဇိဿတီတိ၊ အာမန္တာ။ ယဿ ဝါ ပန
သောတိန္ဒြိယံ ဥပ္ပဇ္ဇိဿတိ၊ တဿ စက္ခုန္ဒြိယံ ဥပ္ပဇ္ဇိဿတီ"တိ
အာမန္တာ။ ယဿ စက္ခုန္ဒြိယံ ဥပ္ပဇ္ဇိဿတိ၊ တဿ ဃာနိန္ဒြိယံ၊
ဇိဝှိန္ဒြိယံ၊ ကာယိန္ဒြိယံ ဥပ္ပဇ္ဇိဿတီတိ၊ ယေ ရူပါဝစရံ ဥပပဇ္ဇိတ္ဘာ
ပရိနိဗ္ဗာယိဿန္တိ၊ တေသံ စက္ခုန္ဒြိယံ ဥပ္ပဇ္ဇိဿတိ၊ နော စ တေသံ
ကာယိန္ဒြိယံ ဥပ္ပဇ္ဇိဿတိ၊ ဣတရေသံ တေသံ စက္ခုန္ဒြိယဉ္စ ဥပ္ပဇ္ဇ-
ဿတိ ကာယိန္ဒြိယဉ္စ ဥပ္ပဇ္ဇိဿတီ"တိ ဧဝမာဒိနာ ဘဂဝတာ
ဝိတ္ထာရတော ဝိဘဇိတ္ဘာ ဒေသိတော။

မေး။ ။အဘိဓမ္မပိဋကဉ္စ် ယခု သံဂါယနာတင်ဆဲဖြစ်သော ဣန္ဒြိယ
ယမိုက်ကျမ်းငယ် ပဏ္ဏတ္တိဝါရ, ပဝတ္တိဝါရ, ပရိညာဝါရဟူ၍ မဟာဝါရကြီး
သုံးပါးတို့ရှိသည့်အနက် ပဝတ္တိမဟာဝါရ၌ ဥပ္ပါဒအနာဂတဝါရမည်သော
တရားဒေသနာတော်အစုကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော
သဗ္ဗညူ မြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့်
အကျယ်ဝေဘန်၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

ဖြေ။ ။အဘိဓမ္မပိဋကဝယ် ယခု သံဂါယနာ တင်နေဆဲဖြစ်ပါသော
ဣန္ဒြိယယမိုက်ကျမ်း၌ ပဏ္ဏတ္တိဝါရ, ပဝတ္တိဝါရ, ပရိညာဝါရ တည်းဟူသော
ဝါရကြီးသုံးပါးတို့ ရှိသည့်အနက် ပဝတ္တိဝါရ အဝင်အပါ ဥပ္ပါဒအနာဂတဝါရ
ကို "ယဿ စက္ခုန္ဒြိယံ ဥပ္ပဇ္ဇိဿတိ။ပ။ အာမန္တာ" အစရှိသည်ဖြင့် "အကြင်
ပုဂ္ဂိုလ်အား စက္ခုန္ဒြေဖြစ်လတ္တံ့၊ ထိုစက္ခုန္ဒြေဖြစ်လတ္တံ့သော ပုဂ္ဂိုလ်အား
သောတိန္ဒြေ ဖြစ်လတ္တံ့လော"ဟူ၍ တစုံတခု အမေးပုစ္ဆာပြဿနာ ဖြစ်လတ်
သည်ရှိသော် စက္ခုန္ဒြေဖြစ်လတ္တံ့သော ပုဂ္ဂိုလ်အား သောတိန္ဒြေ ဖြစ်လတ္တံ့

ပင်ဖြစ်သောကြောင့် "အာမန္တာ=သောတိန္ဒြေဖြစ်လတ္တံ့သာ" ဟုဝန်ခံသော ပဋိဝစန ပိဿဇ္ဇနာဖြင့် ဖြေဆိုရမည်။ "အကြင် ပုဂ္ဂိုလ်အား သောတိန္ဒြေ ဖြစ်လတ္တံ့၊ ထိုသောတိန္ဒြေ ဖြစ်လတ္တံ့သော ပုဂ္ဂိုလ်အား စက္ခုန္ဒြေ ဖြစ်လည်း ဖြစ်လတ္တံ့လော" ဟု အမေးပုစ္ဆာပြဿနာ ရှိလတ်လျှင်လည်း ထို့အတူပင်လျှင် "အာမန္တာ=ဖြစ်လတ္တံ့" ဟူ၍သာလျှင် ပဋိဝစနဝိဿဇ္ဇနာဖြင့် ဖြေဆိုရမည် ဟူ၍ဂုင်း,

"အကြင်ပုဂ္ဂိုလ်အား စက္ခုန္ဒြေဖြစ်လတ္တံ့၊ ထိုစက္ခုန္ဒြေ ဖြစ်လတ္တံ့သော ပုဂ္ဂိုလ်အား ဃာနိန္ဒြေ, ဇိဝှိန္ဒြေ, ကာယိန္ဒြေဖြစ်လတ္တံ့လော" ဟူ၍ အမေးပုစ္ဆာပြဿနာ ပေါ်ပေါက်လတ်သည်ရှိသော် အကြင်သို့သဘောရှိသော တိဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် ဤကာမဘုံမှ စုတေ၍ ဝေဟပ္ဖိုလ် တိုင်အောင်သော ရူပါဝစရ ဆယ်ဘုံတို့၌ ဖြစ်ပြီးလျှင် အောက်ကာမဘုံသို့ မပြန်တော့ဘဲ ထို ရူပါဝစရဘုံ၌ပင်လျှင် အရဟာတ္တဖိုလ်ရောက်၍ ပရိနိဗ္ဗာန် စံကြကုန်လတ္တံ့၊ ထိုသို့အရဟာတ္တဖိုလ်ရောက်၍ ရူပါဝစရဘုံ၌ ပရိနိဗ္ဗာန် စံလတ္တံ့ ဖြစ်ကြသော ဤကာမဘုံက တိဟိတ် ပုထုဇဉ်နှင့် သောတာပန်, သကဒါဂါမ် ပုဂ္ဂိုလ်တို့အားဂုင်း, ရူပါဝစရဘုံချင်းချင်းဖြစ်၍ အောက်ကာမဘုံသို့ မစုန်တော့ဘဲ ပရိနိဗ္ဗာန်ပြုကြလတ္တံ့သော ရူပါဝစရဘုံသား တိဟိတ် ပုထုဇဉ် အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ်သုံးယောက်တို့အားဂုင်း စက္ခုန္ဒြေသာ ဖြစ်လတ္တံ့၊ ဃာနိန္ဒြေ, ဇိဝှိန္ဒြေ, ကာယိန္ဒြေတို့ ဖြစ်လတ္တံ့မဟုတ်။ ကာမာ-ဝစရဘုံ၌ နောင်ဖြစ်ပြန်ကောင်းသော ကာမာဝစရဘုံသား ပုထုဇဉ် ပုဂ္ဂိုလ်နှင့် သောတာပန်, သကဒါဂါမ် ပုဂ္ဂိုလ်တို့အားဂုင်း, ကာမာဝစရဘုံသို့ တဖန်စုန်ဆင်းလာမည့် ရူပါဝစရ အရူပါဝစရဘုံမှ တိဟိတ် ပုထုဇဉ်ပုဂ္ဂိုလ် အားဂုင်း ဤပုဂ္ဂိုလ်တို့အားကား စက္ခုန္ဒြေလည်း ဖြစ်လတ္တံ့၊ ဃာနိန္ဒြေ, ဇိဝှိန္ဒြေ, ကာယိန္ဒြေလည်း ဖြစ်လတ္တံ့။ ဤသို့ဖြေဆိုရာ၏ ဟူ၍ဂုင်း။

"အကြင်ပုဂ္ဂိုလ်အားကား ဃာနိန္ဒြေ, ဇိဝှိန္ဒြေ, ကာယိန္ဒြေ ဖြစ်လတ္တံ့၊ ထိုပုဂ္ဂိုလ်အား စက္ခုန္ဒြေ ဖြစ်လတ္တံ့လော" ဟု အမေးပုစ္ဆာပြဿနာဖြစ်လတ်သည်ရှိသော် ဃာနိန္ဒြေ ဇိဝှိန္ဒြေ ကာယိန္ဒြေတို့ ဖြစ်ရမည့် ကာမဘုံ၌ စက္ခု-န္ဒြေ ဖြစ်နိုင်သည်သာ ဖြစ်သောကြောင့် ထိုသို့သော အမေးပုစ္ဆာ ပြဿနာ ပေါ်ပေါက်လတ်သည်ရှိသော် "အာမန္တာ=စက္ခုန္ဒြေ ဖြစ်လတ္တံ့" ဟူ၍ပင် ဝန်ခံသော ပဋိဝစနဝိဿဇ္ဇနာဖြင့် ဖြေဆိုရမည် ဟူ၍ဂုင်း။

ယဿ စက္ခုန္ဒြိယံ ဥပ္ပဇ္ဇိဿတိ၊ တဿ ဣတ္ထိန္ဒြိယံ ဥပ္ပဇ္ဇိဿတီတိ။ ယော ရူပါဝစရံ ဥပပဇ္ဇိတ္ဝာ ပရိနိဗ္ဗာယိဿန္တိ, ယော စ ပုရိသော ဧတေနေဝ ဘာဝေန ကတိစိ ဘဝေ ဒဿေတ္ဝာ ပရိနိဗ္ဗာယိဿန္တိ တေသံ စက္ခုန္ဒြိယံ ဥပ္ပဇ္ဇိဿတိ၊ နော စ တေသံ ဣတ္ထိန္ဒြိယံ ဥပ္ပဇ္ဇိဿတိ၊ ဣတရေသံ တေသံ စက္ခုန္ဒြိယဉ္စ ဥပ္ပဇ္ဇိဿတိ ဣတ္ထိန္ဒြိယဉ္စ ဥပ္ပဇ္ဇိဿတိ။

"အကြင်ပုဂ္ဂိုလ်အား စက္ခုန္ဒြေ ဖြစ်လတ္တံ့၊ ထိုစက္ခုန္ဒြေ ဖြစ်လတ္တံ့သော ပုဂ္ဂိုလ်အား ဣတ္ထိန္ဒြေ ဖြစ်လတ္တံ့လော။ စက္ခုန္ဒြေ ဖြစ်လတ္တံ့သော ပုဂ္ဂိုလ်အား နောက်အနာဂတ် တခုခုသော ဘဝဝယ် မဂတုဂါမ မင်းမိန်းမဖြစ်၍ ဣတ္ထိန္ဒြေ ဖြစ်လတ္တံ့လော"ဟူ၍ တစုံတခု အမေးပုစ္ဆာ ပြဿနာ ပေါ်ပေါက်လတ်သည်ရှိသော် အကြင်သို့ သဘောရှိသော ကာမဘုံသား တိဟိတ် ပုထုဇဉ်, သောတာပတ္တိ ဖလဌာန်, သကဒါဂါမိ ဖလဌာန် ပုဂ္ဂိုလ်တို့သည် ဝေဟပ္ဖိုလ်ဘုံ တိုင်အောင်သော ရူပါဝစရဆယ်ဘုံ၌ဖြစ်၍ ပရိနိဗ္ဗာန် ပြုကြကုန်လတ္တံ့ ထိုပုဂ္ဂိုလ်တို့အားဖင်း, ရူပါဝစရဘုံ ချင်းချင်းဖြစ်၍ ပရိနိဗ္ဗာန် ပြုကြမည့် တိဟိတ် ပုထုဇဉ်, သောတာပန်, သကဒါဂါမ်, အနာဂါမ် ပုဂ္ဂိုလ်တို့အားဖင်း, ကာမဘုံသား အကြင်ယောကျ်ားတို့သည် ထိုယောကျ်း၏ အဖြစ်ဖြင့်ပင်လျှင် နှစ်ဘဝ သုံးဘဝ ကာမဘုံ၌ ဘဝပဋိသန္ဓေ နေကြပြီးလျှင် နှစ်ဘဝ သုံးဘဝ လွန်မြောက်သောကာလ၌ ယောကျ်း၏ အဖြစ်ဖြင့် အရဟတ္တဖိုလ်ပေါက်ရောက်၍ ပရိနိဗ္ဗာန်စံကြကုန်လတ္တံ့၊ ထိုသို့သဘောရှိသော ယောကျ်း ပုဗ္ဗာဝ ပုရိသိန္ဒြေကိန်းဝပ်သော ပုဂ္ဂိုလ်တို့အားဖင်း စက္ခုန္ဒြေသာ ဖြစ်လတ္တံ့၊ ဣတ္ထိန္ဒြေဖြစ်လတ္တံ့ မဟုတ်။

အကြင်သို့ သဘောရှိသော ပုဂ္ဂိုလ်တို့အား ကာမဘုံ၌ပြန်၍ မဂတုဂါမ မင်းမိန်းမဖြစ်ကြလတ္တံ့၊ ဣတ္ထိန္ဒြေဖြစ်ပေါ်လတ္တံ့၊ ထိုသို့ ကာမဘုံသို့ပြန်၍ မဂတုဂါမ မင်းမိန်းမဖြစ်ကြမည့် ကာမဘုံက ပုထုဇဉ်ပုဂ္ဂိုလ် အောက်ဖလဌာန်ပုဂ္ဂိုလ်နှစ်ယောက်၊ ရူပါဝစရ အရူပါဝစရဘုံမှ အောက်ကာမဘုံသို့ဆင်း၍ မဂတုဂါမ မင်းမိန်းမဖြစ်လတ္တံ့သော တိဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်၊ ဤပုဂ္ဂိုလ်တို့အားကား စက္ခုန္ဒြေလည်းဖြစ်လတ္တံ့၊ ဣတ္ထိန္ဒြေလည်း ဖြစ်လတ္တံ့ ဟု ဆိုရမည်ဟူ၍ဖင်း။

ယဿ စက္ခုန္ဒြိယံ ဥပ္ပဇ္ဇိဿတိ၊ တဿ ပုရိသိန္ဒြိယံ ဥပ္ပဇ္ဇိဿတီတိ၊ ယေ ရူပါဝစရံ ဥပပဇ္ဇိတ္ဝာ ပရိနိဗ္ဗာယိဿန္တိ၊ ယာ စ ဣတ္ထိယော ဇေတနဝဘာဝေန ကတိစိ ဘဝေ ဒဿေတ္ဝာ ပရိနိဗ္ဗာယိဿန္တိ၊ တေသံ စက္ခုန္ဒြိယံ ဥပ္ပဇ္ဇိဿတိ၊ နော စ တေသံ ပုရိသိန္ဒြိယံ ဥပ္ပဇ္ဇိဿတိ။ ဣတရေသံ တေသံ စက္ခုန္ဒြိယဉ္စ ဥပ္ပဇ္ဇိဿတိ ပုရိသိန္ဒြိယဉ္စ ဥပ္ပဇ္ဇိဿတိ။

"အကြင်ပုဂ္ဂိုလ်အား စက္ခုန္ဒြေဖြစ်လတ္တံ့၊ ထိုစက္ခုန္ဒြေဖြစ်လတ္တံ့သော ပုဂ္ဂိုလ်အား အမျိုးကောင်းသား မင်းယောကျ်ားဖြစ်၍ ပုရိသိန္ဒြေဖြစ်လတ္တံ့လော" ဟု အမေးပုစ္ဆာ ပြဿနာ ဖြစ်လတ်သည်ရှိသော် အကြင်သို့ သဘောရှိသော ကာမဘုံသား တိဟိတ် ပုထုဇဉ်, သောတာပန်, သကဒါဂါမ် ပုဂ္ဂိုလ်တို့သည် ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပါဝစရ ဆယ်ဘုံ၌ ဘဝပဋိသန္ဓေ ကပ်ရောက်နေကြပြီးလျှင် ထိုရူပါဝစရဘုံ၌ အရဟတ္တဖိုလ် ရောက်၍ ပရိနိဗ္ဗာန် စံကြကုန်လတ္တံ့၊ ထိုသို့သဘောရှိသော ကာမဘုံသား တိဟိတ်ပုထုဇဉ်, သောတာပန်, သကဒါဂါမ်ပုဂ္ဂိုလ်တို့အားဖျင်း, ရူပါဝစရဘုံချင်းချင်းဖြစ်၍ ပရိနိဗ္ဗာန်ပြုလတ္တံ့သော ရူပါဝစရဘုံသား တိဟိတ်ပုထုဇဉ်, သောတာပန်, သကဒါဂါမ်, အနာဂါမ်ပုဂ္ဂိုလ်တို့အားဖျင်း, အကြင်သို့သဘောရှိသော မာတုဂါမ မင်းမိန်းမတို့သည် တဘဝ နှစ်ဘဝပတ်လုံး မာတုဂါမ မင်းမိန်းမအဖြစ်ဖြင့် တည်နေကြပြီးလျှင် သမ္မပ္ပဓာန် လုံ့လဝီရိယတို့ဖြင့် သမထဝိပဿနာ ဘာဝနာတရား ပွါးများအားသစ်သဖြင့် မာတုဂါမ မင်းမိန်းမ၏အဖြစ်ဖြင့်ပင်လျှင် အရဟတ္တဖိုလ်ပေါက်၍ ပရိနိဗ္ဗာန် စံကြကုန်လတ္တံ့၊ ထိုသို့သဘောရှိသော တိဟိတ်ဥက္ကဋ္ဌဂိုဏ်းဝင် မြတ်သော မာတုဂါမ မင်းမိန်းမပုဂ္ဂိုလ်တို့အားဖျင်း ဤပုဂ္ဂိုလ်တို့အား စက္ခုန္ဒြေသာ ဖြစ်လတ္တံ့၊ ပုရိသိန္ဒြေ ဖြစ်လတ္တံ့မဟုတ်။ နောက်ထပ်တဖန် ဤကာမဘဆယ်တာဘုံ၌ အမျိုးကောင်းသား မင်းယောကျ်ားဖြစ်လတ္တံ့သော ကာမဘုံသား ပုထုဇဉ်, သောတာပန်, သကဒါဂါမ်, ပုဂ္ဂိုလ်တို့အားဖျင်း, ကာမဘုံသို့ တဖန်ပြန်၍ အမျိုးကောင်းသား မင်းယောကျ်ားဖြစ်မည့် ရူပါဝစရအရူပါဝစရ ဘုံမှ တိဟိတ် ပုထုဇဉ် ပုဂ္ဂိုလ်တို့အားဖျင်း ဤ ပုဂ္ဂိုလ်တို့အား စက္ခုန္ဒြေလည်း ဖြစ်လတ္တံ့၊ ပုရိသိန္ဒြေလည်းဖြစ်လတ္တံ့ အစရှိသည်ဖြင့်ဖျင်း။

ယဿ ဣတ္ထိန္ဒြိယံ ဥပ္ပဇ္ဇိဿတိ၊ တဿ ပုရိသိန္ဒြိယံ ဥပ္ပဇ္ဇိဿတီတိ၊ ယာ ဣတ္ထိယော ဇေတနဝဘာဝေန ကတိစိ ဘဝေ ဒဿေတ္ဝာ ပရိနိဗ္ဗာယိဿန္တိ၊

တဘသံ ဣတ္ထိန္ဒြိယံ ဥပပဇ္ဇိဿတိ၊ နော စ တဘသံ ပုရိသိန္ဒြိယံ ဥပပဇ္ဇိဿတိ။ ဣတရေသံ တေသံ ဣတ္ထိန္ဒြိယဉ္စ ဥပပဇ္ဇိဿတိ ပုရိသိန္ဒြိယဉ္စ ဥပပဇ္ဇိဿတိ။

"အကြင်ပုဂ္ဂိုလ်အား ဣတ္ထိန္ဒြေဖြစ်လတ္တံ့၊ ထိုဣတ္ထိန္ဒြေဖြစ်လတ္တံ့သော ပုဂ္ဂိုလ်အား ပုရိသိန္ဒြေဖြစ်လတ္တံ့လော"ဟု အမေးပုစ္ဆာ ပြဿနာ ပေါ်ပေါက်လတ်သည်ရှိသော် အကြင်သို့ သဇောရှိသော မာတုဂါမ မင်းမိန်းမတို့သည် ထိုမာတုဂါမမင်းမိန်းမ၏ အဖြစ်ဖြင့် တည်ပြီးလျှင် ပြပြီးလျှင် နှစ်ဘဝ သုံးဘဝ မာတုဂါမ မင်းမိန်းမအဖြစ်ဖြင့် တည်ကြပြီး၍ အရဟတ္တဖိုလ်ပေါက် ရောက်ရှိကြပြီးလျှင် ပရိနိဗ္ဗာန်စံကြကုန်လတ္တံ့၊ ထိုသို့သဘောရှိသော မာတုဂါမ မင်းမိန်းမတို့အား ဣတ္ထိန္ဒြေသာ ဖြစ်လတ္တံ့၊ ပုရိသိန္ဒြေဖြစ်လတ္တံ့မဟုတ်။ နောက်ထပ်တဖန် အမျိုးကောင်းသား မင်းယောကျ်ား ဖြစ်လတ္တံ့သော ကာမဘုံသား ပုထုဇဉ် ပုဂ္ဂိုလ်လေးမျိုး သောတာပန် သကဒါဂါမ်ပုဂ္ဂိုလ် ကာမဘုံသို့ တဖန်ပြန်၍ အမျိုးကောင်းသား မင်းယောကျ်ား ဖြစ်မည့် ရူပ အရူပဘုံသား တိဟိတ်ပုထုဇဉ် ပုဂ္ဂိုလ်တို့အားကား ဣတ္ထိန္ဒြေလည်း ဖြစ်လတ္တံ့၊ ပုရိသိန္ဒြေလည်း ဖြစ်လတ္တံ့ဟူ၍ဂုဏ်း။

"အကြင်ပုဂ္ဂိုလ်အားကား ပုရိသိန္ဒြေ ဖြစ်လတ္တံ့၊ ထိုပုရိသိန္ဒြေ ဖြစ်လတ္တံ့သော ပုဂ္ဂိုလ်အား ဣတ္ထိန္ဒြေဖြစ်လတ္တံ့လော"ဟု မေးမြန်းလတ်သည်ရှိသော် အကြင်သို့သဘောရှိသော အမျိုးကောင်းသား မင်းယောကျ်ားတို့သည် ထိုပုရိသိန္ဒြေ ကိန်းဝပ်သော ပုဗ္ဗာဝဇာတ်၏အဖြစ်ဖြင့်ပင်လျှင် နှစ်ဘဝ သုံးဘဝတည်နေ၍ အရဟတ္တဖိုလ်ပေါက် ရောက်ရှိကြပြီးလျှင် ပရိနိဗ္ဗာန်စံကြကုန်လတ္တံ့၊ ထိုသို့ ပုဗ္ဗာဝ ရုပ်ဖြင့်ပင် နှစ်ဘဝ သုံးဘဝ ဆက်ကာတည်နေ၍ ပရိနိဗ္ဗာန် စံလတ္တံ့ဖြစ်သော ကာမဘုံသား ပုထုဇဉ် သောတာပန် သကဒါဂါမ် ပုဂ္ဂိုလ်တို့အား ပုရိသိန္ဒြေသာလျှင် ဖြစ်လတ္တံ့၊ ဣတ္ထိန္ဒြေ ဖြစ်လတ္တံ့ မဟုတ်။ အကြင်သို့သဘောရှိသော ပုဂ္ဂိုလ်တို့အားကား ကာမဘုံ၌ တဖန်ပြန်၍ ပုရိသိန္ဒြေ ဣတ္ထိန္ဒြေနှစ်ပါး အမျိုးကောင်းသား မင်းယောကျ်ား, အမျိုးကောင်းသမီး မာတုဂါမမင်းမိန်းမဖြစ်ပေါ်ကြလတ္တံ့၊ ထိုသို့သဘောရှိသော ရူပ အရူပဘုံသား တိဟိတ် ပုထုဇဉ် ပုဂ္ဂိုလ်တို့အားဌင်း, ကာမဘုံသား ပုထုဇဉ် သောတာပန် သကဒါဂါမ်တို့အားဌင်း ပုရိသိန္ဒြေလည်း ဖြစ်ပေလတ္တံ့၊ ဣတ္ထိန္ဒြေလည်း ဖြစ်ပေလတ္တံ့ ဟူ၍ ဖြေဆိုရာသည်။

ဤသို့အစရှိသည်ဖြင့် ဥပါဒဝါရ ဒေဝင်အပါ အနာဂတဝါရ အမည်ရသော ဤဝါရမြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာဖြင့် ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညူ မြတ်စွာဘုရားသည် အကျယ်တဝင့် ဖွင့်ပြပိုင်းခြား ဟောကြားတော်မူအပ်ပါသည့် အရှင်ဘုရား။

ယမိုက်ကျမ်း အမေးအဖြေ ပြီး၏။

ပဋ္ဌာန်းကျမ်း

ပု။ ။တေနာဝုသော ဘဂဝတာ ဇာနတာ ပဿတာ အရဟတာ သမ္မာ-
သမ္ဗုဒ္ဓေန အဘိသမ္ဗုဒ္ဓကာလတော သတ္တမဝဿေ မနုဿလောကေ
ယမကပါဋိဟီရံ ဒဿေတွာ တဒနန္တရံ တာဝတိံသဒေဝလောကံ
ဂန္ဓာ တတ္ထ ပဏ္ဍုကမ္ဗလသိလာယံ သန္နိသိဒိတွာ ဒသဟိ စက္ကဝါဠ-
သဟဿေဟိ အာဂမ္မ သန္နိသိန္နာနံ ဒေဝါနံ အဘိဓမ္မဒေသနံ
ဒေသေန္တေန ယာဝ ယမကပဋိကရဏာ ပုရိမာနိ ဆ အဘိဓမ္မပ-
ဋိကရဏာနိ ဒေသေတွာ တဒနန္တရံ ကိံနာမ ပဋိကရဏံ ဒေသိတံ။

ဝိ။ ။ တေန ဘဂ္ဂေန ဘဂဝတာ ဇာနတာ ပဿတာ အရဟတာ သမ္မာ-
သမ္ဗုဒ္ဓေန အဘိသမ္ဗုဒ္ဓကာလတော သတ္တမေ ဝဿေ မနုဿ-
လောကေ သာဝတ္ထိယံ ကဏ္ဍမ္ဗမူလေ ယမကပါဋိဟီရံ ဒဿေတွာ
တဒနန္တရံ တာဝတိံသဒေဝလောကံ ဂန္ဓာ တတ္ထ ပဏ္ဍုကမ္ဗလ-
သိလာယံ သန္နိပတိတွာ ဒသဟိ စက္ကဝါဠသဟဿေဟိ အာဂမ္မ
သန္နိသိန္နာနံ ဒေဝါနံ အဘိဓမ္မဒေသနံ ဒေသေန္တေန ပုရိမာနိ ဆ
အဘိဓမ္မပဋိကရဏာနိ ဒေသေတွာ တဒနန္တရံ အနန္တနယသမန္တ-
ပဋ္ဌာနံ နာမ သတ္တမံ မဟာပကရဏံ ဒေသိတံ။

မေး။ ။သိတော်မူ မြင်တော်မူ၍ ။ပ။ ထိုသပ္ပဉ္ဉူ မြတ်စွာဘုရား
သခင်သည် ဘုရားဖြစ်တော်မူပြီးသည့်နောက် ခုနစ်ဝါမြောက်ကာလ
ဝယ် လူ့ပြည်လောကဌ် ရေမီး အစရှိသော အစုံအစုံသော တန်ခိုး
ပြာဋိဟာတို့ကို ပြတော်မူပြီးလျှင် ထိုတန်ခိုးပြာဋိဟာ ပြတော်မူပြီးသည်၏
အခြားမဲ့၌ တာဝတိံသာမည်သော နတ်ပြည်လောကသို့ ကြွသွားတော်
မူပြီးလျှင် ထိုတာဝတိံသာနတ်ပြည်၌ ပဏ္ဍုကမ္ဗလာမည်သော ကျောက်ဖြာ
ထက်ဝယ် တင့်တယ်စံပယ်စွာ သီတင်းသုံးနေထိုင်တော်မူပြီးလျှင် တသောင်း
သော စကြဝဠာတိုက်တို့မှ တရားနာရန်အလို့ငှါ လာရောက်၍ အညီ
အညွတ်ပြု၍ စည်းဝေးနေထိုင်ကုန်သော နတ်ပြည်ဘွားအပေါင်းတို့အား အဘိ-
ဓမ္မာ ဒေသနာတရားတော်ကို ဟောကြားတော်မူရာဝယ် ဓမ္မသင်္ဂဏိကျမ်းမှ
ယမိုက်ကျမ်းတိုင်အောင် ရှေပိုင်းဖြစ်သော အဘိဓမ္မာခြောက်ကျမ်းတို့ကို

အာကျယ်ဘဝင့် ဟောကြားတော်မူပြီးလျှင် ထိုယမိုက်ကျမ်းကို ဟောကြားပြီးသည်၏ အခြားမဲ့၌ အဘယ်မည်သော အဘိဓမ္မာကျမ်းကို ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

ဖြေ။ ။သိတော်မူ မြင်တော်မူသဖြင့် ။ပ။ ထိုသပ္ပညူမြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူသည်မှ ခြောက်ဝါလွန်မြောက် ခုနစ်ဝါသို့ ရောက်တော်မူသောအခါကာလ၌ လူ့ပြည်လောကဝယ် သာဝတ္ထိပြည်၏ အနီး ကဏ္ဍာအမည်ရှိသောဥယျာဉ်မှူး ထိုနေ့ချင်းပြီး စိုက်ပျိုးအပ်သော သရက်ဖြူပင်၏အနီး၌ ရေ မီး အစုံအစုံတည်းဟူသော တန်ခိုးပြာဋိဟာကို ပြတော်မူ ပြုတော်မူပြီး၍ ထို၏အခြားမဲ့ကာလဝယ် တဝတိံသာနတ်ပြည် သို့ကြွတော်မူ၍ ထိုတဝတိံသာနတ်ပြည်ဝယ် ပင်လယ်ကသစ်ပင်ရင်း ခင်းထားအပ်သော ပဏ္ဍုကမ္ဗလာ မြကျောက်ဖြာထက်ဝယ် တင့်တယ်စွာထက်ဝယ်ဖွဲ့ခွေ စံနေတော်မူပြီး၍ ဇာတိခေတ်ပေါင်း တသောင်းသော စကြဝဠာမှ ရောက်လာစည်းဝေးကြသော ဒေဝပရိသာ နတ်ဗြဟ္မာအပေါင်းတို့အား ကောင်းကင်မြစ်ကြီး ယိုစီးသည့်ပမာ အဘိဓမ္မာဒေသနာတော်ကို ဟောကြားတော်မူလတ်သည်ရှိသော် ရှေးဖြစ်သော ဓမ္မသင်္ဂဏီ, ဝိဘင်း, ဓာတုကထာ, ပုဂ္ဂလပညတ်, ကထာဝတ္ထု, ယမိုက်တည်းဟူသော အဘိဓမ္မာခြောက်ကျမ်းတို့ကို ခွဲခြမ်းစိတ်ဖြာ ဟောပြတော်မူပြီးသည်မှ အခြားမဲ့ဖြစ်သော နောက်ကာလဝယ် အနန္တနယ သမန္တပဋ္ဌာန်း မည်တွင်ဆန်းသော ခုနစ်ခုမြောက် အဘိဓမ္မာကျမ်းကို ခွဲခြမ်းစိတ်ဖြာ ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

ပု။ ။တံ ပနေတံ အာဝုသော ပဋ္ဌာနံ ကေနဋ္ဌေန ပဋ္ဌာနန္တိ ဝုစ္စတိ။

ဝိ။ ။တံ ပနေတံ ဘဇ္ဇန္တေ ပဋ္ဌာနံ နာနပ္ပကာရပစ္စယဋ္ဌေန ဝိဘဇနဋ္ဌေန ပဋ္ဌိတဋ္ဌေန စ ပဋ္ဌာနန္တိ ဝုစ္စတိ။

မေး။ ။ထို အနန္တနယသမန္တမည်သော ပဋ္ဌာန်းကျမ်းကြီးကို အဘယ်သို့သော အကြောင်းဗျုပ္ပတ်အနက်သဘောကြောင့် "ပဋ္ဌာန" ဟူ၍ ခေါ်ဆိုအပ်ပါသနည်း ငါ့ရှင်။

ဖြေ။ ။ထို အနန္တနယသမန္တပဋ္ဌာန်း မည်တွင်ဆန်းသော ခုနစ်ဆင့်မြောက် အဘိဓမ္မာကျမ်းကို ဟောတော်, အာရမ္မဏအစရှိသော အထူးထူးသော

အခြေကြောင်းတရား ပစ္စည်းမျိုး၊ သဟဇာတအကြောင်း, အာရုံအကြောင်း, အခြားမဲ့ အနန္တရဖြစ်သောအကြောင်း,ရှေးဖြစ်သော မှီရာဝတ္ထုအကြောင်း, နောက်ဖြစ်သော ပစ္ဆာဇာတအကြောင်း, အထောက်အပံ့ အာဟာရအကြောင်း, စောင့်ရှောက်တတ်သော ဣန္ဒြိယအကြောင်း, အားကြိုးသော ဈာနိဿယည်း ပကတူပနိဿယအကြောင်း, အမူအရာသတ်ဖြင့် ကာလကဲ့ဖြစ်၍ ကျေးဇူးပြုတတ်သော နာနာကွဏိကကမ္မအကြောင်း ဤမျှားစွာသောအကြောင်းတရားတို့ကို အကျယ်တဝင့် ဖွင့်ပြဟောကြားရာဖြစ်သော ကြောင့်ရင်း, ကုသိုလ်အစရှိသော နှစ်ဆယ့်နှစ်ပါးသော တိက်ဝင်တရား, ဟေတု အစရှိသော တရာသောဒုက်ဝင်တရားတို့၏ ဟေတု အာရမ္မဏ အဓိပတိအစရှိသော နှစ်ဆယ့်လေးပါးသော ပစ္စယသတ်ဖြင့် ကျေးဇူးပြုပုံ အခြင်းအရာတို့ကို အကျယ်တဝင့် ဖွင့်ပြဝေဘန်ရာ ဖြစ်သောကြောင့်ရင်း, ယူဇနာငါးရာ အတိုင်းအရှည်ရှိသော တိမိရပိဂ်လ အမည်ရသော ငါးကြိမ်သည် ရောဝတီ သလ္လာဝတီ အစရှိသော မြစ်ငယ်တို့ဝယ် မြူးကွန့်ကျက်စားခွင့်မရဘဲ ယူဇနာပေါင်း ရှစ်သောင်းလေးထောင် နက်ဝမ်းဆောင်သော ကျောက်တောင်ပတ်ခွေ သမုဒ္ဒရေဠာသလျင် တင့်တယ်စံပယ်မြူးကွန့်ခွင့်ကို ရဘိသကဲ့သို့၊ ထို့အတူ နာတိဝိတ္ထာရ မကျယ်လွန်းလှသော ဓမ္မသင်္ဂဏီ အစ ယမက အဆုံးရှိသော အောက်အဘိဓမ္မာ ခြောက်ကျမ်းတို့ဝယ် သဗ္ဗညုတ ဉာဏ်တော်အစွမ်း တင့်တယ်စံပယ်မြူးကွန့်ခွင့်မရဘဲ ဤခုနစ်ဆင့်မြောက်ဖြစ်သော အနန္တနယ သမန္တပဋ္ဌာန်း ကျမ်းတော်၌သာလျှင် သဗ္ဗညုတဉာဏ်တော် ကျက်စားမြူးကွန့်ခွင့် ရသည်ဖြစ်ရကား သဗ္ဗညုတဉာဏ်တော်၏ မထိမပါး လူးလွန့် မြူးကွန့်ကျက်စားရာ ဖြစ်သောကြောင့်ရင်း ဤဆိုအပ်ပြီးသော အကြောင်းသုံးရပ် ဗျူဟ်တို့သုံးပါးကြောင့် ဤခုနစ်ဆင့်မြောက်ဖြစ်သော အဘိဓမ္မာကျမ်းကို "အနန္တနယသမန္တပဋ္ဌာန်း" ဟူ၍ ခေါ်ဆိုပညတ် သမုတ်အပ်ပါသည် အရှင်ဘုရား။

ပု။ တဋ္ဌာဝုသော ဘဂဝတာ ပဋ္ဌာနမဟာပကရဏေ ဒေသေန္တေန ကတိဟိ ဝါရေဟိ ဝိဘင်္ဂိတ္ထာ ဒေသိတံ။

ဝိ။ တံ ခေါ ဘန္တေ ဘဂဝတာ ပဋ္ဌာနမဟာပကရဏံ ဒေသေန္တေန မာတိကာနိက္ခေပဝါရသဒ်္ဒါတော ပစ္စယုဒ္ဒေသော ပစ္စယနိဒ္ဒေသော မဟာဝါရောတိ ဒ္ဒိဟိ ပရိစ္ဆေဒဝါရေဟိ ဝိဘင်္ဂိတ္ထာ ဒေသိတံ။

မေး။ ။ထို အနန္တနယ သမန္တပဋ္ဌာန်းကျမ်းမဲ့သော ပဋ္ဌာန်းကျမ်းကြီးကို ဟောကြားတော်မူသော မြတ်စွာဘုရားသခင်သည် အဘယ်မျှသော အပိုင်းအခြားဝါရတို့ဖြင့် ဝေဘန်၍ အကျယ်အားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

ဖြေ။ ။ထို အနန္တနယ သမန္တပဋ္ဌာန်း မည်တွင်ဆန်းသော ခုနစ်ခု မြောက် အဘိဓမ္မာကျမ်းကို ဘုန်းတော်ခြောက်စုံ ကျေးဇူးကုဏ်နှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် မာတိကာကို အကျဉ်းမျှ ပြထားသောကြောင့် မာတိကာနိက္ခေပဝါရ ခေါ်ဆိုအပ်သော ပစ္စယုဒ္ဒေသ, ပစ္စယနိဒ္ဒေသ၊ ထိုသို့တိုက်ဝင် ဒုက်ဝင်တရားတို့ကို ဓမ္မအနုလုံ ဓမ္မပစ္စနိုက် အစရှိသော အားဖြင့်ရင်း, ပဋိစ္စဝါရ သဟဇာတဝါရ ပစ္စယဝါရ အစရှိသော အားဖြင့်ရင်း, များစွာသော ကျယ်ဝန်းစွာသော ဝါရတို့ဖြင့် အကျယ်တဝင့် ဖွင့်ပြဟောကြားရာ မဟာဝါရရင်း ဤသို့အပ်ပြီးသော မာတိကာနိက္ခေပဝါရ, မဟာဝါရတည်းဟူသော အပိုင်းအခြားဝါရတို့ဖြင့် စိတ်ဖြာခွဲခြားဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ပု။ ။တေသု အာဝုသော ဝါရေသု ပဌမေ မာတိကာနိက္ခေပဝါရေ ပစ္စယုဒ္ဒေသဝါရော ဘဂဝတာ ကထံ ဒေသိတော။

ဝိ။ ။တေသု ဘန္တေ ဒ္ဝိသု ပရိစ္ဆေဒဝါရေသု ပဌမေ မာတိကာနိက္ခေပဝါရေ ပစ္စယုဒ္ဒေသေ ဟေတုပစ္စယော အာရမ္မဏပစ္စယော အဓိပတိပစ္စယော အနန္တရပစ္စယော သမနန္တရပစ္စယော သဟဇာတပစ္စယော အညမညပစ္စယော နိဿယပစ္စယော။ပ။ အဝိဂတပစ္စယော" တိ။ ဧဝံ ခေါ ဘန္တေ ဘဂဝတာ ဝိဘဇိတ္ဝာ ဒေသိတော။

မေး။ ။ထိုနှစ်ပါးသော ဝါရကြီးတို့တွင် ရှေးဦးစွာသော မာတိကာနိက္ခေပဝါရဝယ် ပစ္စယုဒ္ဒေသမည်သော ဝါရကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

ဖြေ။ ။ထိုနှစ်ပါးသော ပရိစ္ဆေဒဝါရတို့တွင် ရှေးဦးစွာ မာတိကာနိက္ခေပဝါရ အမည်ရသော ပဌမဝါရ၌ ပစ္စယုဒ္ဒေသမည်သော ဖြစ်သော နည်းကို

"ဟေတုပစ္စယော အာရမ္မဏပစ္စယော" အစ "ဝိဂတပစ္စယော အဝိဂတ-ပစ္စယော" ဟူ၍ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညူ မြတ်စွာဘုရားသည် စိတ်ဖြာခွဲခြား သီးသန့်ထား၍ ဟောကြားတော် မူအပ်ခဲ့ပါသည် အရှင်ဘုရား။

ပု။ ။တဒနန္တရံ ပန အာဝုသော ပစ္စယနိဒ္ဒေသဝါရော ဘဂဝတာ ကထံ ဝိဘတ္တော ဒေသိတော။

ဝိ။ ။တဒနန္တရံ ပန ဘန္တေ ပစ္စယနိဒ္ဒေသဝါရော "ဟေတုပစ္စယောတိ—ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။ အာရမ္မဏပစ္စယောတိ—ရူပါရမ္မဏံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏ-ပစ္စယေန ပစ္စယော။ သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ ....။ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ....။ ရသာယတနံ ဇိဝှါ-ဝိညာဏဓာတုယာ....။ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။ ရူပါ-ယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။ သဗ္ဗေ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တ-ကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။ ယ ယ ဓမ္မေ အာရဗ္ဘ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ၊ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော" တိ ဧဝ-မာဒိနာ ဘဂဝတာ ဝိဘတ္တော ဒေသိတော။

မေး။ ။ထို ပစ္စယုဒ္ဒေသဝါရ၏ အခြားမဲ့၌ နှစ်ဆယ့်လေးပါးသော ပစ္စည်းတို့၏ အနက်အဓိပ္ပါယ်ကို ဖွင့်ပြရာဖြစ်သော ပစ္စယနိဒ္ဒေသမည်သော ဝါရကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရား သခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် အကျယ်ဝေဘန်၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

ဖြေ။ ။ထို ပစ္စယုဒ္ဒေသကို ဟောကြားတော်မူပြီးသည်၏ အခြားမဲ့ ကာလ၌ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာ

ဘုရားသည် ကျေးဇူးပြုဟန် မကျဉ်း မကျယ်ကို ဖော်ပြရာ ဖြစ်သောကြောင့် ပစ္စယနိဒ္ဒေသ အမည်ရသော ဝါရကို "ဟေတုပစ္စယော တံ — ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။ အာရမ္မဏပစ္စယော တ ။ပ။ တေသံ တေသံ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော" ဤသို့အစရှိသော အခြင်းအရာဖြင့် နှစ်ဆယ့်လေးပါးသော ပစ္စည်းတို့ကို နိဒ္ဒိသိတဗ္ဗဓမ္မအားဖြင့်ရင်း, နိဒ္ဒသနာကာရ အခြင်းအရာအားဖြင့်ရင်း မကျယ်မကျဉ်း ဝေဘန်၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည့် အရှင်ဘုရား။

ပု။ ။တေနာဝုသော ။ပ။ သမ္မာသမ္ဗုဒ္ဓေန အဘိဓမ္မပိဋကေ သတ္တမေ မဟာပကရဏေ ဒ္ဝီသု ပဓာနဝါရေသု ဒုတိယေ မဟာဝါရေ ကတိ ဌာနာနိ ဝိဘဇိတ္ဝာ ဒေသိတာနိ။

ဝိ။ ။အဘိဓမ္မပိဋကေ ဘဇ္ဇေ သတ္တသု ပကရဏေသု သတ္တမေ အနုဇ္ဇနယသမနုဇ္ဇပဋိဘာနေ မဟာပကရဏေ ဒ္ဝီသု ပဓာနပရိစ္ဆေဒဝါရေသု ဒုတိယေ မဟာဝါရေ ဓမ္မာနုလောမေ ဆ ပဋိဘာနာနိ၊ တထာ ဓမ္မပစ္စနီယေ ဓမ္မာနုလောမပစ္စနီယေ ဓမ္မပစ္စနီယာနုလောမေတိ စတုဝီသတိ ပဋိဘာနာနိ ဘဂဝတာ ဝိဘဇိတ္ဝာ ဒေသိတာနိ။

မေး။ ။သိတေဝ်မူ မြင်တေဝ်မူ၍ ။ပ။ ထိုသဗ္ဗညူ မြတ်စွာဘုရား သခင်သည် အဘိဓမ္မပိဋကဉ် ခုနစ်ကျမ်းရှိသည့်အနက် ခုနစ်ခုမြောက်ဖြစ်သော အနုဇ္ဇနယ သမန္တပဋ္ဌာန်းကျမ်းကြီးဝယ် ပဓာနဖြစ်သော ဝါရကြီး နှစ်ခုတို့ရှိသည့်အနက် ဒုတိယဖြစ်သော မဟာဝါရ၌ အဘယ်မျှသော ပဋ္ဌာန်းကျမ်းတို့ကို အကျယ်ဝေဘန်၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

ဖြေ။ ။အဘိဓမ္မပိဋကဝယ် ခုနစ်ကျမ်းရှိသည့်အနက် ခုနစ်ခုမြောက်ဖြစ်သော အနုဇ္ဇနယ သမန္တပဋ္ဌာန်းကျမ်းကြီး၌ ပဓာနဖြစ်သော ပရိစ္ဆေဒအပိုင်းကဏ္ဍဝါရနှစ်ပါးတို့တွင် နှစ်ခုမြောက်ဖြစ်သော မဟာဝါရ၌ အောက်မာတိကာတိက်ပုဒ် ဒုက်ပုဒ်တို့ကို ဟောတော်မူရင်း တိက်ပုဒ် ဒုက်ပုဒ်အမည်ဖြင့် ပစ္စည်း ပစ္စယုပ္ပန်တို့ကို ပြရာဖြစ်သော ဓမ္မအနုလောမ ပဋ္ဌာန်း၌ တိကပဋ္ဌာန်း, ဒုကပဋ္ဌာန်း, ဒုကတိကပဋ္ဌာန်း, တိကဒုကပဋ္ဌာန်း, တိကတိကပဋ္ဌာန်း, ဒုကဒုကပဋ္ဌာန်းဟူ၍ ခြောက်ပါးသော ပဋ္ဌာန်းကျမ်းတို့ရင်း။

အောက်မာတိကာ တိက်ပုဒ်ဒုက်ပုဒ်တို့ကို နှ-မြစ်၍ ပစ္စည်း ပစ္စယုပ္ပန်နှစ်ဖက်လုံး၌ ဟောရာဖြစ်သော ဓမ္မပစ္စနီယ ပဋ္ဌာန်း၌လည်း ထို့အတူ ခြောက်ပါးသော ပဋ္ဌာန်းကျမ်းတို့ဝင်း။

ပစ္စည်းဘက်၌ အောက်မာတိကာ တိက်ပုဒ် ဒုက်ပုဒ်အတိုင်းထား၍ ပစ္စယုပ္ပန်ဘက်၌ကား တိက်ပုဒ်ဒုက်ပုဒ်တို့ကို နှ-မြစ်၍ ဟောရာဖြစ်သော ဓမ္မအနုလောမ ပစ္စနီယပဋ္ဌာန်း၌လည်း ထို့အတူ ခြောက်ကျမ်းသော ပဋ္ဌာန်းတို့ဝင်း။

ပစ္စည်းဘက်၌ အောက်မာတိကာ တိက်ပုဒ်ဒုက်ပုဒ်တို့ကို နှ-မြစ်၍ ပစ္စယုပ္ပန်ဘက်၌ နှ-မမြစ်မူ၍ ဟောရာဖြစ်သော ဓမ္မပစ္စနီယာနုလောမ ပဋ္ဌာန်း၌လည်း ပစ္စည်း ပစ္စယုပ္ပန် တခုတခုသော တိက်ပုဒ်ဝယ် ရသင့်ရထိုက်သော ပစ္စည်းပစ္စယုပ္ပန်တရားတို့ကို အကျယ်တဝင့် ဖွင့်ပြဟောကြားရာဖြစ်သော တိကပဋ္ဌာန်း, တခုတခုစီသော ဒုက်တို့၌ ရသင့်ရထိုက်သော ပစ္စည်းပစ္စယုပ္ပန်တို့ကို ရသမျှ ဝေဘန်ဟောကြားရာဖြစ်သော ဒုကပဋ္ဌာန်း, တခုတခုသော ဒုက်၌ တပုဒ်တပုဒ်သော တိက်ပုဒ်တို့ကို ရောယှက်၍ ပစ္စည်း ပစ္စယုပ္ပန်ဖြစ်သင့်သမျှ ဟောကြားရာဖြစ်သော ဒုကတိကပဋ္ဌာန်း, တခုတခုသောတိက်၌ တပုဒ်တပုဒ်စီသော ဒုက်ပုဒ်တို့နှင့် ရောယှက်၍ ပစ္စည်း ပစ္စယုပ္ပန် အကြောင်းအကျိုး နှစ်ဖက်ဝယ် ရသင့်သမျှ ဟောရာဖြစ်သော တိကဒုကပဋ္ဌာန်း, တခုတခုသောတိက်၌ အခြားတပါးသော တိက်ပုဒ်တို့နှင့် ရောစပ်၍ ပစ္စည်းပစ္စယုပ္ပန် အကြောင်းအကျိုး ရသင့်သမျှ ဝေဘန်ဟောပြသော တိကတိကပဋ္ဌာန်း, တခုတခုသောဒုက်၌ အခြားတပါးသော ဒုက်တို့မှ တပုဒ်စီတပုဒ်စီ ရောယှက်၍ ပစ္စည်း ပစ္စယုပ္ပန် ရသင့်သမျှ ဝေဘန်ဟောကြားရာဖြစ်သော ဒုကဒုကပဋ္ဌာန်း၊ ဤသို့အားဖြင့် ဓမ္မပစ္စနီယာနုလောမ ပဋ္ဌာန်း၌ ခြောက်ပါးသော ပဋ္ဌန်းကျမ်း၊ ဤသို့လျှင် ဓမ္မအနုလုံး၌ ပဋ္ဌာန်းကြီးခြောက်ကျမ်း၊ ဓမ္မပစ္စနိုက်၌ ပဋ္ဌာန်းကြီးခြောက်ကျမ်း၊ ဓမ္မအနုလောမ ပစ္စနိုက်၌ ပဋ္ဌာန်းကြီးခြောက်ကျမ်း၊ ဓမ္မပစ္စနီယာနုလောမ၌ ပဋ္ဌာန်းကြီးခြောက်ကျမ်း၊ ဤသို့လျှင် နှစ်ဆယ့်လေးကျမ်းသော အနန္တနယသမန္တ ပဋ္ဌာန်းကျမ်းတို့ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် စိတ်ဖြာခဲ့ခြား ဟောကြားတော်မူအပ်ပါကုန်သည် အရှင်ဘုရား။

ဓမ္မာနုလောမ တိကပဋ္ဌာန်း

ပု။ ။တေသုပိ အာဝုသော စတုဝိသတိယာ ပဋ္ဌာနေသု ပဋ္ဌမေ ဓမ္မာ-နုလောမတိကပဋ္ဌာနေ ဒွါဝိသတိတိကာ ဘဂဝတာ ကတိဟိ ဝါရေဟိ ဝိဘင်္ဂတ္ထာ ဒေသိတာ။

ဝိ။ ။တေသု ဘန္တေ စတုဝိသတိယာ မဟာပဋ္ဌာနေသု ပဋ္ဌမေ ဓမ္မာ-နုလောမတိကပဋ္ဌာနေ ဒွါဝိသတိတိကာ ပဋိစ္စဝါရော သဟဇာတ-ဝါရော ပစ္စယဝါရော နိဿယဝါရော သံသဋ္ဌဝါရော သမ္မယုတ္တဝါရော ပဋ္ဌာဝါရောတိ သတ္တဟိ သတ္တဟိ ဝါရေဟိ ဝိဘင်္ဂတ္ထာ ဘဂဝတာ ဒေသိတာ။

မေး။ ။ထို နှစ်ဆယ့်လေးပါးသော ပဋ္ဌာန်းကျမ်းကြီးတို့တွင် ရှေးဦး စွာသော ဓမ္မာနုလောမတိက ပဋ္ဌာန်းကျမ်း၌ နှစ်ဆယ့်နှစ်ပါးသော တိက်တို့ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရား သခင်သည် အဘယ်မျှသော ဝါရတို့ဖြင့် ပိုင်းခြားဝေဘန်၍ ဟောကြား တော်မူခဲ့ပါသနည်း ငါ့ရှင်။

ဖြ။ ။ထို နှစ်ဆယ့်လေးပါးသော အနုလောမနယသမန္တ ပဋ္ဌာန်းကျမ်း ကြီးတို့တွင် ရှေးဦးစွာသော ဓမ္မာနုလောမ ဓမ္မအနုလုံ တိကပဋ္ဌာန်း၌ နှစ်ဆယ့်နှစ်ပါးသော တိက်တို့ကို အတူတကဖြစ်၍ ကျေးဇူးပြုသော သဟ-ဇာတပစ္စည်းဖြင့် ခဲ့ခြမ်းစိတ်ဖြာ ဟောညွှန်ရာဖြစ်သော ပဋိစ္စဝါရ, သဟ-ဇာတဝါရ, သဟဇာတနိဿယပစ္စည်း ပုရေဇာတနိဿယပစ္စည်း နှစ်ပါး တို့ဖြင့် အခြားအကျိုး ဖြစ်သင့်သမျှ ခဲ့ခြမ်း ဝေဘန်ညွှန်ပြရာဖြစ်သော ပစ္စယဝါရ, နိဿယဝါရ, ပစ္စည်းပစ္စယုပ္ပန်တရားတို့ သမ္မယုတ္တပစ္စည်းအားဖြင့် ဖြစ်ပုံကို အကျယ်တဝင့် ဖွင့်ပြဟောကြားရာ ဖြစ်သော သံသဋ္ဌဝါရ, သမ္မ-ယုတ္တဝါရအားဖြင့်ရင်း, ပစ္စည်း ပစ္စယုပ္ပန်တရားတို့ ထိုထိုသို့သော ဟေတု သတ္တိ အာရမ္မဏသတ္တိ အစရှိသော နှစ်ဆယ့်လေးပါးသော ပစ္စယသတ္တိ တို့ဖြင့် ဖြစ်ပုံကို အသီးအသီး အကျယ်ညွှန်ပြ ဟောကြားရာဖြစ်သော ပဋ္ဌာ-ဝါရ ဤသို့လျှင် နှစ်ဆယ့်နှစ်ပါးသော တိက်တို့ကို တတ်တတိက်လျှင် ခုနစ်ပါးစီ ခုနစ်ပါးစီသော မဟာဝါရကြီးတို့ဖြင့် ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် စိတ်ဖြာခဲ့ခြား ဟောကြား တော်မူအပ်ပါကုန်သည် အရှင်ဘုရား။

ကုသလတိက် ပဋိစ္စဝါရ

ပု။ ။တေသု စာဝုသော ဒ္ဝါဝီသတိယာ တိကေသု ပဌမေ ကုသလတ္တိကေ သတ္တာသု မဟာဝါရေသု ပဌမော ပဋိစ္စမဟာဝါရော ဘဂဝတာ ကထံ ဝိဘဇိတ္ထာ ဒေသိတော။

ဝိ။ ။တေသု ဘန္တေ ဒ္ဝါဝီသတိယာ တိကေသု ပဌမေ ကုသလတ္တိကေ သတ္တာသု မဟာဝါရေသု ပဌမော ပဋိစ္စမဟာဝါရော သိယာ ကုသလံ ဓမ္မံ ပဋိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ။ သိယာ ကုသလံ ဓမ္မံ ပဋိစ္စ အကုသလော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ။ သိယာ ကုသလံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ။ သိယာ ကုသလံ ဓမ္မံ ပဋိစ္စ ကုသလာ စ အဗျာကတာ စ ဓမ္မာ ဥပ္ပဇ္ဇေယျုံ ဟေတုပစ္စယာ။ သိယာ ကုသလံ ဓမ္မံ ပဋိစ္စ အကုသလော စ အဗျာကတော စ ဓမ္မော ဥပ္ပဇ္ဇေယျုံ ဟေတုပစ္စယာ။ သိယာ ကုသလံ ဓမ္မံ ပဋိစ္စ ကုသလော စ အကုသလော စ အဗျာကတော စ ဓမ္မာ ဥပ္ပဇ္ဇေယျုံ ဟေတုပစ္စယာ”တိ ဧဝမာဒိနာ ပုစ္ဆာဝါရေန စ။ ။ “ကုသလံ ဓမ္မံ ပဋိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ။ ကုသလံ ကေ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒ္ဝေ ခန္ဓေ ပဋိစ္စ ဒ္ဝေ ခန္ဓာ။ ။ကုသလံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ။ ကုသလေ ခန္ဓေ ပဋိစ္စ စိတ္တသမုဋ္ဌာနံ ရူပံ။ ။ကုသလံ ဓမ္မံ ပဋိစ္စ ကုသလော စ အဗျာကတော စ ဓမ္မာ ဥပ္ပဇ္ဇန္တိ ဟေတုပစ္စယာ။ ကုသလံ ကေ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ စိတ္တသမုဋ္ဌာနဉ္စ ရူပံ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော စိတ္တသမုဋ္ဌာနဉ္စ ရူပံ၊ ဒ္ဝေ ခန္ဓေ ပဋိစ္စ ဒ္ဝေ ခန္ဓာ စိတ္တသမုဋ္ဌာနဉ္စ ရူပ”န္တိ ဧဝမာဒိနာ ဝိဿဇ္ဇနာဝါရေန စ။ ။ “ဟေတုယာ နဝ၊ အာရမ္မဏေ တီဏိ၊ အဓိပတိယာ နဝ၊ အနန္တရေ သမနန္တရေ တီဏိ၊ သဟဇာတေ နဝ၊ အညမညေ တီဏိ၊ နိဿယေ နဝ၊ ဥပနိဿယေ တီဏိ၊ ပုရေဇာတေ တီဏိ၊ အာသေဝနေ တီဏိ၊ ကမ္မေ နဝ၊ ဝိပါကေ ကေ၊ အာဟာရေ စျာနေ

ကုန်ဖြိုယေ မဂ္ဂေ နဝ၊ သမ္မယုတ္တေ တီဏိ၊ ဝိပ္ပယုတ္တေ အတ္ထိယာ နဝ၊ နတ္ထိယာ ဝိဂတေ တီဏိ၊ အဝိဂတေ နဝါ”တိ ဧဝမာဒိနာ သင်္ချာဝါရေန စ ဘဂဝတာ ဝိတ္ထာရတော ဝိဘဇိတ္ဝာ ဒေသိတော။

မေး။ ။ထိုနှစ်ဆယ့်နှစ်ပါးသော တိုက်တို့တွင် ရှေးဦးစွာသော ကုသလ တိုက်၌ ဝေဘန်ရာဖြစ်သော မဟာဝါရကြီးတို့ ခုနစ်ပါးရှိသည့် အနက် ရှေးဦးစွာသော ပဋ္ဌိစ္စမဟာဝါရကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် အကျယ်ဝေဘန်၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

ဖြေ။ ။ထိုနှစ်ဆယ့်နှစ်ပါးသော တိုက်တို့တွင် ရှေးဦးစွာသော ကုသလတိုက်၌ အကျယ်ဝေဘန်ရာဖြစ်သော ပဋ္ဌိစ္စ အစရှိသော ဝါရကြီး ခုနစ်ပါးတို့ရှိသည့်အနက် ရှေးဦးစွာသော ပဋ္ဌိစ္စမဟာဝါရကြီးကို—

သိယာ ကုသလံ ဓမ္မံ ပဋ္ဌိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ။

ကုသိုလ်တရားကိုစွဲ၍ ကုသိုလ်တရားသည် ဖြစ်ရာသလော?၊ အကုသိုလ်တရားသည် ဖြစ်ရာသလော?၊ အဗျာကတ တရားသည် ဖြစ်ရာသလော? အစရှိသည်ဖြင့် မေးသင့်သမျှ အချက်အလက်တို့ကို အကျယ်တဝင့် မေးမြန်းတော်မူရာဖြစ်သော ပုစ္ဆာဝါရအားဖြင့်ငင်း။

ကုသလံ ဓမ္မံ ပဋ္ဌိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ။ ကုသလံ ဧကံ ခန္ဓံ ပဋ္ဌိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋ္ဌိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋ္ဌိစ္စ ဒွေ ခန္ဓာ အစရှိသည်ဖြင့် ပုစ္ဆာဝါရဝယ် တခု တခုသော ပုဒ်၌ ခုနစ်ပါးစီ ခုနစ်ပါးစီသော ပုစ္ဆာတို့ရှိကြသည့်အနက် အဖြေ ဝိဿဇ္ဇနာရသင့်ရထိုက်သော အကြောင်းအကျိုး ပစ္စည်း ပစ္စယုပ္ပန် ဖြစ်နိုင်သော ပုစ္ဆာတို့ကို အကျယ်တဝင့် ဖြေကြားတော်မူရာ ဝိဿဇ္ဇနာဝါရအားဖြင့်ငင်း။

ဟေတုယာ နဝ၊ အာရမ္မဏေ တီဏိ၊ အဓိပတိယာ နဝ-အစရှိသည်ဖြင့် ထိုဝိဘင်္ဂဝါရဝယ် အကျယ်ဝေဘန်အပ်ပြီးသော ပစ္စည်း ပစ္စယုပ္ပန် သရုပ်သဘာဝတို့ကို တပါးစီ တပါးစီအားဖြင့်ငင်း, ပစ္စည်း နှစ်ပါး, သုံးပါး, လေးပါး စသည် ရောယှက်သော မိဿကအားဖြင့်ငင်း အကျယ်ဝေဘန် ပြဆိုရာဖြစ်သော သင်္ချာဝါရအားဖြင့်ငင်း။

ဤသို့လျှင် ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညူ မြတ်စွာဘုရားသခင်သည် ရှေးဦးစွာသော ပဋိစ္စ မဟာဝါရကြီးကို ပုစ္ဆာ ဝါရ ဝိဿဇ္ဇနာဝါရ သင်္ခ်ာဝါရတည်းဟူသော သုံးပါးသော ဝါရကြီးတို့ဖြင့် စိတ်ဖြာခွဲခြား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ကုသလတိက် သဟဇာတဝါရ

ပု။ ။တေနာဝုသော ဘဂဝတာ ။ပ။ သမ္မာသမ္ဗုဒ္ဓေန အဘိဓမ္မပိဋကေ မဟာပကရဏေ စတုဝီသတိယာ ပဋ္ဌာနေသု ပဌမေ ဓမ္မာနုလောမ-တိကပဋ္ဌာနေ ဒွါဝီသတိယာ တိကေသု ပဌမေ ကုသလတ္တိကေ သတ္တာသု မဟာဝါရေသု ဒုတိယော သဟဇာတဝါရော ကထံ ဝိတ္ထာရေန ဝိဘဇိတ္ဝာ ဒေသိတော။

ဝိ။ ။အဘိဓမ္မပိဋကေ ဘန္တေ အနန္တနယပဋ္ဌာနေ မဟာပကရဏေ စတု-ဝီသတိယာ ပဋ္ဌာနေသု ပဌမေ ဓမ္မာနုလောမတိကပဋ္ဌာနေ ဒွါဝီ-သတိယာ တိကေသု ပဌမေ ကုသလတ္တိကေ သတ္တာသု မဟာ-ဝါရေသု ဒုတိယော သဟဇာတဝါရော "ကုသလံ ဓမ္မံ သဟ-ဇာတော ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ၊ ကုသလံ ဧကံ ခန္ဓံ သဟဇာတာ တယော ခန္ဓာ၊ တယော ခန္ဓေ သဟဇာတော ဧကော ခန္ဓော၊ ဒွေ ခန္ဓေ သဟဇာတာ ဒွေ ခန္ဓာ။ ။ကုသလံ ဓမ္မံ သဟဇာတော အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ၊ ကုသလေ ခန္ဓေ သဟဇာတံ စိတ္တသမုဋ္ဌာနံ ရူပံ။ ။ကုသလံ ဓမ္မံ သဟဇာတော ကုသလော စ အဗျာကတော စ ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ၊ ကုသလံ ဧကံ ခန္ဓံ သဟဇာတာ တယော ခန္ဓာ စိတ္တသမုဋ္ဌာနဉ္စ ရူပံ၊ တယော ခန္ဓေ သဟဇာတော ဧကော ခန္ဓော စိတ္တသမုဋ္ဌာနဉ္စ ရူပံ၊ ဒွေ ခန္ဓေ သဟဇာတာ ဒွေ ခန္ဓာ စိတ္တ-သမုဋ္ဌာနဉ္စ ရူပ"န္တိ ဝေမာဒိနာ ဝိဿဇ္ဇနာဝါရေန စ ။ ဟေတုယာ နဝ၊ အာရမ္မဏေ တီဏိ၊ အဓိပတိယာ နဝ၊ အနန္တရေ သမနန္တရေ တီဏိ"တိ ဝေမာဒိနာ သင်္ခ်ာဝါရေန စ ဝါစနာမဂ္ဂတော ဒ္ဝိဟိ ဝါရေဟိ ပဋ္ဌိမဏ္ဍိတ္ဝာ ဘဂဝတာ ဝိတ္ထာရတော ဝိဘဇိတ္ဝာ ဒေသိတော။

မေး။ ။သိဇေတာ်မူ မြင်တော်မူ၍ ။ပ။ ထိုသဗ္ဗညူ မြတ်စွာဘုရား သခင်သည် အဘိဓမ္မပိဋကအနန္တနယ သမန္တပဋ္ဌာန်း ကျမ်းကြီး၌ နှစ်ဆယ့် လေးပါးသော ပဋ္ဌာန်းကျမ်းတို့ ရှိသည့်အနက် ရှေးဦးစွာသော ဓမ္မအနုလုံ တိကပဋ္ဌာန်းကျမ်း၌ တိတ်အားဖြင့် နှစ်ဆယ့်နှစ်ပါးသောတိတ်တို့ ရှိသည့် အနက် ရှေးဦးစွာသော ကုသလတိတ်၌ ဝါရအားဖြင့် ခုနစ်ခုသော မဟာ ဝါရကြီးတို့ ရှိသည့်အနက် နှစ်ခုမြောက်ဖြစ်သော သဟဇာတမည်သော မဟာဝါရကို အဘယ်သို့သော အခြင်းအရာအားဖြင့် အကျယ်ဝေဘန်၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

ဖြေ။ ။အဘိဓမ္မပိဋကဝယ် အနန္တနယသမန္တပဋ္ဌာန်း ခုနစ်ဆင့်မြောက် ဖြစ်သော အဘိဓမ္မာကျမ်း၌ ပဋ္ဌာန်းကြီးအပြား နှစ်ဆယ့်လေးပါးတို့ ရှိသည့် အနက် ရှေးဦးစွာသော ဓမ္မအနုလုံ တိကပဋ္ဌာန်းဝယ် တိတ်အားဖြင့် နှစ်ဆယ့်နှစ်ပါး ရှိသည့်အနက် ရှေးဦးစွာသော ကုသလတိတ်၌ ပဋ္ဌိစ္စဝါရ သဟဇာတဝါရ အစရှိသောအားဖြင့် ခုနစ်ပါးသောဝါရကြီးတို့တွင် နှစ်ခု မြောက်ဖြစ်သော သဟဇာတဝါရကို "သိယာ ကုသလံ ဓမ္မံ သဟဇာတော ကုသလော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ" အစရှိသည်ဖြင့် ပုစ္ဆာဝါရကို ဖေါသင့်ပါသော်လည်း ပဋ္ဌိစ္စဝါရကို နည်းမှီးသောအားဖြင့် ဟောနိုင်မည် သိနိုင်မည်ဖြစ်၍ သင်ရိုး ချပို့ရိုးဇစ်အားဖြင့် ပုစ္ဆာဝါရကို ချန်လှပ်၍ "ကုသလံ ဓမ္မံ သဟဇာတော ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဖေါတုပစ္စယာ၊ ကုသလံ ဧကံ ခန္ဓံ သဟဇာတာ တယော ခန္ဓာ၊ တယော ခန္ဓေ သဟဇာတော ဧကော ခန္ဓော၊ ဒွေ ခန္ဓေ သဟဇာတာ ဒွေ ခန္ဓာ" အစရှိသည်ဖြင့် ကုသလပဒ, အကုသလပဒ, အဗျာကတပဒ အစရှိသော ခုနစ်ပါးသော ပဒတို့တွင်ငင်း, တခု တခုသော ပဒတို့တွင် ခုနစ်ပါး ခုနစ်ပါးစီသော ပဒါဝသာနတို့တွင်ငင်း အဖြေရသင့်သော ငါးပါးသောပဒ၊ သုံးပါး, တပါး အစရှိသော ပဒါဝသာနတို့ဖြင့် တန်းဆာဆင်၍ ဖြေဆိုရာဖြစ်သော ဝိဿဇ္ဇနာဝါရအားဖြင့်ငင်း "ဟေတုယာ နဝ၊ အာရမ္မဏေ တီဏိ၊ အဓိပတိယာ နဝ၊ အနန္တရေ တီဏိ၊ သမနန္တရေ တီဏိ" အစရှိသည်ဖြင့် ဝိဿဇ္ဇနာဝါရဝိဘင်းဝယ် ဟောဆိုအပ်ပြီးသော ပစ္စည်းပစ္စယုပ္ပန်တို့၏ ထိုထိုပစ္စည်းဝယ် ရသင့်သော သခ်္ခါအစုတို့ကို သီးသန့်အားဖြင့်ငင်း ပစ္စည်းနှစ်ပါး, သုံးပါး ရောယှက်သောအားဖြင့်ငင်း ခွဲခြမ်း စိတ်ဖြာ

ဟောညွှန်ရာဖြစ်သော သခ်္ခါဝါရအားဖြင့်ငင်း ဤသို့လျှင် ချုပ်ရိုး အစဉ်, သင်ကြားရိုးအစဉ် ဝါစနာမဂ္ဂအားဖြင့် ဝိဿဇ္ဇနာဝါရ, သခ်္ခါ ဝါရ တည်းဟူသော ဝါရနှစ်ပါးတို့ဖြင့် တန်းဆာဆင်၍ ဘုန်းတော်ခြောက် ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညု မြတ်စွာဘုရားသခင်သည် နှစ်ခုမြောက် ဖြစ်သော သဟဇာတဝါရကို အကျယ်တဝင့် ဖွင့်ပြဟောကြားတော်မူအပ် ပါသည် အရှင်ဘုရား။

ကုသလတိက် ပစ္စယဝါရ

ပု။ ။တေနာဝုသော ဘဂဝတာ ။ပ။ သမ္မာသမ္ဗုဒ္ဓေန ပဋ္ဌာနမဟာ-
ပကရဏေ စတုဝိသတိယာ ပဋ္ဌာနေသု ပဌမေ ဓမ္မာနုလောမ-
တိကပဋ္ဌာနေ ဒ္ဝါဝိသတိယာ တိကေသု ပဌမေ ကုသလတ္တိကေ
သတ္တာသု မဟာဝါရေသု တတိယော ပစ္စယဝါရော ကထံ ဝိဘဇိတ္ဝာ
ဝိတ္ထာရေန ဒေသိတော။

ဝိ။ ။အဘိဓမ္မပိဋကေ ဘဒ္ဒန္တေ သတ္တာသု ပကရဏေသု သတ္တမေ အနန္တ-
နယသမန္တပဋ္ဌာနေ မဟာပကရဏေ စတုဝိသတိယာ ပဋ္ဌာနေသု
ပဌမေ ဓမ္မာနုလောမတိကပဋ္ဌာနေ ဗာဝီသတိယာ တိကေသု
ပဌမေ ကုသလတ္တိကေ သတ္တာသု မဟာဝါရေသု တတိယော ပစ္စယ-
ဝါရော "သိယာ ကုသလံ ဓမ္မံ ပစ္စယာ ကုသလော ဓမ္မော
ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ၊ သိယာ ကုသလံ ဓမ္မံ ပစ္စယာ အကု-
သလော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ၊ သိယာ ကုသလံ ဓမ္မံ
ပစ္စယာ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ"တိ
ဧဝမာဒိနာ ပုစ္ဆာဝါရေန စ။ "ကုသလံ ဓမ္မံ ပစ္စယာ ကုသလော
ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ၊ ကုသလံ ဧကံ ခန္ဓံ ပစ္စယာ
တယော ခန္ဓာ၊ တယော ခန္ဓေ ပစ္စယာ ဧကော ခန္ဓော၊ ဒ္ဝေ
ခန္ဓေ ပစ္စယာ ဒ္ဝေ ခန္ဓာ"တိ ဧဝမာဒိနာ ဝိဿဇ္ဇနာဝါရေန စ။
"ဟေတုယာ သတ္တရသ၊ အာရမ္မဏေ သတ္တ၊ အဓိပတိယာ သတ္တ-
ရသ၊ အနန္တရေ သမနန္တရေ သတ္တ၊ သဟဇာတေ သတ္တရသ။
အညမညေ သတ္တာ"တိ ဧဝမာဒိနာ သခ်္ခါဝါရေန စ။ ပစ္စယာနု-
လောမ ပစ္စယ ပစ္စနီယ ပစ္စယာ နုလောမ ပစ္စနီယ ပစ္စယ ပစ္စနီ ယာနု-

လောမသန်္ဓါတေဟိ စတူဟိ နယေဟိ ဝိဘဇိတ္ဘာ ဘဂဝတာ ဒေသိတော။

မေး။ ။သိတော်မူ မြင်တော်မူ၍။ပ။ ထိုမြတ်စွာဘုရားသခင်သည် အဘိဓမ္မပိဋကဝယ် ခုနစ်ခုမြောက်ဖြစ်သော အနန္တနယ သမန္တပဋ္ဌာန်း ကျမ်းကြီး၌ နှစ်ဆယ့်လေးပါးသောပဋ္ဌာန်းတို့ရှိသည့်အနက် ရှေးဦးစွာသော ဓမ္မအနုလုံတိကပဋ္ဌာန်းကျမ်း၌ တိုက်အားဖြင့် နှစ်ဆယ့်နှစ်ပါးသော တိုက်တို့ ရှိသည့်အနက် ရှေးဦးစွာသော ကုသလတိုက်၌ ဝါရအားဖြင့် ခုနစ်ပါးသော မဟာဝါရကြီးတို့ ရှိသည့်အနက် သုံးခုမြောက်ဖြစ်သော ပစ္စယမည်သော မဟာဝါရကို အဘယ်သို့သော အခြင်းအရာအား ဖြင့် အကျယ်ဝေဘန်၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

ဖြေ။ ။အဘိဓမ္မပိဋကဝယ် ဓမ္မသင်္ဂဏီ အစရှိသော ခုနစ်ကျမ်းတို့ ရှိသည့်အနက် ခုနစ်ခုမြောက်ဖြစ်သော အနန္တနယ သမန္တ ပဋ္ဌာန်းကျမ်း ကြီး၌ ဓမ္မအနုလုံ ပဋ္ဌာန်းခြောက်ပါး, ဓမ္မပစ္စနိုက် ပဋ္ဌာန်းခြောက်ပါး, ဓမ္မအနုလောမပစ္စနိုက် ပဋ္ဌာန်းခြောက်ပါး, ဓမ္မပစ္စနီယာနုလောမ ပဋ္ဌာန်း ခြောက်ပါးအားဖြင့် နှစ်ဆယ့်လေးကျမ်း ပဋ္ဌာန်းကြီးတို့အနက် ရှေးဦးစွာ သော ဓမ္မအနုလုံတိကပဋ္ဌာန်းဝယ် နှစ်ဆယ့်နှစ်ပါးသောတိုက်တို့တွင် ရှေးဦး စွာသော ကုသလတိုက်၌ ပဋ္ဌိစ္စဝါရ, သဟဇာတဝါရ အစရှိသော ဝါရကြီး ခုနစ်ပါးတို့တွင် သုံးခုမြောက်ဖြစ်သော ပစ္စယဝါရကို "သိယာ ကုသလံ ဓမ္မံ ပစ္စယာ ကုသလော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ" အစရှိသည်ဖြင့် တခု တခုသော ပဒဝယ် ဖြစ်သင့်သမျှ ခုနစ်ချက်စီ ခုနစ်ချက်စီသော အမေး ပုစ္ဆာ ပြဿနာတို့ဖြင့် တန်းဆာဆင်အပ်သော ပုစ္ဆာဝါရအားဖြင့်ငင်း။

ကုသလံ ဓမ္မံ ပစ္စယာ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ။ ကုသလံ ဧကံ ခန္ဓံ ပစ္စယာ တယော ခန္ဓာ၊ တယော ခန္ဓေ ပစ္စယာ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပစ္စယာ ဒွေ ခန္ဓာ-အစရှိသည်ဖြင့် တခု တခုသော ပဒဝယ် အဖြေ ဝိဿဇ္ဇနာ ရသင့်သမျှသော ပဒါဝသာနတို့၌ ဖြစ်သင့် ဖြစ်ထိုက်သမျှသော အဖြေဝိဿဇ္ဇနာ ဝိဘင်းတို့ဖြင့် တန်းဆာဆင်၍ ဟောကြားအပ်သော ဝိဿဇ္ဇနာဝါရအားဖြင့်ငင်း။

ဟေတုယာ သတ္တရသ၊ အာရမ္မဏေ သတ္တ၊ အဓိပတိယာ သတ္တရသ အစရှိသည်ဖြင့် ဝိဿဇ္ဇနာ အဖြေဝိဘင်းဝါရ၌ ဖြေအပ်ပြီးခဲ့သမျှသော

ပစ္စည်း ပစ္စယုပ္ပန်အစုံတို့ကို သခ်္ခါသက်သက်အားဖြင့်ရင်း, ပစ္စည်း နှစ်ပါး သုံးပါး လေးပါးစသည် ရောယှက်သောအားဖြင့်ရင်း, တဲ့ယှက် ဖော်ပြရာ ဖြစ်သော သခ်္ခါဝါရအားဖြင့်ရင်း။

ထိုထိုပစ္စည်းတို့ကို နှ-သဒ္ဒါမမြစ်ဘဲ "ဟေတုပစ္စယာ အာရမ္မဏပစ္စယာ" အစရှိသည်ဖြင့် ဟောရာဖြစ်သော ပစ္စည်းအနုလောမနည်း၊ ထိုထိုပစ္စည်းတို့၌ နှ-သဒ္ဒါဖြင့် မြစ်၍ "နှ ဟေတုပစ္စယာ နှ အာရမ္မဏပစ္စယာ" အစရှိသည်ဖြင့် ဟောရာဖြစ်သော ပစ္စယပစ္စနီယနည်း၊ ထိုထိုပစ္စည်းဝယ် မူလဖြစ်သော ပစ္စည်းကို နှ-မမြစ်မူ၍ မူလီဖြစ်သော ပစ္စည်းကို နှ-မြစ်လျက် "ဟေတု-ပစ္စယာ နှ အာရမ္မဏပစ္စယာ၊ ဟေတုပစ္စယာ နှ အဓိပတိပစ္စယာ" အစရှိသည်ဖြင့် ဟောရာဖြစ်သော ပစ္စယာနုလောမ ပစ္စနီယနည်းအားဖြင့်ရင်း, ထိုထိုပစ္စည်းတို့ဝယ် မူလဖြစ်သော ပစ္စည်းကိုသာ နှ-မြစ်၍ မူလီဖြစ်သော ပစ္စည်းကိုကား နှ-မမြစ်ဘဲ "နှ ဟေတုပစ္စယာ အာရမ္မဏပစ္စယာ" အစရှိသည်ဖြင့် ဟောရာဖြစ်သော ပစ္စယပစ္စနီယာနုလောမနည်းဟု ဆိုအပ်သော ဤနည်းကြီးလေးပါးတို့ဖြင့် စိတ်ဖြာခဲ့ခြင်း သဗ္ဗညုမြတ်စွာဘုရား အကျယ်တဝင့် ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ပဋ္ဌာဝါရ

ပု။ ။တေနာဝုသော ဘဂဝတာ ။ပ။ သမ္မာသမ္ဗုဒ္ဓေန အဘိဓမ္မပိဋကေ သတ္တသု မဟာပကရဏေသု သတ္တမေ ပဋ္ဌာနမဟာပကရဏေ စတု-ဝီသတိယာ ပဋ္ဌာနေသု ပဌမေ ဓမ္မာနုလောမတိကပဋ္ဌာနေ ဒွါဝီ-သတိယာ တိကေသု ပဌမေ ကုသလတ္တိကေ သတ္တသု မဟာဝါရေသု သတ္တမော ပဋ္ဌာဝါရော ကထံ ဝိတ္ထာရေန ဝိဘဇိတ္ဗာ ဒေသိတော။

ဝိ။ ။အဘိဓမ္မပိဋကေ ဘန္တေ သတ္တသု ပကရဏေသု သတ္တမေ အနန္တ-နယသမန္တပဋ္ဌာနေ မဟာပကရဏေ စတုဝီသတိယာ ပဋ္ဌာနေသု ပဌမေ ဓမ္မာနုလောမတိကပဋ္ဌာနေ ဒွါဝီသတိယာ တိကေသု ပဌမေ ကုသလတ္တိကေ သတ္တသု မဟာဝါရေသု သတ္တမော ပဋ္ဌာဝါရော "သိယာ ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော။ သိယာ ကုသလော ဓမ္မော အကုသလဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော။ သိယာ ကုသလော ဓမ္မော အဗျာ-

ကတာသ ဓမ္မသ ဟေတုပစ္စယေန ပစ္စယော”တိ ဝေမာဒိနာ ပုစ္ဆာ-ဝါရေန စ။ “ကုသလော ဓမ္မော ကုသလသ ဓမ္မသ ဟေတုပစ္စ-ယေန ပစ္စယော၊ ကုသလာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ ဟေတု-ပစ္စယေန ပစ္စယော။ ။ကုသလော ဓမ္မော အဗျာကတသ ဓမ္မသ ဟေတုပစ္စယေန ပစ္စယော၊ ကုသလာ ဟေတူ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဟေတုပစ္စယေန ပစ္စယော”တိ ဝေမာဒိနာ ဝိဿဇ္ဇနာဝါရေန စ “ဟေတုယာ သတ္တ၊ အာရမ္မဏေ နဝ၊ အဓိပတိယာ ဒသ၊ အနန္တရေ သမနန္တရေ သတ္တ၊ သဟဇာတေ နဝ၊ အညမညေ တိဏ်၊ နိဿယေ တေရသ၊ ဥပနိဿယေ နဝ၊ ပုရေဇာတေ ပဉ္စဝဇာတေ အာသေဝနေ တိဏ်၊ ကမ္မေ သတ္တ၊ ဝိပါကေ ဒ္ဝေ။ အာဟာရေ ဣန္ဒြိယေ ဈာနေ မဂ္ဂေ သတ္တ၊သမ္ပယုတ္တေ ဘိဏ်၊ ဝိပ္ပယုတ္တေ ပဉ္စ၊ အတ္ထိယာ တေရသ၊ နတ္ထိယာ ဝိဂတေ သတ္တ၊ အဝိဂတေ တေရသာ”တိ ဝေမာဒိနာ သခ်္ခါဝါရေန စ ပစ္စယာနုလောမပစ္စယပစ္စနီယပစ္စယာနုလောမ-ပစ္စနီယပစ္စယပစ္စနီယာနုလောမသခ်္ခါတေဟိ စတူဟိ နယေဟိ ဘဂဝတာ ဝိတ္ထာရတော ဝိဘဇိတ္ဝာ ဒေသိတော။

မေး။ ။သိတော်မူ မြင်တော်မူ၍ ။ပ။ ထိုမြတ်စွာဘုရားသခင်သည် အဘိဓမ္မပိဋကဝယ် ဓမ္မသင်္ဂဏီ, ဝိဘင်း အစရှိသော အဘိဓမ္မာခုနစ်ကျမ်း တို့ရှိသည့်အနက် ခုနစ်ခုမြောက်ဖြစ်သော ပဋ္ဌာန်းကျမ်းကြီး၌ နှစ်ဆယ့်လေး ပါးသော ပဋ္ဌာန်းကျမ်းတို့ရှိရာဝယ် ရှေးဦးစွာသော ဓမ္မအနုလုံတိကပဋ္ဌာန်း ကျမ်း၌ တိတ်အားဖြင့် နှစ်ဆယ့်နှစ်တိတ်တို့ ရှိရာဝယ် ရှေးဦးစွာသော ကုသလတိတ်၌ ဝါရအားဖြင့် ပဋိစ္စဝါရ အစရှိသော ခုနစ်ခုသော မဟာ ဝါရကြီးတို့ ရှိရာဝယ် ခုနစ်ခုမြောက်ဖြစ်သော ပဉ္စဝါရကို အဘယ်သို့ သော အခြင်းအရာအားဖြင့် အကျယ်ဝေဘန်၍ ဟောကြားတော်မူခဲ့ပါ သနည်း ငါ့ရှင်။

ဖြေ။ ။အဘိဓမ္မပိဋကဝယ် ဓမ္မသင်္ဂဏီ, ဝိဘင်း, ဓာတုကထာ, ပုဂ္ဂလပညတ် စသည်အားဖြင့် ခုနစ်ကျမ်းတို့ ရှိကြသည့်အနက် အနန္တနယ သမန္တပဋ္ဌာန်း ခုနစ်ဆင့်မြောက်ဖြစ်သော အဘိဓမ္မာကျမ်းဝယ် ဓမ္မာ-နုလောမတိကပဋ္ဌာန်း အစရှိသောအားဖြင့် ပဋ္ဌာန်းကျမ်းပေါင်း နှစ်ဆယ့် လေးကျမ်းတို့ ရှိကြသည့်အနက် ရှေးဦးစွာသော ဓမ္မအနုလုံတိကပဋ္ဌာန်း၌

ကုသလတိက်,ဝေဒနာတိက် အစရှိသော နှစ်ဆယ့်နှစ်ပါးသော တိက်တို့တွင် ရှေးဦးစွာသော ကုသလတိက်၌ ပဋိစ္စဝါရ,သဟဇာတဝါရ, ပစ္စယဝါရ,နိဿယဝါရ, သံသဋ္ဌဝါရ, သမ္ပယုတ္တဝါရ, ပဉ္ဉဝါရအားဖြင့် ဝါရကြီး ခုနစ်ပါးတို့ ရှိရာတွင် ခုနစ်ဆင့်မြောက်ဖြစ်သော ပဉ္ဉဝါရကို "သိယာ ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော" အစရှိသည်ဖြင့် တခုတခုသော ပစ္စည်းဝယ် ပဒအားဖြင့် ခုနစ်ပါးစီရှိရာ၌ တခုတခုသောပဒဝယ် ခုနစ်ပါး ခုနစ်ပါးစီသော ပဒါဝသာနတို့ဖြင့် ဖြစ်သင့်သမျှ အမေးပုစ္ဆာ ပြဿနာတို့ကို ဆင်ထုတ်မေးမြန်းရာဖြစ်သော ပုစ္ဆာဝါရအားဖြင့်ငင်း။

ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော၊ ကုသလာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ ဟေတုပစ္စယေန ပစ္စယော။ ။

ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော၊ ကုသလာ ဟေတူ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။ ။

ကုသလော ဓမ္မော ကုသလဿ စ အဗျာကတဿ စ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော၊ ကုသလာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော အစရှိသည်ဖြင့် ပုစ္ဆာဝါရဝယ် မေးအပ်ပြီးသမျှသော ပဒ ပဒါဝသာနတို့တွင် အဖြေ ဝိဿဇ္ဇနာ ရကောင်းသော ထိုထိုပဒတို့ဝယ် ထိုထိုအဖြေ ဝိဿဇ္ဇနာ ရကောင်းသော ပဒါဝသာနတို့ဖြင့် အကျယ်တဝင့် ဖွင့်ပြဝေဘန်ရာဖြစ်သော ဝိဿဇ္ဇနာဝါရ အားဖြင့် ငင်း။

ဟေတုယာ သတ္တ၊ အာရမ္မဏော နဝ၊ အဓိပတိယာ ဒသ အစရှိသည်ဖြင့် ဝိဿဇ္ဇနာဝါရဝယ် အကျယ်အားဖြင့် ဟောပြအပ်ပြီးသော ထိုထိုပစ္စည်း၌ ပစ္စည်း ပစ္စယုပ္ပန် အစုံတို့ကို ရသင့်သမျှသော နည်းအားဖြင့် ဟောတုပစ္စည်း၌ ခုနစ်သင်္ချာ,အာရမ္မဏ ပစ္စည်း၌ ကိုးသင်္ချာ, အဓိပတိပစ္စည်း၌ ဆယ်သင်္ချာ အစရှိသောအားဖြင့် တပစ္စည်း တပစ္စည်းသက်သက်အားဖြင့်ငင်း, ပစ္စည်း နှစ်ပါး သုံးပါး လေးပါး စသည်ရောယှက်သောအားဖြင့်ငင်း, ဝါရဃဋ္ဋနာ နည်းမျိုးစုံတို့ဖြင့် ဝေဘန်ရေတွက်၍ ပြဆိုရာဖြစ်သော သင်္ချာဝါရ အားဖြင့်ငင်း။

ထိုထိုပစ္စည်းတို့ကို န-မမြစ်မူ၍ ဟောရာဖြစ်သော ပစ္စယာနုလောမနည်း၊ ထိုဆိုပစ္စည်းတို့ကို န-မြစ်၍ ဟောရာဖြစ်သော ပစ္စယပစ္စနီယနည်း၊ ထိုထို

ပစ္စည်းတို့ဝယ် မူလဖြစ်သော ပစ္စည်းကို နှ-မမြစ်မူ၍ မူလိဖြစ်သော ပစ္စည်းကို နှ-မြစ်လျက် ''ဟေတုပစ္စယာ နာဂရမ္မဏော'' စသည်ဖြင့် ဟောရာဖြစ်သော ပစ္စယာနုလောမပစ္စနီယနည်း၊ ထိုထိုပစ္စည်းတို့ဝယ် မူလပစ္စည်းကိုသာန-မြစ်၍ မူလိပစ္စည်းကိုကား နှ-မမြစ်မူ၍ ဟောရာဖြစ်သော ပစ္စယပစ္စနီယာနုလောမနည်း ဤဆိုအပ်ပြီးသော နည်းကြီးလေးပါးတို့ဖြင့် ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် အကျယ်တဝင့် ဖွင့်ပြပိုင်းခြား ဟောကြားတော်မူအပ်ပါသည့် အရှင်ဘုရား။

ဝိဿဇ္ဇနာဝါရ

ဟေတုပစ္စယဝိဘင်း

ပု။ ။တေနာဝုသော ဘဂဝတာ ။ပ။ သမ္မာသမ္ဗုဒ္ဓေန အဘိဓမ္မပိဋကေ သတ္တသု ပကရဏေသု သတ္တမေ ပဋ္ဌာနမဟာပကရဏေ စတုဝီသတိယာ ပဋ္ဌာနေသု ပဋ္ဌမေ မမ္မာနုလောမတိကပဋ္ဌာနေ ဒွါဝီသတိယာ တိကေသု ပဋ္ဌမေ ကုသလတ္တိကေ သတ္တသု မဟာဝါရေသု သတ္တမေ ပဉ္စာဝါရေ ပုစ္ဆာဝိဿဇ္ဇနာသခ်္ခါဝါရသခ်္ခါတေသု တီသု ဝါရေသု ဝိဿဇ္ဇနာဝါရေ ဟေတုပစ္စယဝိဘင်္ဂေါ ကထံ ဝိတ္ထာရေန ဝိဘဇိတ္ဗာ ဒေသိတော။

ဝိ။ ။အဘိဓမ္မပိဋကေ ဘန္တေ သတ္တသု ပကရဏေသု သတ္တမေ အနန္တနယသမန္တပဋ္ဌာနေ မဟာပကရဏေ စတုဝီသတိယာ ပဋ္ဌာနေသု ပဋ္ဌမေ မမ္မာနုလောမတိကပဋ္ဌာနေ ဒွါဝီသတိယာ တိကေသု ပဋ္ဌမေ ကုသလတ္တိကေ သတ္တသု မဟာဝါရေသု သတ္တမေ ပဉ္စာဝါရေ ပစ္စယာနုလောမပစ္စနီယ ပစ္စယာနုလောမ ပစ္စနီယပစ္စယ ပစ္စယနီယာနုလောမသခ်္ခါတေသု စတ္တုတ္ထ နယေသု ပဋ္ဌမေ ပစ္စယာနုလောမနယေ ပုစ္ဆာဝါရဝိဿဇ္ဇနာဝါရသခ်္ခါတေသု တီသုပိ ဝါရေသု ဒုတိယေ ဝိဿဇ္ဇနာဝါရေ ဟေတုပစ္စယဝိဘင်္ဂေါ ''ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော၊ ကုသလာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ ဟေတုပစ္စယေန ပစ္စယော။ ။ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော။ ကုသလာ ဟေတူ စိတ္တသမုဋ္ဌာနာနံ ရူပါနံ

ဟေတုပစ္စယေန ပစ္စယော။ ။ကုသလော ဓမ္မော ကုသလသော စ အဗျာကတသော စ ဓမ္မသော ဟေတုပစ္စယေန ပစ္စယော၊ ကုသလော ဟေတူ သမ္မယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော”တိ ဧဝမာဒိနာ ဘဂဝတာ ဝိတ္ထာ-ရတော ဝိဘဇိတ္ဝာ ဒေသိတော။

မေး။ ။သိတော်မူ မြင်တော်မူ၍ ။ပ။ ထိုသဗ္ဗညုမြတ်စွာဘုရား သခင်သည် အဘိဓမ္မပိဋကဝယ် ဓမ္မသင်္ဂဏီ, ဝိဘင်း အစရှိသော ခုနစ်ပါး သော ကျမ်းတို့တွင် ခုနစ်ခုမြောက်ဖြစ်သော ပဋ္ဌာန်းကျမ်းကြီး၌ နှစ်ဆယ့် လေးပါးသော ပဋ္ဌာန်းတို့ဘွင် ရှေးဦးစွာသော ဓမ္မအနုလုံတိကပဋ္ဌာန်း ကျမ်း၌ တိက်အားဖြင့် ကုသလတိက်အစရှိသော နှစ်ဆယ့်နှစ်ပါးသော တိက် တို့တွင် ရှေးဦးစွာသော ကုသလတိက်၌ ပဋ္ဌိစ္စဝါရ အစရှိသော ခုနစ်ပါး သော မဟာဝါရကြီးတို့တွင် ခုနစ်ခုမြောက်ဖြစ်သော ပဉ္စဝါရ၌ လေးပါး သော နည်းတို့တွင် အနုလောမပစ္စယနည်း၌ ပုစ္ဆာဝါရ ဝိဿဇ္ဇနာဝါရ သခ်္ခါဝါရအားဖြင့် သုံးပါးသော ဝါရတို့တွင် ပုစ္ဆာဝါရ၌ ဟေတုပစ္စည်းကို ဝေဘန်ရာဖြစ်သော ဟေတုပစ္စယဝိဘင်းကို အဘယ်သို့သော အခြင်းအရာ အားဖြင့် အကျယ်ဝေဘန်၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

ဖြေ။ ။အဘိဓမ္မပိဋကဝယ် ဓမ္မသင်္ဂဏီ, ဝိဘင်း အစရှိသောအားဖြင့် ခုနစ်ကျမ်းတို့ရှိသည့်အနက် အနန္တနယသမန္တ ပဋ္ဌာန်း ခုနစ်ဆင့်မြောက် ဖြစ်သော အဘိဓမ္မာကျမ်းကြီးဝယ် ပဋ္ဌာန်းအပြားနှစ်ဆယ့်လေးပါးတို့ ရှိရာ တွင် ရှေးဦးစွာသော ဓမ္မအနုလုံတိက ပဋ္ဌာန်း၌ ကုသလတိက်, ဝေဒနာတိက် အစရှိသောအားဖြင့် ဆယ့်နှစ်ပါးသော တိက်တို့တွင် ရှေးဦးစွာသော ကုသလတိက်၌ ပဋ္ဌိစ္စဝါရ, သဟဇာတဝါရ, ပစ္စယဝါရ, နိဿယဝါရ, သံသဋ္ဌ-ဝါရ,သမ္မယုတ္တဝါရ, ပဉ္စဝါရ တည်းဟူသော ဝါရကြီး ခုနစ်ပါးတို့ရှိရာတွင် ခုနစ်ဆင့်မြောက်ဖြစ်သော ပဉ္စဝါရ၌ ပစ္စယာနုလောမနည်း အစရှိသော နည်းလေးပါးတို့တွင် ရှေးဦးစွာသော ပစ္စယာနုလောမနည်းဝယ် ပုစ္ဆာဝါရ, ဝိဿဇ္ဇနာဝါရ, သခ်္ခါဝါရအားဖြင့် ဝါရသုံးပါးတို့ရှိရာတွင် နှစ်ခုမြောက် ဖြစ်သော ဝိဿဇ္ဇနာဝါရ၌ ရှေးဦးစွာသော ဟေတုပစ္စယ ဝိဘင်းကို “ကုသလော ဓမ္မော ကုသလသော ဓမ္မသော ဟေတုပစ္စယေန ပစ္စယော၊ကုသလော ဟေတူ သမ္မယုတ္တကာနံ ခန္ဓာနံ ဟေတုပစ္စယေန ပစ္စယော”အစရှိသည်ဖြင့်

သက်သေသာဓကအားဖြင့် တစုံတခုကောင်းမှုကုသိုလ်ကိုပြုလိုသော ပုဂ္ဂိုလ်၏ သန္ဓာန်ဝယ် ဘဝင်စိတ်အယဉ်ပြတ်၍ ဒေယျဓမ္မဒါတဗ္ဗဝတ္ထု စသည်တို့တွင် တခုခုကိုအာရုံပြု၍ ထိုအာရုံကို ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်းဖြစ်၍ ချုပ်ပါသည်။ ထိုမနောဒွါရာဝဇ္ဇန်းစိတ် ချုပ်ပြီးသည်မှ အခြားမဲ့ဖြစ်သော နောက်ကာလဝယ် ဒေယျဓမ္မ လှူဘွယ်ဝတ္ထု အလှူခံပုဂ္ဂိုလ် ရှေးဖြစ်သော စေတနာတို့တွင် တပါးပါးကို အာရုံပြု၍ မဟာကုသိုလ်စိတ် ၅စ်ပါးတို့တွင် တခုခုသောစိတ်သည် အလှူပေးခြင်းတည်းဟူသော ဒါန ကောင်းမှုကုသိုလ်အကျိုးကို ပြီးစေလျက် ဇောကိစ္စအားဖြင့် ခုနစ်ကြိမ် ဖြစ်၍ ချုပ်ပါသည်။ ထို့နောင် ထိုဇော၏ အခြားမဲ့ ဇော ခုနစ်ကြိမ်ဖြစ်၍ ချုပ်ပြီးသည်မှနောက်ကာလဝယ် မူလပဋိသန္ဓေစိတ်နှင့်တူသော စိတ်သည် နောက်ဝီထိတပါးမဖြစ်မီကာလအတွင်း ဘဝင်ကိစ္စဖြစ်၍ ဖြစ်၍ ချုပ်ခဲ့ပါသည်။

ထိုသို့ဖြစ်ရာဝယ် မဟာကုသိုလ် ပဌမဇော ။ပ။ သတ္တမဇော တည်းဟူသော ဇောခုနစ်ကြိမ်တို့တွင် တခုတခုသော မဟာကုသိုလ်ဇောစိတ္တုပ္ပါဒ်တို့၌ ပါရှိသော အလောဘဟိတ် အဒေါသဟိတ် အမောဟဟိတ် တည်းဟူသောဒွိဟိတ်ဇောတို့၌ ဟိတ်နှစ်ပါး, တိဟိတ်ဇောတို့၌ ဟိတ်သုံးပါးတို့တွင် တပါးတပါးသောဟိတ်, နှစ်ပါးနှစ်ပါးသောဟိတ်, သုံးပါးသုံးပါးသော ဟိတ်တို့သည် မိမိတို့နှင့် ယှဉ်ဖော် ယှဉ်ဖက်ဖြစ်သော သမ္ပယုတ္တဓမ္မခန္ဓာ၊ မိမိတို့ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အား ကောင်းစွာတည်တံ့မြဲခိုင်သည်၏ အဖြစ်ကိုပြီးစေသောအားဖြင့် ကျေးဇူးပြုပါသည်။

ဤသို့ ကျေးဇူးပြုသောကာလဝယ် သမ္ပယုတ္တဓမ္မခန္ဓာအား ကျေးဇူးပြုသောအခါ၌ ကုဒ္ဓိလ်ဖြစ်သောဟိတ်တရားက ကုသိုလ်ဖြစ်သော သမ္ပယုတ္တတရားတို့အား ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်၏ အဖြစ်ကိုဂုဏ်း, ကုသိုလ်ဖြစ်သော ဟိတ်တရားက မိမိကြောင့်ဖြစ်သော စိတ္တဇရုပ်တည်းဟူသော အဗျာကတတရားအား ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်၏ အဖြစ်ကိုဂုဏ်း, ကုသိုလ်ဖြစ်သော ဟိတ်တရားက သမ္ပယုတ်ဖြစ်သော ကုသိုလ်နာမက္ခန္ဓာ မိမိတို့ကြောင့်ဖြစ်သော စိတ္တဇရုပ်တည်းဟူသော ကုသိုလ်အဗျာကတတရား ၅စ်ပါးစုံတို့အား ထိုအားကြီးသော ကောင်းစွာ မြဲမြံတည်ဘုံသည်၏အဖြစ်ကို ပြီးစေခြင်းတည်းဟူသော ဟေတုပစ္စယသတ္တိဖြင့်

ကျေးဇူးပြုသည်၏ အဖြစ်ကိုဂုဏ်း "ကုသလော ဓမ္မော ကုသလသော ဓမ္မသော ဟေတုပစ္စယေန ပစ္စယော၊ ကုသလာ ဟေတူ သမ္မယုတ္တကာနံ ခန္ဓာနံ ဟေတုပစ္စယေန ပစ္စယော။ ။ကုသလော ဓမ္မော အဗျာကတသော ဓမ္မသော ဟေတုပစ္စယေန ပစ္စယော၊ ကုသလာ ဟေတူ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။ ။ကုသလော ဓမ္မော ကုသလသော စ အဗျာကတသော စ ဓမ္မသော ဟေတုပစ္စယေန ပစ္စယော၊ ကုသလာ ဟေတူ သမ္မယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော"ဟူ၍ဂုဏ်း။

ထို့အတူ ပါဏာတိပါတ အစရှိသော ဒုစရိုက်ဆယ်ပါးတို့တွင် တပါးပါးကို ပြုရာ၌ ဆိုင်ရာဆိုင်ရာ လောဘမူ,ဒေါသမူ, မောဟမူ အကုသိုလ်စေတသိုက်ဖြစ်ပွါးကြရာဝယ် လောဘဟိတ် မောဟဟိတ်, ဒေါသဟိတ် မောဟဟိတ်, မောဟဟိတ်တည်းဟူသော ဟိတ်တရားတို့က မိမိတို့နှင့် ယှဉ်ဖော်ယှဉ်ဖက်ဖြစ်သော သမ္မယုတ္တခန္ဓာအားဂုဏ်း, စိတ္တဇရုပ်တို့အားဂုဏ်း ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်၏ အဖြစ်ကို "အကုသလော ဓမ္မော အကုသလသော ဓမ္မသော ဟေတုပစ္စယေန ပစ္စယော၊ အကုသလာ ဟေတူ သမ္မယုတ္တကာနံ ခန္ဓာနံ ဟေတုပစ္စယေန ပစ္စယော"အစရှိသည်ဖြင့် ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် ဤလျှောက်ဆိုအပ်ပြီးသော အခြင်းအရာဖြင့် ဟေတုပစ္စည်း၏ ဝိဿဇ္ဇနာ အကျယ်ဝိဘင်းကို စိတ်ဖြာခဲ့ခြင်း ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

အာရမ္မဏပစ္စယဝိဘင်း

ပု။ ။တေနာဝုသော။ ပ။ သမ္မာသမ္ဗုဒ္ဓေန အဘိဓမ္မပိဋကေ သတ္တသု ပကရဏေသု သတ္တမေ ပဋ္ဌာနမဟာပကရဏေ စတုဝိသတိယာ ပဋ္ဌာနေသု ပဌမေ ဓမ္မာနုလောမတိကပဋ္ဌာနေ ဒုဝိဝိသတိယာ တိကေသု ပဌမေ ကုသလတ္တိကေ သတ္တသု မဟာဝါရေသု သတ္တမေ ပဋ္ဌာဝါရေ စတ္ထေသု နယေသု ပဌမေ ပစ္စယာနုလောမနယေ ပုစ္ဆာဝိဿဇ္ဇနာသင်္ချာဝါရသင်္ခါတေသု တီသု ဝါရေသု ဒုတိယေ ဝိဿဇ္ဇနာဝါရေ ဟေတုပစ္စယဝိဘင်္ဂါဒိသု စတုဝိသတိယာ ဝိဘင်္ဂေသု ဒုတိယော အာရမ္မဏပစ္စယဝိဘင်္ဂေါ ကထံ ဝိတ္ထာရေန ဝိဘင်္ဂတ္ထာ ဒေသိတော။

ဝိ။ ။အဘိဓမ္မပိဋကေ ဘဇ္ဇန္တိ သတ္တသု ပကရဏေသု သတ္တမေ အနန္တ-
နယသမန္တပဋ္ဌာနေ မဟာပကရဏေ စတုဝိသတိယာ ပဋ္ဌာနေသု
ပဌမေ ဓမ္မာနုလောမတိကပဋ္ဌာနေ ဒွါဝိသတိယာ တိကေသု
ပဌမေ ကုသလတ္တိကေ သတ္တသု မဟာဝါရေသု သတ္တမေ ပဉ္စာဝါရေ
စတ္ထသု နယေသု ပဌမေ ပစ္စယာနုလောမနယေ တီသု စ ဝါရေသု
ဒုတိယေ ဝိဘင်္ဂဝါရေ ဟေတုပစ္စယဝိဘင်္ဂါဒိသု စတုဝိသတိယာ
ဝိဘင်္ဂေသု ဒုတိယော အာရမ္မဏပစ္စယဝိဘင်္ဂေါ “ကုသလော
ဓမ္မော ကုသလဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော၊ ဒါနံ
ဒတ္ဝာ သီလံ သမာဒိယိတ္ဝာ ဥပေါသထကမ္မံ ကတ္ဝာ တံ ပစ္စဝေ-
က္ခတိ၊ ပုဗ္ဗေ သုစိဏ္ဏာနိ ပစ္စဝေက္ခတိ၊ စျာနာ ဝုဋ္ဌဟိတ္ဝာ စျာနံ
ပစ္စဝေက္ခတိ၊ သေက္ခာ ဂေါတြဘုံ ပစ္စဝေက္ခန္တိ၊ ဝေါဒါနံ ပစ္စဝေက္ခန္တိ၊
သေက္ခာ မဂ္ဂါ ဝုဋ္ဌဟိတ္ဝာ မဂ္ဂံ ပစ္စဝေက္ခန္တိ၊ သေက္ခာ ဝါ ပုထုဇ္ဇနာ
ဝါ ကုသလံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ၊
စေတောပရိယညာဏေန ကုသလစိတ္တသမင်္ဂိဿ စိတ္တံ ဇာနန္တိ၊
အာကာသာနဉ္စာယတနကုသလံ ဝိညာဏဉ္စာယတနကုသလဿ
အာရမ္မဏပစ္စယေန ပစ္စယော။ အာကိဉ္စညာယတနကုသလံ နေဝ-
သညာနာသညာယတနကုသလဿ အာရမ္မဏပစ္စယေန ပစ္စယော။
ကုသလာ ခန္ဓာ ဣဒ္ဓိဝိဓညာဏဿ၊ စေတောပရိယညာဏဿ၊ ပုဗ္ဗေ-
နိဝါသာနုဿတိညာဏဿ၊ ယထာကမ္မူပဂညာဏဿ၊ အနာဂတံသ-
ညာဏဿ အာရမ္မဏပစ္စယေန ပစ္စယော”တိ ဧဝမာဒိနာ ဘဂဝတာ
ဝိတ္ထာရတော ဝိဘဇိတ္ဝာ ဒေသိတော။

မေး။ ။သိတော်မူမြင့်တော်မူ၍ ။ပ။ ထို သဗ္ဗညုမြတ်စွာဘုရားသည်
အဘိဓမ္မပိဋကဝယ် ဓမ္မသင်္ဂဏီ, ဝိဘင်း အစရှိသော ခုနစ်ကျမ်းတို့ရှိသည့်
အနက် ခုနစ်ခုမြောက်ဖြစ်သော ပဋ္ဌာန်းကျမ်းကြီး၌ နှစ်ဆယ့်လေးပါး
သော ပဋ္ဌာန်းကျမ်းတို့ ရှိသည့်အနက် ရှေးဦးစွာသော ဓမ္မာနုလောမတိက
ပဋ္ဌာန်းကျမ်း၌ တိက်အား‌ဖြင့် ကုသလတိက်, ဝေဒနာတိက် အစရှိသော
နှစ်ဆယ့်နှစ်ပါးသောတိက်တို့ ရှိသည့်အနက် ရှေးဦးစွာသော ကုသလတိက်၌
ဝါရအား‌ဖြင့် ပဋ္ဌိစ္စဝါရ အစရှိသော ခုနစ်ပါးသော မဟာဝါရကြီးတို့ ရှိသည့်
အနက် ခုနစ်ခုမြောက်ဖြစ်သော ပဉ္စဝါရ၌ ပစ္စယာနုလောမနည်း အစရှိ

သော လေးပါးသော နည်းတို့တွင် ရှေးဦးစွာသော ပစ္စယာနုလောမနည်း၌ ပုစ္ဆာဝါရ, ဝိဿဇ္ဇနာဝါရ, သခ်္ဂြဝါရအားဖြင့် သုံးပါးသော ဝါရတို့တွင် နှစ်ခု မြောက်ဖြစ်သော ဝိဿဇ္ဇနာဝါရဟု ဆိုအပ်သော ဝိဘင်္ဂဝါရ၌ ဟေတုပစ္စယ ဝိဘင်း, အာရမ္မဏပစ္စယဝိဘင်း အစရှိသော နှစ်ဆယ့်လေးပါးသော ဝိဘင်း တို့တွင် နှစ်ခုမြောက်ဖြစ်သော အာရမ္မဏပစ္စယ ဝိဘင်းကို အဘယ်သို့သော အခြင်းအရာအားဖြင့် အကျယ်ဝေဘန်၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

ဖြေ။ ။အဘိဓမ္မပိဋကဝယ် ခုနစ်ကျမ်းတို့ ရှိသည့်အနက် အနန္တနယ သမန္တပဋ္ဌာန်း ခုနစ်ဆင့်မြောက်ဖြစ်သော အဘိဓမ္မာကျမ်း၌ ပဋ္ဌာန်း အပြား နှစ်ဆယ့်လေးပါးတို့ရှိရာဝယ် ရှေးဦးစွာသော ဓမ္မအနုလုံ တိကပဋ္ဌာန်း၌ ကုသလတိက်, ဝေဒနာတိက် အစရှိသောအားဖြင့် နှစ်ဆယ့်နှစ်ပါးသော တိက်တို့တွင် ရှေးဦးစွာသောကုသလတိက်၌ ပဋ္ဌိစ္စဝါရအစရှိသော ဝါရကြီး ခုနစ်ပါးတို့ရှိသည့်အနက် ခုနစ်ဆင့်မြောက်ဖြစ်သော ပဋ္ဌာဝါရဝယ် ပစ္စည်း အနုလောမနည်း, ပစ္စည်းပစ္စနီယနည်း, ပစ္စည်းအနုလောမပစ္စနီယနည်း, ပစ္စည်းပစ္စနီယာနုလောမနည်းတည်းဟူသော နည်းလေးပါးတွင် ရှေးဦး စွာသော ပစ္စည်းအနုလောမနည်း၌ ပုစ္ဆာဝါရ, ဝိဿဇ္ဇနာဝါရ, သခ်္ဂြဝါရ အားဖြင့် ဝါရသုံးပါးရှိရာဝယ် နှစ်ခုမြောက်ဖြစ်သောဝိဿဇ္ဇနာဝါရ အမည် ရသော ဝိဘင်္ဂဝါရ၌ ဟေတုပစ္စည်း၏ဝိဘင်း, အာရမ္မဏပစ္စည်း၏ ဝိဘင်းအစ ရှိသောအားဖြင့် နှစ်ဆယ့်လေးပါးသော ဝိဘင်းအပြားတို့တွင် နှစ်ခုမြောက် ဖြစ်သော အာရမ္မဏပစ္စည်း၏ဝိဘင်းကို “ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အာရမ္မဏပစ္စယော ပစ္စယော”အစရှိသည်ဖြင့် တစုံတယောက်သော အမျိုးကောင်းသား အမျိုးကောင်းသမီးသည် ဒါန သီလ အင်္ဂဇ်ဥပေါ-သထကမ္မတည်းဟူသော ကောင်းမှုအပြား ဤသုံးပါးတို့တွင် တပါးပါးကို ပြုလုပ်ပြီးသည်မှ နောက်ကာလဝယ် ထိုမိမိပြုလုပ်ပြီးဖြစ်သော ဒါနသီလ အင်္ဂဇ်ဥပေါသထ ကောင်းမှုကုသိုလ်ကို ဆင်ခြင်လိုလတ်သည်ရှိသော် မူလ ပဋိသန္ဓေစိတ်နှင့် ဘုံ ဇာတ် သမ္ပယုတ္တဓမ္မသခ်ါရ အာရုံအားဖြင့် တူသော ဘဝင်အယဉ်ကိုဖြတ်၍ ဒါန သီလ အင်္ဂဇ်ဥပေါသထ ကောင်းမှုကံကို အာရုံ ပြု၍ ဆင်ခြင်တတ်သော မနောဒ္ဒါရဝဇ္ဇန်းစိတ်တကြိမ်ဖြစ်၍ ချုပ်ပါသည်။ ထို့နောက် ထိုကောင်းမှုကုသိုလ်ကိုပင် အာရုံပြု၍ မဟာကုသိုလ်စိတ်ရှစ်ပါး တို့တွင် တခုခုသောစိတ်သည် ပစ္စဝေက္ခဏာ ဇောကိစ္စခုနစ်ကြိမ်ဖြစ်၍ ချုပ်

ပြီးလျှင် မူလဘဝင်စိတ်တို့ နောက်ဝီထိ တဖန်မဖြစ်မီအတွင်းဝယ် သန္ဓာန် အစဉ်ဆက်၍ ဖြစ်ခဲ့ပါသည်။

ထိုသို့ဖြစ်ရာဝယ် ရှေးဦး မိမိလေ့ကျက်ပွါးများ ဆည်းပူးအားထုတ်ခဲ့ဘူးသော ဒါန သီလ အဋ္ဌင်္ဂဥပေါသထသီလ ကောင်းမှုကုသိုလ်ကံကို အာရုံပြု၍ ယခုပစ္စဝေက္ခဏာဝီထိဝယ် မဟာကုသိုလ် ဇောစိတ္တုပ္ပါဒ်တို့ဖြစ်ရကား ထို ရှေးကပြုဘူးသော ဒါန သီလ အဋ္ဌင်္ဂ် ကောင်းမှုကုသိုလ် စေတနာသည် အာဝရဏပစ္စည်းတပ်၍ ယခုဖြစ်ဆဲသော ပစ္စဝေက္ခဏာကုသိုလ်ဇော စိတ္တုပ္ပါဒ်တို့သည်ကား အာဝရဏပစ္စယုပ္ပန် အကျိုးတရားတို့ဖြစ်ကြသည်။

ယင်းသို့ ဒါန သီလ အဋ္ဌင်္ဂ် ဥပေါသထကောင်းမှုကုသိုလ်စေတနာတည်း ဟူသော အာရုံပစ္စည်းတရားတို့က ယခုပစ္စဝေက္ခဏာကာလ၌ဖြစ်သော မဟာကုသိုလ်ဇော စိတ္တုပ္ပါဒ်တို့အား အာဝရဏပစ္စည်းတပ်သည်၏ အဖြစ်ကို "ကုသလော ဓမ္မော ကုသလသ္မာ ဓမ္မသ္မာ အာဝရဏပစ္စယေန ပစ္စယော၊ ဒါနံ ဒတ္ဝာ သီလံ သမာဒိယိတ္ဝာ ဥပေါသထကမ္မံ ကတ္ဝာ တံ ပစ္စဝေက္ခတိ" အစရှိသည်ဖြင့် ကုသိုလ် အာဝရဏပစ္စည်းတရားက ကုသိုလ်အာဝရဏိကပစ္စယုပ္ပန်တရားအား ကျေးဇူးပြုပုံ အမျိုးမျိုးကိုဂုဏ်း။

ထို့အတူ ကုသိုလ်အာဝရဏ ပစ္စည်းတရားက အကုသိုလ် အာဝရဏိကပစ္စယုပ္ပန်တရားအားဂုဏ်း, ကုသိုလ် အာဝရဏ ပစ္စည်းတရားက အဗျာကတဖြစ်သော အာဝရဏိကပစ္စယုပ္ပန်တရားတို့အားဂုဏ်း၊ အကုသိုလ် အာဝရဏ ပစ္စည်းတရားက အကုသိုလ်အာဝရဏိက ပစ္စယုပ္ပန်တရား, ကုသိုလ်အာဝရဏိက ပစ္စယုပ္ပန်တရား, အဗျာကတ အာဝရဏိက ပစ္စယုပ္ပန် တရားတို့အားဂုဏ်း၊ အဗျာကတဖြစ်သော အာရုံ ပစ္စည်းတရားတို့က အဗျာကတဖြစ်သော အာဝရဏိက ပစ္စယုပ္ပန်တရား, ကုသိုလ်ဖြစ်သော အာဝရဏိကပစ္စယုပ္ပန်တရား, အကုသိုလ်ဖြစ်သော အာဝရဏိက ပစ္စယုပ္ပန်တရားတို့အား အာဝရဏ ပစ္စည်းတပ်သည်၏ အဖြစ်ကိုဂုဏ်း ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် အကျယ်တဝင့် ဖွင့်ပြပိုင်းခြား ဟောကြားတော်မူအပ်ပါသည့် အရှင်ဘုရား။

အဓိပတိပစ္စယဝိဘင်း

ပု။ ။အဘိဓမ္မပိဋ္ဌကေ အာဝုသော သတ္တသု ပကရဏေသု သတ္တမေ ပဋ္ဌာနမဟာပကရဏေ စတုဝီသတိယာ ပဋ္ဌာနေသု ပဌမေ ဓမ္မာနုလောမတိကပဋ္ဌာနေသု ဗာဝီသတိယာ တိကေသု ပဌမေ ကုသလတ္တိကေ သတ္တသု မဟာဝါရေသု သတ္တမေ ပဉ္စာဝါရေ စတ္ထုသုနယေသု ပဌမေ ပစ္စယာနုလောမနယေ ပုစ္ဆာဝိဿဇ္ဇနာသခ်္ခ်ာသခ်ၤါတေသု တီသု ဝါရေသု ဒုတိယေ ဝိဿဇ္ဇနာသခ်ၤါတေ ဝိဘင်္ဂဝါရေ ဟေတုပစ္စယဝိဘင်္ဂါဒိသု စတုဝီသတိယာ ဝိဘင်္ဂေသု တတိယော အဓိပတိပစ္စယဝိဘင်္ဂေါ ကထံ ဝိတ္ထာရေန ဝိဘင်္ဂတ္ထာဒေသိတော။

ဝိ။ ။အဘိဓမ္မပိဋ္ဌကေ ဘန္တေ သတ္တသု ပကရဏေသု သတ္တမေ အနန္တနယသမန္တပဋ္ဌာနေ မဟာပကရဏေ စတုဝီသတိယာ ပဋ္ဌာနေသု ပဌမေ ဓမ္မာနုလောမတိကပဋ္ဌာနေ ဗာဝီသတိယာ တိကေသု ပဌမေ ကုသလတ္တိကေ သတ္တသု မဟာဝါရေသု သတ္တမေ ပဉ္စာဝါရေ စတ္ထုသု နယေသု ပဌမေ ပစ္စယာနုလောမနယေ ပုစ္ဆာဝိဿဇ္ဇနာသခ်္ခ်ာသခ်ၤါတေသု တီသု ဝါရေသု ဒုတိယေ ဝိဿဇ္ဇနာသခ်ၤါတေ ဝိဘင်္ဂဝါရေ ဟေတုပစ္စယဝိဘင်္ဂါဒိသု စတုဝီသတိယာ ဝိဘင်္ဂေသု တတိယော အဓိပတိပစ္စယဝိဘင်္ဂေါ "ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အဓိပတိပစ္စယေန ပစ္စယော။ အာရမ္မဏာဓိပတိ, သဟဇာတာဓိပတိ။ အာရမ္မဏာဓိပတိ—ဒါနံ ဒတ္ဝာ သီလံ သမာဒိယိတ္ဝာ ဥပေါသထကမ္မံ ကတ္ဝာ တံ ဂရုံ ကတ္ဝာ ပစ္စဝေက္ခတိ။ ပုဗ္ဗေ သုစိဏ္ဏာနိ ဂရုံ ကတ္ဝာ ပစ္စဝေက္ခတိ၊ စျာနာ ဝုဋ္ဌဟိတ္ဝာ စျာနံ ဂရုံ ကတ္ဝာ ပစ္စဝေက္ခတိ၊ သေက္ခာ ဂေါတြဘုံ ဂရုံ ကတ္ဝာ ပစ္စဝေက္ခန္တိ၊ ဝေါဒါနံ ဂရုံ ကတ္ဝာ ပစ္စဝေက္ခန္တိ၊ သေက္ခာ မဂ္ဂါ ဝုဋ္ဌဟိတ္ဝာ မဂ္ဂံ ဂရုံ ကတ္ဝာ ပစ္စဝေက္ခန္တိ။ သဟဇာတာဓိပတိ—ကုသလာဓိပတိ ဓမ္မဓိပတိတ္ထကာနံ ခန္ဓာနံ အဓိပတိပစ္စယေန ပစ္စယော" တိ ဝေမာဒိနာ ဘဂဝတာ ဝိတ္ထာရတော ဝိဘင်္ဂတ္ထာ ဒေသိတော။

မေး။ ။သိတော်မူ မြင်တော်မူ၍။ပ။ ထိုသဗ္ဗညုမြတ်စွာဘုရားသည် အဘိဓမ္မပိဋ္ဌကဝယ် ဓမ္မသင်္ဂဏီ,ဝိဘင်း အစရှိသောခုနစ်ကျမ်းတို့တွင် ခုနစ်

ခုမြောက်ဖြစ်သော ပဋ္ဌာန်းကျမ်းကြီး၌ နှစ်ဆယ့်လေးပါးသော ပဋ္ဌာန်းတို့တွင် ရှေးဦးစွာသော ဓမ္မာနုလောမတိကပဋ္ဌာန်း၌ တိက်အားဖြင့် ကုသလတိက်, ဝေဒနာတိက်အစရှိသော နှစ်ဆယ့်နှစ်ပါးသောတိက်တို့တွင် ရှေးဦးစွာသော ကုသလတိက်၌ ပဋိစ္စဝါရ, သဟဇာတဝါရအစရှိသော ခုနစ်ပါးသောဝါရကြီးတို့တွင် ခုနစ်ခုမြောက်ဖြစ်သော ပဉ္စာဝါရ၌ ပစ္စည်းအနုလုံနည်း အစရှိသော လေးပါးသောနယတို့တွင် ရှေးဦးစွာသော ပစ္စယာနုလောမနည်း၌ ပုစ္ဆာဝါရ, ဝိဿဇ္ဇနာဝါရ, သခ်္ဂါဝါရဟု ဆိုအပ်သော သုံးပါးသော ဝါရတို့တွင် နှစ်ခုမြောက်ဖြစ်သော ဝိဿဇ္ဇနာဝါရဟုဆိုအပ်သော ဝိဘင်္ဂဝါရ၌ ဟေတုပစ္စည်း၏ ဝိဘင်း, အာရမ္မဏပစ္စည်း၏ဝိဘင်း အစရှိသော နှစ်ဆယ့်လေးပါးသော ဝိဘင်းတို့တွင် သုံးခုမြောက်ဖြစ်သော အဓိပတိပစ္စည်း၏ ဝိဘင်းကို အာဘယ်သို့သော အခြင်းအရာအားဖြင့် အကျယ်ဝေဘန်၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

ဖြေ။ ။အဘိဓမ္မပိဋကဝယ် ဓမ္မသင်္ဂဏီ, ဝိဘင်းအစရှိသောအားဖြင့် ခုနစ်ကျမ်းတို့ရှိသည့်အနက် အနန္တနယ သမန္တပဋ္ဌာန်း ခုနစ်ဆင့်မြောက်ဖြစ်သောအဘိဓမ္မာကျမ်း၌ ပဋ္ဌာန်းအပြား နှစ်ဆယ့်လေးပါးတို့တွင် ရှေးဦးစွာသော ဓမ္မအနုလုံတိကပဋ္ဌာန်း၌ ကုသလတိက်, ဝေဒနာတိက်အစရှိသောအားဖြင့် နှစ်ဆယ့်နှစ်ပါးသော တိက်တို့တွင် ရှေးဦးစွာသော ကုသလတိက်၌ ပဋိစ္စဝါရ, သဟဇာတဝါရ အစရှိသောအားဖြင့် ခုနစ်ပါးသော ဝါရကြီးတို့တွင် ခုနစ်ဆင့်မြောက်ဖြစ်သော ပဉ္စာဝါရ၌ ပစ္စည်းအနုလောမနည်း အစရှိသော နည်းကြီး လေးပါးတို့တွင် ရှေးဦးစွာသော ပစ္စည်း အနုလောမနည်းဝယ် ပုစ္ဆာဝါရ, ဝိဿဇ္ဇနာဝါရ, သခ်္ဂါဝါရဟု ဆိုအပ်သော ဝါရကြီးသုံးပါးတို့ရှိသည့်အနက် နှစ်ခုမြောက်ဖြစ်သော ဝိဿဇ္ဇနာဝါရ အမည်ရသော ဝိဘင်္ဂဝါရ၌ ဟေတု ပစ္စည်း၏ ဝိဘင်းအစရှိသော ဝိဘင်းအပြား နှစ်ဆယ့်လေးပါးတို့တွင် သုံးခုမြောက်ဖြစ်သော အဓိပတိပစ္စည်း၏ ဝိဘင်းကို "ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အဓိပတိပစ္စယေန ပစ္စယော။ အာရမ္မဏာဓိပတိ, သဟဇာတာဓိပတိ" အစရှိသည်ဖြင့် ကုသိုလ်တရားသည် ကုသိုလ်တရားအား အာရမ္မဏာဓိပတိ ပစ္စည်းမျိုး, သဟဇာတာဓိပတိ ပစ္စည်းမျိုး ဤနှစ်မျိုးသော အဓိပတိပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

အာရမ္မဏာဓိပတိ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပုံမှာ....အလျှဒါနကို ပေး ကမ်းလျှဒါန်း၍ဖြစ်စေ, ငါးပါးသီလ ဆယ်ပါးသီလတို့ကို ဆောက်တည် ကျင့်သုံးပြီး၍ဖြစ်စေ, အဋ္ဌင်္ဂဥပုသ်သီတင်း ကျင့်သုံးပြီး၍ဖြစ်စေ, ထိုဒါန သီလ အဋ္ဌင်္ဂဥပေါသထ စေတနာပြဋ္ဌာန်းသော မဟာကုသိုလ်ကို အလေး အမြတ်ပြု၍ ဆင်ခြင်သောပုဂ္ဂိုလ်၏ သန္တာန်ဝယ် ရှေးဖြစ်သော ဒါန သီလ ဥပေါသထ စေတနာပြဋ္ဌာန်းသော မဟာကုသိုလ်သည် အလေး အမြတ်ပြု၍ ဆင်ခြင်သော ပစ္စဝေက္ခဏာ မဟာကုသိုလ်ဇောအား အာရ-မ္မဏာဓိပတိ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။ ရှေးရှေးဖြစ်သော ရက်လနှစ်တို့က လွှဲကျက် ပွါးများအပ်ပြီးသော ဒါန သီလ အဋ္ဌင်္ဂဥပေါသထ စေတနာ ပြဋ္ဌာန်းသော မဟာကုသိုလ်ကို အလေးအမြတ်ပြု၍ ဆင်ခြင်သော ကာလ၌လည်း ထို့အတူပင် ရှေးက အလွှဲအလာပြုအပ်ပြီးသော ဒါန သီလ အဋ္ဌင်္ဂဥပေါသထ စေတနာပြဋ္ဌာန်းသော မဟာကုသိုလ်ဇော စိတ္တုပ္ပါဒ်သည် ယခုဝတ္တမာန် ပစ္စုပ္ပန် ဖြစ်ဆဲဖြစ်သော အလေးအမြတ်ပြု၍ ဆင်ခြင်သော မဟာကုသိုလ်ဇော စိတ္တုပ္ပါဒ်အား အာရမ္မဏာဓိပတိ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ဈာနလာဘီ အရှင်သူမြတ်တို့ မိမိတို့ရအပ်သော **လော**ကီကုသိုလ်ဈာန်ကိုးပါးတို့ကို အလေးအမြတ်ပြု၍ ဆင်ခြင်သောကာလဝယ် မိမိတို့ရပြီးသော လောကီကုသိုလ်ဈာန်ကိုးပါးသည် အလေးအမြတ်ပြု၍ဆင်ခြင်သော မဟာကုသိုလ်အား အာရမ္မဏာဓိပတိပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။ သေက္ခဖြစ်သော သောတာပန်, သကဒါဂါမ်, အနာဂါမ်ပုဂ္ဂိုလ်တို့သည် သောတာ-ပတ္တိမဂ်, သကဒါဂါမိမဂ်, အနာဂါမိမဂ်တို့၏ ရှေ့အဘို့၌ဖြစ်သော ဂေါတြဘူ ဝေါဒါန်ကိစ္စတပ်သော မဟာကုသိုလ်တို့ကို အလေးအမြတ်ပြု၍ ဆင်ခြင် သောကာလဝယ် ဂေါတြဘူဝေါဒါန်ကိစ္စတပ်သော မဟာကုသိုလ်ဇော စိတ္တုပ္ပါဒ်သည် အလေးအမြတ်ပြု၍ ဆင်ခြင်သော ပစ္စဝေက္ခဏာ မဟာ ကုသိုလ်ဇော စိတ္တုပ္ပါဒ်အား အာရမ္မဏာဓိပတိ ပစ္စယသတ္တိဖြင့် ကျေးဇူးပြု ပေ၏။

သေက္ခဖြစ်သော သောတာပန်, သကဒါဂါမ်, အနာဂါမ်ပုဂ္ဂိုလ်တို့ မိမိတို့ ရသော မဂ်မှထ၍ ထိုမဂ်ကို အလေးဂရုပြု၍ ဆင်ခြင်သောကာလဝယ် မိမိတို့ရပြီးသော သောတာပတ္တိမဂ်, သကဒါဂါမိမဂ်, အနာဂါမိမဂ် တည်း

ဟူသောကုသိုလ်တရားသည် အလေးအမြတ်ပြု၍ ဆင်ခြင်သော မဟာကုသိုလ် ပစ္စဝေက္ခဏာဇောတို့အား အာရမ္မဏာဓိပတိ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ဤဆိုအပ်ပြီးသည်ကား ကုသိုလ်တရားက ကုသိုလ်တရားကို အာရမ္မဏာဓိပတိပစ္စယသတ္တိဖြင့် ကျေးဇူးပြုပုံပါတည်း။

သဟဇာတာဓိပတိသတ္တိဖြင့် ကျေးဇူးပြုပုံကား....တစုံတခု အာရုံပြုသောကာလဝယ် ယောနိသော မနသိကာရ အရင်းခံရှိသော ပဂ္ဂိုလ်တို့၏ သန္တာန်၌ မဟာကုသိုလ် ဇောစိတ္တုပ္ပါဒ်တို့ ဖြစ်သောကာလ ထိုဇောစိတ္တုပ္ပါဒ်တို့ဝယ် ဆန္ဒဖြစ်စေ, ဝီရိယဖြစ်စေ, စိတ်ဖြစ်စေ, ပညာဖြစ်စေ တပါးပါးသော တရားတို့ အကြီးအမှူးပြု၍ ဖြစ်သောကာလဝယ် ဒေကြီးအမှူးဖြစ်သော ဆန္ဒ, ဝီရိယ, စိတ္တ, ပညာ ဤလေးပါးသော တရားတို့တွင် တပါးပါးသော တရားသည် မိမိနှင့်တကွ ဖြစ်ဖော်ဖြစ်ဖက် ဖြစ်သော မဟာကုသိုလ် ဇောစိတ္တုပ္ပါဒ်နာမက္ခန္ဓာ စိတ္တဇရုပ်တရားတို့အား တကွဖြစ်၍ အကြီးအမှူးဖြစ်သော ကျေးဇူးပြုသော သတ္တိနည်းဖြင့် ကျေးဇူးပြုပေ၏။

ဤသို့ အစရှိသည်ဖြင့် ကုသိုလ်တရားက ကုသိုလ်တရားအား အဓိပတိပစ္စည်းတပ်ပုံကိုဂုဏ်း၊ ကုသိုလ်တရားက အကုသိုလ်တရား, အဗျာကတတရား, အကုသိုလ် အဗျာကတတရား, ကုသိုလ် အဗျာကတ တရားတို့အား အဓိပတိပစ္စည်း တပ်ပုံကိုဂုဏ်း၊ အကုသိုလ်တရားက အကုသိုလ်တရား, အဗျာကတတရား, အကုသိုလ် အဗျာကတတရားတို့အား ထိုက်သည့်အားလျော်စွာ အဓိပတိပစ္စည်း တပ်ပုံကိုဂုဏ်း၊ အဗျာကတတရားက အဗျာကတတရားကို အာရမ္မဏာဓိပတိ, သဟဇာတာဓိပတိ သတ္တိနှစ်ပါးဖြင့် ကျေးဇူးပြုပုံကိုဂုဏ်း၊ အဗျာကတတရားက ကုသိုလ်တရား, အကုသိုလ်တရားတို့အား အာရမ္မဏာဓိပတိ သတ္တိတပါးဖြင့် ကျေးဇူးပြုပုံကိုဂုဏ်း ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် "ကုသလော ဓမ္မော ကုသလသော ဓမ္မသော အဓိပတိပစ္စယေန ပစ္စယော။ ပ။ ပစ္စဝေက္ခတိ" အစရှိသည်ဖြင့် အကျယ်တဝင့် ဖွင့်ပြပိုင်းခြား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

အနန္တရပစ္စယဝိဘင်း

ပု။ ။တေနာဝုသော ဘဂဝတာ ။ပ။ စတုတ္ထော အနန္တရပစ္စယဝိဘင်္ဂေါ ကထံ ဝိတ္ထာရေန ဝိဘဇိတ္ဝာ ဒေသိတော၀။

ဝိ။ ။အဘိဓမ္မပိဋကေ ဘန္တေ ။ပ။ စတုတ္ထော အနန္တရပစ္စယဝိဘင်္ဂေါ “ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အနန္တရပစ္စယေန ပစ္စယော၊ ပုရိမာ ပုရိမာ ကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော။ အနုလောမံ ဂေါတြဘု၊ အနုလောမံ ဝေါဒါနဿ၊ ဂေါတြဘု မဂ္ဂဿ၊ ဝေါဒါနံ မဂ္ဂဿ အနန္တရပစ္စယေန ပစ္စယော” တိ ဇဝမာဒိနာ ဘဂဝတာ ဝိတ္ထာရတော ဝိဘဇိတ္ဝာ ဒေသိတော၀။

မေး။ ။သိတော်မူ မြင်တော်မူ၍ ။ပ။ လေးခုမြောက်ဖြစ်သော အနန္တရပစ္စည်း၏ဝိဘင်းကို အဘယ်သို့သော အခြင်းအရာအားဖြင့် အကျယ်ဝေဘန်၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

ဖြေ။ ။အဘိဓမ္မပိဋကဝယ် ။ပ။ လေးခုမြောက်ဖြစ်သော အနန္တရပစ္စည်း၏ဝိဘင်းကို “ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အနန္တရပစ္စယေန ပစ္စယော၊ ပုရိမာ ပုရိမာ ကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော” အစရှိသည်ဖြင့် ကုသိုလ်တရားသည် ကုသိုလ်တရားအား အခြားမဲ့ဖြစ်သော အနန္တရ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

အဘယ်သို့ ကျေးဇူးပြုသနည်းဟူမူကား....ထိုထိုအမှတ်မထင် တစုံတခုသော အာရုံကို အာရုံပြု၍ ယောနိသောမနသိကာရ အကြောင်းရင်းခံ၍ မဟာကုသိုလ်ဇောအစရှိသော လောကီကုသိုလ်ဇော စိတ္တုပ္ပါဒ်တို့ဖြစ်လတ်သော ကာလဝယ် ပဌမ ဒုတိယ တတိယ အစရှိသော ရှေးရှေးဖြစ်သော ဇောတို့သည် လောကဥပမာအားဖြင့် တောထွက်၍သွားသော စကြဝဇေး မင်းတရားသည် မိမိ၏တောထွက်၍သွားခြင်းဖြင့် သားကြီး ဥပရာဇာအား ထီးနန်းစည်းစိမ်ရဘို့ရန် ကျေးဇူးပြုဘိသကဲ့သို့ ထို့အတူလျှင် ရှေးရှေးချုပ်လေပြီးသော ကုသိုလ်ဇောတို့သည် ယင်းသို့ ချုပ်ခြင်းဖြင့် နောက်နောက်ဖြစ်ပေါ်သော ကုသိုလ်ဇောတို့အား ဖြစ်ခွင့်ပေးသကဲ့သို့ ဖြစ်

ရကား ရှေးရှေးဖြစ်သော ကုသိုလ်ဇောတို့က နောက်နောက်ဖြစ်သော ကုသိုလ်ဇောတို့အား အခြားမဲ့ဖြစ်၍ ကျေးဇူးပြုခြင်း အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြုကုန်၏။

ထို့အတူပင်လျှင် မဂ္ဂင်ဆိုဦ မနောဒ္ဓါရာဝဇ္ဇန်း, ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ, မဂ်, ဖိုလ်ဇော, ဘဝင်ဟူ၍ ဝီထိစိတ်အစဉ်ဖြစ်ရာ ကာလဝယ် အနုလုံကိစ္စတပ်သော မဟာကုသိုလ် ပဌမဒ္ဒုး, တတိယဒ္ဒုးတို့က ဂေါတြဘူကိစ္စတပ်သော မဟာကုသိုလ် ပဌမဒ္ဒုး တတိယဒ္ဒုးတို့အား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။ အနုလုံကိစ္စတပ်သော မဟာကုသိုလ် ပဌမဒ္ဒုး တတိယဒ္ဒုးတို့က အထက်ဖြစ်သော မဂ္ဂဝီထိတို့ဝယ် ဝေါဒါန်ကိစ္စတပ်သော မဟာကုသိုလ် ပဌမဒ္ဒုး တတိယဒ္ဒုးတို့အား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။ ဂေါတြဘူကိစ္စတပ်သော မဟာကုသိုလ် ပဌမဒ္ဒုး တတိယဒ္ဒုးသည်ဌင်း, အထက်မဂ္ဂဝီထိတို့၌ ဝေါဒါန်ကိစ္စတပ်သော မဟာကုသိုလ် ပဌမဒ္ဒုး တတိယဒ္ဒုးတို့သည်ဌင်း နိဗ္ဗာန်ကိုအာရုံပြု၍ စိတ္တက္ခဏတကြိမ်တည်း တချက်တည်းသာဖြစ်သော မဂ်ဇောစိတ္တုပ္ပါဒ်တို့အား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ဤသို့လျှင် ကုသိုလ်တရားသည် ကုသိုလ်တရားအား အနန္တရ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ထို့အတူ ကုသိုလ်တရားသည် အဗျာကတဖြစ်သော တရားအားလည်း အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။အကုသိုလ်တရားသည် အကုသိုလ် တရားအားဌင်း, အဗျာကတ တရားအားဌင်း၊ အဗျာကတ တရားသည် အဗျာကတ တရားအားဌင်း, ကုသိုလ်, အကုသိုလ် တရားတို့အားဌင်း အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြုသောအဖြစ်ကို "ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အနန္တရပစ္စယေန ပစ္စယော" ဤသို့ အစရှိသည်ဖြင့် ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် အကျယ်တဝင့်ဖွင့်ပြပိုင်းခြား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

သဟဇာတပစ္စယဝိဘင်း

ပု။ ။တေနာဝုသော။ပ။ ဆဋ္ဌော သဟဇာတပစ္စယဝိဘင်္ဂေါ ကထံ ဝိတ္ထာရေန ဝိဘဇိတ္ဗာ ဒေသိတော။

ဝိ။ ။အဘိဓမ္မပိဋကေ ဘန္တေ ။ပ။ ဆဋ္ဌော သဟဇာတပစ္စယဝိဘင်္ဂေါ
"ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ သဟဇာတပစ္စယေန
ပစ္စယော၊ ကုသလော ဇကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ သဟဇာတ-
ပစ္စယေန ပစ္စယော၊ တယော ခန္ဓာ ဇကဿ ခန္ဓဿ သဟဇာတ-
ပစ္စယေန ပစ္စယော၊ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ သဟဇာတပစ္စယေန
ပစ္စယော။ ။ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ သဟ-
ဇာတပစ္စယေန ပစ္စယော၊ ကုသလာ ခန္ဓာ စိတ္တသမုဋ္ဌာနာနံ
ရူပါနံ သဟဇာတပစ္စယေန ပစ္စယော" တိ ဇဝမာဒိနာ ဘဂဝတာ
ဝိတ္ထာရတော ဝိဘဇိတ္ဝာ ဒေသိတော။

မေး။ ။သိတော်မူ မြင်တော်မူ၍ ။ပ။ ခြောက်ခုမြောက်ဖြစ်သော သဟဇာတပစ္စည်း၏ ဝိဘင်းကို အဘယ်သို့သော အခြင်းအရာအားဖြင့် အကျယ်ဝေဘန်၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

ဖြေ။ ။အဘိဓမ္မပိဋကဝယ် ။ပ။ ခြောက်ခုမြောက်ဖြစ်သော သဟဇာတ ပစ္စယဝိဘင်းကို "ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ သဟဇာတပစ္စယေန ပစ္စယော" အစရှိသည်ဖြင့် **ဥပလက္ခဏ-မှတ်လွယ်ရုံနည်းပြအားဖြင့်** တေကာလိက, ကာလဝိမုတ္တဖြစ်သော အာရုံခြောက်ပါးတို့တွင် အမှတ်မထင် တပါးပါးအာရုံပြု၍ မဟာကုသိုလ်ဇော စိတ္တုပ္ပါဒ်တို့ဖြစ်ရာဝယ် ထို မဟာကုသိုလ်ဇောစိတ္တုပ္ပါဒ်တို့ကို အကြောင်းပြု၍ ဖြစ်သင့်သည့်အား လျော်စွာ စိတ္တဇရုပ်တို့လည်း ဖြစ်ကြပါသည်။

ယင်းသို့ဖြစ်ရာ မဟာကုသိုလ်ဇော စိတ္တုပ္ပါဒ်ဝယ် ဝေဒနာကွန္ဓာ, သညာကွန္ဓာ, သင်္ခါရကွန္ဓာ, ဝိညာဏကွန္ဓာဟူ၍ နာမ်ခန္ဓာလေးပါးတို့ ရှိသည့်အနက် တပါးတပါးသော ခန္ဓာသည် သုံးပါးသုံးပါးသော ခန္ဓာနှင့် ကင်း၍ မဖြစ်နိုင်၊ သုံးပါးသုံးပါးသော ခန္ဓာသည်လည်း တပါးတပါးသော ခန္ဓာနှင့် ကင်း၍မဖြစ်နိုင်၊ နှစ်ပါးနှစ်ပါးသောခန္ဓာသည်လည်း နှစ်ပါးနှစ်ပါးသော ခန္ဓာနှင့်ကင်း၍ မဖြစ်နိုင်။ သို့ရကား တပါးတပါးသော ခန္ဓာသည် ကြွင်းကျန်သော သုံးပါးသုံးပါးစီသော ခန္ဓာအား သဟဇာတ တက္ခဖြစ်ဖက် အနေဖြင့် ကျေးဇူးပြုပေ၏။ သုံးပါးသုံးပါးသော ခန္ဓာသည် တပါးတပါးသော ခန္ဓာအား, နှစ်ပါးနှစ်ပါးသော ခန္ဓာသည် နှစ်ပါးနှစ်ပါးသော ခန္ဓာအား သဟဇာတ တက္ခဖြစ်ဖက်အနေဖြင့် ကျေးဇူးပြုပေ၏။

ထို့အတူ ခန္ဓာငါးပါး ထင်ရှားရှိရာ ကာမတဆယ့်တဘုံ အသညသတ်မှ တပါး ရူပတဆယ့်ငါးဘုံတည်းဟူသော နှစ်ဆယ့်ခြောက်ဘုံတို့ဝယ် မဟာကုသိုလ် နာမက္ခန္ဓာတို့သည် မိမိတို့ကြောင့်ဖြစ်သော စိတ္တဇရုပ်တည်းဟူသော အဗျာကတ တရားတို့အား တကွဖြစ်ဖက်အနေဖြင့် သဟဇာတ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ဤသို့ စသည်ဖြင့် ကုသိုလ်တရားက ကုသိုလ်တရားအား, အဗျာကတ တရားအား, ကုသိုလ် အဗျာကတ တရားအား သဟဇာတ သတ္တိဖြင့် ကျေးဇူးပြုပုံကိုငင်း၊ အကုသိုလ်တရားက အကုသိုလ်နှင့် အဗျာကတ တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပုံကိုငင်း၊ အဗျာကတ တရားက အဗျာကတဖြစ်သောတရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပုံကိုငင်း၊ ကုသိုလ် အဗျာကတ တရားတို့က အဗျာကတဖြစ်သော စိတ္တဇရုပ်တို့အား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပုံကိုငင်း၊ အကုသိုလ်နှင့် မဟာဘုတ်တည်းဟူသော အဗျာကတ တရားတို့က မိမိတို့ကြောင့်ဖြစ်သော စိတ္တဇရုပ်တည်းဟူသော အဗျာကတ တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုသည်၏ အဖြစ်ကိုငင်း "ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ သဟဇာတ-ပစ္စယေန ပစ္စယော။ပ။ ကုသလာ ခန္ဓာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော" ဤသို့ အစရှိသည်ဖြင့် ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် ဤသဟဇာတ ပစ္စယဝိဘင်္ဂ ဝါရကို အာကျယ်တဝင့် ဖွင့်ပြပိုင်းခြား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ဥပနိဿယပစ္စယဝိဘင်း

ပု။ ။တေနာဝုသော ဘဂဝတာ။ပ။ နဝမော ဥပနိဿယပစ္စယဝိဘင်္ဂေါ ကထံ ဝိတ္ထာရေန ဝိဘဇိတ္ဝာ ဒေသိတော။

ဝိ။ ။အဘိဓမ္မပိဋကေ ဘန္တေ။ပ။ နဝမော ဥပနိဿယပစ္စယဝိဘင်္ဂေါ "ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။ အာရမ္မဏူပနိဿယော, အနန္တရူပနိဿယော, ပကတူပ-နိဿယော။ အာရမ္မဏူပနိဿယော—ဒါနံ ဒတ္ဝာ သီလံ သမာ-ဒိယိတ္ဝာ ဥပေါသထကမ္မံ ကတ္ဝာ တံ ဂရုံ ကတ္ဝာ ပစ္စဝေက္ခတိ။ပ။

ပကတူပနိဿယော — သဒ္ဓံ ဉပနိဿာယ ဒါနံ ဒေတိ သီလံ သမာဒိယတိ ဉပေါသထကမ္မံ ကရောတိ၊ စျာနံ ဉပ္ပါဒေတိ၊ ဝိပဿနံ ဉပ္ပါဒေတိ၊ မဂ္ဂံ ဉပ္ပါဒေတိ၊ အဘိညံ ဉပ္ပါဒေတိ၊ သမာပတ္တိ ဉပ္ပါဒေတိ" တိ ဧဝမာဒိနာ ဘဂဝတာ ဝိတ္ထာရတော ဝိဘဇိတ္ဝာ ဒေသိတော။

မေး။ ။သိတော်မူ မြင်တော်မူ၍။ပ။ ကိုးခုမြောက်ဖြစ်သော ဉပနိဿယပစ္စည်း၏ ဝိဘင်းကို အဘယ်သို့သော အခြင်းအရာအားဖြင့် အကျယ်ဝေဘန်၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

ဖြေ။ ။အဘိဓမ္မပိဋကဋ္ဌ ။ပ။ ကိုးခုမြောက်ဖြစ်သော ဉပနိဿယပစ္စည်း၏ဝိဘင်းကို "ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဉပနိဿယပစ္စယေန ပစ္စယော" အစရှိသည်ဖြင့် ကုသိုလ်တရားသည် ကုသိုလ်တရားအား အာရမ္မဏူပနိဿယသတ္တိဖြင့်ဌင်း, အနန္တရူပနိဿယသတ္တိဖြင့်ဌင်း, ပကတူပနိဿယသတ္တိဖြင့်ဌင်း သုံးပါးသော ဉပနိဿယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ပကတူပနိဿယသတ္တိအားဖြင့် ကျေးဇူးပြုပုံမှာ....အမှတ်မထင် အကြင်သို့သော ပုဂ္ဂိုလ်တဦးတယောက်သည် သဒ္ဓါတရား အားရှိသည်ကို အမှီသဟဲ တံကဲပြု၍ အလှူဒါန ပေးလှူသောကာလဝယ် အားကြီးသောသဒ္ဓါတရားသည် အလှူဒါနပေးလှူသော အခြင်းအရာအားဖြင့် ဖြစ်သော မဟာကုသိုလ်စိတ္တုပ္ပါဒ်အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

သဒ္ဓါတရားအားကြီးသောပုဂ္ဂိုလ်သည် ထိုအားကြီးသောသဒ္ဓါတရားကို အမှီသဟဲ တံကဲပြု၍ ငါးပါးသီလ ဆယ်ပါးသီလတို့ကို ဆောက်တည်သောကာလဝယ် ရှေးဖြစ်သော အားကြီးသော သဒ္ဓါတရားသည် ငါးပါးသီလ ဆယ်ပါးသီလတို့ကို ဆောက်တည်သော အခြင်းအရာအားဖြင့် ဖြစ်သော မဟာကုသိုလ်စိတ္တုပ္ပါဒ်အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ထိုအတူ သဒ္ဓါတရားကို အမှီသဟဲ တံကဲပြု၍ ဉပုသ်သီတင်း ကျင့်သုံးသောကာလဝယ် ရှေးဖြစ်သောအားကြီးသော သဒ္ဓါတရားသည် ဉပုသ်သီတင်းကျင့်သုံးသော အခြင်းအရာအားဖြင့်ဖြစ်သော မဟာကုသိုလ် စိတ္တုပ္ပါဒ်အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

သဒ္ဓါတရားအားကြီးသည်ကို အမှီသဟဲ တံကဲပြု၍ ပဌမစျာန် ဒုတိယစျာန်အစရှိသော လောကီစျာန်သမာပတ်ကုသိုလ်တရား ကိုးပါးတို့ကို ဖြစ်စေသော ကာလဝယ် ရှေးဖြစ်သော အားကြီးသော သဒ္ဓါတရားသည် ပဌမစျာန်အစရှိသော လောကီကုသိုလ်စျာန် ကိုးပါးတို့အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

သဒ္ဓါတရားအားကြီးသည်ကို အမှီသဟဲ တံကဲပြုရသော ပုဂ္ဂိုလ်သည် ဝိပဿနာ ဘာဝနာတရားကို ပွါးများအားထုတ်နိုင်၏။ ယင်းသို့ ပွါးများအားထုတ်သောကာလဝယ် ရှေးဦးစွာသော အားကြီးသော သဒ္ဓါတရားသည် ရုပ်နာမ်ဓမ္မ သင်္ခါရတို့၏ အနိစ္စ, ဒုက္ခ, အနတ္တ အခြင်းအရာကို ကောင်းစွာရှုဆင်ခြင်သော ဝိပဿနာ မဟာကုသိုလ်ဇောစိတ္တုပ္ပါဒ်အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

သဒ္ဓါတရားအားကြီးသော ပုဂ္ဂိုလ်သည် ဝိပဿနာတရား ပွါးများအားထုတ်သဖြင့် သောတာပတ္တိမဂ်, သကဒါဂါမိမဂ်, အနာဂါမိမဂ်, အရဟတ္တမဂ်တို့ကို အစဉ်အတိုင်းရသောကာလဝယ် ရှေးဖြစ်သော အားကြီးသော သဒ္ဓါတရားသည် သောတာပတ္တိမဂ်ကုသိုလ်, သကဒါဂါမိမဂ် ကုသိုလ်, အနာဂါမိမဂ်ကုသိုလ်, အရဟတ္တမဂ်ကုသိုလ်တို့အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

သဒ္ဓါတရားအားကြီးသော ပုဂ္ဂိုလ်သည် ဝိပဿနာတရား ပွါးများအားထုတ်သဖြင့် သောတာပတ္တိမဂ်, သကဒါဂါမိမဂ်, အနာဂါမိမဂ်, အရဟတ္တမဂ်တို့ကို အစဉ်အတိုင်းရသောကာလဝယ် ရှေးဖြစ်သော အားကြီးသော သဒ္ဓါတရားသည် သောတာပတ္တိမဂ်ကုသိုလ်, သကဒါဂါမိမဂ် ကုသိုလ်, အနာဂါမိမဂ်ကုသိုလ်, အရဟတ္တမဂ်ကုသိုလ်တို့အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

သဒ္ဓါတရားအားကြီးသောပုဂ္ဂိုလ်သည် ထိုအားကြီးသောသဒ္ဓါတရားကို အမှီသဟဲ တံကဲပြု၍ ဒိဗ္ဗစက္ခုကုသိုလ်အဘိညာဉ်, ဒိဗ္ဗသောတ, ဣဒ္ဓိဝိဓ, စေတောပရိယ, ပုဗ္ဗေနိဝါသာနုဿတိ, ယထာကမ္မူပဂ, အနာဂတံသကုသိုလ်အဘိညာဉ်မျိုးတို့ကို ဖြစ်ပွါးစေသောကာလဝယ် ရှေးဖြစ်သော အားကြီးသော သဒ္ဓါတရားသည် အဘိညာဉ်ကုသိုလ်ဇောစိတ္တုပ္ပါဒ်အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

သဒ္ဓါတရားအားကြီးသော ပုဂ္ဂိုလ်မှသာလျှင် ပဌမစျာန် သမာပတ်, ဒုတိယစျာန်သမာပတ်အစရှိသော လောကီကုသိုလ်စျာန် သမာပတ်တို့ကို ဝင်စားပွါးများရ၏။ ယင်းသို့ လောကီကုသိုလ်စျာန်သမာပတ်ကိုးပါးတို့ကို ပွါးများသောကာလ၌ ရှေးဖြစ်သော ဗလဝသဒ္ဓါတရားသည် လောကီကုသိုလ်စျာန်သမာပတ်တရားတို့အား ပကတူပနိဿယ သတ္တိဖြင့် ကျေးဇူးပြုပေ၏။

ထို့အတူ သီလရှိသော ပုဂ္ဂိုလ်သည်လည်း သီလကိုအမှီသဟဲ တံကဲပြု၍ ၎င်း, ဗဟုဿုတနှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည်လည်း ဗဟုဿုတကို အမှီသဟဲ တံကဲပြု၍၎င်း,စွန့်ကြဲခြင်း စာဂစေတနာနှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည်လည်း ထိုစွန့်ကြဲခြင်း စာဂကုသိုလ်စေတနာကို အမှီသဟဲ တံကဲပြုရ၍၎င်း, မဟာကုသိုလ်ဉာဏ်ပညာနှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် ထိုမဟာကုသိုလ်ဉာဏ်ပညာကို အမှီသဟဲ တံကဲပြု၍၎င်း ဒါနအလှူအတန်းပေးကမ်းသောကာလ, ငါးပါး ရှစ်ပါး ဆယ်ပါးသီလတို့ကို ဆောက်တည်သောကာလ, ဥပုသ်သီတင်း ကျင့်သုံးသောကာလ, လောကီစျာန်သမာပတ် ကုသိုလ်တရားတို့ကို ဖြစ်ပွါးစေသောကာလ, ဝိပဿနာဘာဝနာကုသိုလ်တို့ကို ဖြစ်ပွါးစေသောကာလ,မဂ်လေးပါးကို ဖြစ်ပွါးစေသောကာလ, အဘိညာဉ် ခုနစ်ပါးကုသိုလ်တို့ကို ဖြစ်ပွါးစေသောကာလ, လောကီကုသိုလ်စျာန်သမာပတ် ကိုးပါးတို့ကို ဖြစ်ပွါးစေသောကာလ,သီလကုသိုလ် သုတကုသိုလ် စာဂကုသိုလ် ပညာကုသိုလ် ဤကုသိုလ်တရားတို့သည် ဒါနသီလ ဥပေါသထကမ္မဖြစ်သော မဟာကုသိုလ်ဇောစိတ္တုပ္ပါဒ်တို့အားဖြင်း, လောကီသမာပတ်စျာန်ကိုးပါး ကုသိုလ်တရားတို့အားဖြင်း, ဝိပဿနာကုသိုလ် မဂ်ကုသိုလ် အဘိညာဉ်ကုသိုလ် သမာပတ္တိစျာန်ကုသိုလ်တို့အားဖြင်း ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပေ၏ ဟူ၍ဖြင်း။

ထို့အတူပင်လျှင် ထိုထိုစျာန် ထိုထိုမဂ်တို့၏ ပရိကံသည် ထိုထိုစျာန် ထိုထိုမဂ်တည်းဟူသော ကုသိုလ်တရားတို့အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်၏အဖြစ်ကိုဖြင်း။

ထိုအတူ ကုသိုလ်တရားမှ အကုသိုလ်တရားအား ယထာရဟ အာရမ္မဏူပနိဿယ, ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်၏အဖြစ်ကိုဖြင်း။

ကုသိုလ်တရားမှ အဗျာကတတရားအား အာရမ္မဏူပနိဿယ, အနန္တရူပနိဿယ, ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်၏ အဖြစ်ကိုဖြင်း, အကုသိုလ်တရားက အကုသိုလ်တရား ကုသိုလ်တရား အဗျာကတတရားတို့အားဖြင်း, အဗျာကတတရားက အဗျာကတတရား ကုသိုလ် အကုသိုလ်တရားတို့အားဖြင်း ထိုက်သည့်အားလျော်စွာ အာရမ္မဏူပနိဿယ, အနန္တရူပနိဿယ, ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်၏ အဖြစ်ကိုဖြင်း “ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။ပ။

သမာပတ္တိံ ဥပ္ပါဒေတိ” ဤသို့ အစရှိသည်ဖြင့် ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် အကျယ်တဝင့် ဖွင့်ပြ ပိုင်းခြား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ပုရေဇာတပစ္စယဝိဘင်း

ပု။ ။တေနာဝုသော ။ပ။ ဒသမော ပုရေဇာတပစ္စယဝိဘင်္ဂေါ ကထံ ဝိတ္ထာရေန ဝိဘဇိတ္ဗာ ဒေသိတော။

ဝိ။ ။အဘိဓမ္မပိဋကေ ဘဒ္ဒန္တေ ။ပ။ ဒသမော ပုရေဇာတပစ္စယဝိဘင်္ဂေါ “အဗျာကတော ဓမ္မော အဗျာကတာ သမ္မာ အဗျာကတာ ဓမ္မာ ပုရေဇာတ-ပစ္စယေန ပစ္စယော။ အာရမ္မဏပုရေဇာတံ, ဝတ္ထုပုရေဇာတံ။ အာရမ္မဏပုရေဇာတ — အရဟာ စက္ခုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။ သောတံ၊ ဃာနံ၊ ဇိဝှံ၊ ကာယံ၊ ရူပေ၊ သဒ္ဒေ၊ ဂန္ဓေ၊ ရသေ၊ ဖောဋ္ဌဗ္ဗေ၊ ဝတ္ထုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။ ဒိဗ္ဗေန စက္ခုနာ ရူပံ ပဿတိ၊ ဒိဗ္ဗာယ သောတ-ဓာတုယာ သဒ္ဒံ သုဏာတိ၊ ရူပါယတနံ စက္ခုဝိညာဏဿ၊ သဒ္ဒါယ-တနံ သောတဝိညာဏဿ၊ ဂန္ဓာယတနံ ဃာနဝိညာဏဿ၊ ရသာယ-တနံ ဇိဝှါဝိညာဏဿ၊ ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဿ ပုရေ-ဇာတပစ္စယေန ပစ္စယော။ ဝတ္ထုပုရေဇာတံ—စက္ခာယတနံ စက္ခု-ဝိညာဏဿ၊ သောတာယတနံ သောတဝိညာဏဿ၊ ဃာနာယတနံ ဃာနဝိညာဏဿ၊ ဇိဝှါယတနံ ဇိဝှါဝိညာဏဿ၊ ကာယာယတနံ ကာယဝိညာဏဿ၊ ဝတ္ထု ဝိပါကာဗျာကတာနံ ကြိယာဗျာကတာနံ ခန္ဓာနံ ပုရေဇာတပစ္စယေန ပစ္စယော”တိ ဧဝမာဒိနာ ဘဂဝတာ ဝိတ္ထာရတော ဝိဘဇိတ္ဗာ ဒေသိတော။

မေး။ ။သိတော်မူ မြင်တော်မူ၍။ပ။ ဆယ်ခုမြောက်ဖြစ်သော ပုရေ-ဇာတပစ္စည်း၏ ဝိဘင်းကို အဘယ်သို့သော အခြင်းအရာအားဖြင့် အကျယ် ဝေဘန်၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

ဖြေ။ ။အဘိဓမ္မပိဋကဝယ် ။ပ။ ဆယ်ခုမြောက်ဖြစ်သော ပုရေဇာတ ပစ္စည်း၏ဝိဘင်းကို “အဗျာကတော ဓမ္မော အဗျာကတာ သမ္မာ အဗျာကတာ ဓမ္မာ ပုရေ-ဇာတပစ္စယေန ပစ္စယော” အစရှိသည်ဖြင့် အဗျာကတဖြစ်သော တရား

သည် အဗျာကတဖြစ်သောတရားအား ရှေးကဖြစ်နှင့်၍ ကျေးဇူးပြုမှုတည်း ဟူသော ပုရေဇာတ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ဝတ္ထုမျိုး မှီရာမျိုးဖြစ်၍၎င်း, အာရုံမျိုးဖြစ်၍၎င်း ပုရေဇာတသတ္တိဖြင့် ကျေးဇူးပြုခြင်းနှစ်ပါးတို့တွင် အာရုံမျိုးဖြစ်၍ ကျေးဇူးပြုပုံမှာ....ရဟန္တာ သခင် အရှင်သူမြတ်တို့သည် စက္ခုဒ္ဒါရ စက္ခုဝတ္ထုကိုဖြစ်စေ ။ပ။ ကာယ-ဒ္ဒါရ ကာယဝတ္ထုကိုဖြစ်စေ, ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံကို ဖြစ်စေ, ဟဒယဝတ္ထုကိုဖြစ်စေ အနိစ္စ ဒုက္ခ အနတ္တဟူ၍ ဝိပဿနာတင်၍ ဆင်ခြင်သောကာလဝယ် စက္ခု,သောတ, ဃာန, ဇိဝှါ,ကာယ,ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ,ဟဒယဝတ္ထုတည်းဟူသော အဗျာကတ ပုရေ-ဇာတပစ္စည်းတရားသည် ရှေးကဖြစ်နှင့်၍ ယခုဥပါဒ်ဆဲဖြစ်သော ရဟန္တာ သခင် အရှင်မြတ်တို့၏သန္တာန်၌ ဖြစ်ပွါးသော ဝိပဿနာမဟာကြိယာဇော စိတ္တုပ္ပါဒ်အား အာရမ္မဏပုရေဇာတသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ထို့အတူ ရဟန္တာသခင် အရှင်သူမြတ်တို့သည် ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် ရူပါရုံကိုမြင်သောအခါ, ဒိဗ္ဗသောတအဘိညာဉ်ဖြင့် သဒ္ဒါရုံကို ကြားသော အခါ, ရူပါရုံ သဒ္ဒါရုံတည်းဟူသော အာရမ္မဏပုရေဇာတ ပစ္စည်းတရားတို့က ဒိဗ္ဗစက္ခု ဒိဗ္ဗသောတ ကြိယာအဘိညာဉ်တည်းဟူသော အဗျာကတ ပစ္စယုပ္ပန်တရားတို့အား ရှေးကဖြစ်၍ ကျေးဇူးပြုခြင်း တည်းဟူသော အာရမ္မဏပုရေဇာတသတ္တိဖြင့် ကျေးဇူးပြုပေ၏။

အာရမ္မဏပုရေဇာတ သတ္တိအားဖြင့် ထိုထို များစွာသော ပုထုဇဉ် သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာပုဂ္ဂိုလ်တို့ အဆင်း ရူပါရုံကို မြင်သောကာလ, အသံ သဒ္ဒါရုံကို ကြားသောကာလ, အနံ့ ဂန္ဓာရုံကို နမ်းရှုပ်သောကာလ, အရသာမျိုးကို လျက်သောကာလ, အတွေ့အထိကို တွေ့ထိသောကာလတို့၌ အဆင်း အသံ အနံ့ အရသာ အတွေ့အထိတည်း ဟူသော ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဤအာရုံငါးပါး တရား တို့က မြင်မှု ကြားမှု နံမှု လျက်မှု ထိမှုတည်းဟူသော စက္ခုဝိညာဉ် ။ပ။ ကာယဝိညာဉ်တည်းဟူသော အဗျာကတ ပစ္စယုပ္ပန်တရားတို့အား အာရုံ မျိုးဖြစ်၍ ရှေးက ဖြစ်နှင့်သော အာရမ္မဏပုရေဇာတ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

မှိရာမျိုးလည်းဖြစ် ရှေးကလည်းဖြစ်နှင့်၍ ယခုဖြစ်ဆဲ အဗျာကတတရားအား ကျေးဇူးပြုပုံမှာ စက္ခုပသာဒခေါ်သော စက္ခုဝတ္ထုရုပ်သည် ဖြစ်ဆဲ ဥပါဒ်ဆဲဖြစ်သော စက္ခုဝိညာဉ်အား မှိရာဝတ္ထု ပုရေဇာတ သတ္တိဖြင့် ကျေးဇူးပြုပေ၏။

ထို့အတူ သောတဝတ္ထု ။ပ။ ကာယဝတ္ထုတည်းဟူသော ဝတ္ထုရုပ်တို့သည် အစဉ်အတိုင်း သောတဝိညာဉ် ။ပ။ ကာယဝိညာဉ်တည်းဟူသော ဝိညာဏဓာတ်လေးမျိုးတို့အား ရှေးကလည်းဖြစ် မှိရာလည်းဖြစ်၍ ကျေးဇူးပြုသော ဝတ္ထုပုရေဇာတသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ဟဒယဝတ္ထုရုပ်သည် ဝိပါက်ကြိယာတည်းဟူသော အဗျာကတ တရားအား ထို့အတူ မှိရာလည်းဖြစ် ရှေးကလည်းဖြစ်နှင့်၍ ကျေးဇူးပြုခြင်း ဝတ္ထု-ပုရေဇာတသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ဤဆိုအပ်ပြီးသော အခြင်းအရာဖြင့် အဗျာကတဖြစ်သော တရားသည် အဗျာကတဖြစ်သော တရားအား ပုရေဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ဓမ္မသတ္တိတရားတမျိုးက ဓမ္မသတ္တိတရားတမျိုးအား ကျေးဇူးပြု၍ ဤသံသရာကြီးလည်၍ ဖြစ်ပွါးနေ၏၊ ပုဂ္ဂိုလ် သတ္တဝါ ငါသူတပါး ယောကျ်ား မိန်းမဟူ၍မရှိ၊ ထိုပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမဟူ၍ ပစ္စယုပ္ပန်နယ်ပယ်၌ ထင်ရှားမရှိ။

ထို့အတူပင်လျှင် အဗျာကတဖြစ်သော တရားက ကုသိုလ်တရားအား ပုရေဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြုပုံကိုငင်း, အဗျာကတဖြစ်သော တရားက အကုသိုလ်ဖြစ်သောတရားအား ပုရေဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြုပုံကိုငင်း "အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ ပုရေ-ဇာတပစ္စယေန ပစ္စယော။ အာရမ္မဏပုရေဇာတံ, ဝတ္ထုပုရေဇာတံ ။ပ။ ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဿ ပုရေဇာတပစ္စယေန ပစ္စယော" အစရှိသည်ဖြင့် ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် ပုရေဇာတပစ္စယဝိဘင်းကို ဤလျှောက်ဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် အကျယ်တဝင့် ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ကမ္မပစ္စယဝိဘင်း

ပု။ ။တေနဘဝုဿေ ဘဂဝတာ။ပ။ တေရဿမော ကမ္မပစ္စယဝိဘင်္ဂေါ ကထံ ဝိတ္ထာရေန ဝိဘဇိတ္ဗာ ဒေသိတော။

ဝိ။ ။အဘိဓမ္မပိဋကေ ဘန္တေ ။ပ။ တေရဿမော ကမ္မပစ္စယဝိဘင်္ဂေါ "ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ကမ္မပစ္စယေန ပစ္စယော၊ ကုသလာ စေတနာ သမ္ပယုတ္တကာနံ ခန္ဓာနံ ကမ္မပစ္စယေန ပစ္စယော။ ။ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ကမ္မပစ္စယေန ပစ္စယော။ သဟဇာတာ, နာနာက္ခဏိကာ။ သဟဇာတာ—ကုသလာ စေတနာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။ နာနာက္ခဏိကာ—ကုသလာ စေတနာ ဝိပ်ါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။ ။ကုသလော ဓမ္မော ကုသလဿ စ အဗျာကတဿ စ ဓမ္မဿ ကမ္မပစ္စယေန ပစ္စယော။ ကုသလာ စေတနာ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော" တိ ဧဝမာဒိနာ ဘဂဝတာ ဝိတ္ထာရတော ဝိဘဇိတ္ဗာ ဒေသိတော။

မေး။ ။သိတော်မူ မြင်တော်မူ၍။ပ။ တဆယ့်သုံးခုမြောက်ဖြစ်သော ကမ္မပစ္စယဝိဘင်းကို အဘယ်သို့သော အခြင်းအရာအားဖြင့် အကျယ်ဝေဘန်၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

ဖြေ။ ။အဘိဓမ္မပိဋကဉ် ။ပ။ တဆယ့်သုံးခုမြောက်ဖြစ်သော ကမ္မပစ္စယဝိဘင်းကို "ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ကမ္မပစ္စယေန ပစ္စယော" အစရှိသည်ဖြင့် ကုသိုလ်တရားသည် ကုသိုလ်တရားအား ကမ္မပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။ အဘယ်သို့ ကျေးဇူးပြုပါသနည်း? ဒါန သီလ အဋ္ဌင်္ဂဥပေါသထသီလ အစရှိသော အခြင်းအရာအားဖြင့် မဟာကုသိုလ်ဇောစိတ္တုပ္ပါဒ်တို့ ဖြစ်သောကာလငယ် မဟာကုသိုလ်စိတ်နှင့် စေတသိက်သုံးဆယ့်လေးပါးတို့ တပြိုင်နက်ဖြစ်ရာဝယ် မဟာကုသိုလ်စိတ်နှင့် စေတသိက် သုံးဆယ့်လေးပါးတို့၌ ပါရှိသော စေတနာ စေတသိက်သည် မိမိမှကြွင်းသော ဖဿစေတသိက်အစရှိသော ယှဉ်ဖော် ယှဉ်ဖက်ဖြစ်သော စေတသိက်တရား စိတ်တရားတို့ကို အာရုံကိုတွေ့ထိခြင်း အာရုံ၏အရသာကို

ခံစားခြင်း အာရုံကို မှတ်သားခြင်းအစရှိသော မိမိမိမိတို့၏ကိစ္စ၌ ပြီးစေရန် တိုက်တွန်းစေ့ဆော်သော အခြင်းအရာအားဖြင့် ဖြစ်ပါသည်။

ယင်းသို့ စေတနာစေတသိက်၏ တိုက်တွန်းစေ့ဆော် နှိုးပင့်သော အခြင်းအရာအားဖြင့် ဖြစ်ခြင်းကြောင့် ထိုစေတနာနှင့် ယှဉ်ဖော်ယှဉ်ဖက် ဖြစ်သော ဖဿ ဝေဒနာ သညာ အစရှိသော သမ္ပယုတ်တရားတို့သည် မိမိတို့၏ ဝတ္ထုထိခြင်းကိစ္စ, အာရုံ၏အရသာကို ခံစားခြင်းကိစ္စ, အာရုံကို ပိုင်းခြားမှတ်သားခြင်းကိစ္စ အစရှိသော ဆိုင်ရာဆိုင်ရာ မိမိကိစ္စတို့ကို ပြီးစေကြပါသည်။ သို့ရကား စေတနာစေတသိက်သည် မိမိနှင့် ယှဉ်ဖော်ယှဉ်ဖက်ဖြစ်သော ဖဿ အစရှိသော စေတသိက်တရား စိတ်ဝိညာဉ်တရားတို့အား အမှုအရာ ဝေ့ဆော်တိုက်တွန်းသော အခြင်းအရာ ကမ္မပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ထို့အတူ မဟဂ္ဂုတ်ကုသိုလ်တို့ဖြစ်သောကာလ, လောကုတ္တရာ ကုသိုလ်တို့ ဖြစ်သော ကာလ၌လည်း စေတနာစေတသိက်သည် မိမိနှင့် ယှဉ်ဖော်ယှဉ်ဖက်ဖြစ်သော စိတ်တရား စေတသိက်တရားတို့အား ဆိုင်ရာဆိုင်ရာ မိမိတို့ကိစ္စ၌ ပြီးစေရန် စေ့ဆော်တိုက်တွန်းသော အခြင်းအရာ အမှုအရာ ကမ္မပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ကုသိုလ်တရားသည် အဗျာကတတရားအား ကမ္မပစ္စယ သတ္တိဖြင့် ကျေးဇူးပြုပေ၏၊ သို့ကျေးဇူးပြုရာ၌ အတူတကွဖြစ်၍ ကျေးဇူးပြုသော ကမ္မပစ္စည်းမျိုး, ခဏကဲ့ အချိန်ကဲ့ ကာလကဲ့ဖြစ်၍ ကျေးဇူးပြုသော ကမ္မပစ္စည်းမျိုးဟု နှစ်မျိုးရှိရာ ခဏကဲ့အချိန်ကဲ့ ကာလကဲ့ဖြစ်၍ ကျေးဇူးပြုသော ကမ္မပစ္စယသဘောမှာ....တစုံတခုသော အာရုံကို အာရုံပြု၍ ဒါနသီလ အဋ္ဌင်္ဂုပေါသထမင်္ဂလာကောင်းမှုကုသိုလ်ကို ပြီးစေလျက် မဟာကုသိုလ် ဇောစိတ္တုပ္ပါဒ်တို့ဖြစ်သော ကာလဝယ် ထိုဇောစိတ္တုပ္ပါဒ်အတွင်း၌ ပါသော ဒါနမှုအကျိုးကို ပြီးစေကြောင်း, သီလမှုအကျိုးကို ပြီးစေကြောင်း, သမထဝိပဿနာဘာဝနာမှု အဋ္ဌင်္ဂုပေါသထ ဥပုသ်မှုကို ပြီးစေကြောင်းဖြစ်သော အတ္ထသာဓကစေတနာသည် ထင်ရှားရှိပါသည်။

ထိုစေတနာ၏ ဥပါဒ်ဌီဘင်တည်းဟူသော ခဏတ္တယသမဂ်ီ ခဏသုံးပါးနှင့် ပြည့်စုံသော အခိုက်အတန့်ကို စေတနာသမဂ်ီဟူ၍ ခေါ်ဆိုအပ်ပါသည်။

ထိုစေတနာသည် ဥပါဒ်ဌီဘင် ခဏတ္တယ ခဏငယ်သုံးပါးစေ့၍ ချုပ်သောကာလဝယ် အခြားတပါးသောတရားတို့ ချုပ်ခြင်းနှင့် အလျင်းမတူပဲ မိမိဖြစ်ရာသန္တာန်ဝယ် အကြောင်းညီညွတ်သောကာလ၌ တစုံတခုသော မိမိနှင့်ထိုက်သင့်ရာ ဣဋ္ဌ, အနိဋ္ဌဖြစ်သော အကျိုးဝိပါက်ကို ဖြစ်စေအံ့ဟူသော အမူအရာသတ္တိထူးထား၍ ချုပ်ပျောက်သွားခဲ့ပါသည်။ ယင်းသို့စေတနာ၏ ဤခန္ဓာအစဉ်၌ကျန်ရှိသော အကြောင်းညီညွတ်က အကျိုးပေးအံ့ဟူသော အခြင်းအရာသတ္တိအခိုက်အတန့်ကို ကမ္မသမဴဓိ အခိုက်အတန့်ဟူ၍ ခေါ်ဆိုရပါသည်။

ထိုကမ္မသမဴဓိအခိုက်အတန့်မှ ရင့်ကျက်အချိန်စေ့သဖြင့် ထိုကံအကျိုးပေးခွင့်ရသောကာလဝယ် အကျိုးပေးခါနီးကာလ၌ ထိုကံပင်ဖြစ်စေ, ထိုကံကိုပြုစဉ်ကာလက ကံထမြောက်ကြောင်း အဆောက်အဦဖြစ်သော ကမ္မနိမိတ်ဖြစ်စေ, ထိုကံ၏ လားရမည့်ဘဝမှ တွေ့ရခံစံရမည့် အာရုံတည်းဟူသော ဂတိနိမိတ်ဖြစ်စေ ဤသုံးပါးတို့တွင် တပါးပါးသည် ဆိုင်ရာပဋ္ဌဒ္ဓါရ, မနောဒ္ဓါရတို့၌ ထင်ခဲ့ကြပါသည်။ ယင်းသို့ ကံအကျိုးပေးခါနီးကျခါနီး၍ ကံ, ကမ္မနိမိတ်, ဂတိနိမိတ်သုံးပါးတို့တွင် တပါးပါးတို့ ဆိုင်ရာဒ္ဓါရ၌ ထင်ခြင်းကို ဥပဋ္ဌာနသမဴဓိဟူ၍ ခေါ်ဆိုအပ်ပါသည်။

ဥပဋ္ဌာနသမဴဓိ ကံ, ကမ္မနိမိတ်, ဂတိနိမိတ်တို့ထင်ခြင်း ပြည့်စုံလတ်၍ အကျိုးဖြစ်ပေါ်သင့်သောကာလဝယ် ဤဘဝမှစုတေ၍ လားသင့်ရာ ထိုထိုဘဝ ထိုထိုဂတိဝယ် ရှေးဦးစွာ ပဋိသန္ဓေဝိညာဉ်နှင့်တကွ စေတသိက်ခန္ဓာသုံးပါး၊ ထိုပဋိသန္ဓေဝိညာဉ်၏မှီရာဟဒယဝတ္ထု, ထိုဝတ္ထု၏ တဲ့ဖက်ဖြစ်သော ကမ္မဇကလာပ် တရားများတို့ ဖြစ်ကြပါသည်။ ယင်းသို့ အကျိုးဝိပါက်၏ ထင်စွာ ဖြစ်ပေါ်၍လာသောအခိုက်အတန့်ကို ဝိပါကသမဴဓိဟူ၍ ခေါ်ဆိုအပ်ပါသည်။

ထိုသို့ဖြစ်ရာဝယ် မူလပဌမ ဒါနသီလ အဋ္ဌင်္ဂဥပေါသထပုညကိစ္စကို ပြီးစေသော အချိန်ကာလ၌ဖြစ်သော စေတနာပစ္စည်းတရားက ဝိပါကသမဴဓိအခိုက်အတန့်၌ဖြစ်သော ပဋိသန္ဓေ ဝိပါက် နာမက္ခန္ဓာ ကမ္မဇရုပ်တရားတို့ကို ဖြစ်ပွါးစေသည်ဖြစ်ရကား ထိုအတိတ်ဖြစ်သော ခဏကဲ့ ကာလကဲ့ဖြစ်သော ကုသိုလ်စေတနာက ယခုဘဝဖြစ်သော ပဋိသန္ဓေ နာမက္ခန္ဓာ ကမ္မဇရုပ်တို့အား အမူအရာ နာနာကွဏိက ကမ္မပစ္စယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ဤသို့အစရှိသည်ဖြင့် ကုသိုလ်တရားက ကုသိုလ်တရားအားဌင်း, အဗျာကတ တရားအားဌင်း, ကုသိုလ်အဗျာကတ တရားအားဌင်း၊ အကုသိုလ်တရားက အကုသိုလ်တရား, အဗျာကတ တရား, အကုသိုလ် အဗျာကတတရားအားဌင်း၊ အဗျာကတဖြစ်သော စေတနာက အဗျာ-ကတဖြစ်သော တရားတို့အားဌင်း ကမ္မပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်၏ အဖြစ်ကို "ကုသလော ဓမ္မော ကုသလာ ဓမ္မာ ကမ္မပစ္စယေန ပစ္စယော" အစရှိသည်ဖြင့် ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် အကျယ်တဝင့် ဖွင့်ပြပိုင်းခြား ဟောကြားတော်မူအပ်ခဲ့ပါသည့် အရှင်ဘုရား။

အာဟာရပစ္စယဝိဘင်း

ပု။ ။တေနာဝုသော ။ပ။ပန်ဒရသမော အာဟာရပစ္စယဝိဘင်္ဂေါ ကထံ ဝိတ္ထာရေန ဝိဘဇိတ္ဗာ ဒေသိတော၀။

ဝိ။ ။အဘိဓမ္မပိဋကေ ဘဇ္ဇန္တိ ။ပ။ ပန်ဒရသမော အာဟာရပစ္စယဝိဘင်္ဂေါ "ကုသလော ဓမ္မော ကုသလာ ဓမ္မာ အာဟာရပစ္စယေန ပစ္စယော။ ကုသလာ အာဟာရာ သမ္ပယုတ္တကာနံ ခန္ဓာနံ အာဟာရပစ္စယေန ပစ္စယော။ ။ကုသလော ဓမ္မော အဗျာက-တာ ဓမ္မာ အာဟာရပစ္စယေန ပစ္စယော။ကုသလာ အာဟာရာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အာဟာရပစ္စယေန ပစ္စယော" တိ ဧဝမာဒိနာ ဘဂဝတာ ဝိတ္ထာရတော ဝိဘဇိတ္ဗာ ဒေသိတော၀။

ဓမ်း။ ။သိတော်မူ မြင်တော်မူ၍ ။ပ။ တဆယ့်ငါးခုမြောက် ဖြစ်သော အာဟာရပစ္စည်း၏ဝိဘင်းကို အာဘယ်သို့သော အခြင်းအရာအားဖြင့် အကျယ်ဝေဘန်၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

ဖြ။ ။အဘိဓမ္မပိဋကဝယ် ။ပ။ တဆယ့်ငါးခုမြောက်ဖြစ်သော အာဟာရပစ္စည်း၏ ဝိဘင်းကို "ကုသလော ဓမ္မော ကုသလာ ဓမ္မာ အာဟာရပစ္စယေန ပစ္စယော၊ ကုသလာ အာဟာရာ သမ္ပယုတ္တကာနံ ခန္ဓာနံ အာဟာရပစ္စယေန ပစ္စယော" အစရှိသည်ဖြင့် ကုသိုလ်တရားသည် ကုသိုလ် တရားအား ဆောင်တတ်သော အာဟာရသတ္တိဖြင့် ကျေးဇူးပြုပေ၏။

အဘယ်သို့ကျေးဇူးပြုသနည်း—ဒါန သီလ အဋ္ဌင်္ဂပေါသထအမှုကို ပြုကျင့်သောအားဖြင့် မဟာကုသိုလ်ဇောစိတ္တုပ္ပါဒ်တို့ဖြစ်သော ကာလ ဝယ် ထိုမဟာကုသိုလ်ဇောစိတ္တုပ္ပါဒ် နာမက္ခန္ဓာလေးပါးတို့အတွင်း၌ ပါရှိသော ဖဿ, စေတနာ, ဝိညာဉ်ဟုဆိုအပ်သော နာမ်အာဟာရတရားကိုယ် သုံးပါးတို့သည် မိမိတို့နှင့်အတူတကွ ဖြစ်ပေါ်ဖြစ်ဖက်ဖြစ်သော သမ္မယုတ္တ ခန္ဓာ ကုသိုလ်တရားတို့အား သဟဇာတ အာဟာရသတ္တိဖြင့် ကျေးဇူး ပြုပေ၏။

ထို့အတူ ကုသိုလ်တရားသည် မိမိကြောင့်ဖြစ်သော စိတ္တဇရုပ်တည်း ဟူသော အဗျာကတတရားအား သဟဇာတအာဟာရသတ္တိဖြင့် ကျေးဇူး ပြုသည်၏အဖြစ်ကိုငင်း, ကုသိုလ်တရားသည် မိမိနှင့်အတူတကွ ဖြစ်ပေါ် ဖြစ်ဖက်ဖြစ်သော ယှဉ်ဘက်နာမ်ခန္ဓာ စိတ္တဇရုပ်တည်းဟူသော ကုသိုလ် အဗျာကတ တရားတို့အား နာမ်အာဟာရသတ္တိဖြင့် ကျေးဇူးပြုသည်၏ အဖြစ်ကိုငင်း, အကုသိုလ်တရားသည် အကုသိုလ်တရား, အဗျာကတတရား, အကုသိုလ် အဗျာကတတရားအား နာမ်အာဟာရ, သဟဇာတ အာဟာရ သတ္တိဖြင့် ကျေးဇူးပြုသည်၏အဖြစ်ကိုငင်း, အဗျာကတတရားသည် အဗျာ-ကတတရားအား နာမ်အာဟာရ, ရုပ်အာဟာရ နှစ်ပါးဖြင့်ပင် ကျေးဇူး ပြုသည်၏အဖြစ်ကိုငင်း"ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အာဟာရ-ပစ္စယေန ပစ္စယော" အစရှိသည်ဖြင့် ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သမ္ဗညုမြတ်စွာဘုရားသည် အကျယ်တဝင့် ဖွင့်ပြပိုင်းခြား ဟော ကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ဣန္ဒြိယပစ္စယဝိဘင်း

ပု။ ။တေနာဝုသော ဘဂဝတာ ။ပ။ သောဋ္ဌသမော ဣန္ဒြိယပစ္စယ-ဝိဘင်္ဂေါ ကထံ ဝိတ္ထာရေန ဝိဘဇိတ္ဝာ ဒေသိတော။

ဝိ။ ။အဘိဓမ္မပိဋကေ ဘဇန္တေ ။ပ။ သောဋ္ဌသမော ဣန္ဒြိယပစ္စယ-ဝိဘင်္ဂေါ "ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဣန္ဒြိယပစ္စ-ယေန ပစ္စယော၊ ကုသလာ ဣန္ဒြိယာ သမ္မယုတ္တကာနံ ခန္ဓာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။ ။ကုသလော ဓမ္မော အဗျာ-ကတဿ ဓမ္မဿ ဣန္ဒြိယပစ္စယေန ပစ္စယော၊ ကုသလာ ဣန္ဒြိယာ

စိတ္တသမုဋ္ဌာနာနံ ရူပါနံ ကဋတ္တာရိယပစ္စယေန ပစ္စယော”တိ ဝေမာ-
ဒိနာ ဘဂဝတာ ဝိတ္ထာရတော ဝိဘဇိတ္ဝာ ဒေသိတော။

မေး။ ။သိတေဝ်မူ မြင်တေဝ်မူ၍ ။ပ။ တဆယ့်ခြောက်ခုမြောက်
ဖြစ်သော ကဋတ္တာရိယပစ္စည်း၏ဝိဘင်းကို အဘယ်သို့သောအခြင်းအရာအား ဖြင့်
အကျယ်ဝေဘန်၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

ဖြေ။ ။အဘိဓမ္မပိဋကဝယ် ။ပ။ တဆယ့်ခြောက်ခုမြောက်ဖြစ်သော
ကဋတ္တာရိယပစ္စည်း၏ ဝိဘင်းကို “ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ
ကဋတ္တာရိယပစ္စယေန ပစ္စယော၊ ကုသလာ ကဋတ္တာရိယာ သမ္ပယုတ္တကာနံ ခန္ဓာနံ
ကဋတ္တာရိယပစ္စယေန ပစ္စယော”အစရှိသည်ဖြင့် ကုသိုလ်တရားသည် ကုသိုလ်
တရားအား အစိုးရခြင်းတည်းဟူသော ကဋတ္တာရိယပစ္စယသတ္တိဖြင့် ကျေးဇူးပြု
ပေ၏။

အဘယ်ကုသိုလ်တရားသည် အဘယ်ကုသိုလ်တရားအား မိမိအလိုသို့
လိုက်ပါစေမှုတည်းဟူသော ကဋတ္တာရိယပစ္စယသတ္တိဖြင့် ကျေးဇူးပြုသနည်းဟူ
မူကား....ဒါန သီလ အဋ္ဌင်္ဂဥပေါသထ အစရှိသော ပုညကိရိယာ ကောင်းမှု
ကုသိုလ်ကိုပြုသောကာလဝယ် မဟာကုသိုလ်ဇောစိတ္တုပ္ပါဒ်တို့ဖြစ်ရာ၌ ထို
မဟာကုသိုလ်ဇောစိတ္တုပ္ပါဒ်တို့အတွင်းဝယ်ပါရှိသော ဇီဝိတ, စိတ်, ဝေဒနာ,
သဒ္ဓါ, ဝီရိယ,သတိ, သမာဓိ, ပညာတည်းဟူသော နာမ်ကွန်ဒြေတရား
ကိုယ်ရှစ်ပါး ပစ္စည်းတရားတို့သည် မိမိနှင့်သဟဇာတ် မိမိနှင့်သမ္ပယုတ်တက္ခ
ယှဉ်ဖေဝ်ယှဉ်ဖက်ဖြစ်ကြသော နာမက္ခန္ဓာ ကုသိုလ်တရားတို့အား မိမိတို့
ထက်လျှင် ထက်ခြင်း, မိမိတို့နှံ့လျှင်နှံ့ခြင်း, ထိုထိုမိမိတို့ကိစ္စဝယ် မိမိတို့
အလိုသို့ လိုက်ပါစေမှုဒုစိုးရခြင်း ကဋတ္တာရိယပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ထို့အတူ ကုသိုလ်ဖြစ်သော နာမ်ကွန်ဒြေကရားကိုယ်ရှစ်ပါးတို့သည် မိမိ
နှင့် သဟဇာတ်ဖြစ်သော မိမိတို့ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အား မိမိတို့
ထက်လျှင် ထက်စေခြင်း, နှံ့လျှင် နှံ့စေခြင်း တည်းဟူသော အလိုသို့
လိုက်ပါစေမှု ကဋတ္တာရိယပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ထို့အတူ ကုသိုလ်တရားသည် မိမိနှင့်ယှဉ်ဖေဝ်ယှဉ်ဖက်ဖြစ်သော ကုသိုလ်
တရား, မိမိတို့ကြောင့်ဖြစ်သော စိတ္တဇရုပ်တရားတို့အား အလိုသို့ လိုက်ပါ
စေမှုတည်းဟူသော ကဋတ္တာရိယပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

အကုသိုလ်ကုန်ဆွေမျိုးဖြစ်သော ဇီဝိတ, စိတ်, ဝေဒနာ, ဝိရိယ, ကေဂ္ဂတာ တည်းဟူသော အကုသိုလ် နာမ်ကုန်ဆွေတရားကိုယ်ငါးပါးတို့သည်လည်း ထို့အတူ သမ္မယုတ်ဖြစ်သော အကုသိုလ် နာမက္ခန္ဓာ သဟဇာတ်ဖြစ်သော မိမိတို့ကြောင့် ဖြစ်သည့် စိတ္တဇရုပ် နှစ်ပါးစုံတို့အား မိမိတို့ထက်လျှင် ထက်ခြင်း, နုံ့လျှင် နုံ့ခြင်းတည်းဟူသော အလိုသို့လိုက်ပါမှု အစိုးရခြင်း ကုန်ဆွေယပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

အဗျာကတဖြစ်သော ဝိပါက်ကိရိယာဥ်ပါသော ဇီဝိတ, စိတ်, ဝေဒနာ, သဒ္ဓါ, ဝိရိယ, သတိ, ကေဂ္ဂတာ, ပညာတည်းဟူသော နာမ်ကုန်ဆွေတရားကိုယ် ရှစ်ပါးတို့သည် ထို့အတူ ပဝတ္တိအခါဝယ် မိမိနှင့် ယှဉ်ဖော်ယှဉ်ဖက်ဖြစ်သော နာမ်ခန္ဓာလေးပါး သဟဇာတ်ဖြစ်သော စိတ္တဇရုပ်တရားတို့အား, ပဋိသန္ဓေ ကာလမှာမူ သဟဇာတ်ဖြစ်သော ကမ္မဇရုပ်တရားတို့အား မိမိတို့ထက်လျှင် ထက်ခြင်း, မိမိတို့နုံ့လျှင် နုံ့ခြင်းတည်းဟူသော အလိုသို့လိုက်ပါစေမှု အစိုးရခြင်း ကုန်ဆွေယပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ဤဆိုအပ်ပြီးသော ဇီဝိတ, စိတ်, ဝေဒနာ, သဒ္ဓါ, ဝိရိယ, သတိ, ကေဂ္ဂတာ, ပညာ နာမ်ကုန်ဆွေတရားကိုယ်ရှစ်ပါး ပစ္စည်းတရားတို့၏ မိမိအလိုသို့ လိုက်ပါစေမှု အစိုးရခြင်း ကုန်ဆွေယပစ္စယသတ္တိဖြင့် ကျေးဇူးပြုမှုကိုကား သဟဇာတိဆွေယပစ္စည်းဟူ၍ ခေါ်ဆိုအပ်ပါသည်။

စက္ခုဝတ္ထုတည်းဟူသော စက္ခုပသာဒရုပ် စက္ခုဆွေသည် မြင်မှုတည်း ဟူသော စက္ခုဝိညာဉ် စိတ္တုပ္ပါဒ်အား ငယ်ရွယ်စဉ်ကာလဝယ် မိမိတည်း ဟူသော စက္ခုဆွေက အားရှိသဖြင့် မြင်မှုတည်းဟူသော စက္ခုဝိညာဉ်စိတ် တို့ကို ထက်ထက်သန်သန် ဖြစ်ပွါးစေခြင်း၊ အသက်အရွယ်ကြီးရင့်သော ကာလဝယ် စက္ခုဆွေတည်းဟူသော စက္ခုပသာဒရုပ်အားနည်းသဖြင့် စက္ခု ဝိညာဉ်စိတ်တည်းဟူသော မြင်မှုနာမ်ဓာတ်သဘောတရားတို့အားနည်းစွာ ဖြစ်ခြင်း ဤသို့ စက္ခုဆွေတည်းဟူသော ကုန်ဆွေပစ္စည်းတရားသည် မိမိ၏ အားရှိအားမဲ့ကိုလိုက်၍ စက္ခုဝိညာဉ်တည်းဟူသော မြင်မှုနာမ်ဓာတ် နာမ် ကလာပ်တရားတို့အား အားရှိ အားမဲ့သို့ရောက်စေခြင်း မိမိအလိုသို့လိုက် ပါစေမှု ကုန်ဆွေယပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ထို့အတူ သောတဆွေ, ဃာနဆွေ, ဇိဝှါဆွေ, ကာယဆွေ တည်းဟူသော သောတပသာဒအကြည်ရုပ်, ဃာနပသာဒအကြည်ရုပ်, ဇိဝှါပသာဒအကြည်

ရုပ်, ကာယပသာဒအကြည်ရုပ်တို့သည်လည်း မိမိတို့အားရှိမှု အားမဲ့မှုကိုစွဲ၍ မိမိတို့ကိုမှီ၍ဖြစ်ရသော ကြားမှုသောတဝိညာဏ်စေတ် နာမ်ကလာပ်, နံမှုဃာနဝိညာဏ်စေတ် နာမ်ကလာပ်,လျက်မှုဇိဝှါဝိညာဏ်စေတ် နာမ်ကလာပ်, တွေထိမှုကာယဝိညာဏ်စေတ် နာမ်ကလာပ်တည်းဟူသော ပစ္စယုပ္ပန်တရားတို့အား မိမိတည်းဟူသော သောတိန္ဒြေ,ဃာနိန္ဒြေ,ဇိဝှိန္ဒြေ, ကာယိန္ဒြေတို့၏ အထက်, အနုံသို့လိုက်၍ သောတဝိညာဉ်, ဃာနဝိညာဉ်, ဇိဝှါဝိညာဉ်, ကာယဝိညာဉ်တည်းဟူသော ပစ္စယုပ္ပန်တရားတို့အား ထက်စေနှုံ့စေသောအားဖြင့် မိမိတို့ကိုယ်ဌာက ပစ္စယုပ္ပန်တရားမဖြစ်မိ ရှေးဦးက ဖြစ်နေ၍ မိမိတို့အလိုသို့ လိုက်ပါစေမှု ကွန်ဒိုယ အစိုးရခြင်း ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ဇီဝိတိန္ဒြိယရုပ်သည်လည်း မိမိနှင့်တကွဖြစ်ပေါ်ဖြစ်ဖက်ဖြစ်သော ကမ္မဇရုပ်ရှစ်မျိုးကိုးမျိုးတို့အား မိမိတို့ကိုဖြစ်စေတတ်သော ကံအကြောင်းတရားအတိတ်ဖြစ်၍ ကွယ်လွန်ပြီဖြစ်ရကား မိဘ၏အရာဌာနတည်၍ မိမိ၏အားရှိအားမဲ့သို့လိုက်၍ ကမ္မဇရုပ်ကလာပ်တို့ကို အားရှိစေခြင်း အားနှဲ့စေခြင်း မိမိအလိုသို့လိုက်ပါစေခြင်းတည်းဟူသော ကွန်ဒိုယပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ဤသို့ ကွန်ဒိုယပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်၏ အဖြစ်ကို "ကုသလာဓမ္မော ကုသလဿ ဓမ္မဿ ကွန်ဒိုယပစ္စယေန ပစ္စယော" အစရှိသည်ဖြင့် ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် အကျယ်တဝင့် ဖွင့်ပြပိုင်းခြား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

သင်္ချာဝါရ

ပု။ ။တေနာဝုသော ။ပ။ ပုစ္ဆာဝိဿဇ္ဇနာသင်္ချာဝါရသင်္ဂါတေသု တီသု ဝါရေသု တတိယော သင်္ချာဝါရော ကတံ ဝိတ္ထာရတော ဝိဘင်္ဂတ္ထာ ဒေသိတော။

ဝိ။ ။အာဘိဓမ္မပိဋကေ ဘန္တေ ။ပ။ တတိယော သင်္ချာဝါရော "ဟေတုယာ သတ္တာ၊ အာရမ္မဏော နဝ၊ အဓိပတိယာ ဒသ၊ အနန္တရော သမနန္တရော သတ္တာ၊ သဟဇာတော နဝ၊ အညမညော တီဏိ၊ နိဿယော တေရသ၊ ဥပနိဿယော နဝ၊ ပုရေဇာတော ပစ္ဆာဇာတော အာသေဝနော

တိဏံ၊ ကမ္မေ သတ္တ၊ ဝိပါကေ ဧကံ၊ အာဟာရေ ဣန္ဒြိယေ စျာနေ မဂ္ဂေ သတ္တ၊ သမ္မယုတ္တေ တိဏံ၊ ဝိပ္ပယုတ္တေ ပဉ္စ၊ အတ္ထိယာ တေရသ၊ နတ္ထိယာ ဝိဂတေ သတ္တ၊ အဝိဂတေ တေရသာ”တိ ဧဝမာဒိနာ ဘဂဝတာ ဝိတ္ထာရတော ဝိဘဇိတ္ဝာ ဒေသိတော။

မေး။ ။သိတော်မူ မြင်တော်မူ၍ ။ပ။ ပုစ္ဆာဝါရ, ဝိဿဇ္ဇနာဝါရ, သခ်္ခါဝါရဟု ဆိုအပ်သော သုံးပါးသော ဝါရတို့တွင် သုံးခုမြောက်ဖြစ်သော သခ်္ခါဝါရကို အဘယ်သို့သော အခြင်းအရာအားဖြင့် အကျယ်ဝေဘန်၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

ဖြေ။ ။အဘိဓမ္မပိဋကဝယ် ။ပ။ သုံးခုမြောက်ဖြစ်သော သခ်္ခါဝါရကို “ဟေတုယာ သတ္တ၊ အာရမ္မဏေ နဝ” အစရှိသည်ဖြင့် တခုတခုသော ပစ္စည်းတို့ဝယ် ရသင့်ရထိုက်သော ပစ္စည်း ပစ္စယုပ္ပန် အစုံသခ်္ခါတို့ကို ပစ္စည်း တခုစီ တခုစီ သက်သက်အားဖြင့် ဟေတု ပစ္စည်း၌ ခုနစ်သခ်္ခါ, အာရမ္မဏ ပစ္စည်း၌ ကိုးသခ်္ခါ, အဓိပတိ ပစ္စည်း၌ ဆယ်သခ်္ခါ, အနန္တရ သမနန္တရ ပစ္စည်း၌ ခုနစ်သခ်္ခါ, သဟဇာတ ပစ္စည်း၌ ကိုးသခ်္ခါ, အညမည ပစ္စည်း၌ သုံးသခ်္ခါ, နိဿယ ပစ္စည်း၌ တဆယ့်သုံးသခ်္ခါ, ဥပနိဿယ ပစ္စည်း၌ ကိုးသခ်္ခါ, ပုရေဇာတ ပစ္ဆာဇာတ အာသေဝန ပစ္စည်းတို့၌ သုံးသခ်္ခါစီ, ကမ္မပစ္စည်း၌ ခုနစ်သခ်္ခါ, ဝိပါကပစ္စည်း၌ တသခ်္ခါ, အာဟာရ ဣန္ဒြိယ စျာန မဂ္ဂ ပစ္စည်းတို့၌ ခုနစ်သခ်္ခါစီ, သမ္မယုတ္တပစ္စည်း၌ သုံးသခ်္ခါ, ဝိပ္ပယုတ္တ ပစ္စည်း၌ ငါးသခ်္ခါ, အတ္ထိ အဝိဂတ ပစ္စည်းတို့၌ တဆယ့်သုံးသခ်္ခါစီ, နတ္ထိ ဝိဂတပစ္စည်းတို့၌ တသခ်္ခါစီ။

ဤသို့ သုဒ္ဓသခ်္ခါဝါရကို ဟောတော်မူပြီးသည်၏ အခြားမဲ့ဝယ် ထိုထို ဟေတု အစရှိသော နှစ်ဆယ့်လေးပါးသော ပစ္စည်းတို့နှင့် သဘာဂဖြစ်ရာ သဘောတူရာ ပစ္စည်းတို့ကို တဲ့စပ်၍ “ဟေတုပစ္စယာ အဓိပတိယာ စတ္တာရိ၊ သဟဇာတေ သတ္တ၊ အညမညေ တိဏံ၊ နိဿယေ သတ္တ၊ ဝိပါကေ ဧကံ၊ ဣန္ဒြိယေ စတ္တာရိ၊ မဂ္ဂေ စတ္တာရိ၊ သမ္မယုတ္တေ တိဏံ၊ ဝိပ္ပယုတ္တေ တိဏံ၊ အတ္ထိယာ အဝိဂတေ သတ္တ” အစရှိသည်ဖြင့် မူလပစ္စည်း မူလိပစ္စည်း နှစ်ပါးတို့သာ တဲ့ဖက်၍ သဘာဂသခ်္ခါ နည်းအားဖြင့်ရင်း။

ဟေတု သဟဇာတ နိဿယ အတ္ထိ အဝိဂတန္ဒိ သတ္တ, ဟေတု သဟဇာတ အညမည နိဿယ အတ္ထိ အဝိဂတန္ဒိ တိဏိ, ဟေတု သဟဇာတအညမည နိဿယ သမ္ပယုတ္တ အတ္ထိ အဝိဂတန္ဒိ တိဏိ အစရှိသည်ဖြင့် ဟေတုပစ္စည်း သဟဇာတပစ္စည်း နိဿယပစ္စည်း အတ္ထိပစ္စည်း အဝိဂတပစ္စည်း ဂျိုလေးပစ္စည်းတို့နှင့် သက်ဆိုင်သော ပစ္စည်း ပစ္စယုပ္ပန်တရားတို့ကား သမ္ပယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်အား တပ်သော ဟိတ်ခြောက်ပါးဖြစ်၍ သင်္ချာအားဖြင့် "ကုသလော ကုသလဿ၊ ကုသလော အဗျာကတဿ၊ ကုသလော ကုသလာဗျာကတဿ" အစရှိသည်ဖြင့် ခုနစ်သင်္ချာရ၏ ဟူ၍ဂင်း၊ ဟေတု သဟဇာတ အညမည နိဿယ အတ္ထိ အဝိဂတ တည်းဟူသော ပစ္စည်းတို့ ပြိုင်နိုင် ယှဉ်နိုင်သော ပစ္စည်း ပစ္စယုပ္ပန်တရားအစုမှာ သမ္ပယုတ္တခန္ဓာ ဟဒယဝတ္ထုအား တပ်သော ဟိတ်ခြောက်ပါးဖြစ်၍ ပစ္စည်းပစ္စယုပ္ပန် အတွဲသင်္ချာမှာကား "ကုသလော ကုသလဿ၊အကုသလော အကုသလဿ၊အဗျာကဇော အဗျာကတဿ"ဟူသုံးသင်္ချာဖြစ်သည်၊ ဤသို့ အစရှိသည်ဖြင့် တခုတခုသော ပစ္စည်း၏ သဘာဝဖြစ်ရာပစ္စည်းတို့ကို တွဲဖက်၍ ဟောရာဖြစ်သော သဘာဝသင်္ချာဝါရ၊ မူလပစ္စည်းနှင့် သဘာဝဖြစ်ရာ ပစ္စည်းတို့ကို နှစ်ပါး သုံးပါး လေးပါး စသည် ရသင့်သမျှ ဖြစ်သင့်သမျှ တွဲယှက်၍ ဖော်ပြရာဖြစ်သော ဃဋ္ဋနာသင်္ချာဝါရ၊ ဤဆိုအပ်ပြီးသော သုဒ္ဓသင်္ချာဝါရ, သဘာဝသင်္ချာဝါရ, ဃဋ္ဋနာသင်္ချာဝါရတည်းဟူသော သုံးဝါရတို့ဖြင့် တန်းဆာဆင်၍ သုံးခုမြောက်ဖြစ်သော ဤသင်္ချာဝါရကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညု မြတ်စွာဘုရားသည် အကျယ်တဝင့် ဖွင့်ပြပိုင်းခြားဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ဝေဒနာတိက်စသည့် ပဋိစ္စဝါရ

ပု။ ။ဟေနာဝုသော ဘဂဝတာ ။ပ။ ပဌမံ ကုသလတ္တိကံ ဝိတ္ထာရတော ဝိဘင်္ဂတ္ထာ တဒနန္တရံ အာဂတသာ ဝေဒနာတ္တိကာဒယော ကေဝိသတိဟိကာ ကတံ ဝိတ္ထာရတော ဝိဘင်္ဂတ္ထာ ဒေသိတာ။

ဝိ။ ။အဘိဓမ္မပိဋကေ ဘဇန္တေ ။ပ။ ပဌမံ ကုသလတ္တိကံ ဝိတ္ထာရတော ဝိဘင်္ဂတ္ထာ တဒနန္တရံ အာဂတသာ ဝေဒနာတ္တိကာဒယော

ကေဝီသတိတိကာ “သုခါယ ဝေဒနာယ သမ္မယုတ္တံ ဓမ္မံ ပဋိစ္စ သုခါယ ဝေဒနာယ သမ္မယုတ္တော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ။ သုခါယ ဝေဒနာယ သမ္မယုတ္တံ ဧကံ ခန္ဓံ ပဋိစ္စ ဒွေ ခန္ဓာ၊ ဒွေ ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ပဋိသန္ဓိက္ခဏေ သုခါယ ဝေဒနာယ သမ္မယုတ္တံ ဧကံ ခန္ဓံ ပဋိစ္စ ဒွေ ခန္ဓာ၊ ဒွေ ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော” တိ ဝေမာဒိနာ စ။ ဝိပါကံ ဓမ္မံ ပဋိစ္စ ဝိပါကော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ။ ဝိပါကံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ၊ ပဋိသန္ဓိက္ခဏေ ဝိပါကံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ။ ။ဝိပါကံ ဓမ္မံ ပဋိစ္စ နေဝဝိပါကနဝိပါကဓမ္မဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ၊ ဝိပါကေ ခန္ဓေ ပဋိစ္စ စိတ္တသမုဋ္ဌာနရူပံ၊ ပဋိသန္ဓိက္ခဏေ ဝိပါကေ ခန္ဓေ ပဋိစ္စ ကဋတ္တာရူပံ၊ ခန္ဓေ ပဋိစ္စ ဝတ္ထု။” တိ ဝေမာဒိနာ စ ဧကေကသ္မိံ တိကေ သတ္တဟိ သတ္တဟိ မဟာဝါရေဟိ ဧကေကသ္မိံ စ မဟာဝါရေ စတူဟိ စတူဟိ နယေဟိ ဘဂဝတာ ဝိတ္ထာရတော ဝိဘဇိတ္ဝာ ဒေသိတာ။

မေး။ ။သိတော်မူ မြင်တော်မူ၍ ။ပ။ ရှေးဦးစွာသော ကုသလ တိက်ကို အကျယ်တဝင့် ဖွင့်ပြပိုင်းခြား ဟောကြားတော်မူပြီးလျှင် ကြွင်း ကျန်သော ဝေဒနာတိက် အစရှိသော နှစ်ဆယ့်တပါးသော တိက်တို့ကို အဘယ်သို့သော အခြင်းအရာအားဖြင့် အကျယ်ဝေဘန်၍ ဟောကြားတော် မူခဲ့ပါသနည်း ငါ့ရှင်။

ဖြေ။ ။အဘိဓမ္မ ပိဋကဝယ် ။ပ။ ရှေးဦးစွာသော ကုသလ တိက်ကို ပဋိစ္စဝါရ အစရှိသော ဝါရကြီး ခုနစ်ပါး, တဝါရ တဝါရလျှင် ပစ္စည်း အနုလုံ, ပစ္စည်းပစ္စနိုက်, ပစ္စည်း အနုလောမပစ္စနိုက်, ပစ္စည်း ပစ္စနီယာနုလောမ တည်းဟူသော နည်းလေးပါးတို့ဖြင့် အကျယ်တဝင့် ဖွင့်ပြ ပိုင်းခြား ဟောကြားတော်မူပြီးလျှင် ထိုကုသလတိက်ကို ဟောကြားတော် မူပြီးသည်၏ အခြားမဲ့၌ ကြွင်းကျန်သော ဝေဒနာတိက် အစရှိသော နှစ်ဆယ့်တပါးသောတိက်တို့ကို “သုခါယ ဝေဒနာယ သမ္မယုတ္တံ ဓမ္မံ ပဋိစ္စ သုခါယ ဝေဒနာယ သမ္မယုတ္တော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ”

အစရှိသည်ဖြင့်၎င်း၊ "ဝိပါကံ ဓမ္မံ ပဋိစ္စ ဝိပါကော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတု-ပစ္စယာ" အစရှိသည်ဖြင့်၎င်း၊ တပါး တပါးသော တိက်တို့ဥ ပဋိစ္စဝါရ, သဟဇာတဝါရ, ပစ္စယဝါရ, နိဿယဝါရ, သံသဋ္ဌဝါရ, သမ္ပယုတ္တဝါရ, ပဉ္စဝါရ တည်းဟူသော ခုနစ်ပါးစီ ခုနစ်ပါးစီသော ဝါရကြီးတို့ဖြင့်၎င်း၊ ထိုခုနစ်ပါးစီ ခုနစ်ပါးစီသော ဝါရကြီးတို့တွင် တပါးတပါးသော ဝါရ၌ ပစ္စည်းအနု-လောမနည်း, ပစ္စည်းပစ္စနီယနည်း, ပစ္စည်းအနုလောမပစ္စနီယနည်း, ပစ္စည်း ပစ္စနီယာနုလောမနည်းဟု ဆိုအပ်သော လေးပါးစီလေးပါးစီသော နည်းတို့ဖြင့်၎င်း ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညု မြတ်စွာဘုရားသည် အကျယ်တဝင့် ဖွင့်ပြပိုင်းခြား ဟောကြားတော်မူအပ် ခဲ့ပါသည် အရှင်ဘုရား။

ဒုကပဋ္ဌာန်း

ပု။ ။တေနာဝုသော။ ပ ။တိကပဋ္ဌာနာဒီသု ဆသု အန္တောဂဓပဋ္ဌာန-ဒီသု ပဌမံ တိကပဋ္ဌာနံ ဒေသေတ္ဝာ တဒနန္တရံ ဒုကပဋ္ဌာနံ ကထံ ဝိတ္ထာရတော ဝိဘဇိတ္ဝာ ဒေသိတံ။

ဝိ။ ။အဘိဓမ္မပိဋကေ ဘန္တေ ။ ပ ။ တိကပဋ္ဌာနာဒီသု ဆသု အန္တော-ဂဓပဋ္ဌာနာဒီသု ပဌမံ တိကပဋ္ဌာနံ ဝိဘဇိတ္ဝာ တဒနန္တရံ ဒုက-ပဋ္ဌာနံ "ဟေတုံ ဓမ္မံ ပဋိစ္စ ဟေတု ဓမ္မော ဥပ္ပဇ္ဇတိ ဟေတု-ပစ္စယာ၊ အလောဘံ ပဋိစ္စ အဒေါသော အမောဟော၊ အဒေါသံ ပဋိစ္စ အလောဘော အမောဟော၊အမောဟံ ပဋိစ္စ အလောဘော အဒေါသော။ လောဘံ ပဋိစ္စ မောဟော၊ မောဟံ ပဋိစ္စ လော-ဘော၊ ဒေါသံ ပဋိစ္စ မောဟော၊ မောဟံ ပဋိစ္စ ဒေါသော"တိ ဧဝမာဒိနာ စ။ သရဏံ ဓမ္မံ ပဋိစ္စ သရဏော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ၊ သရဏံ ကေ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ။ ။ သရဏော ဓမ္မ ပဋိစ္စ အရဏော ဓမ္မော ဥပ္ပဇ္ဇတ ဟေတုပစ္စယာ၊ သရဏော ခန္ဓေ ပဋိစ္စ စိတ္တသမုဋ္ဌာနံ ရူပံ။ သရဏံ ဓမ္မံ ပဋိစ္စ သရဏော စ အရဏော စ ဓမ္မော ဥပ္ပဇ္ဇန္တိ ဟေတုပစ္စယာ။ သရဏံ ကေ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ စိတ္တသမုဋ္ဌာနဉ္စ ရူပံ၊ တယော ခန္ဓေ ပဋိစ္စ ကော ခန္ဓော စိတ္တသမုဋ္ဌာနဉ္စ ရူပံ၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ

စိတ္တာသမုဋ္ဌာနဥ္စ ရူပ”န္တိ ဝေမာဒိနာ စ။ ကေကသ္မိံ ဒုကေ သတ္တဟိ သတ္တဟိ မဟာဝါရေဟိ ကေကသ္မိံ စ မဟာဝါရေ စတူဟိ စတူဟိ နယေဟိ ဘဂဝတာ ဝိတ္ထာရတော ဝိဘဇိတ္ဝာ ဒေသိတံ။

မေး။ ။သိတော်မူ ။ပ။ တိကပဋ္ဌာန်း, ဒုကပဋ္ဌာန်း အစရှိသော အတွဲင်းဝင်သော ခြောက်ပါးသော ပဋ္ဌာန်းတို့တွင် ရှေးဦးစွာသော တိကပဋ္ဌာန်းကို ဝေဘန်ဟောကြားတော်မူပြီးလျှင် ထို၏အခြားမဲ့၌ ဒုကပဋ္ဌာန်းကို အဘယ်သို့သော အခြင်းအရာအားဖြင့် အကျယ်ဝေဘန်၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

ဖြေ။ ။အဘိဓမ္မပိဋကဝယ် ။ပ။ ရှေးဦးစွာသော ဓမ္မအနုလောမပဋ္ဌာန်း၌ အတွဲင်း၌သက်ဝင်သော တိကပဋ္ဌာန်း, ဒုကပဋ္ဌာန်း, တိကဒုကပဋ္ဌာန်း, ဒုကတိကပဋ္ဌာန်း, တိကတိကပဋ္ဌာန်း, ဒုကဒုကပဋ္ဌာန်းဟူ၍ ခြောက်ကျမ်းတို့ရှိရာတွင် တိက်နှစ်ဆယ့်နှစ်ပါးတို့ကို အကျယ်ဝေဘန်၍ ပြရာ ရှေးဦးစွာသော တိကပဋ္ဌာန်းကို အကျယ်တဝင့် ခဲခြမ်းစိတ်ဖြာ ပြည့်စုန်တော်မူပြီး၍ ထိုတိကပဋ္ဌာန်း၏ အခြားမဲ့၌ ဒုကပဋ္ဌာန်း ဒေသနာတော်မြတ်ကို“ဟေတုံ ဓမ္မံ ပဋိစ္စ ဟေတု ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ” အစရှိသည်ဖြင့် ဟိတ်တရားကိုအစဲပြု၍ ဟိတ်တရားသည် ဖြစ်နိုင်၏၊ အဘယ်သို့ဖြစ်သနည်းဟူမူကား....ဒါန သီလ အဋ္ဌင်္ဂဥပေါသထ စသောအားဖြင့် မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်ဇောတို့ ဖြစ်ရာဝယ် ထိုမဟာကုသိုလ် ဉာဏသမ္ပယုတ် ဇောစိတ္တုပ္ပါဒ်တို့၌ အလောဘမည်သော ဟေတုတရား, အဒေါသမည်သော ဟေတုတရား, အမောဟမည်သောဟေတုတရားဟူ၍ ဟိတ်တရားသုံးပါးတို့ ရှိသည့်အနက် အလောဘ ဟိတ်တရားကို စဲ၍ အဒေါသ, အမောဟ ဟိတ်တရားတို့ ဟေတု ပစ္စည်းကြောင့် ဖြစ်ရာ၏၊ အဒေါသဟိတ်တရားကိုစဲ၍ အလောဘ, အမောဟ ဟိတ်တရားတို့ ဟေတုပစ္စည်းကြောင့် ဖြစ်ရာ၏၊ အမောဟဟိတ်တရားကိုစဲ၍ အလောဘ, အဒေါသတည်းဟူသော ဟိတ်တရားတို့ ဟေတုပစ္စည်းကြောင့် ဖြစ်ရာ၏၊ ဤသို့အစရှိသည်ဖြင့်ငင်း။

သရဏံ ဓမ္မံ ပဋိစ္စ သရဏော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ၊ သရဏံ ကေံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ကော ခန္ဓော၊ ဒွေ

ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ အစရှိသည်ဖြင့် သရဏမည်သော ဝိုကြွေးကြောင်း ဖြစ်သော ကိလေသာတို့နှင့်တကွဖြစ်သော အကုသိုလ်တရားကိုစွဲ၍ သရဏမည်သောတရားသည် ဟေတုပစ္စည်းကြောင့် ဖြစ်နိုင်၏။

သရဏမည်သောတရားတို့ဖြစ်ပုံမှာ တစုံတခု ပါဏာတိပါတအစရှိသော ဒုစရိုက်မှုကိုပြုရာဝယ် လောဘမူ ဇောစိတ္တုပ္ပါဒ်, ဒေါသမူ ဇောစိတ္တုပ္ပါဒ်, မောဟမူ ဇောစိတ္တုပ္ပါဒ်တို့ဖြစ်ရာ၌ ခန္ဓာအားဖြင့်ဖဲ့လျှင် ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်ဟူ၍ လေးပါးတို့ရှိသည့်အနက် ဝေဒနာကိုကင်း၍ ကျန်သော လေးပါးတို့မဖြစ်နိုင်၊ ကျန်သောလေးပါးတို့ကိုကင်း၍လည်း ဝေဒနာမဖြစ်နိုင်ရကား ဝေဒနာစသော တပါးတပါးသော ခန္ဓာကိုစွဲ၍ သုံးပါးသုံးပါးသောခန္ဓာတို့ ဟေတုပစ္စည်းကြောင့် ဖြစ်ရာ၏၊ သုံးပါးသုံးပါးသော ခန္ဓာတို့ကိုစွဲ၍ တပါးတပါးသောခန္ဓာတို့သည် ဟေတုပစ္စည်းကြောင့် ဖြစ်ရာ၏၊ နှစ်ပါးနှစ်ပါးသောခန္ဓာကိုစွဲ၍ နှစ်ပါးနှစ်ပါးသော ခန္ဓာတို့သည် ဟေတုပစ္စည်းကြောင့် ဖြစ်ရာကုန်၏၊ ဤသို့အစရှိသည်ဖြင့်ဂဏန်း၊ဟေတုဒုက်,သဟေတုကဒုက်,ဟေတုသမ္ပယုတ္တဒုက်အစရှိသောတခုတခုသော ဒုက်ကို ပဋိစ္စဝါရ, သဟဇာတဝါရ,ပစ္စယဝါရ, နိဿယဝါရ, သံသဋ္ဌဝါရ, သမ္ပယုတ္တဝါရ, ပဥ္ဉဝါရ တည်းဟူသော ဝါရကြီးခုနစ်ပါးတို့ဖြင့်ဂဏန်း၊ ထိုဝါရကြီးခုနစ်ပါးတို့တွင် တပါးတပါးသောဝါရ၌ ပစ္စည်းအနုလောမနည်း, ပစ္စည်းပစ္စနီယနည်း, ပစ္စည်းအနုလောမပစ္စနီယနည်း, ပစ္စည်းပစ္စနီယာနုလောမနည်း တည်းဟူသော နည်းလေးပါးတို့ဖြင့်ဂဏန်း ဘုန်းတော်ခြောက်ပါးနှင့်ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် အကျယ်တဝင့် ဖွင့်ပြပိုင်းခြား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ဒုကတိကပဋ္ဌာန်းမှ ဒုကဒုကပဋ္ဌာန်း ထိ

ပု။ ။တေနာဝုသော။ပ။ တိကပဋ္ဌာနာဒီသု ဆသု အန္တောဂဓပဋ္ဌာနေသု ပဌမံ တိကပဋ္ဌာနဉ္စ ဒုတိယံ ဒုကပဋ္ဌာနဉ္စ ဝိဘဇိတ္ဝာ တဒဝသေသာနိ ဒုကတိကပဋ္ဌာနာဒီနိ စတ္တာရော ပဋ္ဌာနာနိ ကထံ ဝိဘဇိတ္ဝာ ဒေသိတာနိ။

ဝိ။ ။အဘိဓမ္မပိဋကေ ဘန္တေ။ ပ ။ တိကပဋ္ဌာနာဒီသု ဆသု အန္တောဂဓပဋ္ဌာနေသု ပဌမံ တိကပဋ္ဌာနဉ္စ ဒုတိယံ ဒုကပဋ္ဌာနဉ္စ ဝိဘဇိတ္ဝာ

တဒဝတ္ထေသာ ဒုကတိကပဋ္ဌာနာဒယော "ဟေတုံ ကုသလံ ဓမ္မံ ပဋိစ္စ ဟေတု ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ။ ဟေတုံ ကုသလံ ဓမ္မံ ပဋိစ္စ နဟေတု ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ။ ဟေတုံ ကုသလံ ဓမ္မံ ပဋိစ္စ ဟေတု ကုသလော စ နဟေတု ကုသလော စ ဓမ္မာ ဥပ္ပဇ္ဇန္တိ ဟေတုပစ္စယာ၊ နဟေတုံ ကုသလံ ဓမ္မံ ပဋိစ္စ နဟေတု ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ၊ နဟောဟေတုံ ကုသလံ ဓမ္မံ ပဋိစ္စ ဟေတု ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ၊ နဟေတုံ ကုသလံ ဓမ္မံ ပဋိစ္စ ဟေတု ကုသလော စ နဟေတု ကုသလော စ ဓမ္မာ ဥပ္ပဇ္ဇန္တိ ဟေတုပစ္စယာ" တိ ဧဝမာဒိနာ ဝိတ္ထာရတော ဝိဘဇိတ္ဗာ ဒေသိတာနိ။

မေး။ ။သိတော်မူ မြင်တော်မူ၍ ။ပ။ တိကပဋ္ဌာန်း, ဒုကပဋ္ဌာန်း, အစရှိသော အန္တောဂဓ အတွင်းဝင်သော ပဋ္ဌာန်းခြောက်မျိုးတို့ရှိရာတွင် ရှေးဦးစွာသော တိကပဋ္ဌာန်းကိုငင်း, နှစ်ခုမြောက်ဖြစ်သော ဒုကပဋ္ဌာန်း ကိုငင်း အကျယ်ဝိတ္ထာရအားဖြင့် ဝေဘန်ဟောကြားတော်မူပြီးလျှင် ထိုမှ ကြွင်းကျန်သော သုံးခုမြောက်ဖြစ်သော ဒုကတိကပဋ္ဌာန်း, လေးခုမြောက် ဖြစ်သော တိကဒုကပဋ္ဌာန်း, ငါးခုမြောက်ဖြစ်သော တိကတိကပဋ္ဌာန်း, ခြောက်ခုမြောက်ဖြစ်သော ဒုကဒုကပဋ္ဌာန်းဟူသော လေးပါးသော ပဋ္ဌာန်း တို့ကို အဘယ်သို့သော အခြင်းအရာအားဖြင့် အကျယ်ဝေဘန်၍ ဟောကြား တော်မူခဲ့ပါသနည်း ငါ့ရှင်။

ဖြေ။ ။အဘိဓမ္မပိဋကဝယ် ။ပ။ ရှေးဦးစွာသော ဓမ္မအနုလောမ ပဋ္ဌာန်း၌ တိကပဋ္ဌာန်း, ဒုကပဋ္ဌာန်း, တိကဒုကပဋ္ဌာန်း, ဒုကတိကပဋ္ဌာန်း, တိကတိကပဋ္ဌန်း, ဒုကဒုကပဋ္ဌာန်းဟူ၍ ခြောက်ပါးသော ပဋ္ဌာန်းတို့တွင် ရှေးဦးစွာသော တိကပဋ္ဌာန်းကိုငင်း, နှစ်ခုမြောက်ဖြစ်သော ဒုကပဋ္ဌာန်း ကိုငင်း အကျယ်ဝေဘန်၍ ပြတော်မူပြီးလျှင် ထိုနှစ်ပါးမှ ကြွင်းကျန်သော သုံးခုမြောက်ဖြစ်သော ဒုကတိကပဋ္ဌာန်းကို "ဟေတုံ ကုသလံ ဓမ္မံ ပဋိစ္စ ဟေတု ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ၊ ဟေတုံ ကုသလံ ဓမ္မံ ပဋိစ္စ နဟေတု ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ၊ ဟေတုံ ကုသလံ ဓမ္မံ ပဋိစ္စ ဟေတု ကုသလော စ နဟေတု ကုသလော စ ဓမ္မာ ဥပ္ပဇ္ဇန္တိ ဟေတုပစ္စယာ" အစရှိသည်ဖြင့် ဒုက်ပေါင်းတရာတို့ရှိရာဝယ် တခု

တခုသောဒုက်ခ္ခ နှစ်ဆယ့်နှစ်ပါးသော တိက်တို့မှ တပုဒ်စီ တပုဒ်စီကို မူလိ သွင်း၍ တခုတခုသော မူလိဝါရဒ္ဓ ပဋိစ္စဝါရ။ပ။ ပဥ္စဝါရ တည်းဟူသော ဝါရကြီး ခုနစ်ပါးစီတို့ဖြင့်ငင်း, တခုတခုစီသောဝါရဒ္ဓ ပစ္စည်းအနုလောမနည်း အစရှိသော နည်းလေးပါးတို့ဖြင့်ငင်း ဝေဘန်၍—

လေးခုမြောက်ဖြစ်သော တိကဒုကပဋ္ဌာန်းကိုကား "ကုသလံ ဟေတုံ ဓမ္မံ ပဋိစ္စ ကုသလော ဟေတု ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ၊ အကုသလံ ဟေတုံ ဓမ္မံ ပဋိစ္စ အကုသလော ဟေတု ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ၊ အဗျာကတံ ဟေတုံ ဓမ္မံ ပဋိစ္စ အဗျာကတော ဟေတု ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ" အစရှိသည်ဖြင့် တိက်ပေါင်း နှစ်ဆယ့်နှစ်တိက်တို့ ရှိရာတွင် တခုတခုသော တိက်ဒ္ဓ တရာ တရာသောဒုက်တို့မှ တပုဒ်စီ တပုဒ်စီကို မူလိသွင်း၍ တခုတခုသော မူလိဝါရဒ္ဓ ပဋိစ္စဝါရ ။ပ။ ပဥ္စဝါရ တည်းဟူသော ဝါရကြီး ခုနစ်ပါး၊ ထိုဝါရကြီးခုနစ်ပါးတို့အနက် တပါး တပါးသော ငါရဒ္ဓ ပစ္စည်း အနုလောမနည်း အစရှိသော နည်းလေးပါးတို့ဖြင့်ငင်း။

ငါးခုမြောက်ဖြစ်သော တိကတိကပဋ္ဌာန်းကိုကား "ကုသလံ သုခါယ ဝေဒနာယ သမ္မယုတ္တံ ဓမ္မံ ပဋိစ္စ ကုသလော သုခါယ ဝေဒနာယ သမ္မယုတ္တော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ။ အကုသလံ သုခါယ ဝေဒနာယ သမ္မယုတ္တံ ဓမ္မံ ပဋိစ္စ အကုသလော သုခါယ ဝေဒနာယ သမ္မယုတ္တော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ။ အဗျာကတံ သုခါယ ဝေဒနာယ သမ္မယုတ္တံ ဓမ္မံ ပဋိစ္စ အဗျာကတော သုခါယ ဝေဒနာယ သမ္မယုတ္တော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ" အစရှိသည်ဖြင့် ကုသလတိက် ဝေဒနာတိက် အစရှိသော နှစ်ဆယ့်နှစ်ပါးသော တိက်တို့တွင် တပါး တပါးသောတိက်ကို မူလထား၍ ကြွင်းကျန်သော နှစ်ဆယ့်ဘတိက်တို့မှ တပုဒ်စီ တပုဒ်စီကို မူလိပြု၍ တခုတခုသော မူလိဝါရဒ္ဓ ပဋိစ္စ အစရှိသော ဝါရကြီး ခုနစ်ပါး၊ ထိုဝါရကြီး တပါး တပါးဒ္ဓ ပစ္စည်းအနုလောမနည်း အစရှိသော နည်းလေးပါးတို့ဖြင့်ငင်း။

ခြောက်ခုမြောက်ဖြစ်သော ဒုကဒုကပဋ္ဌာန်းကိုကား "ဟေတုံ သဟေတုကံ ဓမ္မံ ပဋိစ္စ ဟေတု သဟေတုကော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ၊ ဟေတုံ သဟေတုကံ ဓမ္မံ ပဋိစ္စ နဟေတု သဟေတုကော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ၊ ဟေတုံ သဟေတုကံ ဓမ္မံ ပဋိစ္စ ဟေတု သဟေတုကော စ နဟေတု သဟေတုကော စ ဓမ္မော ဥပ္ပဇ္ဇန္တိ ဟေတုပစ္စယာ။ ။နဟေတုံ

သဟေတုကံ ဓမ္မံ ပဋိစ္စ နဟေတု သဟေတုကော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတု-ပစ္စယာ။ ဟေတု သဟေတုကော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ။ ဟေတု သဟေတုကော စ နဟေတု သဟေတုကော စ ဓမ္မော ဥပ္ပဇ္ဇတိ ဟေတု-ပစ္စယာ" အစရှိသည်ဖြင့် ဟေတုဒုက်, သဟေတုကဒုက် အစရှိသော ဒုက် ပေါင်း တရာတို့ရှိသည့်အနက် တဒုက် တဒုက်ကို မူလထား၍ ကျန်သော ကိုးဆယ့်ကိုးဒုက်တို့က တပုဒ်စီ တပုဒ်စီကို မူလီထား၍ တခုစီ တခုစီသော မူလီဒုကပဒဝါရဝယ် ပဋိစ္စအစရှိသော ဝါရကြီး ခုနစ်ပါး၊ ဝါရကြီး တပါး တပါး၌ ပစ္စည်း အနုလောမနည်း, ပစ္စည်း ပစ္စနီယနည်း, ပစ္စည်းအနုလောမ ပစ္စနီယနည်း, ပစ္စည်းပစ္စနီယအနုလောမနည်း တည်းဟူသော လေးပါးစီ လေးပါးစီသော နည်းတို့ဖြင့်ဂဏန်း ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညု မြတ်စွာဘုရားသည် အကျယ်တဝင့် ဖွင့်ပြပိုင်းခြား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ဓမ္မာနုလောမပဋ္ဌာန်း ပြီး၏။

ဓမ္မပစ္စနီယပဋ္ဌာန်း

ပု။ ။တေနာဝုသော ဘဂဝတာ ။ပ။ ပဌမံ ဓမ္မာနုလောမပဋ္ဌာနံ ဝိဘဇိတ္ဝာ တဒနန္တရံ ဒုတိယံ ဓမ္မပစ္စနီယပဋ္ဌာနံ ကထံ ဝိဘဇိတ္ဝာ ဒေသိတံ။

ဝိ။ ။အဘိဓမ္မပိဋကေ ဘဇန္တေ ။ပ။ ပဌမံ ဓမ္မာနုလောမပဋ္ဌာနံ ဝိဘဇိတ္ဝာ တဒနန္တရံ ဒုတိယံ ဓမ္မပစ္စနီယပဋ္ဌာနံ "နကုသလံ ဓမ္မံ ပဋိစ္စ နကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ။ အကုသလာ-ဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ အကုသလာဗျာကတာ တယော ခန္ဓာ စိတ္တသမုဋ္ဌာနဉ္စ ရူပံ။ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော စိတ္တ-သမုဋ္ဌာနဉ္စ ရူပံ။ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ စိတ္တသမုဋ္ဌာနဉ္စ ရူပံ။ နကုသလံ ဓမ္မံ ပဋိစ္စ နအကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတု ပစ္စယာ။ ဝိပါကာဗျာကတံ ကိရိယာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ စိတ္တသမုဋ္ဌာနဉ္စ ရူပံ။ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော စိတ္တသမုဋ္ဌာနဉ္စ ရူပံ။ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ

စိတ္တသမုဋ္ဌာနဥ္စ ရူပံ။ ပဋိသန္ဓိက္ခဏေ။ပ။ နကုသလံ ဓမ္မံ ပဋိစ္စ နအဗျာကတေ ဓမ္မေ ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ။ အကုသလံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ”တိ ဝေမာဒိနာ တိကပဋ္ဌာနာဒိဟိ ဆဟိ အန္တောဂဓပဋ္ဌာနေဟိ ဧကေကသ္မိံ စ တိကပဋ္ဌာနေ ဒုကပဋ္ဌာနေ ဒုကတိကပဋ္ဌာနေ တိကဒုကပဋ္ဌာနေ တိကတိကပဋ္ဌာနေ ဒုကဒုကပဋ္ဌာနေ သတ္တဟိ သတ္တဟိ မဟာဝါရေဟိ ဧကေကသ္မိံ စ မဟာဝါရေ စတူဟိ စတူဟိ နယေဟိ ဘဂဝတာ ဝိတ္ထာရတော ဝိဘာဇိတ္ဝာ ဒေသိတံ။

မေး။ ။သိတော်မူ မြင်တော်မူ၍။ပ။ ရှေးဦးစွာ ဓမ္မာနုလောမပဋ္ဌာန်းကို အကျယ်တဝင့်ဖွင့်ပြဟောကြားတော်မူပြီးလျှင် ထိုဓမ္မအနုလောမပဋ္ဌာန်း၏ အခြားမဲ့၌ နှစ်ခုမြောက်ဖြစ်သော ဓမ္မပစ္စနီယမည်သော ပဋ္ဌာန်းဒေသနာတော်မြတ်ကို အဘယ်သို့သော အခြင်းအရာအားဖြင့် အကျယ်ဝေဘန်၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

ဖြေ။ ။အဘိဓမ္မပိဋကဝယ်။ပ။ ရှေးဦးစွာသော ဓမ္မာနုလောမပဋ္ဌာန်းကို တိကပဋ္ဌာန်း,ဒုကပဋ္ဌာန်း အစရှိသောအားဖြင့် အတွင်းဝင်သော ပဋ္ဌာန်းခြောက်ပါးတို့ဖြင့်၎င်း, တပါးပါးလျှင် ပဋိစ္စဝါရအစရှိသော ဝါရကြီးခုနစ်ပါးတို့ဖြင့်၎င်း, ဝါရကြီးတပါးပါး၌ ပစ္စည်းအနုလောမနည်း အစရှိသော လေးပါးစီ လေးပါးစီသော နည်းတို့ဖြင့်၎င်း ကောင်းကင်မြစ်ကြီးယိုစီးသည့်ပမာ အကျယ်တဝင့် ဖွင့်ပြဟောကြားတော်မူပြီး၍ ထိုဓမ္မအနုလုံပဋ္ဌာန်းကို ခဲခြမ်းစိတ်ဖြာ ဟောညွှန်တော်မူပြီးသည်၏ အခြားမဲ့၌ နှစ်ခုမြောက်ဖြစ်သော တိက်ပုဒ်,ဒုက်ပုဒ် တရားတို့ကို နှ-မြစ်၍ ဓမ္မပစ္စနီယမည်သော ပဋ္ဌာန်းကျမ်းကို “နကုသလံ ဓမ္မံ ပဋိစ္စ နကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ၊ အကုသလာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ အကုသလာဗျာကတာ တယော ခန္ဓာ စိတ္တသမုဋ္ဌာနဥ္စ ရူပံ” အစရှိသည်ဖြင့် တခုတခုသော တိက်တို့ကို အကျယ်တဝင့် ဝါရကြီး ခုနစ်ပါး, နည်းလေးပါးစီဖြင့် ဝေဘန်ဖော်ပြရာဖြစ်သော တိကပဋ္ဌာန်း၊ တခုတခုသော ဒုက်တို့ကို ထို့အတူ အကျယ်ဝေဘန်၍ ပြရာဖြစ်သော ဒုကပဋ္ဌာန်း၊ ဒုက်ပုဒ်တခုတခု၌ တိက်ပုဒ် တပုဒ်စီ တပုဒ်စီဖြင့် ထို့အတူ အကျယ်ဝေဘန်၍ ပြရာဖြစ်သော

ဒုကတိကပဋ္ဌာန်း၊ တိက်တခုတခုကို မူလထား၍ ဒုက်ပုဒ် တခုစီတခုစီဖြင့် ထို့အတူ အကျယ်ဝေဘန်ပြည့်စုံရာဖြစ်သော တိကဒုကပဋ္ဌာန်း၊ တိက် တခု တခုဋ္ဌ တိက်ပုဒ် တပုဒ်စီ တပုဒ်စီကို မူလီထည့်သွင်း၍ ထို့အတူ အကျယ် ဝေဘန် ပြဆိုရာဖြစ်သော တိကတိကပဋ္ဌာန်း၊ ဒုက်တခုတခုဋ္ဌ ကျန်သော ကိုးဆယ့်ကိုးပါးသော ဒုက်တို့မှ တပုဒ်စီ တပုဒ်စီကို မူလီသွင်း၍ ထို့အတူ ဖော်ပြရာဖြစ်သော ဒုကဒုကပဋ္ဌာန်း၊ ဤသို့ အတွင်းဝင်သော ခြောက်မျိုး အပြားရှိသော ပဋ္ဌာန်းတို့ဖြင့်ငင်း, ထိုခြောက်ပါးသော ပဋ္ဌာန်းကြီးတို့ဋ္ဌ တပါးပါးလျှင် ပဋ္ဌိစ္စဝါရစသော ခုနစ်ပါးခုနစ်ပါးစီသော ဝါရကြီးတို့ဖြင့် ငင်း, တပါးတပါးသော ဝါရကြီးတို့ဋ္ဌ ပစ္စည်းအနုလောမနည်းစသော လေးပါးစီ လေးပါးစီသော နည်းတို့ဖြင့်ငင်း ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် အကျယ်တဝင့် ဖွင့်ပြ ပိုင်း ခြား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ဓမ္မပစ္စနီယပဋ္ဌာန်း ပြီး၏။

ဓမ္မာနုလောမပစ္စနီယပဋ္ဌာန်း

ပု။ ။တေနာဝုသော ဘဂဝတာ။ပ။ တတိယံ ဓမ္မာနုလောမပစ္စနီယ-
ပဋ္ဌာနံ ကထံ ဝိတ္ထာရတော ဝိဘဇိတ္ထာ ဒေသိတံ။

ဝိ။ ။အဘိဓမ္မပိဋ္ဌကေ။ပ။ တတိယံ ဓမ္မာနုလောမပစ္စနီယပဋ္ဌာနံ "ကုသ-
လံ ဓမ္မံ ပဋိစ္စ နကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ။
ကုသလေ ခန္ဓေ ပဋိစ္စ စိတ္တသမုဋ္ဌာနရူပံ။ ကုသလံ ဓမ္မံ ပဋိစ္စ န-
အကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ။ ကုသလံ ဧကံ ခန္ဓံ
ပဋိစ္စ တယော ခန္ဓာ စိတ္တသမုဋ္ဌာနဥ္စ ရူပံ။ တယော ခန္ဓေ ပဋိစ္စ
ဧကော ခန္ဓော စိတ္တသမုဋ္ဌာနဥ္စ ရူပံ။ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ
စိတ္တသမုဋ္ဌာနဥ္စ ရူပံ။ ကုသလံ ဓမ္မံ ပဋိစ္စ နအဗျာကတော
ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ။ ကုသလံ ဧကံ ခန္ဓံ ပဋိစ္စ တယော
ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ
ဒွေ ခန္ဓာ။ ကုသလံ ဓမ္မံ ပဋိစ္စ နအကုသလော စ နအဗျာ-
ကတော စ ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ။ ကုသလံ ဧကံ ခန္ဓံ

ပဋ္ဌိစ္စ တယော ခန္ဓာ။ပ။ ဒွေ ခန္ဓေ ပဋ္ဌိစ္စ ဒွေ ခန္ဓာ။ ကုသလံ ဓမ္မံ ပဋ္ဌိစ္စ နကုသလော စ နအကုသလော စ ဓမ္မာ ဥပ္ပဇ္ဇန္တိ ဟေတုပစ္စယာ။ ကုသလေ ခန္ဓေ ပဋ္ဌိစ္စ စိတ္တသမုဋ္ဌာနရူပ”န္တိ ဇဝမောဒိနာ ဘန္တေ တိကပဋ္ဌာနာဒီဟိ ဆဟိ အန္တေဂဓပဋ္ဌာနေဟိ ကေကသ္မိံ စ တိကပဋ္ဌာနေ ဒုကပဋ္ဌာနေ တိကဒုကပဋ္ဌာနေ ဒုကတိကပဋ္ဌာနေ တိကတိကပဋ္ဌာနေ ဒုကဒုကပဋ္ဌာနေ သတ္တဟိ သတ္တဟိ မဟာဝါရေဟိ ကေကသ္မိံ စ မဟာဝါရေ စတူဟိ စတူဟိ နယေဟိ ဘဂဝတာ ဝိတ္ထာရတော ဝိဘဇိတ္ဘာ ဒေသိတံ။

မေး။ ။သိတော်မူမြင်တော်မူ၍ ။ပ။ သုံးခုမြောက်ဖြစ်သော ဓမ္မအနုလောမ ပစ္စနိက် ပဋ္ဌာန်းကျမ်းကို အဘယ်သို့သော အခြင်းအရာဖြင့် အကျယ်ဝဘန်၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

ဖြေ။ ။အာဘိဓမ္မပိဋကဝယ် ။ပ။ သုံးခုမြောက်ဖြစ်သော ဓမ္မအနုလောမပစ္စနီယပဋ္ဌာန်းကို “ကုသလံ ဓမ္မံ ပဋ္ဌိစ္စ နကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ” အစရှိသည်ဖြင့် ကုသိုလ်တရားကိုစဲ၍ ကုသိုလ် မဟုတ်သော တရားသည် ဖြစ်နိုင်၏။ အဘယ်သို့ ဖြစ်သနည်း ဟူမူကား.... ခန္ဓာငါးပါး ထင်ရှားရှိသော လူ.ပြည်, နတ်ပြည်, ရူပါဝစရ ဗြဟ္မာ့ပြည်တို့၌ မဟာကုသိုလ် ဇောစိတ္တုပ္ပါဒ်တို့ ဖြစ်သောကာလဝယ် ထိုဇောစိတ္တုပ္ပါဒ်တို့ကြောင့် စိတ္တဇရုပ်တို့ ထင်ရှားဖြစ်ရာ၌ မဟာကုသိုလ် ဇောစိတ္တုပ္ပါဒ်ဝယ် ပါရှိသော ခန္ဓာတပါး, ခန္ဓာနှစ်ပါး, ခန္ဓာသုံးပါး, ခန္ဓာလေးပါးကို အစဲ့ပြုပြီးလျှင် စိတ္တဇရုပ်တည်းဟူသော ကုသိုလ်မဟုတ်သော တရားတို့ ဟောတုပစ္စည်းကြောင့် ဖြစ်နိုင်သည်၊ ဤသို့ အစရှိသည်ဖြင့် မူလပစ္စည်းဖြစ်သော တိက်ပုဒ်ဒုက်ပုဒ်ဘက်ဝယ် နှ-မမြစ်ပဲ မူလီ ပစ္စယုပ္ပန်ဖြစ်သော တိက်ပုဒ် ဒုက်ပုဒ်တို့ကို နှ-မြစ်လျက် အကျယ်တဝင့် ဖွင့်ပြဟောကြားရာဖြစ်သော တိကပဋ္ဌာန်း ။ပ။ ဒုကဒုကပဋ္ဌာန်းဟူသော အန္တေဂဓပဘေဒ အတွင်း၌ ဝင်သော ပဋ္ဌာန်းအပြား ခြောက်ပါးတို့ဖြင့်ရင်း, ထိုခြောက်ပါးသော ပဋ္ဌာန်းတို့အနက် တခုတခုသော တိကပဋ္ဌာန်း ။ပ။ ဒုကဒုကပဋ္ဌာန်းတို့၌ ပဋ္ဌိစ္စ အစရှိသော ခုနစ်ပါး ခုနစ်ပါးစီသော ဝါရကြီးတို့ဖြင့်ရင်း, တခုတခုသော ဝါရကြီးတို့၌လည်း ပစ္စည်းအနုလောမနည်းစသော လေးပါးစီ လေးပါးစီသော နည်းတို့ဖြင့်ရင်း ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူ

သော သဗ္ဗညုမြတ်စွာဘုရားသည် အကျယ်တဝင့် ဖွင့်ပြပိုင်းခြား ဟောကြား တော်မူအပ်ပါသည် အရှင်ဘုရား။

ဓမ္မာနုလောမပစ္စနိ်ယပဋ္ဌာန်း ပြီး၏။

ဓမ္မပစ္စနိ်ယာနုလောမပဋ္ဌာန်း

ပု။ ။တေနာဝုသော ဘဂဝတာ ။ပ။ ဓမ္မာနုလောမာဒိသု ပဓာန-ဘူတေသု စတူသု ပဋ္ဌာနေသု စတုတ္ထံ ပရိယောသာနဘူတံ ဓမ္မ-ပစ္စနိ်ယာနုလောမပဋ္ဌာနံ ကထံ ဝိတ္ထာရတော ဝိဘဇိတ္ဝာ ဒေသိတံ။

ဝိ။ ။အဘိဓမ္မပိဋ္ဌကေ ဘဇ္ဇန္တေ။ပ။ ဓမ္မာနုလောမပဋ္ဌာနာဒိသု စတူသု ပဓာနဘူတေသု မဟာပဋ္ဌာနေသု စတုတ္ထံ ပရိယောသာနဘူတံ ဓမ္မပစ္စနိ်ယာနုလောမပဋ္ဌာနံ "နကုသလံ ဓမ္မံ ပဋ္ဌစ္စ အကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ၊ အကုသလံ ဇေကံ ခန္ဓံ ပဋ္ဌစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋ္ဌစ္စ ဇေကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋ္ဌစ္စ ဒွေ ခန္ဓာ။ နကုသလံ ဓမ္မံ ပဋ္ဌစ္စ နအကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ။ အကုသလေ ခန္ဓေ ပဋ္ဌစ္စ စိတ္တသမုဋ္ဌာန-ရူပံ၊ ဝိပါကာဗျာကတံ ကြိယာဗျာကတံ ဇေကံ ခန္ဓံ ပဋ္ဌစ္စ တယော ခန္ဓာ စိတ္တသမုဋ္ဌာနဉ္စ ရူပံ။ပ။ ဒွေ ခန္ဓေ ပဋ္ဌစ္စ ဒွေ ခန္ဓာ စိတ္တ-သမုဋ္ဌာနဉ္စ ရူပံ။ ခန္ဓေ ပဋ္ဌစ္စ ဝတ္ထု၊ ဝတ္ထုံ ပဋ္ဌစ္စ ခန္ဓာ။ နကုသလံ ဓမ္မံ ပဋ္ဌစ္စ နအဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ၊ အကုသလံ ဇေကံ ခန္ဓံ ပဋ္ဌစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋ္ဌစ္စ ဇေကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋ္ဌစ္စ ဒွေ ခန္ဓာ"တိ ဧဝမာဒိနာ တိကပဋ္ဌာနာဒီဟိ စာတိ အန္တောဂဓပဘေဒပဋ္ဌာနေဟိ ဇေကေကသ္မိံ စ တိကပဋ္ဌာနေ ဒုကပဋ္ဌာနေ ဒုကတိကတိကဒုကတိကတိက-ဒုကဒုကပဋ္ဌာနေ ပဋ္ဌစ္စဝါရာဒီဟိ သတ္တဟိ သတ္တဟိ မဟာဝါရေဟိ ဇေကေကသ္မိံ စ မဟာဝါရေ ပစ္စယာနုလောမာဒီဟိ စတူဟိ စတူဟိ နယေဟိ ဘဂဝတာ ဝိတ္ထာရတော ဝိဘဇိတ္ဝာ ဒေသိတံ။

ဓမ္မာနုလောမပဋ္ဌာန်း အစ မေး။ ။သိတော်မူမြင်တော်မူ၍။ပ။ ရှိသော ပဓာနအချုပ်အချာဖြစ်သော

ဆုံးဖြစ်သော စတုတ္ထမြောက် ဓမ္မပစ္စနီယာနုလောမပဋ္ဌာန်း ဒေသနာတော်မြတ်ကို အဘယ်သို့သောအခြင်းအရာအားဖြင့် အကျယ်ဝေဟန်၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

ဖြေ။ ။အဘိဓမ္မပိဋကဝယ်။ ပ ။ ခုနစ်ဆင့်မြောက် ဖြစ်သော အဘိဓမ္မာကျမ်းကြီးဝယ် ဓမ္မအနုလုံပဋ္ဌာန်း, ဓမ္မပစ္စနိုက်ပဋ္ဌာန်း, ဓမ္မအနုလောမပစ္စနိယပဋ္ဌာန်း, ဓမ္မပစ္စနိယာနုလောမပဋ္ဌာန်းဟူ၍ ပဓာန အချုပ်အချာပဋ္ဌာန်းကြီးလေးမျိုးတို့ရှိရာဝယ် စတုတ္ထမြောက် နောက်ဆုံး ဖြစ်သော ဓမ္မပစ္စနိယာနုလောမပဋ္ဌာန်းကို "နကုသလံ ဓမ္မံ ပဋ္ဌစ္စ အကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ။ အကုသလံ ဇကံ ခန္ဓံ ပဋ္ဌစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋ္ဌစ္စ ဇကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋ္ဌစ္စ ဒွေ ခန္ဓာ = ကုသိုလ်မဟုတ်သောတရားကိုစွဲ၍ အကုသိုလ်မည်သောတရားသည် ဖြစ်၏။ အဘယ်သို့ဖြစ်သနည်း? ပါဏာတိပါတအစရှိသော ဒုစရိုက်မှုကို ပြုလုပ်အားထုတ်သောကာလ၌ အကုသိုလ်ဇော စိတ္တုပ္ပါဒ်တို့ဖြစ်ရာဝယ် တခုတခုသော ဇောစိတ္တုပ္ပါဒ်၌ ခန္ဓာလေးပါးတို့ရှိသည့်အနက် တပါးနှင့်ကင်း၍ သုံးပါးသောခန္ဓာ, သုံးပါးနှင့်ကင်း၍ တပါးသောခန္ဓာ, နှစ်ပါးနှင့်ကင်း၍ နှစ်ပါးနှစ်ပါးသောခန္ဓာတို့မဖြစ်နိုင်သောကြောင့် တပါးတပါးသော ခန္ဓာကို စွဲ၍ သုံးပါးသုံးပါးသောခန္ဓာ, သုံးပါးသုံးပါးသောခန္ဓာကိုစွဲ၍ တပါးတပါးသောခန္ဓာ, နှစ်ပါးနှစ်ပါးသော အကုသိုလ်ခန္ဓာကိုစွဲ၍ နှစ်ပါးနှစ်ပါးသောအကုသိုလ်ခန္ဓာတို့ ဟေတုပစ္စည်းကြောင့် ဖြစ်ကုန်၏"။ ဤသို့အစရှိသည်ဖြင့် နှစ်ဆယ့်နှစ်ပါးသော တိက်တို့၏အစွမ်းအားဖြင့်ဝေဘန်ရာဖြစ်သော တိကပဋ္ဌာန်း, တရာသောဒုက်တို့၏ အစွမ်းအားဖြင့်ဝေဘန်ရာဖြစ်သော ဒုကပဋ္ဌာန်း, တခုတခုသောဒုက်၌ တပုဒ်တပုဒ်စီသော တိက်ပုဒ်တို့ကို ထည့်သွင်း ဝေဘန်ရာဖြစ်သော ဒုကတိကပဋ္ဌာန်း, တခုတခုသောတိက်၌ တပုဒ်တပုဒ်စီသော ဒုက်ပုဒ်တို့ကို ထည့်သွင်းဝေဘန်ရာဖြစ်သော တိကဒုကပဋ္ဌာန်း, တခုတခုသောတိက်၌ ကျန်နှစ်ဆယ့်တပါးသော တိက်ပုဒ်တို့မှ တပုဒ်စီတပုဒ်စီထည့်သွင်း၍ ဝေဘန်ရာဖြစ်သော တိကတိကပဋ္ဌာန်း, တခုတခုသောဒုက်၌ ကျန်ကိုးဆယ့်ကိုးဒုက်တို့မှ တပုဒ်စီတပုဒ်စီတို့ကို မှုလီပြု၍ ထည့်သွင်းဝေဘန်ရာဖြစ်သော ဒုကဒုကပဋ္ဌာန်း ဤသို့ခြောက်ပါးအပြားရှိသော အနွှောဂဓ အတွင်းဝင်ပဋ္ဌာန်းအပြားတို့ဖြင့်

ၵင်း၊ ထိုအတွင်းဝင် တိကပဋ္ဌာန်းစသည်တို့အနက် တပါးစီတပါးစီသော ပဋ္ဌာန်းတို့၌ ပဋ္ဌိစ္စဝါရအစရှိသော ခုနစ်ပါးစီသော မဟာဝါရကြီးတို့ဖြင့် ၵင်း၊ တပါးတပါးစီသော ဝါရကြီးတို့၌ ပစ္စည်းအနုလောမနည်း, ပစ္စည်းပစ္စနီယနည်း, ပစ္စည်းအနုလောမပစ္စနီယနည်း, ပစ္စည်းပစ္စနီယာနုလောမနည်းတည်းဟူသော လေးပါးစီလေးပါးစီသောနည်းတို့ဖြင့်ၵင်း ဘုန်းတော်ခြောက်ပါးနှင့်ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် အကျယ်တဝင့် ဖွင့်ပြပိုင်းခြား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

အဘိဓမ္မပိဋကသံဂါယနာ အမေးအဖြေပြီး၏။

(ر) ۶۱۶ ۱۱۵۵۵د—۲۶-۶-۶—۲۵۵۱۱ ۹۲۵ (ر)

۱۱۴ ۶

۵۱۶۱۲۱۵۱۶۱۵ —۲۶۲۶—۶۶-۶—۲۵۵۱۱ ۹۲۵ (ر)

အလိမ္မာ-စာမှာ ရှိသည်

လူ့သဘာဝစရိုက်ဆိုးများကို ပယ်ရှားပြီး စရိုက်ကောင်းများကို ပေါ်ဆောင်မည့်

ပြည်ထောင်စုမြန်မာနိုင်ငံ

တော်လှန်ရေးအစိုးရ ပုဒ္ဓသာသနာအဖွဲ့မှ

ပဋိရူပကဒေသ မြို့နယ်ဒေသ မြို့ရွာများကို ဖတ်ကြပါ

မြန်မာ့ပြဿနာများ

၁။ ဒီဃနိကာယ်(သုတ္တန်) ပါဒုံတ (၃-ကျမ်း) ၃-အုပ်

၂။ မဇ္ဈိမနိကာယ် (သုတ္တန်) ။ (၃-ကျမ်း) ၃-အုပ်

၃။ သံယုတ္တနိကာယ်(သုတ္တန်) ။ (၅-ကျမ်း) ၃-အုပ်

၄။ အင်္ဂုတ္တရနိကာယ်(သုတ္တန်) ။ (၁၁-ကျမ်း) ၃-အုပ်

၅။ ခုဒ္ဒကနိကာယ် (ကျမ်း-၁၀) မှ ဝိနည်း (၅-ကျမ်း) ၅-အုပ်

အဘိဓမ္မာ (၃-ကျမ်း) ၄-အုပ်

အခြားသုတ္တန် (၁၄-ကျမ်း) ၇-အုပ်

မဟာဒဋ္ဌဝင်

ပ-တဲ့ ၂-အုပ်။ ဒု-တဲ့ ၁-အုပ်။